ကံနှင့်သတ္တလောက

ဦးညွန့်မောင်

ဓမ္မာစရိယနှင့် B. A., R. L.

ရေးသားပြုစုသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာနှစ်-၂၅၃၀ ကောဇာနှစ်-၁၃၄[illegible] ဇွန်လ-၁၉၈၆

ကံနှင့် သတ္တလောက

ဦးညွန့်မောင်
ဓမ္မာစရိယနှင့် B. A, R. L.

ရေးသားပြုစုသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာနှစ်- ၂၅၃၀ ကောဇာနှစ်- ၁၃၄၈ ဇွန်လ- ၁၉၈၆

ရန်ကုန်မြို့ ကမ္ဘာ့အေး သာသနာ့ရေးဦးစီးဌာန
ပုံနှိပ်တိုက်တွင် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂၇)က
ပုံနှိပ်ထုတ်ဝေသည်။

ကံနှင့် သတ္တလောက

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စာဖတ်ပရိသတ်သို့ မိတ်ဆက်အမှာစာ	ဆ
၁။	နိဒါန်း	ဍ
၂။	ကံဆိုတာ ဘာလဲ	၁
၃။	ကံ ဆိုသည်မှာ စေတနာ	၃
၄။	စေတနာ နှစ်မျိုး	၅
၅။	စေတနာ မျိုးစေ့	၈
၆။	ကံ ကံ၏ အကျိုးတရား တကယ်ရှိသလား	၉
၇။	ကံ တခု အကျိုးပေးရန်အတွက် အကြောင်း ညီညွတ်ဖို့လိုသည်	၁၁
၈။	ကံကုန်လျှင် ဒုက္ခငြိမ်းဝါဒ	၂၄
၉။	ကံမရှိဝါဒ	၂၈
	(က) ဘဝဟောင်းကို ပြန်မြင်သောစစ်သူကြီး....	၂၉
	(ခ) လူဝင်စား ဗိဇက	၃၀
	(ဂ) ရှေ့ခုနစ်ဘဝ နောက်ခုနစ်ဘဝမြင်သော မင်းသမီး	၃၂
	(ဃ) နာရဒဗြဟ္မာနှင့် အင်္ဂတိမင်း	၃၈
၁၀။	ဒိဗ္ဗစက္ခုပင်ရသော်လည်း	၄၂
၁၁။	အကျိုးပေးတခြား ကံတခြား	၄၈
၁၂။	ကံတူအကျိုးပေး	၄၉
၁၃။	ကံ သံသရာ	၅၁
၁၄။	ကံ ဖြစ်ပေါ်ရန် အကြောင်းတရားများ	၅၃
၁၅။	ကာလပိုင်းခြား ကံ ၁၂ ပါး	၅၄
၁၆။	ကံတရားကြောင့် သံသရာရှည်ရသည် မဟုတ်	၅၈
၁၇။	ယုတ်မြတ်ခွဲခြား ကံတရား	၆၀

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၈။	အဖြူ အမည်း ခွဲခြား ကံ လေးပါး	၆၃
၁၉။	ကံ နှင့် တန်ခိုး	၆၇
၂၀။	အမြဲမပြတ် ဆင်ခြင်အပ်သောတရား	၇၂
၂၁။	ကံ သာလျှင် ကိုးစားရာ	၇၃
၂၂။	လက်ငင်းဒိဋ္ဌ အကျိုးရသောကံ	၇၅
၂၃။	ဒုတိယဘဝ၌ အကျိုးပေးသောကံ	၇၈
၂၄။	ဘဝအဆက်ဆက် အကျိုးပေးသောကံ	၈၀
၂၅။	အဟောသိကံ	၈၁
၂၆။	ကံ သုံးပါးတွင် မနောကံသာ အကြီးကျယ်ဆုံး....	၈၂
၂၇။	အကျိုးပေးနိုင်သော ပင်မကံ	၈၈
၂၈။	ထောက်ပင့်ကံ	၉၁
၂၉။	ပင်မကံကို နှောင့်ယှက်သောကံ....	၉၂
၃၀။	ဖြတ်တောက်ကံ....	၉၄
၃၁။	အကျိုးပေးမြဲသူသုံးဦး	၉၇
၃၂။	အမိသတ်ကံနှင့် အဖသတ်ကံ	၁၀၀
၃၃။	မဟာဂုတ်ဂရုကံ	၁၀၃
၃၄၊	သေခါနီးပြုလုပ်သောကံ	၁၀၆
၃၅။	ထပ်တလဲလဲပြုလုပ်သောကံ	၁၁၀
၃၆။	အကျိုးပေးခွင့် နောက်ကျသောကံ	၁၁၄
၃၇။	ကံကိုယ်စောင့်နတ်	၁၁၅
၃၈။	ကံကောင်းကောင်းနှင့်သေလိုလျှင် .... စိတ်ကိုနိုင်အောင်ထိန်း....	၁၁၆
၃၉။	ကောင်းသောနံနက်ခင်းပါ	၁၁၈
၄၀။	ကံယုံ ဆူးပုံမနင်းနှင့်	၁၁၉
၄၁။	ဘဝဟူသည် ကံရှိမှဖြစ်သည်	၁၂၃
၄၂။	ကိုယ့်ကိုယ်ကိုချစ်လျှင် ကံကောင်းအောင်လုပ်....	၁၂၄

စဉ်	အကြောင်းအရာ	စာမျက်နှာ
၄၃။	အကုသိုလ်စုနှင့် ကုသိုလ်စု	၁၂၅
၄၄။	ကံနှစ်ရပ်၏ခေါင်းဆောင်	၁၂၇
၄၅။	ဆင်ခြေရာဥပမာ	၁၂၉
၄၆။	အကုသိုလ်ကံထက် ကုသိုလ်ကံပိုမိုအားကောင်းသည်	၁၃၀
၄၇။	ကုသိုလ်ကံ အကုသိုလ်ကံနှစ်ပါး အကျိုးပေး .... ခြားနားသည်	၁၃၅
၄၈။	ကုသိုလ် အကုသိုလ်သိလျှင် သမ္မာဒိဋ္ဌိဖြစ်သည်	၁၃၆
၄၉။	အကုသိုလ်ဆိုသည်မှာ	၁၃၇
၅၀။	လက်တွေ့ရှောင်ရန် အကုသိုလ်ကံ	၁၃၈
၅၁။	စေတနာကံနှင့် စေတသိက်ကံ	၁၄၃
၅၂။	အထမြောက်သောကံ	၁၄၄
၅၃။	မကောင်းမှု ပြုသူတိုင်း ငရဲလားသည်မဟုတ်	၁၄၆
၅၄။	မူးယစ်သောက်စား အပါယ်လား	၁၄၈
၅၅။	ဆယ်ဖြာကုသလ ကမ္မပထ	၁၄၉
၅၆။	ကုသိုလ်ဆယ်ဖြာ တမျိုးမှာ	၁၅၀
၅၇။	ကလေးသူငယ်များ၏ကုသိုလ်	၁၅၃
၅၈။	ဘုရားရဟန္တာတို့ပြုသောကံ	၁၅၃
၅၉။	အိပ်မက်ကုသိုလ်	၁၅၄
၆၀။	ဆုတောင်းတိုင်းရ-မရ	၁၅၅
၆၁။	လူမိုက်ကံကောင်း နစ်မွန်းကြောင်း	၁၅၇
၆၂။	လုပ်သင့်တာလုပ်	၁၅၉
၆၃။	အားကောင်းသောကံ	၁၆၁
၆၄။	ကုသိုလ်တခု ကိုယ်ခံပြု	၁၆၅
၆၅။	ဘဝသံသရာ	၁၆၅
၆၆။	စေတနာကံနှင့် မဂ္ဂင်ကံ	၁၆၆
၆၇။	ကံကို ရဲရဲယုံပါ	၁၆၇
၆၈။	နိဂုံး	၁၆၉

မာတိကာပြီး၏

စာဖတ်ပရိသတ်သို့ မိတ်ဆက်အမှာစာ

ကံနှင့်အယူဝါဒအမျိုးမျိုး။ ။ဤကမ္ဘာလောက၌ ဗုဒ္ဓရှင်တော်မြတ်ဘုရား မပွင့်လာမီကပင် ကံကို အကြောင်းပြု၍ အယူဝါဒအမျိုးမျိုးပေါ်ပေါက်လျက် ရှိနေပေသည်။ အမှန်အားဖြင့် ကံဆိုသည်မှာ ကိုယ်နှုတ်စိတ်တို့ဖြင့် ပြုလုပ်သည့် ကောင်းမှု မကောင်းမှုများပင်ဖြစ်ပါသည်။ သို့သော် ထိုကောင်းမှု မကောင်းမှုများသည် စေတနာကြောင့်သာ ထမြောက် အောင်မြင်ကြရသောကြောင့် အကြောင်းရင်း စေတနာကိုပင် ကံခေါ်သည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ခြင်း ဖြစ်သည်။ တနည်းအားဖြင့် ကံဆိုသည်မှာ အကျိုးတရားတို့ကို ဖြစ်ပွားပေါ်ပေါက်စေနိုင်သော အကြောင်းတရားများပင် ဖြစ်ပါသည်။

ဤကံတရားနှင့်ပတ်သက်၍ အချို့ပုဂ္ဂိုလ်များကကောင်းမှုကံ မကောင်းမှုကံ ဆိုသည်မှာမရှိ၊ ကောင်းမှု မကောင်းမှုတို့ကိုပြုသော်လည်း ပြုသည် မမည်၊ ပြုရာမရောက်၊ ကုသိုလ်ကံ အကုသိုလ်ကံဟူသည် အမှန်တကယ်အားဖြင့်မရှိ။ လူတို့၏သတ်မှတ်ချက်အရသာ ခေါ်ဝေါ်ပြောဆိုနေကြခြင်းဖြစ်သည်ဟု ယူဆကြ၏။ ဤအယူဝါဒမှာ ပူရဏကဿပ ဂိုဏ်းဆရာကြီးတို့ယူသော အကိရိယအယူဝါဒမျိုးဖြစ်သည် (အကိရိယ=ပြုလုပ်သော်လည်း ပြုရာမရောက်ဟု ယူဆသောဝါဒ)။

အချို့ကမူ လောက၌ သတ္တဝါတို့ ဆင်းရဲခြင်း၊ ချမ်းသာခြင်းမှာ အကြောင်းမရှိ၊ သူ့အချိန်ရောက်လျှင် အလိုအလျောက် ဆင်းရဲကြ၊ ချမ်းသာကြရသည်၊ အယုတ်အားဖြင့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်မှုမှာပင် အကြောင်းမရှိ၊ တရားကျင့်ရန်မလို၊ သူ့အချိန်စေ့ရောက်က အလိုအလျောက် သူ့ဘာသာသူ လွတ်မြောက်မည်ဟု ယုံကြည်ထားကြ၏။ မက္ခလိဂေါသာလဂိုဏ်းဆရာကြီးတို့ လက်ခံကျင့်သုံးခဲ့သော အဟေတုကဝါဒခေါ် အကြောင်းမဲ့ဝါဒမျိုးဖြစ်သည်(အဟေတုက=အကြောင်းမဲ့ဝါဒ)

အချို့ကမူ ကောင်းမှုကံ၊ မကောင်းမှုကံဆိုသည်မှာ လောက၌ရှိ၏။ သို့သော် ထိုကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးကားမရှိ။ အလှူဒါန ပြုလုပ်ခြင်းကြောင့် အကျိုးမရ။ တမလွန်လောကလည်းမရှိ၊ မိဘနှစ်ပါးတို့အား ပြုစုလုပ်ကျွေးခြင်းသည်လည်း အကျိုးမရှိ၊ ပြစ်မှားစော်ကား

လျှင်လည်း အပြစ်မရှိ "နေ့ခင်းဘဝရှိသည်၊ ဒါနအကျိုးခံစားရမည်၊ မိဘကျေးဇူးသိတတ်ရမည်"ဟု ပြောဆိုခြင်းသည် လိမ်ညာမှုသာဖြစ်၏။ လူတယောက်၏ ကောင်းသောဂုဏ်သတင်းနှင့်မကောင်းသောဂုဏ်သတင်းများသည် သင်္ချိုင်းရောက်က ပျောက်တော့၏။ အလောင်းကိုမီးရှို့၍ပြာကျသွားသောအခါ ဘာမျှမကျန်တော့"ဟု ယူဆကြသည်။ ဤဝါဒမှာ အဇိတကေသကမ္ဗလဂိုဏ်းဆရာကြီးတို့ ယူသော နတ္ထိကဝါဒမျိုးဖြစ်သည်။ (နတ္ထိကဝါဒ-အကျိုးမရှိဟုယူဆသောအယူ)

ကောင်းမှုကံ မကောင်းမှုကံဆိုသည်မှာမရှိ၊ သတ္တဝါများ ဆင်းရဲဒုက္ခကိုခံစားရခြင်း၊ ချမ်းသာသုခကို ခံစားရခြင်း စသည်တို့သည် ဘုရားသခင်က သို့မဟုတ် ဗြဟ္မာကြီးက ဖန်ဆင်းပေးသည့် အတိုင်းပင်ဖြစ်သည်။ သတ္တဝါများကိုပင် ဘုရားသခင်ဖန်ဆင်းပေးသည်။ ဤသို့ယုံကြည်သူများလည်းရှိကြသည်။ ထိုယုံကြည်သူများမှာ ဣဿရနိမ္မာနဝါဒ ရှိသူများဖြစ်ကြသည်။ (ဣဿရနိမ္မာနဝါဒ-အစိုးရသူ ဘုရားသခင်ဖန်ဆင်းပေးသောဝါဒ)

သတ္တဝါများ၌ ကောင်းမှုကံ၊ မကောင်းမှုကံများလည်းရှိသည်၊ ထိုကောင်းမှုကံ၊ မကောင်းကံများသည် ကောင်းကျိုးဆိုးပြစ်များကိုလည်းဖြစ်ပေါ်စေသည်။ သို့သော် ထိုကောင်းမှုကံ မကောင်းမှုကံများကား ယခုဘဝ၌ ပြုလုပ်သောကံများမဟုတ် အတိတ်ဘဝများကပြုလုပ်ခဲ့သည့်ကံများသာဖြစ်သည်။လက်ရှိဘဝ၌ ခံစားရသည့် ကောင်းကျိုးဆိုးပြစ်များသည် ရှေးအတိတ်ကံကြောင့်ချည်းသာဖြစ်သည်။ ဤသို့ ရှေးအတိတ်ကံတခုတည်းကိုသာ ယုံကြည်သူများလည်းရှိကြသည်။ ထိုသူတို့၏ အယူဝါဒကို ပုဗ္ဗေကတဟေတုဝါဒ ဟုခေါ်သည်(ပုဗ္ဗေကတ=ရှေးကပြုခဲ့သောကံသည်သာ+ဟေတု=အကြောင်းရှိသော+ဝါဒ=အယူဝါဒ)။

ဤသို့လျှင် ဤကမ္ဘာလောကကြီး၌ ကံကိုအကြောင်းပြု၍ အကိရိယဝါဒခေါ် ကံမဲ့ဝါဒ၊ အဟေတုကဝါဒခေါ် အကြောင်းမဲ့ဝါဒ။ နတ္ထိကဝါဒခေါ် အကျိုးမဲ့ဝါဒ၊ ဣဿရနိမ္မာနဝါဒခေါ် ဖန်ဆင်းဝါဒ၊ ပုဗ္ဗေကတ

ဟောတုဝါဒခေါ် အတိတ်ကံဝါဒ စသည်ဖြင့်အယူဝါဒအမျိုးမျိုး ပေါ်ပေါက်လျက်ရှိနေလေသည်။

ကံနှင့်ဗုဒ္ဓဘာသာ။ ။ဗုဒ္ဓရှင်တော်မြတ်ဘုရား ထင်ရှားပွင့်ပေါ်တော်မူလာသည့်အခါ ဗုဒ္ဓမြတ်စွာက–

"သုဘ လုလင်....သတ္တဝါတို့သည်အတိတ်ပစ္စုပ္ပန်နှစ်တန်သောကံသာကိုယ်ပိုင်ဥစ္စာရှိကြ၏။ နှစ်တန်သောကံ၏ အမွေကိုခံယူကြရ၏။နှစ်တန်သောကံသည်သာ အကြောင်းရင်းရှိကြ၏၊ နှစ်တန်သောကံသည်သာဆွေမျိုးဖြစ်ကြ၏၊ နှစ်တန်သောကံသာ အားထားကိုးကွယ်ရာရှိကြ၏၊ သတ္တဝါတို့သည် ယုတ်ညံ့ခြင်း၊ မြင့်မြတ်ခြင်းကို(တနည်း) ဆင်းရဲခြင်းချမ်းသာခြင်းကိုအတိတ်ပစ္စုပ္ပန်နှစ်တန်သောကံက ဝေဖန်ပိုင်းခြားပေး၏" ဟု ဥပရိပဏ္ဏာသပါဠိတော်၊ စူဠကမ္မဝိဘင်္ဂသုတ်၌ သုဘလုလင်အားကံနှင့်ပတ်သက်၍မည်သို့ခံယူရမည်ကိုအတိအကျညွှန်ပြတော်မူခဲ့ပေသည်။

ထို့ပြင် ကံနှင့်ပတ်သက်၍ယုံကြည်ချက်ဆယ်ချက်နှင့်ပြည့်စုံမှ အယူမှန်နှင့်ပြည့်စုံသည့် သမ္မာဒိဋ္ဌိဖြစ်ကြောင်းကို ဓမ္မသင်္ဂဏီပါဠိတော်၌ဟောကြားထားသည်ကိုလည်း တွေ့ရသည်။ ထိုယုံကြည်ချက်ဆယ်ချက်မှာ—

၁။ လှူဒါန်းပေးကမ်းခြင်းသည် အကျိုးအမှန်တကယ် ရှိ၏ဟု ယုံကြည်ခြင်း(အတ္ထိဒိန္နံ)

၂။ ရတနာသုံးပါး ဆရာမိဘစသည်တို့အား ပူဇော်ခြင်းသည်အကျိုးအမှန်တကယ်ရှိ၏ဟု ယုံကြည်ခြင်း(အတ္ထိယိဋ္ဌံ)

၃။ ပင့်ဖိတ်၍ ပေးလှူခြင်း၊ ဧည့်သည်တို့အား ဧည့်ဝတ်စောင့်ဝတ်ပြုခြင်း၊ လက်ဆောင်ပေးခြင်း၊ လက်ထပ်မင်္ဂလာပွဲ စသည်တို့၌ဧည့်ခံကျွေးမွေးခြင်း စွန့်ကြဲပေးကမ်းခြင်း စသည်တို့သည်အကျိုးအမှန်တကယ်ရှိ၏ဟု ယုံကြည်ခြင်း(အတ္ထိဟုတံ)

၄။ သုစရိုက်ဆယ်ပါးကို ပြုကျင့်လျှင်ကောင်းကျိုးခံရမည်၊ ဒုစရိုက်ဆယ်ပါးကို လွန်ကျူးလျှင် မကောင်းကျိုးခံရမည်ဟု အမှန်

တကယ်ယုံကြည်ခြင်း(အတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံဝိပါကော)

၅။ ဤပစ္စုပ္ပန်လောကသည် အမှန်တကယ်ရှိ၏ဟု ယုံကြည်ခြင်း (အတ္ထိအယံ လောကော)

၆။ အပါယ်လေးရပ်၊ ခြောက်ထပ်နတ်ရွာ၊ ဗြဟ္မာနှစ်ဆယ်ဟူသော တမလွန်လောကသည် အမှန်တကယ်ရှိ၏ဟုယုံကြည်ခြင်း(အတ္ထိ ပရလောကော)

၇။ မိခင်၌ ကောင်းစွာပြုလျှင်အကျိုးရှိ၏၊ မကောင်းသဖြင့်ပြုလျှင် အပြစ်ဖြစ်၏ဟု အမှန်တကယ်ယုံကြည်ခြင်း(အတ္ထိမာတာ)

၈။ ဖခင်၌ ကောင်းစွာပြုလျှင် အကျိုးရှိ၏၊ မကောင်းသဖြင့်ပြုလျှင် အပြစ်ဖြစ်၏ဟု အမှန်တကယ်ယုံကြည်ခြင်း(အတ္ထိပိတာ)

၉။ ငရဲ၊ ပြိတ္တာ၊ နတ်၊ သိကြား၊ ဗြဟ္မာဟူသော ဥပပါတ်သတ္တဝါမျိုးတို့ အမှန်ရှိ၏ဟု ယုံကြည်ခြင်း(အတ္ထိ သတ္တာ ဩပပါတိကာ)

၁၀။ နိဗ္ဗာန်ရောက်ကြောင်း သီလစသောအကျင့်ကောင်းကို ကျင့်ကြကုန်သော တရားစောင့်သည့် ရဟန်း ပုဏ္ဏားတို့သည်လည်းကောင်း၊ သဗ္ဗညုဘုရားရှင်သည်လည်းကောင်း လောက၌ရှိ၏ဟု ယုံကြည်ခြင်း(အတ္ထိလောကေ။ပ။ပဝေဒေန္တိ) ဟူသောယုံကြည်ချက်များ ဖြစ်ပါသည်။

ဤယုံကြည်ချက်နှင့် ပြည့်စုံမှအယူမှန်သည့် သမ္မာဒိဋ္ဌိပုဂ္ဂိုလ်ဖြစ်မည်။ ဤဆယ်ချက်ကို မယုံကြည်ပဲ "လှူဒါန်းပေးကမ်းခြင်းသည် အကျိုးမရှိ" စသည်ဖြင့် ယူဆသောပုဂ္ဂိုလ်သည် အယူပျက်သူ အယူမှားသူ ဒိဋ္ဌိဝိပတ္တိပုဂ္ဂိုလ်၊ မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်ဖြစ်သည်ဟု ဓမ္မသင်္ဂဏီပါဠိတော်၌ ဟောကြားထားပါသည်။

ဤယုံကြည်ချက် ဆယ်ချက်ကို ဗုဒ္ဓကျမ်းဂန်များ၌ "သမ္မာဒိဋ္ဌိတို့၏ ယုံကြည်ချက်ကြီး ဆယ်ချက် (ဒသဝတ္ထုကသမ္မာဒိဋ္ဌိ)"ဟု ဖော်ပြထား

ပေသည်။ ကံသာလျှင်မိမိကိုယ်ပိုင် ဥစ္စာရှိသည်ဟု သိမြင်ယုံကြည်သည့် ကမ္မဿကတာသမ္မာဒိဋ္ဌိလည်း ဖြစ်လေသည်။

ထို့ကြောင့် ဗုဒ္ဓဝါဒသည် "သတ္တဝါမှန်သမျှ အတိတ် ပစ္စုပ္ပန် နှစ်တန်သောကံသည်သာ ကိုယ်ပိုင်ဥစ္စာရှိသည်၊ ကံတရားကဖန်တီးပေးမှုကြောင့် သတ္တဝါအစားစား ဖြစ်ပေါ်လာရသည်။ ကောင်းသည့်ကံကို ပြုလျှင် ကောင်းကျိုးစံရမည်၊ မကောင်းသည့်ကံကိုပြုလျှင် မကောင်းကျိုးခံရမည်" စသည်ဖြင့် ကံ ကံ၏အကျိုးကို သိမြင် ယုံကြည်သော "ကမ္မဿကတာဉာဏ်" ကို အခြေခံထားသည့်ဝါဒဖြစ်သည်။ ထို့ကြောင့် ဘုရားမပွင့်မီကရှိခဲ့သော ဖော်ပြခဲ့ပြီးသည့် အကိရိယဝါဒစသည်တို့နှင့် အလွန်ခြားနားကြောင်း သိသာထင်ရှားပေသည်။

ဤဗုဒ္ဓဝါဒအတိုင်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ကံ ကံ၏အကျိုးတို့ကို လက်ခံယုံကြည်မှသာ ဗုဒ္ဓဘာသာဝင်များ ဖြစ်နိုင်ပါသည်။ အမှန်တော့ ဤအခြေခံယုံကြည်ချက်ကြီး ဆယ်ချက်ကို ယုံကြည်ရခြင်း၊ ဘုရား၊ တရား၊ သံဃာဟူသော ရတနာသုံးပါးတို့ကို ကိုးကွယ်ဆည်းကပ်မှု သရဏဂုံဘည်ရခြင်းဟူသော အင်္ဂါနှစ်ရပ်နှင့် ပြည့်စုံမှသာ ဗုဒ္ဓဘာသာဝင်ဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင်နှင့် ဤကျမ်းစာအုပ်

သို့ဖြစ်၍ ကံနှင့်ကံအကျိုးကို ယုံကြည်ရသည့် ဗုဒ္ဓဘာသာဝင်တို့သည် မိမိတို့ယုံကြည်ထားသော ကံအကြောင်းတရားတို့ကို စွမ်းနိုင်သမျှ သိရှိနားလည်ထားရန်လိုပါသည်။ ဤ "ကံနှင့် သတ္တလောက" စာအုပ်၌ ကျမ်းပြုဆရာသည် ကံအကြောင်းကို "နည်းနည်းနှင့် ကျဲကျဲဝိုင်း" ဆိုသကဲ့သို့ လိုရင်းကိုသာ အတိုချုပ်း၍စုံလင်စွာ ရှင်းလင်းတင်ပြထားရာ ဗုဒ္ဓဘာသာဝင်တိုင်း လေ့လာဖတ်ရှုသင့်သည့် ကျမ်းစာအုပ် ဖြစ်ပေသည်။

"ကမ္မဝိပါကော အစိန္တေယျော နစိန္တိတဗ္ဗော-ဟု ဘုရားဟောရှိပေသည်၊ ကံအကျိုးပေးမှုကို ဘုရားမှတပါး အခြားမည်သည့်ပုဂ္ဂိုလ်မှ မသိနိုင်၊ မမြင်နိုင်၍ ကံအကျိုးပေးမှုမှာ ကြံစည်၍မရနိုင်သော(ဝါ)မကြံစည်

ကောင်းသော အစိန္တေယျတရား တပါးဖြစ်သည်ဟု အဓိပ္ပာယ်ရပေသည်။ ဤကျမ်း၌ ထိုအချက်ကို ပေါ်လွင်ထင်ရှားအောင် မိတ္တိလာပြည့်ရှင်၊ အင်္ဂတိဘုရင်ကြီးမှာ ဂုဏတက္ကတွန်း၏ ကံမဲ့ဝါဒ၌ ယုံကြည်သွားပုံ၊ ဘဝဟောင်းကို ပြန်မြင်နိုင်သော အလာတစစ်သူကြီးက ထိုကံမဲ့ဝါဒကို မိမိ၏ ဇာတိဿရဉာဏ်ဖြင့် ထောက်ခံပုံ၊ လူဝင်စားဖြစ်သူ ဗိဇကခေါ် ကျွန်ကလည်း ၎မိမိ၏အတိတ်ဘဝ ကိုယ်တွေ့ဖြင့် မင်းကြီး၏ ယုံကြည်မှုကို အထောက်အကူပြုပုံ အယူမှား၌နစ်မြုပ်နေသည့် ဖခမည်းတော်မင်းကြီး ကို ရှေ့ခုနစ်ဘဝ၊နောက်ခုနစ်ဘဝ မြင်နိုင်သော သမီးတော် ရုစာဒေဝီမင်းသမီးက ကယ်တင်ပုံ၊ နောက်ဆုံး ဘုရားလောင်း နာရဒဗြဟ္မာကြီးက ရသေ့အသွင်ဖြင့်လာရောက်၍ တရားဟောမှ အင်္ဂတိမင်းကြီး အယူမှန်ရပုံတို့ကိုစိတ်ဝင်စားဖွယ်ရာ ဖတ်ရှုလေ့လာရမည်ဖြစ်ပါသည်။

ထို့ပြင် ဒိဗ္ဗစက္ခုအဘိညာဉ်ရသည့် ပုဂ္ဂိုလ်များပင် ကံအကျိုးပေးပုံကို မှန်ကန်စွာမသိနိုင်ပုံ၊ ဘုရင်သတ်နိုင်၍ မင်းဖြစ်ခြင်း မတရားစီးပွားရှာ၍ ကြီးပွားချမ်းသာခြင်း၊ ကောင်းမှုကုသိုလ်များစွာ ပြုနေသော်လည်း မကောင်းကျိုးပေးခြင်း စသည်ဖြင့် အကျိုးပေးတခြား ကံတခြား ဖြစ်ပုံတို့ကို ကျမ်းဂန်လာ အထောက်အထား အခိုင်အမာဖြင့် တင်ပြထားရာ ဗဟုသုတပွားဖွယ်ရာ ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် စာရှုသူများအား မှာကြားလိုသည်မှာ ဤကျမ်းစာအုပ်သည် ကံနှင့်ပတ်သက်၍ မှတ်သားဖွယ်ရာ ဗဟုသုတအဖြာဖြာတို့ကို စုဆောင်းတင်ပြထားရာ ထိုကံနှင့်ဆိုင်သော ဗဟုသုတများကို လေ့လာမှတ်သားပြီး မကောင်းသော ကံများပယ်ရှား၍ ကောင်းသောကံများကို ကြိုးစားအားထုတ် နိုင်ကြပါစေဟု စေတနာကောင်းဖြင့် တိုက်တွန်းမှာကြားလိုက်ပါသည်။

ဓမ္မာစရိယဦးအေးနိုင် (ဘီ·အေ)
လက်ထောက်ညွှန်ကြားရေးမှူး
သာသနာရေးဦးစီးဌာန
၂၀-၃-၈၆

နိဒါန်း

"ကံမည်သည် အထွေထွေ အပြားပြား အလွန်များ၏၊ ပြောဖွယ် သိဖွယ် အလွန်ကျယ်၏၊"

လယ်တီဆရာတော်က နိယာမဒီပနီတွင် ဒ. ထက်ပါအတိုင်း မိန့်ဆိုခဲ့သည်။ ကျယ်ဝန်းလှသော ကံ၏အကြောင်းကို ပြည့်စုံအောင်ကြိုးပမ်းထားခြင်းဟု မဆိုရပါ။ နိကာယ်ငါးရပ်လာ ကံအကြောင်း သိကောင်းဖွယ်ရာများကို လိုအပ်သလို ထုတ်နုတ်ရေးသားထားခြင်း ဖြစ်ပါသည်။ စာမျက်နှာ မှန်းထားပြီး ရေးသားခြင်းဖြစ်၍ အချို့နေရာများတွင် အကျဉ်းမျှသာ တင်ပြနိုင်ပါသည်။

ကံ ကံ၏အကျိုးကို မိမိဉာဏ်ဖြင့် ဆင်ခြင်၍ ကိုယ်ပိုင်ယုံကြည်ချက်ဖြစ်ဖို့အတွက် လုံလောက်သော အချက်အလက်များ ရနိုင်လောက်သည်အထိ မှန်းထားရည်ရွယ်ပါသည်။ ထိုရည်ရွယ်ချက် ပေါက်နိုင်သည် ဆိုပါက ပြုစုရကျိုးနပ်ပြီဟု ယူဆမိသည်။

သဘောတရားနှင့် လက်တွေ့ပေါင်းစပ်မှ အကျိုးများနိုင် ပေသည်။ ကံ ကံ၏အကျိုးကို ယုံကြည်လက်ခံ ကျေနပ်ခြင်းကို သဘောတရားဟု ဆို၍ အကုသိုလ်ဒုစရိုက်များမှ ရှောင်ကြဉ်ခြင်း၊ ကုသိုလ်သုစရိုက်များကို ပြုလုပ်ခြင်းကို လက်တွေ့ဟု ဆိုနိုင်သည်။ ကံ ကံ၏အကျိုးကို ယုံကြည်သော်လည်း ဒုစရိုက်ကိုသာပြု၍ သုစရိုက်ကိုမပြုလျှင် အဘယ်မှာ ကောင်းကျိုးဖြစ်နိုင်လိမ့်မည်နည်း။ လူတိုင်း လူတိုင်းသည် ကောင်းကျိုးဖြစ်မှုကို လိုလား၏။ မကောင်းကျိုးကို မလိုလားကြပေ။ လိုလားသည်နှင့် လိုက်လျောညီထွေ လုပ်မှသာလျှင် လိုလားသည့်အတိုင်း ဖြစ်ပေလိမ့်မည်။ ကောင်းကျိုး လိုလားသော်လည်း ဒုစရိုက်မှုကိုပြု၍ ကောင်းကျိုးမရနိုင်ပေ။ သုစရိုက်မှု ပြုမှသာလျှင် ကောင်းကျိုးရပေ

လိမ့်မည်။ ထို့ကြောင့် လက်တွေ့၏အရေးပါပုံကို သိနိုင်သည်။ လက်တွေ့လိုက်နာပြုလုပ်လိုပါက ကောင်းမှုဟူသည် အဘယ်အရာများဖြစ်သည်၊ မကောင်းမှုဟူသည် အဘယ်အရာများဖြစ်သည်ဟု ခွဲခြား၍ သိထားရပေလိမ့်မည်။

ကောင်းမှုသုစရိုက် မကောင်းမှုဒုစရိုက်တို့၏ အကြောင်းကို အကျဉ်းမျှသာ ဖော်ပြနိုင်ပါသည်။ အရေးပါ၍ လက်တွေ့ပြုလုပ်ရမည်ဖြစ်သော ကောင်းမှုသုစရိုက်၊ မကောင်းမှုဒုစရိုက်များ အကြောင်းကို အကျယ်မရေးသားခြင်းမှာ ဗုဒ္ဓဘာသာဝင်များသည် ထိုကောင်းမှု မကောင်းမှုတို့အကြောင်းကို ထပ်တလဲလဲ ကြားနာနေကြရ၍ နားရည်ဝနေကြသည်။ ထို့ကြောင့် အရေးပါသော လက်တွေ့ကျင့်စဉ်ဖြစ်သော်လည်း အကျဉ်းမျှ တင်ပြသျှင် လုံလောက်ပြီဟု ယူဆ၍ ထိုအခန်းကို အကျဉ်းရုံး၍ ဖော်ပြလိုက်ပါသည်။

ကံ၏အကျိုးတရားသည် အစိန္တေယျ တရားအဝင်ဖြစ်သည်၊ ဘုရားရှင်တို့သာလျှင် ကံ၏အကျိုးကို အကုန်အစင် သိမြင်နိုင်သည်။ ထိုသို့သိပိုင်ခက်သော ကံကို ရေးသားရာ၌ မိမိ၏ထင်မြင်ချက်ကို နောက်ကွယ်တွင်ထား၍ ကျမ်းဂန်အထောက်အထားများကို ဦးစားပေး ဖော်ပြပါသည်။ ဖြစ်နိုင်လျှင် ပါဠိတော်ကို ကိုးကား၍ အဋ္ဌကထာ ဋီကာနှင့် လေးစားထိုက်သော ဆရာတော်များ၏ ကျမ်းဂန်များကိုလည်း ကိုးကားပါသည်။

စာရေးပြီဆိုလျှင် စာရေးသူ၏ အာဘော်မှာ မကင်းရာ မကင်းကြောင်း ပါတတ်ပါသည်။ စာရေးသူ၏ ထင်မြင်ယူဆချက်ဟု ထင်စရာအချက်များ တွေ့ပါက အမှန်အမှား စိစစ်၍ ပယ်ထုတ်နိုင်ပါသည်။

ကံကို လေ့လာရာတွင် သတိမူရမည့် နောက်တချက်မှာ အစွန်းရောက်မသွားဖို့ပင် ဖြစ်သည်။ ကံကိုယုံကြည်၏။ သို့ရာတွင် "အရာရာသည် ရှေးကံကြောင့်ဖြစ်၏။ ယခုဘဝတွင် မကောင်းမှု ပြုလုပ်မိခြင်းသည်ပင် ရှေးကံ၏ စီမံချက်ကြောင့် ပြုမိခြင်းဖြစ်သည်" ဟု ကံကို ယုံလျက် တဘက်

စွန်းသို့ ရောက်သွားတတ်သည်၊ "ပုဗ္ဗကတပေးတုဒိဋ္ဌိ" ဟု ခေါ်သည်။ အခြားအစွန်းတဘက်မှာ ကံကို မယုံကြည်ခြင်းဖြစ်သည်။ လက်တွေ့လုပ်ဆောင်ချက် ဝီရိယစွမ်းအားကိုသာ ယုံကြည်သည်။ ကံကိုမယုံကြည်။ ဤသို့ ကံကို တဘက်စွန်းရောက် ယုံကြည်ခြင်းနှင့် ကံကိုလုံးဝ မယုံကြည်ခြင်း အစွန်းရောက်မှုတို့ကိုရှောင်၍ မဇ္ဈိမပဋိပဒါလမ်းကို လိုက်၍လေ့လာအပ်ပေသည်။

ညွန့်မောင်

၂၇-၁-၇၇

၁၃၃၈-ခု၊ သီတင်းကျွတ်လပြည့်။

ကံနှင့်သဍ္ဍဗလဝက

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကံဆိုတာဘာလဲ

ကံဟူသော စကားကို လူတိုင်းလိုလို မကြာခဏ ပြောဆိုသုံးစွဲကြ၏။ ကံဆိုသည်မှာ အဘယ်နည်းဟု ဆိုလျှင်ကား ဗုဒ္ဓအလိုကျ ပြောပြနိုင်ဖို့ မလွယ်လှပေ။

တိုက်ဆိုင်မှုကိုပင် ကံဟု သုံးတတ်၏။ မမျှော်လင့်သော ဖြစ်ရပ်များ ဖြစ်လာလျှင်လည်း ကံပဲပေါ့ဟု ပြောဆိုတတ်ကြပြန်၏။ ကံ၏အကျိုးကို လည်း ကံဟုပင် ဆိုတတ်ကြ၏။ ရှေး၌ ကြောင်းကံကို မမြင်နိုင်သော် လည်း ပစ္စုပ္ပန်ဖြစ်ရပ် အဆိုးအကောင်းကို ကြည့်၍ ကံပဲပေါ့ဟု မှတ်ချက် ချခြင်း ဖြစ်ပေလိမ့်မည်။ ကံသည် အကြောင်းတရား ဖြစ်၏၊ အကြောင်း တရားဖြစ်သောကံကို ပေါ်လွင်အောင် “ပြုလုပ်မှုမှန်သမျှသည် ကံ”ဟု အဓိပ္ပာယ် ကောက်ကြပြန်၏။ ကမ္မဟူသော ပါဠိသည် ပြုလုပ်မှုဟု အဓိပ္ပာယ်ရသောကြောင့် ထိုသို့ဆိုခြင်း ဖြစ်ပေသည်။ ထိုအဆိုများသည် ပြည့်စုံပါ၏လော၊ မှန်ကန်ပါ၏လော။

ဗုဒ္ဓဘာသာဝင်တို့မှာ ကံကိုယုံကြည်ကြ၏၊ ကောင်းမှုပြုလျှင် ကောင်း ကျိုးဖြစ်မည်၊ မကောင်းမှုပြုလျှင် မကောင်းကျိုးဖြစ်မည်ဟု ယုံကြည်ကြ သည်။ ၎င်းသည်မှာ မမှားနိုင်သောယုံကြည်မှုပင် ဖြစ်သည်။ ကံအကြောင်း ကို ခရေစေ့တွင်းကျ သိမှ နားလည်မှသာ ယုံရမည်ဆိုသော် ဘုရားဖြစ်မှသာ ကံကို ယုံကြည်ရပေတော့မည်။ ကံအကြောင်းကို အကုန်အစင် သိအောင် လုပ်ဖို့ မလိုအပ်သော်လည်း ပိဋကတ် ကျမ်းစာများရှိသည့် ကျေးဇူး ကြောင့် မိမိတို့ ဉာဏ်မီသလောက် လေ့လာသိရှိနိုင်စွမ်း ရှိနေပေသည်။

ထံဆွာ ၁–၁၈–၁၀–၁

ခေတ်ပညာတတ် လူငယ်များသည် သဘာဝအားဖြင့် ကံကို ယုံချင်ကြသူများ မဟုတ်ပေ၊ ဆရာတက်တိုး၏ "ကျွန်တော့ အတွေးအခေါ်မှတ်စုများ"ကို ဖတ်၍ လူငယ်တို့ဧာစီးစွာ ဘဝသင်ခန်းစာ ရနိုင်သည်။ ဆရာတက်တိုးသ ငယ်စဉ်က ကံကို ယုံကြည်ခဲ့သူ မဟုတ်ပေ၊ "ကံဆိုတာ အလုပ်ပဲ၊ အလုပ်လုပ်ရင် ဖြစ်မှာပဲ စသည်ဖြင့်" ပြောခဲ့သည်။ သို့သော် သူဘဝတလျှောက် အတွေ့အကြုံများအရ လုပ်တိုင်းလည်းမဖြစ် ကြောင်း တွေ့လာရသည်၊ ထိုအခါ အတွေးအခေါ်တခုကို ရလာသည်။ ဆရာတက်တိုးက "ကျွန်တော်၏ အတွေးအခေါ် မှတ်စုများ(၂)"တွင် အောက်ပါအတိုင်း ရေးသားခဲ့သည်။

> "ဘယ်လောက်ပင် ကြိုးစား ကြိုးစား ဖြစ်ချင်မှ ဖြစ်တာ၊ ဖြစ်ချင်ရာ ဖြစ်သွားသည်။ အကြောင်း အလှည့်သင့်လျှင် ဟုတ်တိပတ်တိကို မကြိုးစားရပဲနှင့်လည်း ဖြစ်သွားတတ်သည် စသည်ဖြင့် တွေ့ရကြုံရ၏၊ ကိုယ်တိုင်တွေ့သည့်အခါ တွေ့ရပြီး သူတပါး၌ တွေ့ရကြောင်းကိုလည်း ကြုံရတတ်သည်။ ထိုအခါ ကံဆိုတာ အလုပ်၏ အကျိုးပေးဆိုသည့် အချက်ကို နားလည်သော်လည်း ယင်းအကျိုးပေးမှာ ထူးဆန်းအံ့ဖွယ် ဖြစ်ကြောင်း သိမြင်လာသည်။ အတိတ်ကာလတခု၌ ပြုခဲ့သောအလုပ် (ကောင်းမှုဖြစ်စေ၊ မကောင်းမှုဖြစ်စေ)၏ အကျိုးပေးကို အနာဂတ်ကာလတခုတွင် လာ၍ ခံစားရသည်ဟု ယူဆလာသည်။ ယင်းယူဆချက်ကို လေ့လာသုံးသပ်မှု ပြုပြီးနောက် ယုံကြည်လာသည်။ ကံ–ကံ၏အကျိုးကို ယုံကြည်လာသည်။
>
> (၁၉၇၇-ခု၊ အောက်တိုဘာလ ရှုမဝ)

ဆရာတက်တိုး၏ အတွေးအခေါ်သည် ဘုရားဟောနှင့် တသားတည်းကျသည်ဟု ဆိုလိုခြင်းမဟုတ်ပေ၊ ခေတ်ပညာတတ် လူငယ်များအတွက် ပေးအပ်သော သင်ခန်းစာကောင်း ဖြစ်သည်မှာကား ယုံမှားဖွယ်မရှိပေ။ ကံ–ကံ၏အကျိုးကို ယုံကြည်ဖို့အတွက် လူတိုင်းလူတိုင်းသည် ဘဝအတွေ့

အကြိုမျိုးစွာကို ကိုယ်တိုင် ဆည်းပူးခြင်းဖြင့်သာ ရအပ်သည်မဟုတ်ပေ။ လူတဦးတယောက်၏ ဘဝအတွေ့အကြုံမှ ရသော အတွေးအခေါ်သည် နောက်လူများအတွက် အသုံးဝင်နိုင်သည် မဟုတ်ပါလော၊ ရှေးလူ၏လက်တွေ့ကို နောက်လူက စာတွေ့ဖြင့် အသုံးချနိုင်ပေသည်။ ကံအကြောင်းကို ပိဋကတ်ကျမ်းများမှ လေ့လာလျှင် မိမိတို့၏ ဘဝများစွာ ရင်းနှီး၍ရသော အတွေ့အကြုံထက် အဆပေါင်းများစွာ သာလွန်သည်ရှိနိုင်သည်။ ထို့ကြောင့် ခေတ်ပညာတတ် လူငယ်များသည် ဘဝအတွေ့အကြုံရသည်အထိ ဆိုင်းငံ့မနေပဲ အနှစ်အသား ပါသော စာပေများကို လေ့လာထိုက်လှပေသည်။

"ကံဆိုဘာဘာလဲ" ဟူသောမေးခွန်း၏ အဖြေကို မိမိတို့ကိုယ်တိုင် အဖြေထုတ်နိုင်ပါလိမ့်မည်။ ဤစာအုပ်ကို ဆုံးအောင် ဖတ်ပြီးသောအခါ စာရှုသူအတွက် ခြုံငုံစဉ်းစားနိုင်လောက်သော အချက်အလက်များ ရရှိပြီး ဖြစ်နေလိမ့်မည်ဟု မျှော်လင့်ပါသည်။

ကံဆိုသည်မှာ စေတနာ

"စေတနာကို ကံဟု ငါဘုရားဟော၏၊ စေတနာဖြင့် စေ့ဆော်၍ ကိုယ် နှုတ်, စိတ်တို့ဖြင့် အမှုကိစ္စကို ဆောင်ရွက်၏"ဟူ၍ ဆဋ္ဌအင်္ဂုတ္တိုရ် နိဗ္ဗေဓိကသုတ်တွင် ဘုရားဟောခဲ့သည်။

စေတနာက လှုံ့ဆော်၍ ကိုယ်ထိလက်ရောက် ပြုလုပ်မှုကို ကာယကံဟု ခေါ်သည်။ စေတနာကလှုံ့ဆော်၍ ပြောဆိုမှုကို ဝစီကံဟု ခေါ်သည်။ စေတနာက လှုံ့ဆော်၍ စိတ်ဖြင့် ကြံစည်မှုကို မနောကံဟု ခေါ်သည်။

"ကမ္မဟူသော ပါဠိမှ ကံဖြစ်၏။ ထို့ကြောင့် ပြုလုပ်မှုမှန်သမျှကို ကံခေါ်၏"ဟု ဆိုကြခြင်းမှာ ပြည့်စုံမှန်ကန်မှု မရှိပေ။ သဒ္ဒါနည်းဖြင့် ကြံဆ၍ ကံ၏အဓိပ္ပါယ်ကို ဖွင့်ဆို၍ အမှန်သို့ မရောက်နိုင်ပေ။ ကိုယ်ဖြင့် ပြုလုပ်သည်ဖြစ်စေ၊ နှုတ်ဖြင့် ပြောဆိုသည်ဖြစ်စေ၊ စိတ်ဖြင့် ကြံစည်သည်

ဖြစ်စေ၊ စေတနာပါဖို့လို၏။ စေတနာပါမှ ကံဖြစ်၏။ စေတနာမပါလျှင် ကံမဖြစ်ပေ၊ ထို့ကြောင့် မဃဒေဝလင်္ကာသစ်တွင် မန်လည်ဆရာတော်က

ကိုယ် နှုတ် နှစ်ဖြာ၊ ပြုကျင့်ရာ၌၊
စေတနာပါမှ၊ အပုညနှင့်၊ ပုညစင်စစ်၊
ကံဟုဖြစ်၏။ ဟူ၍ စပ်ဆိုခဲ့သည်။

(မဃဒေဝ–၂၇၉)

စေတနာမပါပဲ မတော်တဆ နင်းမိ တိုက်မိ၍ သတ္တဝါငယ်များ သေရသည်ကို အကုသိုလ်ဖြစ်သည်ဟုဆိုလျှင် ထိုအကုသိုလ်ကံနှင့်ကင်းသူ ရှိအံ့ မထင်ပေ၊ မိခင်များသည် သားငယ် သမီးငယ်များကို ကြမ်းကြမ်း တမ်းတမ်း ပြောဆိုစေကာမူ ပျက်စီးစေလိုသော စေတနာ မရှိကြပေ။ မေတ္တာရှေ့ထား၍ ပြောကြားကြခြင်းသာ ဖြစ်သည်။ ထို့ကြောင့် ပြုလုပ်မှု ပြောဆိုမှု ဟူသမျှ ကံ မဖြစ်ကြောင်း သိမှတ်နိုင်သည်။

ကံဆိုသည်မှာ စေတနာပင် ဖြစ်ကြောင်း လယ်တီဆရာတော်က အောက်ပါအတိုင်း ရှင်းပြခဲ့၏–

“ကံဆိုသည်ကား နာမ်အစဉ်မှာ စိတ်ဝိညာဉ်နှင့်အတူပါလာသော စေတနာဓာတ်ကြီးကို ဆိုသတည်း။ ထိုစေတနာဓာတ်ကြီးသည် ခပ်သိမ်းသော အရေးကိစ္စတို့၌ စိတ်ဝိညာဉ်ကို အတွင်လုံ့ဆော်၍ ထကြွသမားကြီးဖြစ်၏။ ထို့ကြောင့် စေတနာလည်း ခေါ်၏။ စိတ်ဝိညာဉ်ကို အတွင်လုံ့ဆော်ခြင်းမရှိက ဘယ်ကိစ္စ တခုမျှ ပြီးစီးကြမည်မဟုတ်။ စိတ်ဝိညာဉ်ကို အတွင်လုံ့ဆော်ထကြွသူ ရှိပေ၍သာလျှင် ထိုထိုကိစ္စပြီးစီးကြ၏။ ထို့ကြောင့် ထိုလုံ့ဆော်မှုကြီးသည် ခပ်သိမ်းသောကိစ္စတို့မှာ အမှုသည် ရင်းကြီး ဖြစ်ပေ၏ ထို့ကြောင့် ‘ကံ’ ဟူ၍လည်း ဆိုရ၏။

(နိယာမဒီပနီ)

စေတနာသည် စိတ်အားလုံးနှင့် ဆက်ဆံသော တရားဖြစ်၏။ ကံ ဆိုသည် ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ရပ်သာရှိ၍လျှာ စိတ်အားလုံးနှင့် ဆက်ဆံသည်ဟု မဆိုနိုင်ချေ။ ဝိပါက်စေတနာ ကြိယာစေတနာတို့မှာ ကံဟု မခေါ်ဆိုနိုင်ပေ။စေတနာကို ကံဟုဆိုရာ၌ ကုသိုလ်စိတ် အကုသိုလ်စိတ်တို့၌ ရှိသော စေတနာကိုသာ ကံဟု ဆိုခြင်းဖြစ်ပေသည်။

စေတနာနှင့် ကံကို ခွဲခြားရာ၌ မန်လည်ဆရာတော်၏ အဆိုအမိန့်သည် မှတ်သားဖွယ် ဖြစ်သည်။

> "စေတနာနှင့်ကံသည် အတူတူသာ ဖြစ်သည်။ သို့သော် စေတနာဆိုသည်မှာ ပကတိသညာဖြစ်၍ ကံဆိုသည်မှာ ဝိကတိသညာဖြစ်သည်။ ဥပမာ–က အစရှိသော ၄၁-လုံး၏ အက္ခရာဟူသော အမည်သည် ပကတိသညာဖြစ်၍ သရ,ဗျည်း,ဃ,ရဿ, ဗျည်း, ဝဂ်, စသော အမည်များမှာ ဝိကတိသညာ ဖြစ်သကဲ့သို့တည်း"
>
> (မဏိဇောတိက ဝိသဇ္ဇနာကျမ်း)

'က'ကို အက္ခရာဟု ခေါ်နိုင်သကဲ့သို့ ဗျည်းဟူ၍လည်း ခေါ်နိုင်သည်။ ထို့အတူ ကုသိုလ်ကို စေတနာဟု ခေါ်နိုင်သကဲ့သို့ ကံဟုလည်း ခေါ်နိုင်သည်။ ကုသိုလ်စေတနာနှင့် ကုသိုလ်ကံ အတူတူပင် 'က'ကို အက္ခရာဟု ခေါ်နိုင်သော်လည်း သရ ဟူ၍ မခေါ်နိုင်ချေ။ ထို့အတူ အကျိုးတရား (ဝိပါက်)များကို စေတနာဟု ခေါ်ဆိုနိုင်စေကာမူ ကံဟူ၍ မခေါ်ဆိုနိုင်ချေ။ ကံသည် အကြောင်းတရားဖြစ်သည် မဟုတ်ပါလော၊ ကြိယာစိတ်၌ရှိသော စေတနာများ ကံမဖြစ်သည်ကိုလည်း သိနိုင်ပေသည်။

စေတနာ နှစ်မျိုး

စေတနာ စေတနာဟု ဆိုကြသော်လည်း တသမတ်တည်း မှတ်ထား၍ မဖြစ်ပေ၊ စေတနာမှန်သမျှ လှူဒါန်းသော်တတ်သည့် သဘောမှာ တူသော်လည်း စွမ်းအင်သတ္တိခြင်း အားအစွမ်းခြင်း မတူကြပေ။

စေတနာကို အင်္ဂုတ္တိုရ်အဋ္ဌကထာတွင် နှစ်မျိုးခွဲခြား ပြထားသည်။ သဟဇာတစေတနာနှင့် နာနက္ခဏိကစေတနာဟူ၍ ဖြစ်သည်။ သဟဇာတ စေတနာဆိုသည်မှာ ဖြစ်ဖော်ဖြစ်ဖက် သဘောတရားများနှင့် ပူးပေါင်း ဆောင်ရွက်ကြရာတွင် လှုံ့ဆော်ပေးသည့် သဘောတရား ဖြစ်သည်။ စိတ်တိုင်းစိတ်တိုင်း၌ အတူတကွ ဖြစ်ဖော်ဖြစ်ဖက်အဖြစ် ပါဝင်သော စေတနာကို သဟဇာတစေတနာဟု ဆိုခြင်းဖြစ်သည်။ ထိုစေတနာသည် မိမိကိစ္စကို ဆောင်ရွက်သည့်အပြင် သူတပါးကိစ္စ ပြီးစီးအောင်လည်း လှုံ့ဆော်ပေးမှုကိစ္စကို ဆောင်ရွက်သည်။ ဥပမာ- လက်သမားဆရာကြီး၏ တပည့်ကြီးသည် မိမိတာဝန်ကျရာကိစ္စကို ဆောင်ရွက်သည့် အပြင် အခြားငယ်သားများကိုလည်း ကိုယ့်ကိစ္စ ကိုယ်ဆောင်ရွက် ဖြစ်အောင် စေ့စော်တိုက်တွန်းတတ်သည်။ ထို့အတူ စေတနာသည် မိမိကိစ္စ သူတပါး ကိစ္စ နှစ်ဝလုံးကိုပြီးစေအောင် ဆောင်ရွက်သည်။ ဤဥပမာသည် သဟ-ဇာတစေတနာနှင့်သာဆိုင်ကြောင်း သတိပြုသင့်၏။

နာနက္ခဏိကစေတနာသည် ကာယကံမြောက် ဝစီကံမြောက် မနောကံ မြောက်လောက်အောင်လှုံ့ဆော်ပေးမှုကိစ္စကို ဆောင်ရွက်သည်။ ထို့ပြင် ယင်းစေတနာ၏ လှုံ့ဆော်မှုအရှိန်အဟုန်ကြောင့် တခုသောအချိန်တွင် အကျိုးတရားများ ဖြစ်ထွန်းလာစေနိုင်သည်။ လူ့ဘဝ နတ်ဘဝ တိရစ္ဆာန် ဘဝ တို့၌ ဖြစ်မှုပဋိသန္ဓေ အကျိုးများကိုလည်း ဖြစ်ပေါ်စေနိုင်သည်။ ထို စေတနာမှာ တချိန်ချိန်တွင် အကျိုးတရားများ ဖြစ်ထွန်းစေနိုင်သော စွမ်းအင်သတ္တိကို ချန်ထား၍ ချုပ်ပျောက်သွားသည်။ စိတ်အားလုံးတွင် ရှိသော စေတနာကိုမယူရ၊ ကုသိုလ် အကုသိုလ် စေတနာသာဖြစ်သည်။ ဤ၌ရေးသားလိုရင်းမှာ ဤနာနက္ခဏိက စေတနာခေါ်သော ကံတရား အကြောင်းပင်ဖြစ်သည်။

ဤစေတနာမှာ လက်သမားဆရာ၏တပည့်ကြီး ဥပမာနှင့် မသက်ဆိုင် ပေ။ သီးသန့်ဥပမာ ထုတ်ပြထားချက်ရှိသည်။ မိန်းမနှင့် ယောကျ်ားတို့ တကြိမ်သံဝါသပြုခြင်းသည် ကိစ္စနှစ်ခုကိုတပြိုင်နက် ဆောင်ရွက်ပြီးဖြစ်၏။

ပျော်ပါးချိန်တွင် ကာမသုခ ခံစားခြင်း ကိစ္စအပြင် တခုသောအချိန်တွင် သားသမီးဖြစ်ထွန်းရန် မျိုးစေ့ချခြင်းကိစ္စကိုပါ ဆောင်ရွက်ပြီးဖြစ်သည်။ နာနက္ခဏိကစေတနာ(နာနက္ခဏိကကံ)သည် သို့မဟုတ် ကုသိုလ်ကံ အကုသိုလ်ကံဟုခေါ်သော စေတနာသည် ကာယကံမြောက် ဝစီကံမြောက် မနောကံမြောက် ပြုလုပ်စဉ်ကာလ၌ စေ့ဆော်မှုကိစ္စကို ဆောင်ရွက်သည်။ ထို့ပြင် တခုသော အချိန်တွင် သ်သာထင်ရှား အကျိုးဖြစ်ထွန်းစေနိုင်သော စွမ်းအင်ကို စိတ်သန္တာန်မှာ မြှုပ်နှံမှု၊ ကိစ္စကိုလည်း ဆောင်ရွက်ပေသည်။

စေတနာကိုကံ ဟုဆိုခြင်းမှာ ဤစေတနာပင်ဖြစ်သည်။ သဟဇာတစေတနာနှင့်ကွဲအောင်နာနက္ခဏိကစေတနာဟု ခွဲခြားထား၍ နာနက္ခဏိက ဆိုသည်မှာ ပြုလုပ်သော အချိန်နှင့်အကျိုးဖြစ်ထွန်းသောအချိန်မှာ မတူကွဲပြား ခြားနားသည်ဟု ဆိုခြင်းဖြစ်သည်။ ကုသိုလ်ကံ အကုသိုလ်ကံ ဟူသော အကြောင်းတရားကို ပြုလုပ်ပြီးနောက် တခုသောအချိန်တွင်မှ အကျိုးဖြစ်ထွန်းသည် ကံတရားသည် "အကြောင်းနှင့်အကျိုးတပြိုင်နက် ဖြစ်သည်မဟုတ်"ဟု မှတ်ယူရပေမည်။

ယခုဘဝ၌ မကောင်းမှုများကို ပြုလုပ်ပါလျက် ကြီးပွားနေကြသူရှိကြသကဲ့သို့ ကောင်းမှုကိုပြုလုပ်ပါလျက် ဆင်းရဲနေကြရသူများရှိနေကြသည်။ ယခုလုပ်သောကံက ယခု အကျိုးပေးတတ်သည် မဟုတ်သောကြောင့် ဤသို့ဖြစ်ရခြင်းပင် ဖြစ်သည်။ ယခုပြုလုပ်လိုက်သော စေတနာကံ၏ စွမ်းအင်သည် ဝိပါကခေါ် ရင့်ကျက်မှုအချိန် ရောက်ပါမှ အကျိုးပေးလေသည်။ ယခုလုပ်၍ ယခုအကျိုးခံစားနေရခြင်းမှာ ရှေးကံ၏ ပစ်ချရာ နယ်ပယ်တွင် မိမိတို့၏ ဉာဏ်ဝီရိယအလျောက် လက်တွေ့လုပ်ဆောင်မှု၏ ရလဒ်များပင် ဖြစ်သည်။ ကံသည် ပစ္စက္ခလုပ်ဆောင်ချက်ကို မျက်ကွယ်ပြုသည် မဟုတ်ပေ။

ကြိမ်ကို ခြင်းလုံးထိုး၍ ခြင်းလုံး ဖြစ်လာခြင်းသည် ကံကြောင့်မဟုတ် မိမိ၏အတတ်ပညာဖြင့် လက်တွေ့ လုပ်ဆောင်မှုကြောင့်ပင် ဖြစ်သည်။

ခြင်းလုံးလုပ်၍ ခြင်းလုံးဖြစ်ခြင်းသည် တိုက်ရိုက်အကျိုး ဖြစ်ထွန်းမှုမျိုးဖြစ်သည်။ ကံ၏သဘောမှာ တိုက်ရိုက်အကျိုး ဖြစ်ထွန်းသည် မဟုတ်ပေ။ ဤဘဝ၌ အဆောက်အအုံကို လှူသည့် ကုသိုလ်ကံကိုပြု၍ နောင်ဘဝတွင် ခမ်းနားကြီးကျယ်သော ဘုံဗိမာန်တို့ဖြင့် နေရခြင်းသည် ဆင်တူသော အကျိုးဟု ဆိုနိုင်သော်လည်း ခြင်းလုံးလုပ်၍ ခြင်းလုံးဖြစ်ခြင်းကဲ့သို့ တိုက်ရိုက်သဘောကို မဆောင်ပေ။

ရုပဗေဒသဘောတရားအနေဖြင့်ဆိုလျှင် ဖြင့်မှုစွမ်းအင်ကို ထုတ်လွှတ်ပြီး ထိုစွမ်းအင်ကြောင့် ဖြင့်ဓာတ် ဖြစ်ပေါ်လာသကဲ့သို့ ကုသိုလ် အကုသိုလ် စေတနာသည် ဖြင့်မှု ထုတ်လွှတ်သော စွမ်းအင်ဖြစ်ပြီး ထိုစေတနာဟူသော စွမ်းအင်ကြောင့် နောင်ဟာချိန်ချိန်ဝယ် ဖြင့်ဟုဆိုရမည်ဖြစ်သော အကောင်း အရှား အကျိုးတရားများ ဖြစ်ထွန်းလာရသည်။

စေတနာမျိုးစေ့

စေတနာသည် နာမ်သဘောဖြစ်၍ စေတနာကို နားလည်သဘော ပေါက်ရန် လွယ်လှသည် မဟုတ်ပေ။ လောကဥပမာဖြင့် ပြဆိုလျှင် နားလည်လွယ်၏။ ထို့ကြောင့်စေတနာကို မျိုးစေ့နှင့်အတူပြုကာစေတနာ မျိုးစေ့ဟုဆိုခဲ့ကြခြင်း ဖြစ်ဟန်ရှိသည်။ မျိုးစေ့၏ အပင်ပေါက်မှုသဘော ထိုမှတဆင့် အသီးအပွင့် သီးပွင့်လာစေမှု သဘောများကို လူတိုင်းမြင်တွေ့ သိရှိနေကြပေသည်။ ထို့အတူစေတနာဟူသော မျိုးစေ့သည် တချိန်တွင် လူပင် နတ်ပင် ဗြဟ္မာပင် စသောဘဝအသီး အပွင့်များကို သီးပွင့်လာ စေသည်။

မုချမြဲရှု၊ ကိုယ်လှုပ်ပြုတင်း၊
အမှုကောင်းဆိုး၊ မေ့စိုက်ပျိုးသည့်၊
မျိုး၏ဥပမာ၊ ကာလကြာသော်၊
နာနက္ခတ်ကာ၊ အခွင့်ရတိုင်း၊
ပွင့်ကြသီးကာ၊ ဝိပါကဖြင့်၊
ရင့်ကြမြဲစွာ၊ မလွှဲသာတူး။ (မဃဒေဝ-၂၆၄)

စေတနာမျိုးစေ့ ဆိုသဖြင့် ကံမျိုးစေ့ဟုလည်း ဆိုနိုင်တော့သည်။ ကံကို လယ်နှင့် ဥပမာဟပ်ပြုပြီး ဝိညာဉ်ကို မျိုးစေ့နှင့် ဥပမာထား၍ ဟောကြားချက်များလည်း ရှိသည်။ တဏှာတည်းဟူသော အဆီအစေးရှိသော ကံတည်းဟူသောလယ်မြေတွင် ဝိညာဉ်မျိုးစေ့ ကြဲချပုံကို တိကအင်္ဂုတ္တိုရ်တွင် ဟောကြားထားချက်ရှိပါသည်။

ထိုသို့ ဟောကြားထားသဖြင့် ရှေ့နောက် မညီဟု ဝေဖန်မစောသင့်ပေ။ ဒေသနာအလျောက် ဟောကြားခြင်းသာ ဖြစ်သည်။ အဓိပ္ပာယ်မှာ ကွာလှသည်မဟုတ်ပေ၊ ဝိညာဉ်ဆိုရာ၌ ဝိညာဉ်တိုင်းကို မျိုးစေ့နှင့်တူ၏ဟု ဆိုလိုခြင်းမဟုတ်၊ သဟဇာတဝိညာဉ်, အဘိသင်္ခါရဝိညာဉ် ပစ္စာဇာတဝိညာဉ်ဟူ၍ သုံးမျိုးရှိရာ ကံသဘောရှိသော အဘိသင်္ခါရဝိညာဉ်ကိုသာ မျိုးစေ့နှင့် နှိုင်းပြခြင်း ဖြစ်သည်။ အဘိသင်္ခါရဝိညာဉ်ဆိုသည်မှာ အတိတ်ကဖြစ်ခဲ့သော ကုသိုလ်ဝိညာဉ်နှင့် အကုသိုလ်ဝိညာဉ်များ ဖြစ်သည်။

ကံ ကံ၏အကျိုးတရား တကယ်ရှိသလား

ရဟန်းတော်များသည် ဒါယကာတို့ပြုလုပ်သော ကုသိုလ်အလှူပွဲများတွင် ပြုလုပ်သူ ဒါယကာတို့ အကျိုးများစေရန် ရေစက်ချ ဆုံးရိုးကို ချပေးလေ့ရှိကြသည်။ "ကမ္မဥ္စ = ကံကိုလည်းကောင်း၊ ကမ္မဖလဥ္စ= ကံ၏အကျိုးကိုလည်းကောင်း၊ ရတနတ္တယဂုဏဉ္စ= ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးကိုလည်းကောင်း၊ သဒ္ဒဟိတွာ ယုံကြည်ပါကုန်သည်ဖြစ်၍" ဟူသော ဆိုရိုးကို အလေးအနက်ထား၍ ဆုံးပေးချပေးကြလေသည်။ ပြုလုပ်အပ်သော ကံသည်ရှိ၏။ ထိုကံ၏ အကျိုးသည် ကောန်ရှိ၏ဟု ယုံကြည်ထားရန်မှာ အလွန်အရေးကြီးလှကြောင်း ရိပ်စားမိပေလိမ့်မည်။

ကံသည် ရှိ၏ဟုဆိုသော စကားကိုမူလွယ်လွယ်ပင် လက်ခံနိုင်ကြပေလိမ့်မည်။ ကံဆိုသည်မှာ စေတနာပါသော ပြုလုပ်မှုပင် မဟုတ်ပါလော၊ ထိုသူ၏ပြုလုပ်မှုသည်ဒုစရိုက်လုပ်ရပ်ဖြစ်လျှင် အကုသိုလ်ကံဟု သတ်မှတ်၍

သုစရိုက်လုပ်ရပ်ဖြစ်လျှင် ကုသိုလ်ကံဟု သတ်မှတ်ရန်ရှိသည်။ အထူးအငြင်းပွားမည် မထင်ပေ။

ကံ၏အကျိုးတရားသည် ကကယ်ရှိမရှိ ဆိုသည်ကိုမူ လွယ်လွယ်ဖြင့်လက်ခံနိုင်ကြလိမ့်မည်မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် ကုသိုလ်ကံတခုကိုပြုလုပ်လိုက်လျှင် ထိုကံ၏ အကျိုးတရားသည် ထက်ကြပ်မကွာဆက်တိုက် ဖြစ်ပေါ်လာသည် မဟုတ်သောကြောင့် ဖြစ်သည်။

ဒိဋ္ဌဓမ္မဝေဒနီယကံ=မျက်မှောက်ဘဝမှာပင်လက်ငင်းအကျိုးပေးသောကံများနှင့် ယင်းကံ၏အကျိုးတရားတို့ ဆက်စပ်မှုမှာ မြင်သာထင်သာသောကြောင့် ထိုကံမျိုးကိုမူ ကံ၏အကျိုးတရား ထင်ရှားရှိ၍ လက်ခံနိုင်စရာရှိပေသည်။ ဒိဋ္ဌဓမ္မဝေဒနီယကံဆိုသည်မှာလည်း အရေအတွက် အလွန်နည်းပါးလှသည်။ ဒုတိယဘဝကျမှ အကျိုးပေးမည့်ကံ၊ တတိယဘဝမှစ၍အကျိုးပေးမည့်ကံတို့၏ အကျိုးတရားမှာ ငုတ်ကွယ်လျှပေသည်။ မည်မျှဉာဏ်ကောင်းသူပင်ဖြစ်စေ၊ သူ၏ဉာဏ်ဖြင့် ထိုင်စဉ်းစား၍ ရကောင်းသည်မဟုတ်ပေ။ သချာနည်းဖြင့် တွက်ချက်၍စကောင်းသည်လည်းမဟုတ်ပေ။

သတ္တဝါတို့၏ သံသရာကျင်လည်ရမှုမှာ ဘဝပေါင်း မရေမတွက်နိုင်စတော့ပေ၊ သေလိုက်ဖြစ်လိုက်နှင့် ကာလကြာမြင့်ခဲ့ပေသည်။ တခုသောဘဝတွင် ပြုလုပ်လိုက်သောကံသည် အကျိုးပေးရန်အတွက် မည်သည့်နေရာ၌ ကပ်နေသည်ကိုလည်း မသိနိုင်ပေ။ ဆင်ဘဝရသောအခါ ခန္ဓာကိုယ်ကြီးကြီးမားမား ရခဲ့သည်၊ ပုရွက်ဆိတ် ဘဝတွင်မူ ခန္ဓာကိုယ် ငယ်ငယ်ကလေးသာ ရရှိသွားသည်။ ထိုသတ္တဝါတို့၏ သံသရာအဆက်ဆက်ကပြုခဲ့သောကံသည် များပြားလှ၏။ ဘယ်မှာထား၍ ဆန့်ပေလိမ့်မည်နည်း။ တနေ့နေ့ တခါခါတွင် အကျိုးပေးရန် ကိန်းနေသော ကံ၏အကျိုးတရားကိုရှာလျှင် ကြံသူမောရုံသာမက တွေ့လိမ့်မည်လည်း မဟုတ်ပေ။ ထိုသို့တွေ့အောင် မရှာနိုင်သဖြင့် ကံ၏အကျိုးတရားသည် မရှိဟူသောအယူအဆ ဖြစ်လာနိုင်ရာပါသည်။

ကံ၏ အကျိုးတရားရှိကြောင်းကို ဥပမာဖြင့် ထင်ရှားအောင် အရှင်နာဂသေနက ပြဆိုခဲ့သည်။

အသီးမသီးသော သစ်ပင်တို့၌ အသီးသီးရန် အလားအလာကား ရှိ၏။ သို့သော် သီးလတ္တံ့အသီးများသည် သစ်ပင်၏ မည်သည့်အစိတ်အပိုင်းတွင် တည်ရှိသည်ဟုကား မြင်လည်းမမြင်ရ၊ ပြောလည်းမပြောနိုင်ပေ၊ ထို့အတူပင် မိမိတို့ပြုလုပ်ထားသော ကုသိုလ်ကံ အကုသိုလ်ကံတို့သည် အကျိုးပေးရန်အတွက် မည်သည့်နေရာ၌ ရောက်နေပြီး၊ မည်သည့်နေရာ၌ တည်ရှိသည်ဟုကား ပြရန် ပြောရန် မဖြစ်နိုင်ချေ။

သီးချိန်တန် ပွင့်ချိန်တန်သောအခါ အသီးအပွင့်အဖြစ် မြင်လာရသကဲ့သို့ပင် ကုသိုလ်ကံ အကုသိုလ်ကံတို့သည်လည်း ရင့်ကျက်သည့်ကာလရောက်သောအခါ ကောင်းကျိုး ဆိုးပြစ်များ အထင်အရှား ဖြစ်ပေါ်လာတော့သည်သာ။

အသီးသီးတတ်သော သတ္တိရှိနေလျှင် အသီးသီးမည်ဟု ယုံကြည်မှတ်ယူရသကဲ့သို့ အကျိုးပေးတတ်သော သတ္တိရှိသည့်စေတနာ ကံဘရားကို ပြုလုပ်ထားလျှင် အကျိုးတရားပေါ်လာမည် အမှန်ပင်ဖြစ်သည်ဟု ကံ၏ အကျိုးတရားရှိကြောင်း စိတ်ချစွာ ယုံကြည်နိုင်တော့သည်။

ကံ ကံ၏အကျိုးကို ယုံကြည်မှုသည် ဗုဒ္ဓဘာသာတဦးအတွက် အလွန်အရေးကြီးသော အချက်ဖြစ်၍ အလေးအနက် သဘောထားကာ ဆင်ခြင်အပ်လှသည်။ (မိလိန္ဒ-၇၉)

ကံတခုအကျိုးပေးရန်အတွက် အကြောင်းညီညွတ်ဖို့လိုသည်

ဗုဒ္ဓဘာသာမြန်မာတို့သည် ကံကိုယုံကြည်ကြ၏။ ကံ၏အကျိုးကိုလည်း ယုံကြည်ကြ၏။ သို့ရာတွင်"ရှေးကပြုခဲ့သောကံကောင်းလျှင် ကောင်းကျိုးရလိမ့်မည်၊ မကောင်းမှုပြုခဲ့လျှင် မကောင်းကျိုးရလိမ့်မည်။ ပြုလုပ်ပြီးကံကသာ မိမိကိုစီရင်သည် မိမိကကံကို ပြုပြင်နိုင်ခွင့်မရှိ"ဟုကား မမှတ်ယူသင့်ပေ။ ကံ ကံ၏အကျိုးဟူသောအကြောင်းကျိုးဆက်သွယ်မှုသဘောတရားအပြင် အခြားကြောင်းကျိုး ဆက်သွယ်မှုများလည်း ရှိပေသေးသည်။

ကုသိုလ်ကံတခု အကျိုးပေးမှုအတွက် လိုအပ်ချက်ကား သမ္ပတ္တိ-စက်လေးပါးတည်း။ အကုသိုလ်ကံတခု အကျိုးပေးမှုအတွက် လိုအပ်ချက်ကား ဝိပတ္တိစက်လေးပါးတည်း။ ထို့ကြောင့် သမ္ပတ္တိစက် ဝိပတ္တိစက်တို့ကို လေ့လာသင့်၏။ သမ္ပတ္တိလေးပါး ဝိပတ္တိလေးပါးတို့ဖြင့် ညှိ၍ ကံ ၁၆-ပါးကို အဘိဓမ္မာပိဋကတ် အဝင်အပါ ဝိဘင်းပါဠိတော်၌ ဟောကြားခဲ့သည်။ ယင်းကံ ၁၆-ပါးကို လေ့လာလျှင် အတိတ်ကံ၏ အခန်းကဏ္ဍနှင့် ပစ္စုပ္ပန်လုပ်ဆောင်ချက် စသည်တို့၏ အရေးပါမှုကို ချိန်ဆနိုင်ပေလိမ့်မည်။

ဂတိသမ္ပတ္တိဆိုသည်မှာ ဘဝကောင်း၌ အရတော်ခြင်းဟု ဆိုသင့်မည်ထင်သည်။ လူ့ဘဝ နတ်ဘဝတို့၌ လူနတ်ဖြစ်လာရခြင်း စသည်မှာ အရတော်သည်ဟု ဆိုသင့်၏။ ယင်းလူ့ဘဝ နတ်ဘဝ၌ ဆင်းရဲဒုက္ခမရှိမဟုတ်၊ ရှိ၏၊ သို့ရာတွင် တိရစ္ဆာန်ဘဝ ငရဲ ပြိတ္တာ, တို့ဘဝ၌ တွေ့ရသော ဆိုးရွားစပ်ခါးလှသော ဒုက္ခမျိုးကိုကား မခံရပေ။ ပဋိသန္ဓေအကျိုးပေးခါ ဘဝတခု၌ ဖြစ်မှုအကျိုးပေးမှာ တကြိမ်အကျိုးပေးမှု ဖြစ်စေကာမူ ဤခန္ဓာမပျက်သမျှ သုဘဝနှင့် ဆီလျော်သောအကျိုးကို လူ့လောထူး မစိုက်ရပဲ ခံစားရသည်။ ခွေးဘဝ နွားဘဝ ရထားသူသည် လူ့ယဉ်ကျေးမှုနှင့်ဆိုင်သော ကောင်းကျိုးများကို အဘယ်မှာ ခံစားနိုင်ခွင့် ရှိချေမည်နည်း။

ပစ္စုပ္ပန်ဘဝကို ကြည့်လျှင်လည်း ဘဝအလှည့်အပြောင်း ကလေးများကို တွေ့ရသည်။ ရာထူးဟာခုကို လက်ခံဆောင်ရွက်ရာတွင် အထိုင်မှန်သူက ဘဝတက်လမ်း ဖြောင့်ဖြူးသည်ကို တွေ့ရပေမည်။ ဘတ်(စ်)ကားစီးရာ၌ပင် နေရာထိုင်ခံ့ရသူမှာ မဆင်းမီ လမ်းတလျှောက်တွင် နေရာမရသူထက် အဆင်ပြေသည်။ ဤသဘောမျိုးများကိုလည်း ဂတိသမ္ပတ္တိ၌ ထည့်သွင်းစဉ်းစားသင့်မည်ထင်သည်။ ဂတိဝိပတ္တိဆိုသည်မှာ ဂတိသမ္ပတ္တိနှင့် ဆန့်ကျင်ဘက် သဘောဖြစ်သည် ရှင်းလင်းဖော်ပြရန်လိုမည် မထင်ပေ။

ဥပဓိသမ္ပတ္တိဆိုသည်မှာ ဥပဓိရုပ်ကောင်းခြင်းဖြစ်သည်။ ရုပ်လှပခြင်းကိုသာ ဥပဓိကောင်းသည်ဟု ဆိုသည်မဟုတ်ပေ၊ အချို့မှာ ရုပ်ရည်လှပ

သည်ဟု မဆိုသာသော်လည်း ဥပဓိရုပ်ကောင်းသည်ဟု ဆိုနိုင်သည်။ ရာထူးတခုအတွက်ဆိုလျှင် ယင်းရာထူးနှင့် လိုက်ဖက်မည့်ရုပ်မျိုးရှိလျှင် ဥပဓိရုပ်နှင့် ပြည့်စုံသည်ဟုပင် ဆိုရပေမည်။ ဥပဓိရုပ်ကောင်းခြင်းသည် ကောင်းသော အကျိုးပေးမှုအတွက် အကြောင်းတရပ်ပင် ဖြစ်သည်။ ဥပဓိရုပ်ချို့တဲ့သူများအား မကောင်းကျိုးပေးရန် အခွင့်သာပေသည်။

ဥပဓိရုပ်ဆိုရာဝယ် ရုပ်ကိုသာမယူပဲ စိတ်ကိုပါ ယူသင့်သည်။ ဤလူ့လောက၌ စိတ်မပြည့်သူများကို တွေ့ရတတ်သည်။ စိတ်မပြည့်သူများအား ကောင်းကျိုးတိုးတက်မှု မရှိနိုင်။ စိတ်ချို့တဲ့သူကိုလည်း ဥပဓိနှင့် ပြည့်စုံသူ မဟုတ်ဟု ဆိုသင့်သည်။ မပြည့်သောအိုး ဘောင်ဘင်ခတ်သည် ဆိုသကဲ့သို့ မပြည့်သောသူများ ကိုယ်ပိုင်ဉာဏ် အထိုက်အလျောက်မျှ မရှိသူများအား ကောင်းကျိုးက ရှောင်ကွင်း သွားပေလိမ့်မည်။

"ကာလသမ္ပတ္တိ"ဆိုသည်မှာ ခေတ်ကောင်း အခါကောင်းနှင့် ကြုံရခြင်း တည်း။ ကံကောင်းပါလျက် ခေတ်ပျက်နေလျှင် ဘယ်မှာ ကောင်းကျိုး ပေးနိုင်လိမ့်မည်နည်း။ အချိန်အခါ ကောင်း မကောင်းသည် ကောင်းကျိုး ဆိုးကျိုးအတွက် အရေးပါသော အကြောင်းတရပ် ဖြစ်သည်။ ကံကောင်း တွေ တပုံတထေး ရှိနေသည့်တိုင်အောင် ခေတ်ပျက်အခါပျက်မှာ အကျိုး မပေးနိုင်ပေ။ ထို့ကြောင့် ကံတခု၏ အကျိုးပေးကို လေ့လာလျှင် ကံအကြောင်းတရား ကောင်းမကောင်း အပြင် ကာလကောင်းမကောင်း အကြောင်းတရားကိုလည်း ထည့်၍ တွက်ရသည်။

"ပယောဂသမ္ပတ္တိ"ဆိုသည်မှာ မှန်ကန်သောအားထုတ်လုပ်ဆောင်ချက် ရှိခြင်းတည်း။ အားထုတ်လုပ်ဆောင်မှု မှန်ကန်သောကြောင့် မျက်မြင် ဒိဋ္ဌ ကြီးပွားတိုးတက်နေကြသည်ကို တွေ့မြင်နေရသည်။ ဤသို့ မိမိတို့ ကြိုးစားလုပ်ဆောင်ချက်၏ မှန်ကန်မှုနှင့် ဟန်ချက်ညီညီ ကြီးပွားတိုးတက် လာသည်ကို တွေ့ရသောအခါ ကံအကြောင်းတရားကို မေ့နေတတ်သည်။ ကံကိုမယုံကြည်မှု လုပ်သမျှဖြစ်သည်၊ လုပ်သလောက်ဖြစ်သည် ဟူသော

တဘက်စွန်းရောက် အတွေးအခေါ်များ ဝင်လာတတ်သည်။ အမှန်မှာ ကံနှင့် မိမိတို့၏ ကြိုးစားလုပ်ဆောင်ချက် နှစ်ရပ်လုံးတို့အပေါ် မူတည်၍ ကောင်းကျိုးဆိုးကျိုး ပေးခြင်းပင် ဖြစ်သည်။

ကံ ၁၆-ပါး ပွားပုံမှာ ကုသိုလ်ကံနှင့် အကုသိုလ်ကံ နှစ်ပါးကိုတည်၍ သမ္ပတ္တိလေးပါး ဝိပတ္တိလေးပါး၊ ယင်းရှစ်ပါးဖြင့် မြှောက်ပွားလျှင် ၁၆-ပါး ဖြစ်သည်။ ကုသိုလ်ကံကို သမ္ပတ္တိလေးပါးဖြင့် ထောက်ကူလိုက်သောအခါ အကျိုးဖြစ်ထွန်းသော ကုသိုလ်ကံ ၄-ပါး ဖြစ်လာသည်။ အကယ်၍ ဝိပတ္တိ ၄-ပါးနှင့် တွေ့ကြုံရပါက အကျိုးမပေးဖြစ်သော ကုသိုလ်ကံ ၄-ပါး ဖြစ်သွားသည်။ ထို့အတူပင် အကုသိုလ်ကံကို သမ္ပတ္တိ ၄-ပါးနှင့် ယှဉ်တွဲလိုက်သောအခါ အကျိုးမဖြစ်ထွန်းသော အကုသိုလ်ကံ ၄-ပါး ဖြစ်သွားသည်။ အကယ်၍ ဝိပတ္တိ ၄-ပါး ခြံရံလိုက်ပါက အကျိုးပေးသော အကုသိုလ်ကံ ၄-ပါး ဖြစ်လာသည်။ ဤသို့ ကံ ၁၆-ပါး ဖြစ်သည်။

(ဝိဘင်းပါဠိတော်၊ ၃၅၁။)

(၁) တယောက်သောသူမှာ အကုသိုလ်ကံများစွာရှိ၏။ ထိုအကုသိုလ်ကံသည် တိရစ္ဆာန်ဘဝ စသည်၌ ဖြစ်မှုပါမူ အကျိုးပေးမည် ဖြစ်သော်လည်း လူ့ဘဝ နတ်ဘဝတို့၌ ဖြစ်ရသဖြင့် အကျိုးပေးခွင့် မရပေ၊ ဤသည်မှာ ဂတိသမ္ပတ္တိ လက်ကိုင်ရှိသဖြင့် ယင်းဂတိသမ္ပတ္တိက အကုသိုလ်ကံ၏ အကျိုးပေးမှုကို တားမြစ်ထားခြင်း ဖြစ်သည်။

(၂) တယောက်သောသူမှာ အကုသိုလ်ကံများစွာရှိ၏။ ထိုအကုသိုလ်ကံများသည် ဥပဓိရုပ်ချို့တဲ့လျှင် အကျိုးပေးနိုင်လောက်၏။ သို့ရာတွင် ဥပဓိရုပ်နှင့် ပြည့်စုံပါက အကုသိုလ်ကံများ အကျိုးပေးခွင့် မရတော့ပေ။ ဘာတိကမင်းသည် နွားသတ်သမားများကို ဖမ်းစေ၏။ နွားသတ်သမားများကို ခေါ်ဆောင်၍ မင်းကြီးထံခေါ်လာရာ၊ နွားသတ်သမားတဦး၏ သမီးချောတယောက်လည်း ပါလာ၏။ ထိုအမျိုးသမီး၏ ဥပဓိရုပ်ကြောင့် အပြစ်မရပဲ မင်းကြီးက ထိုအမျိုးသမီးကိုမောင်းမအရာ၌ချီးမြှောက်သည်။

အချိုးသမီး၏ အရှိန်အဝါကြောင့် ဆွေမျိုးများပါ ချမ်းသာစွာအသက် မွေးကြရသည်။ ဤသည်မှာ ဥပဓိရုပ်နှင့် ပြည့်စုံမှုက အကုသိုလ်ကံအကျိုး ပေးခွင့်ကို တားမြစ်ထားနိုင်ခြင်းပင် ဖြစ်သည်။

(၃) တယောက်သောသူမှာ အကုသိုလ်ကံ များစွာရှိ၏ ထိုအကုသိုလ် ကံ များသည် ခေတ်ပျက် အခါပျက်နှင့် ကြုံခဲ့ပါက အကျိုးပေးနိုင်လောက် ၏။ သို့ရာတွင် ခေတ်ကောင်း အခါကောင်းနှင့် ကြုံကြိုက်ရသောကြောင့် ထိုအကုသိုလ်ကံများမှာ အကျိုးပေးခွင့် မရလိုက်တော့ပေ။ ဤသည်မှာ ကာလသမ္ပတ္တိခေါ် ခေတ်ကောင်းကြုံကြိုက်မှုက အကုသိုလ်ကံ အကျိုး ပေးမှုကို တားမြစ်ထားခြင်းဖြစ်သည်။

(၄) တယောက်သောသူမှာ အကုသိုလ်ကံ များစွာရှိ၏။ ထိုကံတို့သည် ပစ္စုပ္ပန်၌ ကြိုးစားရန်းကန်မှု မပြုလျှင် အကျိုးပေးနိုင်လောက်၏။ သို့ရာတွင် ထိုသူသည်ဉာဏ်ဖြင့်ဆင်ခြင်၍ ကောင်းစွာကြိုးစား လုပ်ဆောင် မှုကြောင့် အကုသိုလ်ကံများ အကျိုးပေးခွင့်မရပဲ ဉာဏ်ဝီရိယ၏ အကျိုးကို ခံစားရ၏။ ဤသည်မှာ ပယောဂသမ္ပတ္တိခေါ် လုံ့လကြိုးကုတ်အားထုတ်မှု ကြောင့် အကုသိုလ်ကံအကျိုးပေးမှုကို တားမြစ်ထားနိုင်ခြင်းဖြစ်သည်။

ဤလေးမျိုးမှာ အကုသိုလ်ကံများ ရှိပင်ရှိသော်လည်း သမ္ပတ္တိလေးပါး တို့က တားမြစ်ထားသောကြောင့် အကျိုးပေးခွင့်မရသော အကုသိုလ်ကံ ၄-မျိုးဖြစ်သည်။

(၅) တယောက်သောသူမှာ အကုသိုလ်ကံ များစွာရှိ၏။ ထိုကံများ သည် ဘဝအကျိုးပေးကောင်းနေလျှင် အကျိုးပေးခွင့်မရနိုင်လောက်ပေ။ သို့ရာတွင် ဘဝအကျိုးပေးမကောင်းသော အပါယ်ဘုံ၌ ဖြစ်ရလျှင် အကျိုး ပေးဖြစ်ကေ့ာသည်။ ဤသည်မှာ ဂတိဝိပတ္တိခေါ် ဘဝချို့ငဲ့မှုကြောင့် အကုသိုလ်ကံများ အကျိုးပေးခွင့် ရလာခြင်းဖြစ်သည်။

(၆) တယောက်သောသူမှာ အကုသိုလ်ကံ များစွာရှိသည်။ ထိုကံများသည် ဥပဓိရုပ်ကောင်းပါမှ အကျိုးပေးခွင့်မရနိုင်လောက်ပေ၊ သို့ရာတွင် ဥပဓိရုပ်ချို့တဲ့မှုကြောင့် အကျိုးပေးခွင့် ရလာသည်။ ဤသည်မှာ ဥပဓိရုပ်ချို့တဲ့မှုကြောင့် အကုသိုလ်ကံများအကျိုးပေးခွင့် ရလာခြင်းတည်း။

(၇) တယောက်သောသူမှာ အကုသိုလ်ကံ များစွာရှိသည်၊ ထိုကံများသည် ခေတ်ကောင်းအခါကောင်းကြုံရလျှင် အကျိုးမပေးပဲ ပပျောက်နိုင်လောက်သည်။ သို့ရာတွင် ခေတ်ပျက်အခါပျက်နှင့် ကြုံသဖြင့် အကုသိုလ်ကံများ အကျိုးပေးခွင့် ရလာသည်။ ဤသည်မှာ ကာလဝိပတ္တိကြောင့် အကုသိုလ်ကံများ အကျိုးပေးခွင့်ရလာခြင်းတည်း။

(၈) တယောက်သောသူမှာ အကုသိုလ်ကံ များစွာရှိ၏။ ထိုကံများသည် ဆင်ခြင်တိုင်းထွာလျက် ကြိုးပမ်းဆောင်ရွက်သူအား အကျိုးမသက်ရောက်ပဲ ကင်းပသွားနိုင်လောက်သည်။ သို့ရာတွင် ထိုသူသည်လုံလကြိုးကုတ်အားမထုတ်မှုကြောင့် (သို့မဟုတ်) မဆင်မခြင် လုပ်ဆောင်မှုကြောင့် မကောင်းကျိုးများ ဖြစ်ပေါ်လာရသည်။ ဤသည်မှာ အလုပ်မလုပ်မှုကြောင့် (သို့မဟုတ်) မှားမှားယွင်းယွင်းလုပ်ဆောင်မှုကြောင့် အကုသိုလ်ကံများ အကျိုးပေးခွင့် ရလာခြင်းဖြစ်သည်။ မကောင်းမှု ဒုစရိုက်လုပ်ငန်းများကို လုပ်၍ ဖမ်းဆီးချုပ်နှောင်ခံရခြင်း စသည်တို့မှာ ပယောဂဝိပတ္တိနှင့် သက်ဆိုင်သည်ဟု ဒုံးသပ်မိသည်။

(၅)မှ (၈)အထိ ကံလေးမျိုးမှာ အကျိုးပေးခွင့်ရသော အကုသိုလ်ကံလေးမျိုးဖြစ်သည်။ ဆိုခဲ့ပြီး ကံ ၈ မျိုးလုံးမှာ အကုသိုလ်ကံချည်းသာ ဖြစ်သည်။

(၉) တယောက်သောသူမှာ ကုသိုလ်ကံများစွာရှိသည်၊ ထိုကံများသည် ဘဝအကျိုးပေး ပြည့်စုံပါက အကျိုးပေးနိုင်လောက်၏။ သို့ရာတွင် အပါယ်ဘုံ၌ ဖြစ်ရခြင်းစသော ဘဝအကျိုးပေး မကောင်းသဖြင့် ကုသိုလ်ကံများစွာရှိလျက် ကောင်းကျိုးပေးနိုင်ခွင့် မရတော့ပေ။ အကုသိုလ်ကံ၏

အလှသွဲ့ချည်းသာ ကျရောက်သည်။ ဤသည်မှာ ဂတိဝိပတ္တိခေါ် ဘဝ အကျိုးပေးချို့တဲ့မှုကြောင့် ကုသိုလ်ကံများ အကျိုးပေးခွင့် မရ ခြင်းတည်း။

(၁၀) တယောက်သောသူမှာ ကုသိုလ်ကံများစွာရှိ၏။ ထိုကံများသည် ဥပဓိချပ်ကောင်းပါမှ ကောင်းကျိုးပေးနိုင်လောက်၏။ သို့ရာတွင် ဥပဓိရုပ် ချို့တဲ့မှုကြောင့် ကောင်းကျိုးပေးခွင့် မရပေ။ ဤသည်မှာ ဥပဓိရုပ် ချို့တဲ့မှုကြောင့် ကုသိုလ်ကံများ အကျိုးပေးခွင့် မရခြင်း ဖြစ်သည်။ ဘုရင့်သားတော် ဒိပဆုဇာသည် မျက်စိတဖက်သာ မပျက်လျှင် မင်းစည်း စိမ်ကို ဆက်ခံသူဖြစ်ရပေမည်။ သို့ရာတွင် မျက်စိ တဖက် ချို့တဲ့မှုကြောင့် မင်း မဖြစ်လာပဲ မြို့စားနယ်စားရာထူးဖြင့် ကျေနပ်ရလေသည်။ ဤသည်မှာ ကံ အကျိုးပေးမှုအတွက် ဥပဓိရုပ်ကောင်း မကောင်းသည် အကြောင်းအရပ် ဖြစ်ကြောင်း သာဓကပင် ဖြစ်သည်။

(၁၁) တယောက်သောသူမှာ ကုသိုလ်ကံ များစွာရှိ၏။ ထိုကံများ သည် အချိန်ကောင်း အခါကောင်းနှင့် ကြုံပါက ကောင်း ကျိုး ဖြစ်စေနိုင် လောက်သည်။ သို့ရာတွင် ခေတ်ပျက်အခါပျက်နှင့် ကြုံကြိုက်သောကြောင့် ကောင်းကျိုးပေးခွင့် မရပေ။ ဤသည်မှာ ကာလဝိပတ္တိခေါ် ခေတ်အခါ မကောင်းခြင်းက ကုသိုလ်ကံအကျိုးပေးမှုကို တားမြစ်သားခြင်းဖြစ်သည်။

(၁၂) တယောက်သောသူမှာ ကုသိုလ်ကံ များစွာရှိသည်။ ထိုကံများ သည် ကြိုးစားလုပ်ဆောင်ပါက ကောင်းကျိုးပေးနိုင်လောက်၏၊ သို့ရာ တွင် ထိုသူသည် ကြိုးစားလုပ်ဆောင်မှု မရှိ (သို့မဟုတ်) ဉာဏ်အမြော် အမြင်ဖြင့် လုပ်ဆောင်ခြင်း မရှိပေ။ ထို့ကြောင့် ထိုသူအား ကောင်း ကျိုးတရားများက ရှောင်ကွင်းသွားဘော့သည်။ ဤသည်မှာ ပယောဂ ဝိပတ္တိကြောင့် ကုသိုလ်ကံများ အကျိုးပေးခွင့် မရခြင်းဖြစ်သည်။ ဒုဂရိုက် ပြုသူများအား ဆွေမျိုးများကပင် စင်မင်ရင်းနှီးစွာ မပေါင်းသင်းလိုကြ ခြင်းမှာ ထိုသူ၏ လုပ်ဆောင်ချက် မကောင်းသောကြောင့်ဖြစ်၍ ပယောဂ ဝိပတ္တိတွင် ထည့်သွင်းစဉ်းစားသင့်ပေသည်။

(၉) မှ (၁၂) အထိ ကံ ၄-ပါးမှာ ချိုတဲ့မှု (ဝိပတ္တိ) လေးရပ်ကြောင့် အကျိုးပေးခွင့်မရသော ကုသိုလ်ကံလေးမျိုးဖြစ်သည်။

(၁၃) တယောက်သောသူမှာ ကုသိုလ်ကံ များစွာရှိ၏။ ထိုကံများသည် ဘဝအကျိုးပေး ချိုတဲ့လျှင် အကျိုးပေးခွင့် မရသောက်နိုင်ပေ။ သို့ရာတွင် လူ့ဘုံနတ်ဘုံတို့၌ ဖြစ်ရခြင်းဟူသော ဂတိသမ္ပတ္တိကြောင့် အခွင့်သင့်သလို ကောင်းကျိုးပေးကြ၏။ ဤသည်မှာ ဘဝအကျိုးပေးကောင်းသောကြောင့် ကုသိုလ်ကံများ အကျိုးပေးလာခြင်း ဖြစ်သည်။

(၁၄) တယောက်သောသူမှာ ကုသိုလ်ကံ များစွာရှိ၏။ ထိုကံများသည် ဥပဓိရုပ် ချို့တဲ့နေလျှင် အကျိုးပေးမည် မဟုတ်ပေ။ သို့ရာတွင် ဥပဓိရုပ်နှင့် ပြည့်စုံသောကြောင့် အကျိုးပေးခွင့်ရသည်။ ဤသည်မှာ ဥပဓိရုပ်ပြည့်စုံမှုကြောင့်ကုသိုလ်ကံများအကျိုးပေးလာခြင်းဖြစ်သည်။

(၁၅) တယောက်သောသူမှာ ကုသိုလ်ကံများစွာရှိ၏။ ထိုကံများသည် ခေတ်ပျက် ကာလပျက်နှင့် ကြုံရပါက အကျိုးပေးခွင့် ရမည်မဟုတ်ပေ၊ သို့ရာတွင် ခေတ်ကောင်း အခါကောင်း ကြုံရသောကြောင့် အကျိုးပေးခွင့်ရသည်။ ဤသည်မှာ ခေတ်ကောင်းကြုံကိုက်မှုကြောင့် ကုသိုလ်ကံများ အကျိုးပေးလာခြင်း ဖြစ်သည်။

သီရိလင်္ကာနိုင်ငံတွင် ဗြာဟ္မဏတိဿအမည်ရှိသော သူပုန်သောင်းကျန်း၍ ခေတ်ပျက် အခါပျက် ကြုံခဲ့ရသည်။ မဟာသောဏထေရ် အမှူးရှိသော ရဟန်းတော်များသည် သစ်မည်စည်သီး သင်္ခေါက် သစ်ခွံ ကြာရိုးစသည်တို့ကို စားသောက်နေကြရသည်။ သူပုန်ရန် ငြိမ်းအေးပြီးနောက် ဇရာ ဥပဒေနှင့်အညီ အုပ်စိုးသော ပိတုမဟာရာဇာ နန်းတက်လာသည်။ တစ ထက်တစ မြို့ရွာများ စည်ကားလာသည်။ ရဟန်းတော်များလည်း ပစ္စည်းလေးပါး ပေါ်များ လာ သည်။ မဟာသောဏထေရ်တပါးတည်းကို အကြောင်းပြု၍ ရလာသော ပစ္စည်းလေးပါးသည်ပင် ရဟန်းပေါင်းများစွာ သုံးဆောင်၍ မကုန်နိုင်တော့ပေ။ ဤဝတ္ထု၌ မဟာသောဏမထေရ်

တို့မှာ ပစ္စည်းလေးပါး ပေါများနိုင်သော ကုသိုလ်ကံများ မရှိ၍ ရတတ်သမျှ သစ်ဖု သစ်မြစ်တို့ကို စားသုံးကြရသည် မဟုတ်ပေ၊ ခေတ်ပျက်သောကြောင့်သာ ထိုသို့ဖြစ်ရခြင်းတည်း။ ခေတ်ကောင်းလာသောအခါ ထိုမထေရ်တို့၏ ကံအကျိုးပေးမှာ ထင်ရှားလာတော့သည်။

(၁၆) တယောက်သောသူမှာ ကုသိုလ်ကံ များစွာရှိ၏၊ ထိုကံများသည် အားထုတ်လုပ်ဆောင်မှု မပြုပါက (သို့) ဉာဏ်နှင့်ယှဉ်၍ လုပ်ဆောင်မှုမပြုပါက အကျိုးပေးခွင့်ရမည် မဟုတ်ပေ၊ သို့ရာတွင် မှန်ကန်သော အားထုတ်မှုကြောင့် ကုသိုလ်ကံများ အကျိုးပေးခွင့်ရလာသည်။ ဤသည်မှာ ပယောဂသမ္ပတ္တိခေါ် လုပ်ဆောင်ချက် မှန်ကန်မှုကြောင့် ကုသိုလ်ကံများ အကျိုးပေးလာခြင်းတည်း။

(ဝိဘင်းအဋ္ဌကထာ၊ -၄၂၁-၄၃၃)

ဖော်ပြပါ ကံ ၁၆-မျိုးကို လေ့လာလျှင် ကံ ကံ၏အကျိုးတရားကို အထိုက်အလျောက် သဘောပေါက် ကျေနပ်လောက်ပေသည်။ အထိုက်အလျောက်ဟူ၍သာ သုံးလိုက်ရပါသည်။ ကံ ကံ၏အကျိုးကို ဘုရားမှလွဲ၍ မည်သူမျှ အကုန်အစင် မသိနိုင်ပေ၊ ကံဟူသော အကြောင်းတရားအပြင် အခြားအကြောင်းများပါ ပေါင်းဆုံညီညွတ်မှ ကံ၏အကျိုးပေးတတ်ပုံကို ကွက်ကွက်ကွင်းကွင်း မြင်ထားလျှင် ဉာဏ်ဝီရိယစသည်တို့၏ အခွန်းကဏ္ဍများကိုလည်း အသိအမှတ်ပြုရာကြသည်။

လူ့ဘုံသည် ကံသက်သက်ဖြင့် ရပ်တည်နေသည်မဟုတ်ပေ။ ဉာဏ်ဝီရိယတို့ထောက်ကူနေရသည်။ ငရဲဘုံတို့၌မူ ဉာဏ်ကူ၍မရပေ၊ ဉာဏ်ကူ၍ဆင်းရဲမှ လွတ်အောင် ပြုခဲ့ဘူးသော ကုသိုလ်များ၏ အကျိုးများကို ခံစားခွင့်ရအောင် မဆောင်ရွက်နိုင်ပေ။ ဝီရိယလည်း ကူ၍မရပေ၊ မဟာဇနကမင်း လို့လသက်သာသော ကြိုးစားအားထုတ်မှုကို ပြု၍ ဒုက္ခမှလွတ်အောင် ပြုခွင့်မရနိုင်ပေ။ ကံသက်သက်အပေါ်မှာ တည်မှီနေရပေသည်။ သုဘကိဏှာဘုံကဲ့သို့ ကုသိုလ်ကံ၏ အကျိုးသက်သက်ကိုသာ

ခံစားနေရသော ဘုံတို့မှာလည်း ဉာဏ်ဝီရိယ ကူစရာမလိုပေ။ ဆိုလိုသည်မှာ ဉာဏ် ဝီရိယကူမှ ကောင်းကျိုးများ ဖြစ်ထွန်းလာမည် မဟုတ်ပေ။ ကုသိုလ်ကံ၏ အကျိုးပေးမှုကို အဟန့်အတားမရှိ ခွင့်ပြုထားသကဲ့သို့ ဖြစ်လေသည်။ လူတို့မှာ ကုသိုလ်ကံများ ရှိသည်ဟု ဆိုရပေမည်။ သို့ရာတွင် ကံ၏အရှိန်အဟုန်ကို မဟန့်တားနိုင်လောက်အောင် အားကောင်းသော ကုသိုလ်ကံမျိုးရှိသူမှာ တထောင်တယောက်ရှိရန်ခဲယဉ်းပေသည်။ များသောအားဖြင့် ဉာဏ်ဝီရိယ ထောက်ကူမှသာလျှင် ရှေးကံများလည်း အကျိုးပေးလာကြသည်။ ဉာဏ် ဝီရိယမပါပဲ ကောင်းကျိုးပေးဖို့ အလုပ်မလုပ်ပဲ ကြီးပွားဖို့ကိုကား မမျှော်လင့်သင့်ပေ။

ဉာဏ် ဝီရိယဟူသော တရားနှစ်ပါးသည် အသေးစား အင်အားများမဟုတ်ကြပေ။ တန်ခိုးရှိသော တရားမျိုးဖြစ်သည်။ ဣဒ္ဓိပါဒ်နှစ်ပါးပင်တည်း။ ဝီမံသာ ဣဒ္ဓိပါဒ်ဟူသည် ဉာဏ်ပင်တည်း။ ဝီရိယိဒ္ဓိပါဒ်ဟူသည် ဝီရိယပင်ဖြစ်သည်။ တန်ခိုးအစွမ်းထက်သော ဣဒ္ဓိပါဒ်လေးပါးတွင် နှစ်ပါးဖြစ်၏။ တန်ခိုး၏အရာဟူသမျှကို ကြံစည်မှုတက္ကပညာဖြင့် အလှမ်းမမှီနိုင်ပေ။ ထို့အတူပင် ကံ၏အကျိုးတရားကိုလည်း ကြံစည်ချက်ဖြင့် ပြည့်ပြည့်ဝဝ မသိရှိနိုင်ချေ။ အစိန္တေယျတရား အဝင်အပါချည်းဖြစ်သည်။ အစိန္တေယျတရားချင်းတူသော်လည်း ကံ၏အကျိုးတရားသည် အခြားအစိန္တေယျတို့ထက် အားကောင်းသည်။ ထိုကယ်အားကောင်းသော ကံတခု အကျိုးပေးလာပြီဆိုလျှင် မည်သည့်အရာမျှ တားဆီး၍ မရတော့ချေ။ ကံ၏အကျိုးတရားကို ဘုရားရှင်သည်ပင် ပယ်မြစ်နိုင်ခြင်း မရှိပေ။ ဤသို့ အားကောင်းသော ကံကို သိးသန့်လေ့လာ၍ သူ့သူ့ငါငါတွင် ယေဘုယျအားဖြင့် ရှိတတ်သောကံတို့ကို သီးသန့် လေ့လာသင့်ပေသည်။

သူ့သူ့ငါငါတွင် ရှိတတ်သောကံမျိုးကို သမ္ပတ္တိစက် ဝိပတ္တိစက်တို့ဖြင့် ညှိနှိုင်းလေ့လာမှသာလျှင် သဘာဝကျသည်၊ သို့မဟုတ်ပဲ ကံသက်သက်ကိုသာ အကြောင်းတရားတရပ်အဖြစ်ထား၍ လေ့လာလျှင် တဘက်စွန်းသို့ရောက်သွားနိုင်သည်။

ထို့ကြောင့် ကံ ကံ၏အကျိုးကို လေ့လာလျှင် ဘဝပေးအခြေအနေ (ဂတိ)ကောင်း မကောင်း၊ ဥပဓိရုပ်ကောင်း မကောင်း၊ ခေတ်ကာလ ကောင်း မကောင်း၊ လုံ့လအားထုတ်မှုရှိ မရှိ၊ ရှိလျှင်လည်း ကောင်း သောလုပ်ဆောင်ချက် ဖြစ် မဖြစ်ဟူသော အချက်တို့နှင့် ချိန်ဆလေ့လာ မှသာ မှန်မှန်ကန်ကန်ဖြစ်ပေလိမ့်မည်။

သမ္ပတ္တိစက်အကြောင်း အကျဉ်းအားဖြင့် ဖော်ပြခဲ့ပြီးဖြစ်သည်။ ဂတိသမ္ပတ္တိဖြစ်,မဖြစ်ဟူသောအချက်၏သဘောမှာ ကံဟူသောအကြောင်း တရားသည် သဘာဝကျသော အကျိုးတရားကိုသာ ဖြစ်ပေါ်စေတတ် ကြောင်း ဖော်ညွှန်းခြင်းပင်ဖြစ်သည်။ ကံတခုသည် ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးနှစ်ရပ်ကိုပေး၏။ ထိုအကျိုးနှစ်ရပ်အနက် ပဋိသန္ဓေအကျိုး သည် ပဝတ္တိအကျိုးထက် အရေးပါ၏။လူ့ဘဝဟူသော ပဋိသန္ဓေအကျိုး ကို ပေးလိုက်လျှင် လူ့ သဘာဝအလျောက် ရရှိနိုင်သောအခွင့်အရေးများ ကိုရနိုင်ခွင့်ရှိသသည်။ခွေးဘဝ၌ ပဋိသန္ဓေရရှိလိုက်ပါက အဘယ်မှာလျှင် လူ့ယဉ်ကျေးမှုနှင့်စပ်ဆိုင်သော အခွင့်အရေးများကို ရတော့မည်နည်း။ ပဝတ္တိအကျိုးဟူသည်ပဋိသန္ဓေအကျိုးနှင့်ဆီလျော်လိုက်ဖက်သော အကျိုး သာ ဖြစ်ရပေမည်။ လူ့ဘဝ၌ မိန်းမယောကျ်ားတို့၏ အခွင့်အရေး ခွဲခြားမှုများ ယခုအခါ မရှိတော့။ သို့ရာတွင် သဘာဝအခွင့် အရေးမှာကား သဘာဝမတူသည့်အလျောက် ကွာခြားမည်သာဖြစ်၏။ ယောကျ်ားသဘာဝနှင့်သာဆိုင်သော အခွင့်အရေးမျိုးကို မိန်းမများ မရနိုင်။ ရချင်စိတ်လည်းပေါ်မည်မဟုတ်ပေ။ ထို့အတူမိန်းမသဘာဝနှင့်သာ သက်ဆိုင်သော အခွင့်အရေးများကို ယောကျ်ားများမရနိုင်၊ ရချင်စိတ် လည်းဖြစ်ပေါ်မည်မဟုတ်ပေ၊ မွေးရာပါအခွင့်အရေးဟူသည် မွေးရာပါ ဖြစ်သော သဘာဝနှင့် ဆီလျော်ကိုက်ညီနေမှုလည်း သဘာဝကျမည် မဟုတ်ပါလော၊ ကံ၏အကျိုးဟူသော ယခုမျက်မှောက် ဘဝ၏လျောက် အကျိုးပေးချားသည် မိမိတို့၏ မွေးရာပါဘဝပေး အခြေအနေ ဘောင်

အတွင်းမှသာ ဖြစ်ပေလိမ့်မည်။ လူဖြစ်လျှင် ငှက်ကဲ့သို့ ပျံသွားချင်၍ မဖြစ်နိုင်ပေ၊ ငှက်တို့ ကောင်းကင်ပျံသွားနိုင်ခြင်းမှာ ကမ္မဝိပါကဇိဒ္ဓိ ခေါ် ကံအကျိုးတန်ခိုးစွမ်းအလျောက် အတောင်ပေါက်၍ ပျံသွားနိုင်ခြင်းဖြစ်သည်။ လူအများလည်း လေယာဉ်စီး၍ ဒုံးပျံစီး၍ ပျံနိုင်သည်ဟု ဆိုနိုင်၏။ ထိုသို့ပျံနိုင်ခြင်းမှာ ကံနှင့်မဆိုင် ပယောဂသမ္ပတ္တိခေါ် ဉာဏ်ဝီရိယတို့ ပေါင်းစပ်၍ ဖြစ်မြောက်အောင် လုပ်ဆောင်ချက်ကြောင့် ဖြစ်သည်၊ ဈာန်ပျံခြင်းမှာလည်း ကံနှင့်မဆိုင်၊ ဈာန်သမာဓိအစွမ်းများ ကြောင့်ဖြစ်၏။ ကံအကျိုးပေးကို ရှုမြင်သုံးသပ်ရာ၌ ဘဝပေးအခြေအနေ အလျောက် သဘာဝအားလျော်စွာ ရှုမြင်သုံးသပ်အပ်ပေသည်၊ ကံ ကံ၏ အကျိုးသည်လည်း သဘာဝတရားပင်ဖြစ်၏။ လူ့ဘဝကို ရရှိပိုင်ဆိုင် ထားခြင်းသည် ကုသိုလ်ကံအကျိုးပေးဖို့ အခွင့်အလမ်းများစွာ ပွင့်နေ သည်၊ အကျိုးပေးဖြစ်လာအောင် ဉာဏ်ဝီရိယ စိုက်ထုတ်ဖို့သာ လိုပေ သည်။

လူ့ဘဝကို ရသည့်လူချင်းတူလျှက် အကျိုးပေးကားမတူကြ၊ ဂတိချင်းတူ သည် ဘဝပေးခြင်းတူသည်ဟု သာမန်အားဖြင့် ဆိုနိုင်၏။ သို့ရာတွင် ဘဝပေးအခြေအနေ မသိမသာ ကွဲလွဲချက်များကား ရှိကောင်းပေသည်။ အထူးသဖြင့် လူတန်းစားခွဲခြားသော ခေတ်စနစ်တွင် ထင်ရှားသည်။ လူတန်းစားလက္ခဏာများ ပျောက်ပါးသည်နှင့်အမျှ ဘဝပေးအခြေအနေ ညီမျှမှုလက္ခဏာမှာလည်း ထင်ရှားလာမည်သာ ဖြစ်သည်။

ဘဝပေးအခြေအနေ တူသည်ဟုဆိုပါစို့၊ ဒုတိယအဆင့်အားဖြင့် ဥပဓိ ကောင်း၊ မကောင်းကိုကြည့်ရပေမည်။ မွေးကံကို အလျင်စလို ရှိုးမယ် ဖွဲ့ဖို့ မလိုသေးပေ၊ ဥပဓိရုပ်ကောင်းသူနှင့် ဥပဓိရုပ်မကောင်းသူ နှစ်ဦး အနက် ဥပဓိရုပ်ကောင်းသူမှာ ကောင်းကျိုးပေးမှုအတွက် အခွင့်အလမ်း တပန်းသာမည်မှာ ရှင်းပြစရာမလိုအောင်ပင် ထင်ရှားသည်။ ရုပ်ပြည့် သူချင်း တူပြန်လျှင် စိတ်ပြည့်ဝသူမှာ ကောင်းကျိုးရမှုအတွက် မျှော်လင့်ချက် သာနိုင်သည်ကိုလည်း ထည့်သွင်းစဉ်းစားသင့်ပေသည်။

လူ့ဘဝကိုလည်း ရ-ထားသည်။ ဥပဓိနှင့်လည်း ပြည့်စုံပြီ။ ဤသို့ ဆိုလျှင် ကုသိုလ်ကံများ အကျိုးပေးခွင့် ရလာနိုင်သည်။ သို့ရာတွင် ခေတ်ကာလအခြေအနေ ကောင်း မကောင်းကိုလည်း ထည့်တွက်ရသည်၊ ခေတ်ကာလပျက်နှင့် ကြုံလျှင် ရှေးကုသိုလ်ကံပင်ရှိစေကာမူ ကောင်းကျိုး ပေးခွင့် မရနိုင်တတ်ပေ။ ကံကိုရိုးမယ်ဖွဲ့မနေပဲ မိမိကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ အကောင်းဆုံး အခြေအနေဖြစ်အောင် ဖန်တီးကြရပေ သည်။

ခေတ်ကာလကလည်း ကောင်းသည်၊ ဥပဓိရုပ်ကလည်း ပြည့်စုံသည်။ ရှေးကုသိုလ်ကံလည်း ရှိသည်။ သို့ရာတွင် ကောင်းကျိုး မပေးသေး ဆိုလျှင် အလုပ်မလုပ်၍ အကျိုးမပေးခြင်း ဖြစ်သည်ဟု ကောက်ချက် ချနိုင်၏။ အလုပ်ကိုလည်း ကြိုးစားပမ်းစားလုပ်သည်ဟု ဆိုလျှင် လုပ်ဆောင်ချက် မှန် မမှန်ကို ဆန်းစစ်ရမည်။ အလုပ်လုပ်တိုင်း ဖြစ်ဖြစ် မြောက်မြောက် အကျိုးမပေးခြင်းမှာ ဉာဏ်မသုံးပဲ တုံးတိုက်ပြုလုပ်မှု ကြောင့်ဖြစ်သည် ကံမကောင်း၍ အကျိုးမပေးဟု မဆိုသင့်ပေ။ သမ္မတ္တိ စက်လေးချက် ပြည့်စုံပါလျက် အကျိုးမပေးမှသာ ကံကို ပုံချမည်ဆိုပါက ပုံချသင့်ပေသည်။

ကံမကောင်းဟု ယူဆရသည့်တိုင်အောင် ဉာဏ်ဝီရိယကို လျှော့ချ မပစ်သင့်ပေ။ ပစ္စုပ္ပန်အခြေအနေအရ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်း သင့်သည်။ သမ္မတ္တိစက်လေးချက်သည် ကုသိုလ်ကံများ အကျိုးပေးခွင့် ရအောင် ထောက်ကူပေးရုံမျှ မဟုတ်ချေ။ အကုသိုလ်ကံ မဝင်လာအောင် တားဆီးပိတ်ပင်နိုင်စွမ်းလည်း ရှိသည်။ ဉာဏ်ဝီရိယရှိပါက ကောင်းကျိုး များ ဖြစ်-မြောက်အောင် မခံစားရစေကာမူ မကောင်းကျိုးများ ဖြစ်လာ မည့် အန္တရာယ်မှ ကာကွယ်နိုင်ပေသည်။ ထို့ကြောင့် ရှေးကံကောင်း သည်ဖြစ်စေ မကောင်းသည်ဖြစ်စေ ပစ္စုပ္ပန်တာဝန်ကား ကောင်းအောင် လုပ်ဖို့ပင်ဖြစ်သည်။ ဝီရိယကို လျှော့ချမပစ်ထိုက်။ စဉ်းစားဆင်ခြင်ဉာဏ် ကိုလည်း တိုးတက်ပွားများနေစေသင့်၏။

ပုဗ္ဗပုညံ၊ ကောင်းမှုကံလျှင်၊ အခံရှိထ၊
ရှေးကမ္မထက်၊ လုံ့လပညာ၊ နှစ်ဖြာပင့်ထောက်၊
သမ္မာလျှောက်၍၊ မီးပေါက်ရေ ကူ၊
တူ၏ပမာ၊ များမကြာခင်၊ ပညာဥစ္စာ၊ ကြီးပွားရာ၏။
(မဃဒေဝ–၂၉၀)

ကံကုန်လျှင် ဒုက္ခငြိမ်းဝါဒ

ကံအကြောင်းကို လေ့လာသူများသည် ကံအကြောင်း မလေ့လာသူများထက် ကံအကြောင်းကို ပိုမို၍ သိသည်ဟုဆိုလျှင် ငြင်းကြမည်မဟုတ်ပေ၊ မည်သည့်အရာမဆို မလေ့လာသူနှင့် လေ့လာသူတို့၏ ကွာခြားချက်မှာ ရှိမည်ဧကန်ပင်။ သို့ရာတွင် လေ့လာတိုင်းလည်း အမှန်အစစ်ကို သိသည်ဟု မဆိုသာချေ။ အထူးသဖြင့် ဤကံအကြောင်းကို လေ့လာလျှင် ကောက်ချက်အဆွဲမမှားစေရန် ပိုမို၍ အရေးကြီးသည်ဟု ထင်သည်။ အဘယ်ကြောင့်ဆိုသော် သတ္တလောကကြီးတခုလုံးကို ကံ–က ချယ်လှယ်နေကြောင်း တွေ့ရသောကြောင့်ဖြစ်သည်။

ငရဲသို့ ကျရောက်ရသည်မှာလည်း ကံကြောင့်ဖြစ်သည်။ လူပြည် နတ်ပြည် ဗြဟ္မာပြည် ဖြစ်ကြရသည်မှာလည်း ကံ·ကြောင့်ပင်ဖြစ်သည်။ ဘဝလွတ်မြောက်မှု ရကြသော ဘုရားရဟန္တာများမှာမူ ကုသိုလ်ကံ အကုသိုလ်ကံတို့ကို စွန့်ပယ်ပစ်ပြီးဖြစ်ကြသည်။ (ကုသလာ ကုသလံ ဇဟံ) ကုသိုလ်ကံ အကုသိုလ်ကံတို့ ပယ်ပြီးသော ဘုရားရဟန္တာများမှာ တဖန် ဘဝသစ်၌ မဖြစ်ရတော့ပဲ အစဉ်ထာဝရ ငြိမ်းချမ်းမှုကိုရကြသည်။ ကုသိုလ်ကံကြောင့် ဖြစ်ကြရသော လူ့စည်းစိမ် နတ်စည်းစိမ် ဗြဟ္မာ့စည်းစိမ်တို့မှာ ထာဝရသုခ မဟုတ်သည့်အပြင် အဆုံးမထင်သော သံသရာတခွင်မှ ဒုက္ခအဖုံဖုံကို မျက်နှာမူနေရပေသေးသည်။ ငရဲဘုံစသည်မှာမူ လက်တွေ့ဒုက္ခတွေ့နေရ၍ ဆိုဖွယ်မလိုတော့ပေ။

ဤသို့ ဘဝလွတ်မြောက်မှု ရသူများ၏ ထာဝရငြိမ်းချမ်းမှုနှင့် ဘဝလွတ်မြောက်မှု မရသေးသူများ၏ ဒုက္ခ သုခ ရောထွေးနေသော မရေမရာ

ကျင်လည်ရမှုတို့၏ ကွာဟချက်ကား အတိုင်းအတာ ပမာဏပင်မရှိချေ။ ယင်းကွာဟမှုကို ရှုမြင်သုံးသပ်သောအခါ ကုသိုလ်ကံ အကုသိုလ်ကံတို့ကို ပယ်စွန့်သူနှင့် မပယ်စွန့်သူတို့၏ ခြားနားချက်ပင်တည်းဟု ကောက်ချက်ချမည်ဆိုက ချစရာဖြစ်လာသည်။ ထိုအခါ ဒုက္ခခပ်သိမ်း ကင်းငြိမ်းအောင် ကံကိုစွန့်ပစ်ရမည်။ ကံကို ကုန်အောင်လုပ်ပစ်ရမည်။ ကံကုန်လျှင် ဒုက္ခခပ်သိမ်း ကင်းငြိမ်းမည်ဟူသော အယူအဆဖြစ်ပေါ်လာနိုင်သည်။ ယင်းသို့သော အယူအဆမှာ ကံအကြောင်းကို မလေ့လာသူများအား မဖြစ်ပဲ လေ့လာသူများအားသာ ဖြစ်လာပေမည်။ မိမိ၏အယူအဆကို မိမိကိုယ်တိုင်က ကြောင်းကျိုးခိုင်လုံသည်ဟုလည်း အခိုင်အမာ ဆုံးဖြတ်မိတတ်ပေသည်။ အဘယ်ကြောင့်ဆိုသော် မိမိလေ့လာ ရှာကြံရရှိသော ကြောင်းကျိုးဆက်စပ်မှုကို ကျေနပ်သောကြောင့် ဖြစ်သည်။

သို့သော် ယင်းအယူအဆ ယင်းဝါဒမှာ မမှန်ကန်ပေ။ ဘုရားအလိုကျ မဟုတ်ပေ။ ကံကုန်လျှင် ဆင်းရဲခပ်သိမ်း ကုန်တော့သည်သာ ဟူသော ဝါဒကို စွဲကိုင်သူများသည် ဒုက္ခခပ်သိမ်း ကင်းငြိမ်းစေရန် ကံကိုကုန်အောင် အားထုတ်ရ၊ ကျင့်ကြံရပေတော့မည်။ ကျင့်နည်းလမ်းစဉ်လည်း ချရပေတော့မည်။ ဗုဒ္ဓက ဒုက္ခခပ်သိမ်းကင်းငြိမ်းအောင် ထာဝရငြိမ်းချမ်းမှုရအောင် သစ္စာလေးပါး အမှန်တရားများ ရှာသကဲ့သို့ သူနည်းသူဟန်ဖြင့် သစ္စာလေးပါး ပိုင်းခြားရပေတော့မည်။ ဗုဒ္ဓက မဂ္ဂသစ္စာဖြင့် ဒုက္ခခပ်သိမ်း ကင်းငြိမ်းအောင် ထာဝရငြိမ်းချမ်းမှုရအောင် အကျင့်လမ်းစဉ်ချမှတ်သကဲ့သို့ အကျင့်လမ်းစဉ် ချမှတ်ရပေတော့မည်။

ထိုဝါဒရှိသူတို့၏ ကံကုန်လျှင် ဒုက္ခငြိမ်းသည်ဟူသော အယူအဆအရ ကံကုန်အောင်ပြုခြင်းသည် ကျင့်စဉ်ပင်ဖြစ်သည်။ ရှေးကပြုခဲ့ဖူးသော ကံတွေကုန်အောင် ပဉ္စာတပ-အကျင့်ဖြင့် မိမိကိုယ်ကို အဆင်းရဲခံကာ ကျင့်ကြံသည်၊ နောက်ထပ်ကံသစ် မဖြစ်စေရန်အတွက် နောက်ထပ်မပြုလုပ်ပဲ နေသော ကျင့်ကြံရေး လမ်းစဉ်ကိုချသည်။

ထိုအယူအဆရှိသူတို့၏ ဆရာကား နိဂဏ္ဌတို့က 'သဗ္ဗညု'ဟု သမုတ်ထားသော နာဋရှ၏သား နိဂဏ္ဌတည်း။ ယင်းနာဋရှ၏သားနိဂဏ္ဌသည် ဘုရားရှင်လက်ထက်က ထင်ရှားသော ဂိုဏ်းဆရာကြီး(ဘုရားပြိုင်)တဦးပင်ဖြစ်သည်။

မြတ်စွာဘုရားသည် ထိုအယူအဆရှိသော နိဂဏ္ဌတို့နှင့် ဘွေ့ဆုံ၍ ထိုအယူအဆကို ကြောင်းကျိုးယုတ္တိပြကာ ချေဖျက်ခဲ့ပြီးဖြစ်သည်။

ဝါဒတခုနောက်သို့ အစုလိုက်အပြုံလိုက် လိုက်ကြခြင်းသည် ထိုဝါဒအပေါ် မိမိအမြင်အရ မှန်သည်ဟု ယုံကြည်ယူဆသောကြောင့်ဖြစ်သည်။ သို့မဟုတ် ထိုဝါဒ၏ မှန်သယောင်ယောင် ရှိမှုကြောင့်ဖြစ်သည်။ ထို့ပြင် ဆရာကို လုံးဝယုံကြည်မှုကြောင့် ဝါဒကို မဝေဖန်ပဲ ယုံကြည်လက်ခံခြင်းမျိုးလည်း ရှိပေသည်။

နိဂဏ္ဌများသည် နာဋရှ၏သား နိဂဏ္ဌကို 'သဗ္ဗညု'ဟူ၍ အသင်ကြီးပြီးဖြစ်သည်။ ထိုကြောင့် မြတ်စွာဘုရားက ရှင်းလင်းဟောကြားသော်လည်း နားမဝင်နိုင် ရှိကြသည်။

"ကံကုန်လျှင် ဒုက္ခခပ်သိမ်း ကင်းငြိမ်းသည်"ဟူသော ဝါဒကို ချေဖျက်ရာတွင်သို့မဟုတ် မှန်မမှန်ကို ဗုဒ္ဓ၏ သစ္စာလေးပါး တရားတော်မှတ်ကျောက်သို့ တင်ကြည့်က သိသာလှပေသည်။ မြတ်စွာဘုရားကလည်း သမုဒယသစ္စာအချက်ကို ထင်ရှားစွာပြခဲ့သည်။

ဆင်းရဲခြင်း၏ အကြောင်းတရားမှန်မှာ တဏှာဖြစ်သည်။ ဗုဒ္ဓက ကံကို ဆင်းရဲခြင်း၏အကြောင်းဟု မဟောပေ၊ သမုဒယသစ္စာဟူသော အချက်တွင် တဏှာဟူသော အမှန်တရားကို မရှာနိုင်သော နိဂဏ္ဌတို့မှာ ကံကို ဆင်းရဲခြင်း၏ အကြောင်းတရားဟု သတ်မှတ်ခဲ့ကြလေသည်။

ဆင်းရဲခြင်း၏ အကြောင်းတရားအမှန်မှာ တပ်နှစ်သက်မှု တဏှာသာလျှင်ဖြစ်ကြောင်း သိသာထင်ရှားလှသော လောကဥပမာဖြင့် မြတ်ဗုဒ္ဓက ရှင်းပြခဲ့သည်။ ယောကျ်ားတယောက်သည် မိန်းမတယောက်ကို စွဲစွဲလန်းလန်း ချစ်ကြိုက်နေသည်။ မိမိချစ်နေသော မိန်းမသည် အခြား

ယောကျ်ားတယောက်နှင့် ပြုံးလိုက်၊ ရယ်လိုက်နှင့် စကားလက်စုံကျနေသည်ကို တွေ့မြင်ရသည်။ ထိုမြင်ကွင်းကို မြင်ရသော ထိုယောကျ်ားမှာ စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်း ဖြစ်ရသည်။ ထိုယောကျ်ားမှာ အကြံဝင်ခုပေါ်လာသည် "ငါသည် ထိုမိန်းမကို လင်ချင်တင်မက်စုံလမ်းမှုကို ပယ်ဖျောက်ပစ်ရလျှင် ကောင်းပေမည်"ဟု အကြံဖြစ်လာသည်။ အကြံအတိုင်းပင် ထိုမိန်းမကို လင်ချင်တပ်မက် စွဲလန်းမှု မထားတော့။ ထိုအခါ ဒ ခြားယောကျ်ားတယောက်နှင့် ရယ်ကာ ပြုံးကာ စကားလက်စုံကျနေသော မြင်ကွင်းကို မြင်ရသော်လည်း စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ ကိုယ်စိတ်ဆင်းရဲခြင်းများ မဖြစ်တော့ပေ။

ဤဥပမာတွင် တပ်မက်မှုတဏှာကြောင့် ဆင်းရဲမှုဖြစ်ရသကဲ့သို့ပင် ဒုက္ခဟူသမျှသည် တဏှာဟူသော တပ်မက်စွဲလန်းမှုကြောင့်သာ ဖြစ်ပေသည်။

ကံကုန်၍ ဒုက္ခမငြိမ်း၊
တဏှာကုန်မှ ဒုက္ခငြိမ်းသည်။
(ဥပရိပဏ္ဏာသပါဠိတော် ဒေဝဒဟသုတ်)

ဒေဝဒဟသုတ်ကို အခြေခံထား၍ ရေးသားချက်မှာ ဤတွင်အဆုံးသတ်ရန်ဖြစ်၏။ သို့သော် အခြားလေ့လာမှတ်သားစရာများကား ကျန်ရှိနေဦးမည်ပင်ဖြစ်သည်။

နာဋ္ဌပုတ်သား နိဂဏ္ဌမှာ မဟာဝီရခေါ် ဂျိန်းဘုရားပင် ဖြစ်သည်။ ဂျိန်းဘာသာမှာ ယခုတိုင် အိန္ဒိယတွင် တည်ရှိသေးသည်။ နိဂဏ္ဌဂိုဏ်းကို နာဋ္ဌပုတ်သားက စတင်တည်ထောင်သည်ကား မဟုတ်ပေ၊ နာဋ္ဌပုတ်သား နိဂဏ္ဌ မမွေးမီကပင် နိဂဏ္ဌဂိုဏ်းတည်ရှိခဲ့သည်။ မိရိုးဖလာ နိဂဏ္ဌဝါဒကို ပြုပြင်၍ ဂိုဏ်းကိုခေါင်းဆောင်ခဲ့ခြင်းဖြစ်သည်။

ဒေဝဒဟသုတ်တွင် ဗုဒ္ဓနှင့် နိဂဏ္ဌဂိုဏ်းသားတို့ တွေ့ဆုံ၍ ဒုက္ခကင်းငြိမ်းခြင်း၏ အကြောင်းတရားမှာ ကံ ဟုတ်-မဟုတ် ဆွေးနွေးပုံကို တွေ့ရ

သည်။ နိဂဏ္ဌဂိုဏ်းသားတို့က နာဋ္ဌ၏သားမှာ သဗ္ဗညု ဖြစ်သည်ဟူသော အကြောင်းပြချက်ဖြင့် ဗုဒ္ဓ၏ ရှင်းလင်းဟောကြားချက်ကို လက်မခံပေ။ ဗုဒ္ဓနှင့် နာဋ္ဌ၏သား နိဂဏ္ဌတို့ တိုက်ရိုက်တွေ့ဆုံဆွေးနွေးပုံကို မတွေ့ရပေ။ ဒုက္ခကင်းငြိမ်းခြင်း၏ အကြောင်းတရားမှာ 'ကံ'ဖြစ်သည်ဟု နာဋ္ဌ၏သား နိဂဏ္ဌက ပညတ်ကြောင်းမှာလည်း တိုက်ရိုက်မပါရှိပေ။ သို့သော် နိဂဏ္ဌဂိုဏ်းသားတို့က နာဋ္ဌ၏သားကို လက်ညှိုးထိုးပြထားသဖြင့် နာဋ္ဌ၏သား နိဂဏ္ဌ၏ ပညတ်ချက်ဖြစ်ကြောင်း မှတ်ယူနိုင်သည်။

ကံမရှိဝါဒ

ကံဆိုသည်မှာ မရှိ ကံ၏အကျိုးတရားဆိုသည်မှာ မရှိဟူသော အယူဝါဒရှိသူများ ရှိကြသည်၊ ဂုဏအမည်ရှိသော တက္ကတွန်းသည် ထိုအယူအဆ ရှိသူဖြစ်သည်။ ကောင်းမှုပြုတတ်သောသူဖြစ်စေ၊ မကောင်းမှုပြုတတ်သောသူဖြစ်စေ ရှစ်ဆယ့်လေးကမ္ဘာကြာလျှင် အလိုလို ကျွတ်သွားကြသည် ရှစ်ဆယ့်လေးကမ္ဘာထက် မလွန်ဟု အယူရှိသည်။

မိတ္ထိလာပြည့်ရှင် ဘုရင် အင်္ဂတိမင်းကြီးသည် ဂုဏတက္ကတွန်းထံသို့ သွား၍ တရားဓမ္မ ဆွေးနွေးမေးမြန်းသည်။ မကောင်းမှု၏ အကျိုးမရှိပုံကို တက္ကတွန်းက ဟောကြားခဲ့သည်။

"မင်းကြီး၊ မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ် ချမ်းသာမှု ဆင်းရဲမှု အသက်ဟူသော ဤခုနစ်ပါးသော ဒြပ်စင်တို့သည် အမြဲတည်ကုန်၏။ ဖြတ်၍မရကုန်၊ ဖျက်ဆီး၍မရကုန် ထိုခုနစ်ပါးသော ဒြပ်စင်ကို သတ်ဖြတ်ဖျက်ဆီးသူလည်းမရှိ၊ အကယ်၍ ဓားဖြင့်ခုတ်လျှင် ဓားသည် ထိုခုနစ်ပါးသော ဒြပ်စင်တို့၏ အကြား၌သာ သွား၏ ထိုခုနစ်ပါးသော ဒြပ်စင်ကို မထိခိုက်ပေ၊ ထိုခုနစ်ပါးသည် မပျက်စီးပေ၊ သတ္တဝါတစုံတယောက်၏ ဦးခေါင်းကို သန်လျက်ဖြင့်ဖြတ်ရာ ထိုခုနစ်ပါးသော ဒြပ်စင်ကို မဖြတ်နိုင်ပေ၊ ပထဝီဓာတ်က အခြားပထဝီဓာတ်ရှိရာသို့ ချဉ်းကပ်သွားလျက် အာပေါဓာတ် စသည်တို့ကလည်း အခြားသော

အာပေါ်ခေါ်တော်စသည်တို့သို့ ချဉ်းကပ်သွားကြလေသည်။ သုခ ဒုက္ခ ဇိဝိတ တို့ကလည်း ကောင်းကင်သို့ ပျံတက်သွားကြသည်။ ယင်းခုနစ်ပါးကို မဖြတ်မိပေ။ သတ်ဖြတ်မှုမဖြစ်လျှင် မကောင်းမှု၏အကျိုးသည် အဘယ်မှာရှိပါတော့အံ့နည်း” စသည်ဖြင့် ကံ ကံ၏အကျိုးတရား မရှိပုံကို ဟောကြားခဲ့သည်။

အင်္ဂတိမင်းကြီးသည် တက္ကတွန်း၏ ဟောပြောချက်အရ ထိုဝါဒ၌ စွဲမြဲစွာယုံကြည်သွားသည်။ မင်းကြီးမှာ ပင်ကိုယ်က မိရိုးဖလာ ယုံကြည်ချက်မျှလောက်သာရှိသည်။ ဝါဒစွဲတခုခု မရှိခဲ့သဖြင့် ထိုဝါဒကို တခါကြားဖြင့် စွဲသွားဟန်ရှိသည်။ မင်းကြီးသည် အလာတွင် တက္ကတွန်းကို ရှိခိုးသော်လည်း အပြန်တွင်မူ ရှိခိုးခြင်းကိုပင် မပြုတော့ချေ။ ရှိခိုးနေ၍လည်း ဘာမျှအကျိုးမရှိဟု ယုံကြည်သွား၍ မဟုတ်ပါလော၊ ခါတိုင်း ပြုနေကျ ကုသိုလ်မျှ ကိုပင် မပြုတော့ပဲ စည်းစိမ်ခံစား ဖို့ကိုသာ အာရုံစိုက်တော့သည်။ ထိုဝါဒကို လက်တွေ့ထောက်ခံသူများကိုလည်း မင်းကြီး တွေ့ခဲ့ရ၍ ခိုင်မြဲစွာ ယုံကြည်သွားသည်ဟုလည်း ဆိုနိုင်ပါသည်။

ဘဝဟောင်းကို ပြန်မြင်သောစစ်သူကြီး

အလာတအမည်ရှိသော စစ်သူကြီးသည် အင်္ဂတိမင်းကြီး ဂုဏတက္ကတွန်းထံ ဆည်းကပ်ရာတွင် ပါလာသူဖြစ်သည်။ စစ်သူကြီးသည် လူဝင်စားတဦးဖြစ်သည်။ လွန်ခဲ့သော ဘဝဟောင်းတဘဝကို ပြန်မြင်သည်။ ဇာတိဿရဉာဏ် ရသူဟုဆိုရသည်။

တက္ကတွန်းက မင်းကြီးအား တရားဟောပြီးသောအခါ စစ်သူကြီးက ဝင်ရောက်ထောက်ခံသည်။ ရှေးဘဝက သူပြုခဲ့သောကံနှင့် ယခုလက်ရှိ ဘဝအကျိုးပေးမှုတို့၏ အဆီအငေါ်မတည့်ပုံကို သူ့ဘဝအတွေ့အကြုံများအရ ဆွေးနွေးတင်ပြသည်။ သူသည် လွန်ခဲ့သောဘဝက ဗာရာဏသီပြည်တွင် ပိင်္ဂလအမည်ရှိသော သားသတ်ယောကျ်ားတယောက် ဖြစ်ခဲ့သည်။ နွား၊ ကျွဲ၊ ဝက်၊ ဆိတ်တို့ကို သတ်ဖြတ်၍ များစွာသော မကောင်းမှုတို့ကို

ပြုလုပ်ခဲ့သည်။ ထိုဘဝမှ စုတေ၍ ယခုဘဝတွင် သင်္ချေးမျိုး၌ဖြစ်ရပြီး လက်ရှိဆူထူးမှာ စစ်သူကြီးဖြစ်သည်။ မကောင်းမှု လုပ်ခဲ့သော်လည်း ကောင်းကျိုးရသော သူ၏နှစ်ဘဝကိုယ်တွေ့ဖြင့် တက္ကတွန်း၏ ဟောကြား ချက်ကို ထောက်ခံခဲ့သည်။

တက္ကတွန်း၏ တရားသဘောတွင် စစ်သူကြီး လူဝင်စားတဦး၏ ကိုယ် တွေ့ကိုပါ ကြားလိုက်ရသောအခါ အင်္ဂတိမင်းကြီးသည် ထိုအယူဝါဒကို ပို၍ခိုင်မြဲစွာ ယုံကြည်သွားသည်။

ကံ ကံ၏အကျိုးကို မသိသူတဦးက ဟော၍ မသိသူတဦးက နာယူ ခြင်းဖြစ်သဖြင့် တွေ့ကပ်လျောက် အမှားချည်းဖြစ်ရသည်။ ဇာတိဿရ ဉာဏ်ကလေး ရကာမျှနှင့် ကံ ကံ၏အကျိုးကို အဘည်ပုံပြောဆိုရသည်မှာ မိစ္ဆာဒိဋ္ဌိဖြစ်ဖို့သာ များလေသည်။

အလာတ စစ်သူကြီးသည် ရှေးဘဝက သားသတ်သမား ဖြစ်ခဲ့၍၊ ယခုဘဝ၌ ကောင်းကျိုးရနေသည် မဟုတ်ပေ။ အမှန်မှာ ထိုသားသတ် သောကျွဘဝ မရောက်မီ ရှေးဘဝက စေတီတော်တွင် နေ့ဝေပန်းဆွဲ လှူဒါန်းပူဇော်ခဲ့ဖူးသော ကုသိုလ်ကံအကျိုးဖြစ်သည်။ သတ္တဝါတဦး ပြုခဲ့ဖူးသောကံတို့ကား များလှ၏။ စစ်သူကြီးသည် တဘဝကိုသာ အမှတ် ရနိုင်သူဖြစ်သည်။ ထိုဘဝကပြုခဲ့သော ကံနှင့် ယခုဘဝအကျိုးကို စပ်ဟပ် လိုက်သောအခါ တလွဲကြီး ဖြစ်သွားတော့သည်။

လူဝင်စား ဗီဇက

တက္ကတွန်းနှင့် ဘုရင်တို့ တရားဆွေးနွေး မေးမြန်းရာတွင် ရောက်ရှိ နေသော ဗီဇကအမည်ရှိသော ကျွန်တယောက်သည် စစ်သူကြီးပြောသော စကားကို ကြားသောအခါ ရှိုက်ကြီးတငင် ငိုကြွေးပါလေတော့သည်။ ဗီဇကသည်လည်း ရှေးတဘဝကို ပြန်မြင်သော လူဝင်စားတဦးပင်ဖြစ်သည်။ သူသည် ရှေးဘဝက သာကေတပြည်တွင် ဘာဝအမည်ရှိသော သင်္ချေး

ဖြစ်ခဲ့ဖူးသည်။ ထိုဘဝတွင် မကောင်းမှုဟူ၍ ဘာတခုမှ မပြုလုပ်ခဲ့ပေ။ ကုသိုလ်ကောင်းမှုများကိုသာ ပြုလုပ်ခဲ့သည်။ သို့သော် ယခုဘဝ၌ အိုးထိန်းကျွန်မထံမှာ လူဖြစ်လာရသည်။ ကောင်းမှုပြုနဲ့ခြင်းသည် အကျိုးမရှိသကဲ့သို့ ဖြစ်သည်။ "အလာတ အမတ်ကြီးသည် နိုင်ဖဲကိုကိုင်မိပြီး ကျွန်ုပ်မှာမူ ရှုံးဖဲကို ကိုင်မိသူကဲ့သို့ ဖြစ်ချေသည်" ဟု ဗိဇကမှာ ယူကျုံးမရဖြစ်ရှာသည်။ ဗိဇက၏ ကိုယ်တွေ့ အဖြစ်အပျက်သည်လည်း မင်းကြီး၏ ယုံကြည်မှုကို ပို၍ခိုင်မာပြန်သည်။

ဗိဇက၏ ကျွန်ဖြစ်ရမှုမှာ ရှေးဘဝက ပြုခဲ့သောကောင်းမှု ကံများကြောင့် မဟုတ်ပေ၊ အမှန်မှာ ကဿပဘုရားရှင် လက်ထက်က ပြုခဲ့သောကံက အကျိုးပေးခွင့်ရလာခြင်းဖြစ်သည်။ ဗိဇကသည် ကဿပဘုရားရှင် လက်ထက်က နွားပျောက်ရှာသူတဦး ဖြစ်ခဲ့ဖူးသည်။မျက်စိလည် လမ်းမှားနေသော ရဟန်းတပါးက လမ်းခရီး မေးသည်ကို စိတ်ဆိုးပြီး ရဟန်းအားကျွန်ကဲ့သို့နှုတ်ကြမ်းသည်ဟု ဆဲရေးခဲ့သည်။ ထိုဘဝက ပြုခဲ့သောဝစီကံသည် ကြားဘဝများတွင် အကျိုးပေးခွင့်မရ၍ အကျိုးမပေးခဲ့ရသော်လည်း ယခုဘဝတွင် ကျွန်ဘဝ၌ ဖြစ်ရခြင်းဟူသော အကျိုးကို ပေးလေသည်။

ထိုသို့သောကံ၏ အကျိုးပေးမှု အနှုန်ကိုမသိပဲ အယူဝါဒစွဲ ရှိလာသောအခါ အယူဝါဒများကိုသာ စွဲသွားတတ်ပေသည်။ ဝါဒစွဲကား အခြားအစွဲများနှင့် မတူပေ၊ အစွဲချွတ်ဖို့ အခက်ဆုံးပင်ဖြစ်သည်။ အင်္ဂတိမင်းကြီးသည် ကံ ကံ၏အကျိုးမရှိဟူသော အစွဲဝင်လာပြီးနောက် ကာမဂုဏ် အပျော်အပါးတို့ဖြင့်သာ မူးယစ်ပျော်ပါး နေလေသည်။ သူဘပါးသားမယားနှင့် သမီးပျိုများကိုလည်း နိုင်ထက်စီးနင်း အတင်းသိမ်းပိုက်ကာ ဖျက်ဆီးလေသည်။ ယခင်ပြုနေကျ အလှူမဏ္ဍပ်တို့ကိုလည်း ဖျက်သိမ်း ပစ်လိုက်တော့သည်။

ရှေ့ခုနစ်ဘဝ နောက်ခုနစ်ဘဝမြင်သောမင်းသမီး

အင်္ဂတိမင်းကြီးမှာ သမီးတော် တယောက်ရှိသည်။ တဦးတည်းသော သမီးတော်ဖြစ်သည်။ တဦးတည်းဖြစ်၍လည်း အလွန်ချစ်မြတ်နိုးလေသည်၊ သမီးတော်၏ အမည်မှာ ရုစာဒေဝီဖြစ်သည် ရုစာဒေဝီသည် ဇာတိဿရဉာဏ် ရသူဖြစ်သည်။ အချို့လူဝင်စားများကဲ့သို့ တဘဝကိုသာ မြင်သည်မဟုတ်၊ ရှေ့ခုနစ်ဘဝ နောက်ခုနစ်ဘဝ မြင်သူဖြစ်သည်။

ရုစာဒေဝီသည် သူပြုခဲ့သောကောင်းမှုနှင့် ထိုကံအကျိုးပေးများကို ကိုယ်တိုင် ခံစားခဲ့ချက်များဖြင့် ခမည်းတော်အား လျှောက်တင်မှလျှင် မိစ္ဆာအယူမှ ချွတ်နိုင်လိမ့်မည်ဟု ယုံကြည်နေသည်။ တဦးတည်းသော သမီးဖြစ်၍ အချစ်ပိုသည်ကတကြောင်း ခမည်းတော် စွဲသောမိစ္ဆာအယူမှာ မကြာသေးသည်ကတကြောင်း ဤအကြောင်းများကို ထောက်ဆ၍ ခမည်းတော်၏ အစွဲကိုချွတ်နိုင်လိမ့်မည်ဟု ယုံကြည်နေခြင်း ဖြစ်ပေလိမ့်မည်။

ရုစာဒေဝီသည် တန်ဆောင်မုန်း လကွယ်အဖိတ်နေ့ကို ရွေးလိုက်သည်။ လပြည့်လကွယ်တိုင်း အလှူပေးနိုင်ဖို့အတွက် သမီးတော်အား အသပြာ တထောင် ပေးနေကျဖြစ်သည်။ ထိုရက်မှာခမည်းတော်ထံ ပုံမှန်သွားနေကျဖြစ်သည်။ တန်ဆောင်မုန်းလပြည့်နေ့က တက္ကတွန်းထံမှ တရားနာယူရပြီး မိစ္ဆာဝါဒစွဲခဲ့သည်။ သမီးတော်သွားသည့်နေ့အထိ နှစ်ပတ်မျှသာ ရှိသေးသည်။

မင်းကြီးသည် သမီးတော်လာသည့်အခါ အလိုအလျောက် အသပြာ တထောင် ပေးနေကျဖြစ်သည်၊ ထိုနေ့တွင်မူ သမီးကတောင်းရသည်။ များစွာသော ဥစ္စာတို့ကို အလဟဿ ဖြုန်းတီးနေကျသည် ဟူသည်ဖြင့် ပြောဆိုတားမြစ်သည်။ တက္ကတွန်း၏ ဟောပြချက်နှင့် ဗီဇာဘ ကျွန်၏ ပြောပြချက်များကိုလည်း ပြန်လည် ပြောပြသေးသည်။

ရှစာဒေဝီကလည်း ထိုစကားစကို လိုချင်နေသူဖြစ်သည်။ မိမိပြောဆိုဖို့ အခွင့်သာခနပြီကို သိသည်နှင့် ခမည်းတော်အား သမီးလိမ္မာပီပီ လည်လည် ပတ်ပတ် လျှောက်တင်လေတော့သည်။

"ခမည်းတော်၊မိုက်သောသူကို မှီဝဲဆည်းကပ်သောသူသည် မိုက်သောသူအဖြစ်သို့သာ ရောက်၏ဟူသော စကားကို သမီးတော် ရှေးကကြားဖူးရှိသာ ကြားဖူးပါသည်။ ယခုမှာမူ ကိုယ်တိုင်တွေ့နေရပါပြီ၊ လမ်းမှား နေသောသူတယောက်လည်း လမ်းမှားနေသောသူကိုပင် ဆရာတင်လျှင် သာ၍ပင် လမ်းမှားသကဲ့သို့ အယူမှားသောသူသည် အယူမှားသော သူကို ဆရာတင်လျှင် သာ၍ပင် အယူမှားတတ်ပါသည်။ ခမည်းတော် လောက် ပညာအဆင်အခြင်မရှိ၊ အဖက်မဖက်က ယုတ်ညံ့သော အလာတ အမတ်နှင့် ထိုထက်ပင် ယုတ်ညံ့ရှာသည့်ဗီဇက ကျွန်တို့အနေနှင့် ကလေး များပမာ အရှက်အကြောက် ကင်းမဲ့သည့် ဂုဏာတက္ကတွန်း (အဝတ်မဝတ် သော တက္ကတွန်းဖြစ်သည်)ကို ဆည်းကပ်သဖြင့် မိုက်မှားကြခြင်းမှာ ဖြစ်သင့်ဖြစ်ထိုက်ပါသေးသည်။ ခမည်းတော်ကား ပညာအဆင်ခြင်ရှိသူ အကျိုးအကြောင်း၌ လိမ္မာသူဖြစ်ပါလျက် အဘယ့်ကြောင့် မိုက်လှစွာ သော အလာတအမတ် ဗီဇက ကျွန်တို့နှင့်အတူ အယူမှားသော တက္ကတွန်းကို ဆည်းကပ်တော်မူပါသနည်း"

"ခမည်းတော်မင်းမြတ်၊ ဂုဏာတက္ကတွန်းပြောသည့်အတိုင်း သတ္တဝါတို့ သည် ရှစ်ဆယ့်လေးကမ္ဘာ ပြည့်သောအခါ သံသရာမှ အစဉ်ပြတ်သည် အမှန်ဖြစ်လျှင် ဂုဏာတက္ကတွန်း ရသေ့ရဟန်းပြုနေခြင်းသည် အချည်းနှီး အကျိုးမဲ့ ဖြစ်ရာ၏။ အချိန်ကျလျှင် အလိုအလျောက် သံသရာမှ လွတ်မြောက်သည်ဟု ယုံကြည်အားသော သူတို့သည် ကောင်းမှု မကောင်းမှုတို့၏ အကျိုးသည် မရှိဟု ယူဆကာ ကံကိုပယ်ကြကုန်၏။ ကံ၏အကျိုးကို ပယ်ကြကုန်၏။ ထိုသူတို့သည် ငါးမျှားချိတ်မျိုမိသော ငါးကဲ့သို့ ထိုအယူမှားမှ လွတ်မြောက်ဖို့မလွယ်ပေ"

"ခမည်းတော်၊ ဥပမာဖြင့် လျှောက်တင်ပါဦးမည်။ သယ်ဆောင်နိုင်သောဝန်ချိန်ထက် ပိုကာ ဝန်တင်ထားသော လှေသည် လေးစွာသော ဝန်ကို သယ်ဆောင်လျက် သမုဒ္ဒရာ၌ နစ်မြုပ်သကဲ့သို့ ဤဥပမာအတူ လူမိုက်သည် မကောင်းမှုကို အနည်းငယ်စီ အနည်းငယ်စီ ဆည်းပူး၍ များလာသောအခါ အလွန်လေးသောဝန်ကို သယ်ပိုးဆောင်ယူလျက် အပါယ်ငရဲ၌ နစ်မြုပ်ရသည်သာဖြစ်၏။"

"ခမည်းတော်၊ အသာတအမဟ်သည် မကောင်းမှုတည်းဟူသောဝန် မပြည့်သေးသရွေ့ အပါယ်လားကြောင်း မကောင်းမှုများကို ဆည်းပူးနိုင်သေးသည်။ ယခုဘဝတွင် စစ်သူကြီးအဖြစ်ဖြင့် ချမ်းသာစွာနေရခြင်းမှာ ရှေးကပြုထားသော ကောင်းမှုအကျိုးဆက်ဖြစ်ပါသည်။ နွားသတ်ခဲ့သော မကောင်းမှု၏ အကျိုးမဟုတ်ပါ။ မကောင်းမှုကြောင့် အလိုရှိအပ်နှစ်သက်အပ်သော အကျိုးကိုရသည်ဟု ဘယ်နည်းနှင့်မျှ မရှိနိုင်ပါ။ ထိုကောင်းမှု အကျိုးဆက်သည်း ယခုကုန်ပါပြီ၊ ထို့ကြောင့်ပင် ကောင်းမှု၌ မွေ့လျော်ကာ လမ်းဖြောင့်လမ်းမှန်ကိုစွန့်ပြီး လမ်းမှားကို လိုက်နေခြင်းဖြစ်သည်။"

"ခမည်းတော်မင်းမြတ်၊ ချိန်ခွင်ခွက်ထဲ ထည့်ထားသည့် ကုန်ပစ္စည်းကို ဖယ်ချလိုက်လျှင် ချိန်ခွင်ပေါင်သည် အထက်သို့ထောင်တက်သွားသကဲ့သို့ အကုသိုလ်မကောင်းမှု ဝန်ထုပ်ဝန်ပိုးကိုဖယ်ချလိုက်လျှင် ကုသိုလ်ကောင်းမှုဟူသော ချိန်ခွင်ပေါင်သည် အထက်သို့ ထောင်တက်သွားပေသည်၊ ကုသိုလ်ကောင်းမှု ဆည်းပူးနေသော ဗီဇကသည် ပြုခဲ့ဖူးသည့် မကောင်းမှုများ ကုန်သွားသည့်အခါ ကုသိုလ်ဦးခေါင်းထောင်ကာ သုဂတိဘဝသို့ သွားရပေလိမ့်မည်။ ယခုဘဝ ကျွန်ဖြစ်နေခြင်းမှာ ရှေးဘဝ ဘောဂသဌေး ဖြစ်စဉ်က ပြုခဲ့ဖူးသည့် ကုသိုလ်ကောင်းမှုကြောင့် မဟုတ်ပါ၊ သူသည် ကျွန်ဖြစ်ရမည့် မကောင်းမှုတခုခုကို ပြုခဲ့ပါလိမ့်မည်။

ထိုမကောင်းမှုလည်း ယခုကုန်ပါပြီ။ ထို့ကြောင့်ပင် ကုသိုလ်ကောင်းမှု၌ မမေ့လျော့ခြင်း ဖြစ်ပါသည်။ ခမည်းတော်သည် တက္ကတွန်းကို ဆည်းကပ်ပြီး လမ်းမှားသို့ လိုက်သော မမှုပါလင့်”

ရုစာဒေဝီသည် လူမိုက်နှင့် ပေါင်းသင်းခြင်း၏အပြစ်နှင့် သူတော်ကောင်းနှင့် ပေါင်းသင်းခြင်း၏ အကျိုးကို ဆက်၍ လျှောက်တင်ပြန်သည်။

“ခမည်းတော် သူတော်ကောင်းကိုဖြစ်စေ၊ သူယုတ်မာကို ဖြစ်စေ၊ သီလရှိသူကိုဖြစ်စေ၊ သီလမရှိသူကိုဖြစ်စေ၊ မှီဝဲဆည်းကပ်သောသူသည် ထိုဆည်းကပ်သော ပုဂ္ဂိုလ်၏ အလိုကိုသာလိုက်ရ၏။ ငါးစိုတကောင်ကို မြက်ခွေဖြင့် ပေါင်းသော်လျှင် မိမိ ပေါင်းသင်းသည့် မြက်ခွေနှင့် အမှုအကျင့်တူသွားကြတတ်ပါသည်။ အဆိပ်လူးထားသော မြားထည့်သည့် မြားအောင့်သည် အဆိပ်ဖြင့် ပေကျံသကဲ့သို့ သူယုတ်မာနှင့် ပေါင်းသင်းသောသူသည်း မကောင်းမှုဖြင့် ပေကျံတတ်လေသည်။ ငါးပုပ်ကိုထုပ်သော ဖက်သည် အပုပ်နံ့လှိုင်သကဲ့သို့ သူယုတ်မာနှင့် ပေါင်းသင်းသော သူအား မကောင်းသတင်း ကျော်စောတတ်၏။ ပန်းထုပ်သော ဖက်သည် အမွှေးနံ့လှိုင်သကဲ့သို့ သူတော်ကောင်းနှင့် ပေါင်းသော သူအား ကောင်းသတင်းကျော်စောလေသည်။

ရုစာဒေဝီသည် တမလွန်ဘဝရှိကြောင်းကို သူ၏ဘဝအတွေ့အကြုံများဖြင့် ဆက်လက် လျှောက်တင်ပြန်သည်။ ခမည်းတော်မင်းမြတ် သမီးတော်သည် ရှေးက တာဝတိံသာနတ်ပြည်တွင် ရှေးခုနစ်ဘဝ နောက်ခုနစ်ဘဝကို သိသည့် နတ်သမီးဖြစ်ခဲ့ရဖူးသည်တို့ကို ယခုပြန်၍ အမှတ်ရနေပါသေးသည်၊ ထိုနတ်သမီးဘဝ မရောက်မီ ခုနစ်ဘဝမြောက်က သမီးတော်သည်ရာဇဂြိုဟ်ပြည်တွင် သဌေးသားဖြစ်ခဲ့ပါသည်။ ထိုဘဝက မကောင်းသော အဆွေခင်ပွန်းတို့နှင့် ပေါင်းသင်းပြီး သူတပါးမယားကို ဖျက်ဆီးခဲ့ဖူးပါ

သည်။ ထိုဘဝမှ စုတေသောအခါ ထိုမကောင်းမှုက အကျိုး မပေးသေးပဲ အခြားကုသိုလ်ကံကြောင့် ဒုတိယဘဝတွင် ကောသမ္ဗီ ပြည်၌ သဌေးသားဖြစ်ပါသည်။ ထိုဒုတိယဘဝတွင် မိတ်ကောင်း ဆွေကောင်းများနှင့် ပေါင်းရသဖြင့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်ခဲ့ပါသည်။ ထိုဘဝမှ စုတေသောအခါ ယင်းကုသိုလ်ကံ များက အကျိုးမပေးသေးပဲ ပထမဘဝက ပြုခဲ့သည့် သူတပါး မယားဖျက်ဆီးသော ပရဒါရကံက အကျိုးပေးသဖြင့် တတိယ ဘဝတွင် ရောရုဝငရဲ၌ ဖြစ်ရပါသည်။

ငရဲမှ လွတ်သောအခါ စတုတ္ထဘဝတွင် ဘိန္နာဂတပြည်၌ ဆိတ်သဏ္ဍဝါ ဖြစ်ရသည်။ သူတပါးမယား ဖျက်ဆီးသည့် မကောင်းမှု ကံကြွင်းကြောင့် ထိုဆိတ်ဖြစ်သောဘဝ၌ ဝှေးသင်း ခံခဲ့ရသည်။ ခွန်အားကောင်းသဖြင့် လှည်းကို ဆွဲခဲ့ရပါသည်။ ဆိတ်ဘဝမှ စုတေသောအခါ ပဉ္စမဘဝတွင် မျောက်တိရစ္ဆာန် ဖြစ်၍ ဒွေးသင်းခံခဲ့ရပြန်ပါသည်။ ထိုဘဝမှ စုတေသောအခါ ဆဋ္ဌမဘဝတွင် ဒသဏ္ဏနတိုင်း၌ နွားဖြစ်၍ ဝှေးသင်းခံရပြန်သည်။ နွားဘဝမှ စုတေပြီး သတ္တမဘဝ၌ ဝဇ္ဇီတိုင်း ရွာသူကြီးအမျိုး၌ ဖြစ်ပါသည်။ လူ့ဘဝကို ရသော်လည်း သူတပါးမယားကို ဖျက်ဆီးခဲ့သော ကံ၏အစွမ်းသတ္တိမှာ မကုန်သေး၍ ယောကျ်ား မဟုတ် မိန်းမမဟုတ်သည့် နပုံးပဏ္ဍုက်ဖြစ်ရသည်။

“ထိုဘဝမှ စုတေသောအခါ၌ကား ကောသမ္ဗီသဌေးဘဝက ပြုခဲ့သော ကောင်းမှုကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သမီး ဖြစ်ပြီး ရှေးကဖြစ်ခဲ့သော ခုနစ်ဘဝကို သတိရခဲ့ပါသည်။ နောင်ဖြစ်မည့်ဘဝများကိုလည်း မြင်ပါသည်။ နောင်လာမည့် ဒုတိယဘဝမှ ပဉ္စမဘဝအထိ လေးဘဝတိုင်တိုင် နတ်သမီးဖြစ်၍ ခြောက်ဘဝမြောက်တွင် လူ့ပြည်၌ ဘုရင့်သမီးဖြစ်ပြီး ခုနစ်ဘဝ မြောက်တွင် တာဝတိံသာ၌ တန်ခိုးကြီးသောနတ်သား ဖြစ်

မည်ကိုမြင်ပါသည်။ မြင်သည်အတိုင်းလည်း တာဝတိံသာ၌ ငါးဘဝတိုင်တိုင် နတ်သမီးဖြစ်ခဲ့ရပါသည်။ ယင်းငါးဘဝအနက် လေးဘဝမှာ သိကြားမင်း၏ အလုပ်အကျွေးနတ်သမီးဖြစ်၍ ပဉ္စမဘဝမှာ ဇဝနနတ်သား၏ မိဖုရားဖြစ်ခဲ့ပါသည်။ ထိုနတ်မိဖုရားဘဝမှ စုတေ၍ ယခုခြောက်ခုမြောက်ဘဝတွင် ခမည်းတော်၏ သမီး ရုစာဒေဝီဖြစ်ရပါသည်။ ဤဘဝမှ စုတေလျှင် တာဝတိံသာနတ်ပြည်၌ တန်ခိုးကြီးသော နတ်သား ဖြစ်ရမည်ဖြစ်ပါသည်။

"ခမည်းတော်မင်းမြတ် သမီးတော်သည် ကောသမ္ဗီသဋ္ဌေးဘဝက ပြုခဲ့သောကောင်းမှုကြောင့် တာဝတိံသာ၌ ငါးကြိမ်၊ လူ့ပြည်၌တကြိမ် ချမ်းချမ်းသာသာဖြစ်ရသော်လည်း သူတပါးသားမယား ဖျက်ဆီးခဲ့သော ကံ၏ အရှိန်အဟုန်မကုန်သေးသဖြင့် ထိုခြောက်ဘဝလုံး၌ပင် မိန်းမချည်းဖြစ်ရပါသည်။ ယခုဘဝမှ စုတေသောအခါ ထိုမကောင်းမှုကံ၏ အရှိန်အဟုန် လုံးဝမကျန်တော့ပဲ ကုသိုလ်ကံအရှိန်ကောင်းကောင်းဖြင့် အကျိုးပေးပါတော့မည်။ တာဝတိံသာ၌ တန်ခိုးကြီးသောနတ်မင်း ဖြစ်ရပါတော့မည်"။

"ခမည်းတော်မင်းမြတ် ဖြစ်လေရာဘဝတိုင်း ယောကျ်ားအဖြစ်ကို ရလိုသော ယောကျ်ားသည် သူတပါးသားမယားကို ဖျက်ဆီးခြင်းမှ အထူးရှောင်ကြဉ်ရာ၏။ ဖြစ်လေရာဘဝတိုင်း ယောကျ်ားဖြစ်လိုသော မိန်းမသည် လင်ယောကျ်ားကို ရိုသေစွာ လုပ်ကျွေးရာ၏။ လူနတ်တို့၏စည်းစိမ်ချမ်းသာကိုအလိုရှိသော သူသည် မကောင်းမှုတို့ကို ပယ်၍ ကိုယ်နှုတ်နှလုံး စောင့်သုံးခြင်းဟူသော ကုသိုလ်ကောင်းမှုကို ပြုရာ၏။ ဤလောက၌ စည်းစိမ်ချမ်းသာ အခြံအရံနှင့်ပြည့်စုံသောသူတို့သည် ရှေးက ကိုယ်နှုတ်နှလုံး စောင့်သုံးခဲ့ကြသော သူများသာဖြစ်သည်။ ယုံမှားသံသယရှိဘော်မမူပါလင့်၊ သဘ္ဘဝါဟူသာမျှတို့၏ ကိုယ်ပိုင်ဥစ္စာကား မိမိတို့

ပြုလုပ်သည့် ကံပင်ဖြစ်သည်။ ခမည်းတော်မင်းမြတ်ကိုယ်တိုင် စဉ်းစား ကြည့်တော်မူပါ။ နတ်သမီးတမျှ လှပသည့် ဤမိဖုရားမောင်းမမိဿံခြွေ ရံပရိသတ်ကို အဘယ်အကြောင်းကြောင့် ရတော်မူပါသနည်း၊ အလကား အိပ်နေရင်း ရတော်မူပါသလော၊ တိုက်ခိုက်လုယက်ခြင်းကြောင့် ရပါသ လော၊ သို့မဟုတ် မကောင်းမှုကို အမှီပြု၍ရပါသလော၊ ကိုယ်တိုင်စဉ်းစား တော်မူပါ။"

ရုစာဒေဝီသည် သမီးလိမ္မာပီပီ ခမည်းတော်မင်းကြီး နားဝင်အောင် ပြည့်ပြည့်စုံစုံ ဇာပြလျှောက်ထားသည်။ အင်္ဂတိမင်းကြီးသည် သမီးတော် ၏ လျှောက်တင်ချက်ကို စိတ်ရှည်လက်ရှည် လက်ခံနားထောင်သည်။ သမီးတော်၏ လျှောက်တင်ချက်သည် မည်မျှပင် ကြောင်းကျိုးဆီလျော် စေကာမူ မင်းကြီး၏ မိစ္ဆာအယူအစွဲကား ကျွတ်မသွားပေ၊ ဂုဏ်းဆရာ တဦး၏စကားနှင့် သမီး၏စကား နှစ်ရပ်တွင် ဂုဏ်းဆရာ၏ စကားကို အလေးအနက်ထားသည်မှာ သဘာဝ ကျပေသည်။ မိဘများသည် သားသမီးများကို မိမိကိုယ်လောက် အထင်မရောက်တတ်ကြသည်မှာ ဓမ္မတာပင် မဟုတ်ပါလော။

ရုစာဒေဝီကား အာဂသမီးတော် ဖြစ်သည်။ ခမည်းတော်၏ အယူ မှားကို ချွတ်ရေးအတွက် စိတ်မလျှော့သေးပေ၊ ရုစာဒေဝီသည် ဦးထိပ်ခွ လက်အုပ်တင်ကာ အရပ်ဆယ်မျက်နှာတို့ကို ရှိခိုးလျက် "ဤလောကကြီး အရှေ့ဝယ်တည့် အရင်လည်ပတ်ရောက်တော်မူကြသော တရားစောင့်သော ရဟန်းပုဏ္ဏားတို့နှင့် လောကကြီးကို စောင့်ရှောက်နေကြကုန်သော နတ် ဗြဟ္မာတို့သည် ဤအရပ်သို့ ကြွလာတော်မူကြ၍ ခမည်းတော်ကို မိစ္ဆာ အယူမှ ချွတ်တော်မူကြစေကုန်သတည်း" ဟု အဓိဋ္ဌာန်ပြုလေသည်။

နာရဒဗြဟ္မာနှင့် အင်္ဂတိမင်း

ထိုအခါ၌ နာရဒဗြဟ္မာသည် ရုစာဒေဝီ၏ အဓိဋ္ဌာန်ချက်ကို သိသဖြင့် ရသေ့ရဟန်းအသွင် ဖန်ဆင်းကာ ကောင်းကင်မှ ကြွလာပြီး

မင်းကြီးနှင့် ရုစာဒေဝီတို့ရှိရာ နန်းပြာသာဒ်လေသာပြူတင်းမှ ဝင်လျက် မင်းကြီး၏ရှေ့ ကောင်းကင်တွင် ရပ်နေလေသည်။

ရုစာဒေဝီမှာ ထိုအခြင်းအရာကို မြင်ရသောအခါ အားရရွှင်လန်းစွာဖြင့် ရှိခိုးဦးတင်လိုက်မိတော့သည်။ အင်္ဂတိမင်းကြီးသည် ပြဟ္မာမင်း၏ တန်ခိုးအရှိန်ကြောင့် မူလနေရာတွင် ထိုင်မနေဝံ့ပဲ အောက်သို့ဆင်း၍ ထိုင်လေသည်။

မင်းကြီးနှင့်နာရဒပြဟ္မာတို့ နှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် မင်းကြီးက အမေးစကား ဆက်၍ဆိုလေသည်။

"အရှင်၊ သင်သည် ကောင်းကင်၌ သွားလည်းသွားနိုင်၏၊ ရပ်လည်းရပ်နိုင်၏၊ အံ့ဖွယ်ရှိပေစွ၊ အဘယ်သို့သော ဂုဏ်ကျေးဇူးကြောင့် ဤသို့သော တန်ခိုးတော်ကို ရပါသနည်း"

"မင်းကြီး၊ ငါသည် ရှေးလူဖြစ်စဉ်အခါက မှန်ကန်စွာပြောဆိုခြင်း (သစ္စာ)၊ သုစရိုက်တရားကိုကျင့်ခြင်း (ဓမ္မ)၊ ဣန္ဒြေကို စောင့်စည်းဆုံးမခြင်း(ဒမ)၊ ပေးကမ်းစွန့်ကြဲခြင်း(စာဂ)ဟူသော ဂုဏ်ကျေးဇူးတရားတို့ကို အားထုတ် ပြုကျင့်ခဲ့ဖူး၏၊ ရှေးက လေ့ကျင့်ခဲ့ဖူးသော ဂုဏ်ကျေးဇူးတို့ကြောင့်ပင် စိတ်အလိုရှိရာသို့ လျှင်မြန်စွာ သွားလာနိုင်သည့် တန်ခိုးကို ရခြင်းဖြစ်သည်"

အင်္ဂတိမင်းကြီးသည် ရှေးကံ၏အကြောင်းများကိုကြားရ၍ ဆက်လက်မေးပြန်သည်။

"အရှင် သင်သည် ကုသိုလ်ကောင်းမှုတို့၏ အကျိုးပေးပုံကို အံ့သြဖွယ် အမိန့်ရှိလေသည်။ တကယ်စင်စစ်ပင် သစ္စာ၊ ဓမ္မ စသော ကောင်းမှုတရားတို့ကြောင့် သင်ပြောသည့်အတိုင်း ဖြစ်သည်မှန်လျှင် ကျွန်ုပ်မေးသည်ကို ထင်ရှားအောင်ဖြေပါ"

"မင်းမြတ် ယုံမှားသံသယရှိသော အချက်ဟူသမျှကို မေးပါ၊ မေးခြင်းသည် သင်၏အကျိုးရှိမှုပင်ဖြစ်သည်၊ အကျိုးအကြောင်း ထောက်ချင့်၍ ဉာဏ်ဖြင့်သက်ဝင်ကာ သင်၏သံသယကို ရှင်းအောင် ဖြေကြားပေးမည်"ဟု နာရဒက ဝန်ခံလေသည်။

"အိုနာရဒ ကျွန်ုပ်မေးမြန်းမည် လိမ်၍မပြောပါနှင့်၊ နတ်ရှိ၏၊ ဗြဟ္မာရှိ၏၊ တမလွန်လောက၊ နောက်ဘဝရှိ၏ဟု လူအများပြော ကြသည်။ ထိုသို့ပြောကြားသည့်အတိုင်း အမှန်ပင်ရှိပါသလား"

"မင်းမြတ်၊ နတ်လည်းရှိ၏၊ ဗြဟ္မာလည်းရှိ၏၊ တမလွန်လောက နောက်ဘဝလည်း ရှိ၏။ လူတို့သည် ကာမဂုဏ်၌ တပ်မက်မောကာ ပြင်းစွာ တွေ့ဝေနေကြသောကြောင့် တမလွန်လောကကို မသိကြ ခြင်းဖြစ်သည်"ဟု နာရဒက ဖြေကြားသည်။

နာရဒဗြဟ္မာသည် တန်ဖိုးရှိသောစကားကို ပြောဆိုစေကာမူ မယုံ ကြည်သူအဖို့ ပြက်ရယ်ပြုစရာပင် ဖြစ်သည်။

"အိုနာရဒ၊ ဤသို့ဝက သေလွန်သွားသော သူတို့အတွက် နောင်ဘဝ၌ နေစရာဌာနရှိသည်ဟု သင်ယုံကြည်ပါလျှင် ယခု ကျွန်ုပ်ကို အသပြာငါးရာ ပေးထားပါ၊ နောက်ဘဝကျမှ သင့်အား အသပြာတထောင် ကျွန်ုပ်ပြန်ပေးပါမည်"ဟု အင်္ဂတိမင်းကဆိုလေ သည်။

တမလွန်ဘဝကို မယုံသူများအဖို့ အင်္ဂတိမင်း၏စကားသည် ချက်ပိုင် လှသောစကားဖြစ်သည်။ တမလွန်ဘဝကို ယုံပါသည်ဆိုသူများသည် ငွေ ငါးရာ ကြိုတင်ပေးထားရပါမည်လော။ နာရဒဗြဟ္မာအတွက် အင်္ဂတိမင်း စကားကို တုန့်ပြန်ရန် စကားလုံးမရှားပါချေ။

"မင်းမြတ်၊ သင်သည် သီလရှိသူ အကျင့်ကောင်းရှိသူဖြစ်လျှင် အတိုး ရဖို့ရန်အတွက် အသပြာငါးရာ ပေးမည်သာဖြစ်သည်။ သင်သည်ကား မိစ္ဆာအယူကိုယူလျက် မကောင်းမှုတို့ကို ပြုကျင့်နေသူဖြစ်သောကြောင့်

သေလွန်သောအခါငရဲဖြစ်လတ္တံ့၊ ငရဲကျနေသောသင့်ကို ဘယ်သူ ကြွေး လိုက်တောင်းနိုင်မည်နည်း။

"မင်းမြတ်၊ ဤလောက၌ပင် သဘောမဖြောင့်မှန်သောသူ အကျင့် စာရိတ္တ မကောင်းသောသူ၊ ပျင်းရိသောသူတို့ကို ပညာရှိတို့ ကြွေးမပေး ကြကုန်၊ သဘောဖြောင့်မှန်သူ အကျင့်စာရိတ္တကောင်းသောသူ၊ မပျင်း မရိပဲ စီးပွားဥစ္စာ ရှာဖွေသူဖြစ်ပါက မတောင်းသော်လည်း ငွေရှင်များ ကိုယ်တိုင်က ငွေလိုလျှင်ယူပါ၊ အလုပ်ပြီးသောအခါမှ ပြန်ပေးပါဟု ပြော တတ်ကြသည်"

ဤသို့ ပြောလိုက်သောအခါ အင်္ဂတိမင်း၏စကားမှာ သဘောရိုးဖြင့် ပြောဆိုသောစကား မဟုတ်ကြောင်း ထင်ရှားသွားသည့်အပြင်၊ အင်္ဂတိ မင်းသည် မည်သို့မျှထပ်မံမပြောနိုင်တော့ချေ။ သို့သော် မိစ္ဆာအယူစွဲမှားမှု မကျွတ်ပဲရှိသည်။ အသိဉာဏ်ကင်းမဲ့သူကို အကြောင်းပြ၍ ဖြေဖျန်ပြော ၍ နားဝင်မည်ဟု မမျှော်လင့်နိုင်ပေ။ အင်္ဂတိမင်းကို သမီးတော် ရုစာ ဒေဝီကလည်း အကြောင်းအကျိုး အမျိုးမျိုးပြ၍ လျှောက်တင်ခဲ့သည်။ တဖန် နာရဒပြဟ္မာကလည်း အထွေထွေအပြားပြား ဟောကြားသည်။ သို့တစေ မိစ္ဆာအယူမှာ ခိုင်မြဲလျက်ပင် ဖြစ်နေသည်။ ထိုအခါ ငရဲခန်း ဖြင့် ခြောက်လှန့်ပြောဆိုရတော့သည်။ ထိုအခါမှ ကြောက်စိတ်ဝင်ကာ ဆောက်တည်ရာမရ ဖြစ်လေသည်။

နောက်ဆုံးတွင် အင်္ဂတိမင်းကြီးသည် မိမိ လမ်းမှားရောက်နေကြောင်း သိပြီး လမ်းမှန်ရောက်အောင် ဟောပြောပါရန် ကိုယ်တိုင်တောင်းဆိုလာ တော့သည်။ ထိုအခါ နာရဒက တရားနည်းလမ်းကျသောလမ်းကို အကျယ် တဝင့် ဟောကြား၍ ညွှန်ကြားခဲ့ပေသည်။ သမီးတော်ရုစာဒေဝီ၏ ဂုဏ် ကျေးဇူးကိုလည်း နာရဒပြဟ္မာက ထုတ်ဖော်ချီးကျူးခဲ့သည်။

အရှင်အာနန္ဒာအလောင်းဖြစ်သော ရုစာဒေဝီ၏ ဘဝအတွေ့အကြုံနှင့် မင်းသမီးကလေး၏ ကံ ကံ၏အကျိုးအပေါ် သူ့အမြင်သုံးသပ်တင်ပြချက်မှာ

မှတ်သားဖွယ်ဖြစ်၍ ဇာတ်လမ်းအပြည့်အစုံ မဟုတ်သည့်တိုင်အောင် အတန်ပြည့်စုံအောင် ဖော်ပြလိုက်ပါသည်။

(နာရဒဇာတ်တော်ကြီး)

ဤဇာတ်တော်ကြီးကို လေ့လာခြင်းဖြင့် ကံ ကံ၏အကျိုးကို ထင်သလို ယူဆပါက မှားယွင်းနိုင်ကြောင်း မိမိ၏ဘဝဟောင်းကို အောက်မေ့နိုင်သော ဇာတိဿရဉာဏ် ရရှိဖြင့်လည်း မှန်ကန်စွာ သုံးသပ်နိုင်လိမ့်မည် မဟုတ်ကြောင်း သိမှတ်ရသည်။ဒိဗ္ဗစက္ခုရပုဂ္ဂိုလ်များပင် မှန်ကန်စွာမယူဆနိုင်သောကံကို အဘယ်မှာလျှင် ဘာစာအနည်းငယ်ကိုသိသူတို့ မှန်ကန်စွာ ယူဆနိုင်မည်နည်း။

ဂျိန်းဘာသာတွင် တိတ္ထံကရဘုရား ၂၄-ဆူရှိသည်။ မဟာဝီရခေါ် နာဋ္ဌ၏သားမှာ ၂၄ ဆူမြောက် ဘုရားပင်ဖြစ်သည်။ ကံကုန်ခန်းရေး အတွက် တပကျင့်စဉ်ကို မဟာဝီရ ပညတ်ခဲ့သည်မဟုတ်ပဲ ၂၃-ဆူမြောက် ဘုရားက ပညတ်ခဲ့သည်ဟု ဆိုပါသည်။

(နိဂဏ္ဌအကြောင်းကို လေ့လာလိုပါက ဆရာဦးအုံ့မောင် ပြုစုသော ဗုဒ္ဓနှင့်ခေတ်ပြိုင်ဘုရားများ စာအုပ်ကိုဖတ်ပါ)

သို့ရာတွင် 'နာဋ္ဌပုတ္တတက္ကတွန်းသည်ခြိုးခြံသောအကျင့်ဖြင့် ကံဟောင်းတို့၏ပျက်စီးခြင်းကိုပညတ်၏ မပြုလုပ်ခြင်းဖြင့် ကံသစ်တို့၏အကြောင်းကို သတ်ခြင်းကိုပညတ်၏။ ဤသို့ ကံကုန်ခြင်းကြောင့်ဆင်းရဲကုန်၏' ဟူသော အင်္ဂုတ္တိုရ်တွင် ဗုဒ္ဓဟောကြားခဲ့သော စကားရပ်ဖြင့် ကံကုန်လျှင် ဒုက္ခငြိမ်း ဝါဒကို နာဋ္ဌ၏သား နိဂဏ္ဌခေါ် မဟာဝီရဂျိန်းဘုရား ပညတ်ခဲ့ကြောင်း ထင်ရှားပါသည်။

(နိဂဏ္ဌသုတ်၊ တိက အင်္ဂုတ္တိုရ်ပါဠိတော်)

ဒိဗ္ဗစက္ခုပင်ရသော်လည်း

လောကတွင်တဆင့်ကြားစကားကိုပင် မိမိဆန္ဒနှင့်ကိုက်ညီလျှင် အတည်ပြုချင်ကြသည်။ မျက်မြင်ဆိုလျှင်ကား လုံးဝအမှန်ဟု ဆုံးဖြတ်လိုက်တတ်

ကြသည်။ မျက်မြင်ပင်ဖြစ်သော်လည်း အမြင်လွဲအမြင်မှား ဖြစ်တတ်သည်ကို သတိမူသင့်သည်။ မြတ်ဗုဒ္ဓ၏ ဝိနည်းသိက္ခာပုဒ်များတွင် အနိယတသိက္ခာပုဒ်များ ပညတ်ထားသည်မှာ အမြင်လွဲ အမြင်မှားများကို အတည်ပြုဆုံးဖြတ်ခြင်း မပြုမိစေရန် အတွက်ကြောင့် ဟုဆိုသင့်သည်။ ဥပဒေကို လိုသလို အလျှော့အတင်း ပြုလုပ်လို၍ ပညတ်ထားသည်ဟု ယူဆမိတက်သည်။

ပကတိမျက်စိ၏ အမြင်မှာ နယ်ကျဉ်းလှပါသည် ဒိဗ္ဗစက္ခုရသူများ၏ အမြင်နယ်ကား ကျယ်ဝန်းလှသည်။ မျက်စိကောင်းသူ တစ်ယောက်သည် လမ်းဆုံ၌ရပ်နေ၍ ဟိုဘက်အိမ် သည်ဘက်အိမ်တို့၌ ဝင်ထွက်သွားလာနေသူများကို အထင်အရှား တွေ့မြင်နေရသကဲ့သို့ပင် ဒိဗ္ဗစက္ခုရသူများသည် သတ္တဝါတဦး၏ ဤဘဝမှ စုတေသည်ကိုလည်းကောင်း တဖန်ဘဝသစ်၌ ပဋိသန္ဓေနေသည်ကို လည်းကောင်း ထိုစုတေသော ပုဂ္ဂိုလ်သည် ဘဝဟောင်းတွင် မည်သို့သောကံကို ပြုလုပ်ခဲ့သည်ကိုလည်းကောင်း ဘဝသစ်၌ မည်သို့ဖြစ်၍ မည်သို့ ခံစားစံစားနေရသည်ကို လည်းကောင်း အထင်အရှား မြင်တွေ့နေရပေသည်။

ဒိဗ္ဗစက္ခုရသောပုဂ္ဂိုလ်က 'ဤဘဝ၌ဤသို့သော ဒုစရိုက်ကံများကိုပြုခဲ့သည် နောက်ဘဝ၌ ဤသို့သော ဒုက္ခများကို ခံစားနေရသည်ကို မြင်သည်၊ မြင်သည့်အတိုင်း ပြောကြားသော စကားပင်ဖြစ်စေ လုံးဝဥဿုံ မှန်ကန်သည်ဟု မမှတ်ယူထိုက်ပေ။ ဒိဗ္ဗစက္ခုရသူတို့၏ အမြင်သည် ဘုရားရှင်တို့သာ အကုန်အစင်သိနိုင်သော 'ကံ' အကြောင်းကို မှန်ကန်သောကောက်ချက်၊ မှန်ကန်သောဆုံးဖြတ်ချက်ကို မချနိုင်ကြပေ။ ဆုံးဖြတ်ချက်ကောက်ချက်ချလျှင် အမှားချည်းဖြစ်မည်ဟု မဆိုနိုင်သကဲ့သို့ အမှန်ချည်းဖြစ်မည်ဟုလည်း မဆိုနိုင်ပေ။ မှားလည်းမှားနိုင်၊ မှန်သည်းမှန်နိုင်ပေသည်။

ဒိဗ္ဗစက္ခုရသူချင်းတူသော်လည်း 'ကံ'ကို ရှုမြင်ကြပုံချင်း မတူကြပေ။ အမြင်လေးမျိုး ကွဲပြားနိုင်သည်၊

(၁) အချို့ဒိဗ္ဗစက္ခု ရသူတို့၏ ရှုမြင်မှုအရ 'မကောင်းမှုကံတို့ရှိကြ၏၊ မကောင်းမှုဒုစရိုက်၏အကျိုးသည် ရှိ၏' ဟူ၍ ဆိုကြသည်။ ယင်းရှုမြင်မှုသည် **မှန်ကန်၏၊** ဘုရားဟောနှင့် **ညီညွတ်၏။** ဆက်၍ဆိုပြန်သည်။

သူ့ဘဝါးအသက် သတ်ခြင်းစသော အလေ့အကျင့်ရှိသော ပုဂ္ဂိုလ်သည် သေပြီးနောက် ငရဲသို့ ကျရောက်သည် ကိုမြင်၏" ဟူ၍ဆိုပြန်သည်။ ယင်းအဆိုမှာလည်း မှန်ကန်ပေသည်၊ ဘုရားရှင် ခွင့်ပြုနိုင်သော အဆိုပင်ဖြစ်သည်။ မှန်ပေသည်။ ဒိဗ္ဗစက္ခုရသူသည် ဒုစရိုက်ပြုသူကို မြင်နိုင်သည်။ သေပြီးနောက် ငရဲရောက်သည်ကိုလည်းမြင်နိုင်ပေသည်၊ မြင်သည့်အတိုင်းပင် မကောင်းမှုပြု၍ ငရဲကျသူရှိနိုင်ပေသည်။

ယင်းဒိဗ္ဗစက္ခုရဘောသူသည် တဆင့်တက်ကာ ခြုံငုံ၍ဆိုသော အဆိုတရပ်ကိုတင်ပြသည်။ 'သူ့အသက်သတ်ခြင်းစသောမကောင်းမှုပြုလေ့ရှိသူအားလုံးသည် သေပြီးနောက် ငရဲသို့ကျ၏" ဟူသော အဆိုဖြစ်သည်။ ယင်းအဆိုကိုကား ဘုရားရှင် ပယ်လေသည်။ ယင်းဒိဗ္ဗစက္ခုရသူသည် သူ၏အမြင်ကို အခိုင်အမာပြု၍ ရဲရဲဘင်းတင်း ဆုံးဖြတ်၍ "သူ့အယူသည်မှန်ကန်၏။ ဤအယူနှင့် မညီညွတ်သောအယူများ အမှားတည်း" ဟု အခိုင်အမာဆိုလေတော့သည်။ ထိုအဆိုကိုလည်း ဗုဒ္ဓမြတ်ဘုရားက ခွင့်မပြု ငြင်းပယ်လေသည်။

ဘုရားဟောကြားသော ကံတို့ကား များပြားလှစွာ၏၊ ယခုဘဝတွင်

ဒိဋ္ဌလက်ငင်း အကျိုးပေးသောကံ၊
ဒုတိယဘဝတွင် အကျိုးပေးသောကံ၊
တတိယဘဝမှစ၍ အကျိုးပေးသောကံ၊
အကျိုးပေးခွင့် လုံးဝမရသောကံ၊

ဟူ၍ အကျိုးပေးရာ အချိန်ကာလ ပိုင်းခြားမှုအားဖြင့် လေးမျိုးကွဲပြားလေသည်။ ယခုဘဝ ဒုစရိုက်ပြုသူအားလုံး မလွဲမသွေ ငရဲကျရသည်

ဆိုသော် ဒိဗ္ဗစက္ခုရ အဆိုရှင်၏အဆိုမှာ ပြုသမျှကံတိုင်းသည် ဒုတိယ ဘဝတွင် မလွဲမသွေ အကျိုးပေးသည်ဟူသော အဓိပ္ပာယ်သက်ရောက် သွားတော့သည်။ အထက်ပါ ကံလေးပါးကို မခွဲမငုံမိပေ။ ဤသည်မှာ အချိန်ကာလအားဖြင့် ခွဲခြားသော ကံလေးပါးဖြင့် ဆန်းစစ်ကြည့်ခြင်း မျှသာဖြစ်သည်။ဂရုကံစသော အခြားကံအမျိုးအစားတို့နှင့်လည်း ချိန်ထိုး ကြည့်ရန် များစွာရှိပေသေးသည်။

(၂) အချို့ဒိဗ္ဗစက္ခု ရသူများကမူ "မကောင်းမှုဆိုသည်မှာ မရှိ၊ မကောင်းမှုဒုစရိုက်၏ အကျိုးသည်မရှိ" ဟူ၍ ဆိုလေသည်။ ထိုအဆိုကို ဗုဒ္ဓမြတ်ဘုရားက ငြင်းပယ်သည်။

ယင်းအဆိုကို အကြောင်းမဲ့ မှန်းဆဆိုသည်ကား မဟုတ်ပေ၊ သူ၏ ဒိဗ္ဗစက္ခုဉာဏ်ဖြင့် မကောင်းမှုဒုစရိုက် ပြုလေ့ရှိသူများ သေဆုံးပြီးနောက် ငရဲသို့မကျပဲ နတ်ပြည်၌ဖြစ်သည်ကို တွေ့မြင်ရသောကြောင့်ဖြစ်သည်။

ထို့ကြောင့်ပင် "ဒုစရိုက်ပြုလေ့ရှိသူများ သေဆုံးပြီးနောက် နတ်ပြည်၌ ဖြစ်သည်ကိုမြင်ရ၏" ဟူသော အဆိုကို ဆိုပြန်သည်။ ပထမအဆိုကို ဗုဒ္ဓ ငြင်းပယ်ခဲ့သော်လည်း ဤဒုတိယအဆိုကိုမူကား လက်ခံပေသည်။ အဘယ် ကြောင့်ဆိုသော် ထိုသို့သောဖြစ်ရပ်များ ရှိနိုင်သောကြောင့်ဖြစ်သည်။ သို့ရာတွင် ဒုစရိုက်ပြုလုပ်၍ နတ်ပြည်ရောက်ရသည်ကား မဟုတ်ပေ။ ဒုစရိုက်ပြုလုပ်၍ နတ်ပြည်ရောက်ရသည်ဟု ဆိုလျှင်ကား ဗုဒ္ဓငြင်းပယ်မည် သာ။ ကံ ကံ၏အကျိုးကို မထိနိုက်ပဲ "ဒုစရိုက်ပြုလုပ်သူ သေပြီးနောက် နတ်ပြည်ရောက်သည်ကို မြင်ရသည်" ဟူ၍ သူ့အမြင်ကို အမြင်အတိုင်း ဆိုထားခြင်းသာဖြစ်သည်။ ဒုစရိုက်ပြုသူသည် ယခင်ဘဝအဆက်ဆက်က ကုသိုလ်ကံများ ပြုလုပ်ထားပြီး ထိုကံအကျိုးပေးလှည့် ကျရောက်ခြင်း စသည် ဖြစ်နိုင်ပေသည်။ ကံတို့ကား များလှ၏။

ဒိဗ္ဗစက္ခုရသူသည် ဆက်လက်၍ ခြုံယူဆင်ခြင်ခြင်းအဆိုကို ဆိုပြန်သည်။ "ဒုစရိုက်ပြုလေ့ရှိသူအားလုံး စုတေပြီးနောက် နတ်ပြည်ရောက်ရသည်"

ဟူ၍ဖြစ်သည်။ ထိုအဆိုကို မြတ်ဗုဒ္ဓက ငြင်းပယ်သည်။ အခိုင်အမာ ဆိုလာပြန်သည်။ "သူ့အယူအတိုင်း သိသူများသာ အမှန်သိကြသည်။ အခြားသူများ အမှားသိ ဖြစ်၏"ဟူ၍ ဖြစ်သည်။ မြတ်စွာဘုရားက ထိုအဆိုကိုလည်း လက်မခံ ငြင်းပယ်လေသည်။

(၃) အချို့ဒိဗ္ဗစက္ခုရ ပုဂ္ဂိုလ်များကမူ "ကောင်းမှုကုသိုလ်ကံတို့သည် ရှိကြ၏၊ ယင်းကုသိုလ်ကံတို့၏ အကျိုးသည်ရှိ၏"ဟူ၍ ဆိုသည်။

ထိုအဆိုမှာ မှန်ကန်သောအဆိုပင် ဖြစ်သည်။ မြတ်စွာဘုရားက ထို အဆိုကို ခွင့်ပြု၏ဟူ၍ မိန့်ကြားလေသည်။

ထိုဒိဗ္ဗစက္ခုရ ပုဂ္ဂိုလ်ကပင် ဒုတိယအဆိုကို တင်ပြသည် ဤလူ့ပြည်၌ အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းစသော ကုသိုလ်ကံကို ပြုသူများသည် သေပြီးနောက်၌ နတ်ပြည်လောကသို့ ရောက်သည်ကို မြင်ရ၏ဟူသော အဆိုဖြစ်သည်။ ထိုအဆိုကိုလည်း ဘုရားခွင့်ပြုတော်မူသည်။

တတိယအဆိုကိုဆက်၍ ဆိုပြန်သည်။ ထိုအဆိုတွင်မူ မိမိ၏အမြင်မျှကို သာ ဆိုသည်မဟုတ်ပဲ ခြုံယူ၍ဆိုသော အဆိုတရပ်ဖြစ်လေသည်။ သူ၏ အမြင်ကို နောက်ခံထား၍ ရဲဘင်းစွာဆုံးဖြတ်၍ ဝါဒတရပ်အဖြစ် တင်သော အဆိုပင် ဖြစ်သည်။ ထိုအဆိုကိုမူ မြတ်စွာဘုရား ခွင့်ပြုတော်မမူ၊ လက်မခံ ငြင်းပယ်လေသည်။

ဆက်လက်၍တဖန် "ငါ၏အဆိုသည် မှန်၏၊ ငါ့အဆို ငါ့ဝါဒနှင့် မညီသော အခြားအယူအဆ ဝါဒများသည် အမှားချည်းတည်း"ဟူ၍ အယူသီးအဆိုကိုပင် ဆိုပြန်သည်။ ထိုအဆိုကိုလည်း ဗုဒ္ဓကလက်မခံ ငြင်းပယ်တော်မူသည်။

(၄) အချို့ဒိဗ္ဗစက္ခု ရသူများကမူ "ကောင်းမှု ကုသိုလ်ကံဆိုသည်မှာ မရှိ ကုသိုလ်ကံ၏အကျိုးသည်မရှိ"ဟူသောအဆိုကို တင်၏။ ထိုအဆိုကား မှန်ကန်မှုမရှိ၊ ဘုရားရှင်ခွင့်ပြုနိုင်သော လက်ခံနိုင်သော အဆိုမဟုတ်ပေ။

ထိုသူကပင် ဒုတိယအဆိုဝါဒကို ဆက်၍ဆိုပြန်သည်။ "ဤလူ့ပြည်၌ ကုသိုလ်ကံများပြုပြီးနောက် သေသွားသူသည် ငရဲသို့ကျရောက်ရသည်ကို ငါမြင်၏" ဟူ၍ ဆိုလေသည်။ ထိုအဆိုကိုမူကား ဘုရားခွင့်ပြုတော်မူသည်။ အဘယ်ကြောင့်ဆိုသော် ထိုအဖြစ်မျိုး ရှိနိုင်သောကြောင့်တည်း။ ဒိဗ္ဗစက္ခုရသော ထိုပုဂ္ဂိုလ်သည် လူ့ပြည်တွင် ပြုခဲ့သော ကောင်းမှုကံနှင့် ငရဲကျရသူ၏ အကျိုးဆက်ကို ဆီလျော်သော ကြောင်းကျိုးဆက်စပ်မှု စင်မှတ်မှားသောကြောင့် ထိုသို့ဆိုခြင်း ဖြစ်ပေသည်။ သူ၏ ဒိဗ္ဗစက္ခုဉာဏ်အမြင်က မှားသည်မဟုတ်ပဲ ကံ၏အကျိုးအပေါ် ဆင်ခြင်သုံးသပ်မှု သို့မဟုတ် သိမြင်မှုမှားခြင်း ဖြစ်သည်။

ဒုတိယအဆို မှားနေသည်ကို မသိရှာသော ထိုဒိဗ္ဗစက္ခုရ ပုဂ္ဂိုလ်သည် ဆက်လက်၍ ခြုံယူဆင်ခြင်မှု ပြုပြန်လျှင် အမှားသာလျှင် ဆင်ခြင်မိပေတော့မည်။ သူ၏ ထဆင့်တက်အဆိုမှာ "ကုသိုလ်ကံကို ပြုသူအားလုံး သေပြီးသည်မှနောက်၌ ငရဲသို့ကျရောက်ရ၏" ဟူ၍ ဖြစ်သည်။ ထိုအဆိုမှာ ပါဝင်အောင်လွဲသည်ဟု ဆိုချင်သည်။ သို့သော် မြတ်စွာဘုရားကမူ ဝေါဟာရမှာ လိမ္မာတော်မူလှသည့်အတိုင်း 'ထိုအဆိုကို ငါဘုရား ခွင့်မပြု' ဟူ၍သာ သုံးနှုန်း၍ ပယ်ချခဲ့လေသည်။

ဆက်လက်၍တဖန် ငါ့အယူသာ အမှန်တည်း။ ဤအယူနှင့်တူညီလျှင် မှန်၏။ မတူညီလျှင် အမှားချည်းတည်းဟု တယူသန် ဆက်၍ဆိုပြန်သေးသည်။ ထိုအဆိုကား မှန်ဖွယ်ရာ မရှိတော့။

ဒိဗ္ဗစက္ခု ရသူတို့၏ အမြင် ၄ မျိုးရှိသည့်အနက် မည်သည့်အမြင်မျှ ပြည့်စုံမှန်ကန်မှုမရှိချေ။ ထိုပုဂ္ဂိုလ်တို့၏ အမြင်မှာ မှန်ကန်နိုင်သော်လည်း ထိုအမြင်အရ ရှုမြင်သုံးသပ်သော အခါတွင် မှန်ကန်အောင် မသုံးသပ်နိုင်တော့ချေ။ သုံးသပ်ခြင်း၊ ဆုံးဖြတ်ခြင်း၊ ဝါဒတခုပြုခြင်းဆိုသည်မှာ အမြင်ရှိရုံနှင့် မပြီးချေ။ ကိုယ်တိုင်တွေ့ ကိုယ်တိုင်မြင်ရမှ ယုံချင်သူများ ရှိကြသည်။ ကိုယ်တိုင်တွေ့တိုင်း ကိုယ်တိုင်မြင်တိုင်း မှန်မှန်ကန်ကန်

ဆုံးဖြတ်နိုင်ပါမည်လော။ ဒိဗ္ဗစက္ခုအမြင်ဖြင့် ဆုံးဖြတ်ခြင်းမှာပင် အမှားအယွင်း ရှိနိုင်သေးလျှင် သာမန်မျက်စိဖြင့် အမြင်မှာ ဆိုဖွယ်မရှိချေ။ ထို့ကြောင့် ကံသည် ဘုရားရှင်တို့၏ ဉာဏ်တော်အရာသာ ဖြစ်သည်ကို သဘောပေါက်နိုင်တော့သည်။

(မဇ္ဈိမနိကာယ်၊ မဟာကမ္မဝိဘင်္ဂသုတ်)

အကျိုးပေးတခြား ကံတခြား

ကံတရား၏ အမှတ်အသားလက္ခဏာမှာ ကောင်းမှုလုပ်လျှင် ကောင်းကျိုးပေး၍ မကောင်းမှုလုပ်လျှင် မကောင်းကျိုး ပေးခြင်းဖြစ်သည်။ သို့ရာတွင် ပစ္စက္ခမြင်တွေ့နေရသည်မှာ မကောင်းမှုလုပ်လျက် ချမ်းသာခံစားရမှု ကောင်းမှုလုပ်လျက် ဒုက္ခခံရမှုများလည်း ရှိနေကြောင်း တွေ့ရပေသည်။

ပဒေသရာဇ်ခေတ်တွင် ရှင်ဘုရင်ကိုသတ်၍ မင်းဖြစ်ရသည်။ လူသတ်မှုသည် မကောင်းမှုကံပင် ဖြစ်သော်လည်း လက်တွေ့အကျိုးရသည်မှာ မင်းစည်းစိမ်ဖြစ်နေသည်။ ယခုအခါတွင်လည်း မတရားစီးပွားရှာ၍ ကြီးပွားနေသူများကို တွေ့နိုင်သည်။ ကောင်းမှုတွေချည်း အထပ်ထပ်ပြုပါလျက် မကောင်းကျိုး ခံစားရသူလည်း ရှိနေသည်ပင် ဖြစ်သည်။

ထိုအခါ ကောင်းမှုလုပ်၍ ကောင်းကျိုးမသေချာ၊ မကောင်းမှုလုပ်၍ မကောင်းကျိုး မသေချာဟု ယူဆစရာ ဖြစ်လာသည်၊ လယ်တီဆရာတော်၏ အဆိုအမိန့်ကို မှတ်ယူသင့်၏။

"ကံပြုစဉ်အခါ၌ ပေးသောအကျိုးသည် ဖြောင့်မှန် ခိုင်မြဲသည်ဟူ၍ မရှိ၊ ကောင်းသော ကလျာဏကံကို ပြုစဉ်အခါ၌လည်း ဆင်းရဲဒုက္ခကို ခံစားရတတ်၏။ မကောင်း ယုတ်မာသော ပါပကံကို ပြုစဉ်အခါ၌လည်း ချမ်းသာသုခကို ခံစားရတတ်၏။ ကံရင့်ကျက်၍ အကျိုးပေးချိန် တန်သောအခါ၌ ပေးသောအကျိုးသည်ကား ဖြောင့်မှန်ခိုင်မြဲလေ၏။ ကောင်းသော ကလျာဏကံ အတွက်ကြောင့် ချမ်းသာသုခကိုသာ ခံစားရ၏။

ဆင်းရဲဒုက္ခကို မခံစားရ။ ယုတ်မာသောပါပကံ အတွက်ကြောင့် ဆင်းရဲဒုက္ခကိုသာ ခံစားရ၏” (သမ္မာဒိဋ္ဌိ ဒီပနီ)

မုချအကျိုးနှင့် အကျိုးဆက်ဟူ၍ အကျိုးနှစ်မျိုးရှိလေရာ မုချအကျိုးသည် ဖြောင့်မှန်ခိုင်မြဲ၏။ ကောင်းသော ကံ၏အကျိုးသည် သုခဖြစ်၍ မကောင်းသော ကံ၏အကျိုးသည် ဒုက္ခဖြစ်လေသည်။ မုချအကျိုးသည် ပြုလုပ်သော ကံအလိုက် တိတိကျကျ အကျိုးပေးလေသည်။ ဘယ်အခါမှ အကျိုးပေးတခြား ကံတခြား မဖြစ်ပေ။

ဘုရင်သတ်၍ နန်းစည်းစိမ်ရခြင်းသည် ကံ၏မုချဖြစ်သော ကြောင်းကျိုးဆက်သွယ်မှု မဟုတ်ပေ။ ကြီးကျယ်သော အကျိုးဟု ထင်ရသော်လည်းကံ၏ မုချအကျိုးပေးနှင့် နှိုင်းစာလျှင် ဘာမျှမပြောပလောက်သော အကျိုးမဟုတ်ပေ။ ကံ၏အကျိုးပေး စွမ်းပကားသည်ကား တိုင်းဆ၍ မရနိုင်အောင်ပင် ကြီးကျယ်လှ၏။

ကံတူအကျိုးပေး

ပြုလုပ်ခဲ့သောကံနှင့် အလားတူသော အကျိုးကို ဖြစ်စေခြင်းသည် ကံတူအကျိုးပေးပင်ဖြစ်သည်။ ကာမေသု မိစ္ဆာစာရကံကို ကျူးလွန်ခဲ့သူသည် နောင်အခါ လူ့ဘဝ ရောက်လာသောအခါ ထိုကံ၏အကျိုးကို လက်ခံရတတ်၏။ ရရှိသော အကျိုးတရားမှာ လိင်နှင့် ပတ်သက်သော မကောင်းကျိုး တခုခုဖြစ်တတ်၏။ ပစ္စည်းပျောက်ရှမှု လူသတ်ခံရမှုစသော အကျိုးများ မဖြစ်တတ်ချေ။ အကယ်၍ ပါဏာတိပါတကံခေါ် သူ့အသက်သတ်မှု ကံကို ရေးကပြုခဲ့၍ ယခုဘဝ၌ အကျိုးပေးလာလျှင် အသတ်ခံရမှု အကျိုးများရတတ်သည်။ အခိုးခံရမှုစသော မသက်ဆိုင်သော အကျိုးများ ရမလာတတ်ပေ။ ထိုသို့ကံသည် ကျူးလွန်မှုအပေါ် မူတည်၍ ထိုအမှုအားလျော်စွာ အကျိုးပေးတတ်ပေသည်။

မြတ်စွာဘုရား လက်ထက်တော်က သာဝတ္ထိမြို့တံခါးအနီးရှိ ရွာကို မီးလောင်ရာ မြက်ကရွတ်ခွေတခု မီးစွဲပြီး မြောက်တက်လာကာ ပျံနေသော ကျီးကန်း၏ လည်ပင်းမှာ စွပ်မိလေသည်။ ထိုကျီးကန်းသည် မြေသို့ကျ၍ သေသွားရှာသည်။

သမုဒ္ဒရာထဲတွင် သင်္ဘောကြီးတစင်းသည် ရှေ့သို့ဆက်မသွားပဲ ထူးဆန်းစွာ ရပ်တန့်နေသည်။ "ငါတို့သင်္ဘောမှာ သူယုတ်မာပါ၍ ဖြစ်မည်" ဟု မဲချ၍ သူယုတ်မာကို ရွေးထုတ်ကြသည်။ မဲသုံးကြိမ်သုံးခါ ပြန်ချရာ သင်္ဘောသူကြီး၏ မယားနှင့်သာ ထပ်ခါထပ်ခါ ကျလေသည်။ အများ အတွက် တယောက်ကို မငဲ့နိုင်တော့ပဲ လည်ပင်းမှာ သဲအိုးကိုချည်၍ သမုဒ္ဒရာထဲ ပစ်ချခဲ့ကြရသည်။ သင်္ဘောသူကြီးကတော်ကို ပစ်ချပြီးသည်နှင့် သင်္ဘောသည် အရှိန်နှင့် ဆက်၍သွားလေတော့သည်။

ရဟန်းငယ်တပါးသည် တောင်ခြေရင်းရှိ လိုဏ်ဂူတခုမှာနေသည်၊ တနေ့သ၌ တောင်ထွဋ်ပြိုကျ၍ လိုဏ်ဂူပေါက်ပိတ်သွားသည်။ ခုနစ်ရက်ရှိမှ ကျောက်တုံး အလိုလိုလိမ့်၍ ပွင့်သွားလေသည်။

ထိုအဖြစ်အပျက် သုံးရပ်သည် ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် တရားဟောခိုက် တပြိုင်နက် ဆိုက်ရောက်လာသည်။ ရှေးကံအကြောင်းရင်းကို သိလို၍ မြတ်စွာဘုရားအား လျှောက်ထားကြရာ ထိုသုံးဦးတို့၏ ရှေးကပြုခဲ့သည့် ကံအကြောင်းကို ဟောတော်မူခဲ့သည်။

မီးလောင်သေဆုံးသော ကျီးကန်းသည် ရှေး လူဖြစ်စဉ်အခါက နွားကို ဆုံးမ၍ မနိုင်သဖြင့် နွားလည်ပင်းမှာ ကောက်ရိုးစည်းတပ်၍ မီးရှို့သတ်လိုက်ရာ နွားသေခဲ့ရသည်။ ထိုအကုသိုလ်ကံကြောင့် ယခုဘဝ၌ ထိုကံနှင့်တူသော အကျိုးကို ပေးခြင်းဖြစ်သည်။

လှေသူကြီး၏မယားသည် ရှေးဘဝက ခွေးကို စိတ်ဆိုးလှသဖြင့် ခွေးလည်ပင်းမှာ သဲအိုးဆွဲ၍ ရေထဲနှစ်သတ် သည်။ ထိုမကောင်းမှုကံကြောင့် ယခုဘဝ၌ သဲအိုးဆွဲ၍ ရေထဲပစ်ချ ခံရခြင်းဖြစ်သည်။

လိုက်ဂူပိတ်ခံရသော ရဟန်းသည် ရှေးဘဝ နွားကျောင်းသားဖြစ်စဉ်က ဖွတ်တကောင် တွင်းထဲဝင်သွားသည်ကိုမြင်၍ တွင်းဝကို ပိတ်ဆို့ခဲ့ဖူးသည်။ ခုနစ်ရက်စေ့သောအခါ ထိုနေရာသို့ ပြန်ရောက်လာရာ ဒ. မှတ်ရ၍ ထိုတွင်းကို ဖွင့်ကြည့်မိသည်။ အလာတော်သဖြင့် အားနည်းနေသော ဖွတ်ကို မြင်ရသောအခါ၊ သနားစိတ် ဝင်လာသောကြောင့် ဖွတ်ကို လွှတ်လိုက်တော့သည်။

ဤအတ္ထုပ္ပတ္တိ သုံးခုကိုကြည့်လျှင် ကံသည် တူသောအကျိုးကို ပေးတတ်ကြောင်း ထင်ရှားသည်။ "ကမ္မနိယာမ" ဟူသည် ဤသဘောပင်ဖြစ်ကြောင်း လယ်တီဆရာတော်က နိယာမဒီပနီတွင် ပြဆိုခဲ့သည်။

အကုသိုလ်ကံမှ လွတ်အောင် ပုန်းစရာနေရာ ဘယ်မှာမှ မရှိပေ၊ ကမ္မနိယာမအတိုင်း ခံကြရမည်သာ။

အကောင်းအဆိုး၊ အကျင့်မျိုးကား၊
ပြစ်ကျိုးမေးနေ၊ ရှိမြဲပေတည်း၊
နဘောဥမင်၊ ပင်လယ်ပြင်နိုက်၊
ခအောင်းဝင်ပုံတက်၊ ကံဂိပါက်မှ၊
လွတ်ကွက်လွတ်ရာ၊ မရှိစွာခဲ့။

(မဃဒေဝ–၂၃၁)

ကံသံသရာ

သတ္တလောကသားတို့သည် ကုသိုလ်ကံ အကုသိုလ်ကံများ ပြုလုပ်နေကြသည်သာ ဖြစ်သည်။ ထိုကံများကြောင့်ပင် ကောင်းကျိုး ဆိုးပြစ် ဝိပါက်အကျိုးတရားများ ဖြစ်လာရသည်။ ကောင်းမှုကံ၏ အကျိုးရသူများမှာ လူ့ပြည်၊ နတ်ပြည် ဗြဟ္မာပြည်တို့၌ ဖြစ်ကြရသည်။ ထိုအကျိုးတရားတွင် ရပ်ဘည်သျှက်ပင် နောက်ထပ်တဖန် ကံအသစ်များကို ပြုကြပြန်သည်။ ထိုကံများ ရင့်ကျက်လာသောအခါ အကျိုးဝိပါက်များ ဖြစ်လာရပြန်သည်။ ဤသို့ပင် အကြောင်းကံနှင့် အကျိုးဝိပါက်တို့ အဆက်

မပြတ် လည်ပတ်နေကြသည်။ ဤသည်ကိုပင် ကံ သံသရာ ဝိပါက်သံသရာ လည်သည်ဟု ဆိုရတော့သည်။ ကမ္မဝဋ္ဋ-ကံ သံသရာ လည်ခြင်းပင်တည်း။

ပဋိစ္စသမုပ္ပါဒ် ဒေသနာကို ရှုမြင်သုံးသပ်လျှင် ကံနှင့် ဝိပါက်သံသရာ လည်ပုံကို ရှင်းရှင်းလင်းလင်း တွေ့မြင်ရပေမည်။ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝဆိုသည်မှာ ခြုံ၍ဆိုရလျှင် ကံပင်ဖြစ်သည်။ ဝိညာဉ်၊ နာမ်၊ ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ အကျိုးတရား ငါးပါးတို့မှာ ဝိပါက်ပင်ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ်တွင် ဤအကြောင်းတရားနှင့် ဤအကျိုးတရားတို့ အဆက်မပြတ် လည်ပတ်နေပုံကို တွေ့ရမည်ပင် ဖြစ်သည်။

ဤသို့လည်ပတ်နေမှုသည် သတ္တလောကပင် ဖြစ်၏။ သတ္တလောကသည် ဤသို့ လည်ပတ်နေ၏။

ဥပမာအားဖြင့် ကံသည် မျိုးစေ့နှင့်တူ၍ ဝိပါက်အကျိုး တရားသည် သစ်ပင်နှင့် တူပေသည်။ မျိုးစေ့ကြောင့် သစ်ပင်ဖြစ်လာ သကဲ့သို့ပင် သစ်ပင်မှပင် မျိုးစေ့ပြန်၍ ဖြစ်ထွန်းပြန်လေသည်။ မျိုးစေ့က အရင်ဖြစ်၍ သစ်ပင်က နောက်မှဖြစ်သည်။ သစ်ပင်က အရင်ဖြစ်၍ မျိုးစေ့က နောက်မှ ဖြစ်သည်ဟု မဆိုနိုင်ချေ။ သဲဥ အစရှာမတွေ့သကဲ့သို့ပင် မျိုးစေ့နှင့် သစ်ပင်တို့၏ မူလအစကို ဘယ်သူမှ သုတေသနပြု၍ ရနိုင်မည်မဟုတ်ပေ။ မဆုံးနိုင်သော အနာဂတ်ကာလ တလျှောက်တွင်လည်း မျိုးစေ့နှင့် သစ်ပင်တို့၏ သံသရာ ဤနည်းနှင်နှင် ဂျာအေး သူ့အမေရိုက်ဆိုသကဲ့သို့ ဖြစ်နေပေလိမ့်မည်။ သတ္တလောက၏ သံသရာလည်မှုမှာလည်း ထို့အတူပင်ဖြစ်သည်။ အတိတ်သံသရာ၏ အစကိုလည်း ရှာဖွေ၍ တွေ့မည်မဟုတ်ပေ။ အနာဂတ် သံသရာမှာလည်း အဆုံးအစွန်းကို ရှာဖွေ တွေ့ရှိလိမ့်မည် မဟုတ်ပေ။ ကမ္မဝဋ္ဋဆိုသည်မှာလည်း ဤသဘောအတိုင်းပင် ကံနှင့်ဝိပါက် အဆက် မပြတ် လည်ပတ်နေမှုပင် ဖြစ်သည်။ (ကမ္မ=ကံ၊ ဝဋ္ဋ=လည်ပတ်နေခြင်း)

(ဝိသုဒ္ဓိမဂ်၊ဒု ၂၃၇)

ကံဖြစ်ပေါ်ရန် အကြောင်းတရားများ

အကုသိုလ်ကံ ဖြစ်ပေါ်ရန် အကြောင်းသုံးပါး ရှိသည်။ လောဘ, ဒေါသ, မောဟ တို့ ဖြစ်သည်။ လောဘကြောင့် ဖြစ်သောကံသည် အကုသိုလ်ကံ ဖြစ်သည်။ ထိုကံသည် အပြစ်ရှိသော တရားဖြစ်၏။ ဆင်းရဲသော အကျိုးတရားကို ဖြစ်ပေါ်စေတတ်၏။ ထိုကံကြောင့် နောက်ထပ် ကံ အသစ်တခု ဖြစ်ပေါ်လာနိုင်၏။ နောက်ထပ် ကံတခု ဖြစ်ပေါ်လာနိုင်၏ ဆိုသည်မှာ ထိုကံကို အကြောင်းပြု၍ ဘဝသစ်တခုကို ရလာသောအခါ နောက်ထပ်တဖန် ကံအသစ်တခုကို ပြုလုပ်ဦးမည်ဟုဆိုနိုင်ရန်အကြောင်းရှိခြင်းပင်တည်း။ ထိုကံ ၊ ည် ကံတို့၏ ချုပ်ငြိမ်းခြင်းကို မဖြစ်နိုင်ပေ။

ဒေါသကြောင့် ဖြစ်သောကံ မောဟကြောင့် ဖြစ်သောကံတို့သည်လည်း အကုသိုလ်ကံများပင် ဖြစ်သည်။ လောဘကြောင့် ဖြစ်သောကံ နည်းတူပင်ဖြစ်၍ မရေးတော့ပြီ။

ကုသိုလ်ကံဖြစ်ပေါ်ရန် အကြောင်းမှာလည်း သုံးပါးပင်ဖြစ်သည်။ အလောဘ အဒေါသနှင့် အမောဟတို့ ဖြစ်သည်။

အလောဘကြောင့် ဖြစ်သောကံသည် ကုသိုလ်ကံဖြစ်သည်။ ထိုကံသည် အပြစ်မရှိသော တရားဖြစ်၏။ ချမ်းသာသော အကျိုးကို ပေးစွမ်းနိုင်၏။ အဒေါသနှင့် အမောဟတို့ကိုလည်း အလောဘနည်းတူ သိနိုင်ပြီ။

လောဘရှိသူသည် ကိုယ် နှုတ် စိတ်တို့ဖြင့် အားထုတ်၏။ ယင်းအားထုတ်မှုသည် အကုသိုလ်တည်း။ လောဘသည် ယင်းအကုသိုလ်၏ အကြောင်းရင်းတည်း။ ထပ်မက်မူ လောဘရှိသောသူသည် လောဘ လွှမ်းမိုးသောစိတ် ရှိသည်ဖြစ်၍ သူတပါးအား သတ်ဖြတ်ခြင်း နှောင်ဖွဲ့ခြင်း စသည်ဖြင့် ဆင်းရဲတို့ ဖြစ်စေ၏။ ယင်းသို့ ဖြစ်စေခြင်းသည်လည်း အကုသိုလ်ပင်တည်း။ လောဘကြောင့်ဖြစ်သော မြောက်မြားစွာသော အကုသိုလ်တရားတို့သည် ထိုသူအားဖြစ်ကုန်၏။ ဒေါသ,မောဟ,တို့ကြောင့် ဖြစ်သော အကုသိုလ်ကံတို့ကိုလည်း၊ လောဘနည်းမှီ၍ သိနိုင်ပေသည်။

လောဘ, ဒေါသ, မောဟ ရှိသူတို့မှာ မတရားမှုကို ပြုတတ်သည်။ ငါ့မှာ အင်အားရှိသည်။ ငါလုပ်လျှင် ဘာမဆို ဖြစ်သည်ဟု ထင်မှတ်သည်။ ထို့ကြောင့် သူတပါးကို သတ်ခြင်း နှောင်ဖွဲ့ခြင်း စသည် ပြုလုပ်သည်။ အမှန်ပြောလျှင်လက်မခံ၊ မဟုတ်မမှန် သည်ကိုပြောသည်ရှိသော် ဤစကားသည် ဤသို့သော အကြောင်းကြောင့် မမှန်၊ ဤသို့သော အကြောင်းကြောင့် မဟုတ်ဟုဖြေရှင်းရန် မကြိုးစားတော့ချေ။

အကုသိုလ်ကံ၏ အကြောင်းတရား သုံးပါးတို့မှာ အဖျက်တရားများဝင်ဖြစ်သည်။ အင်ကြင်းပင်ဖြစ်စေ၊ မျောက်ငိုပင်ဖြစ်စေ၊ ကြို့ပင်ဖြစ်စေ မာလော့နွယ်များ ရစ်ပတ် မှေးယှက်ခြင်းကို ခံရလျှင် ထိုသစ်ပင်များ ကြီးပွား စည်ပင်မှုမရှိ၊ ပျက်စီးခြင်းသို့ ရောက်ရသကဲ့သို့ ထို့အတူ အကုသိုလ် တရားယုတ်တို့ နှိပ်စက်ခံရလျှင် ယခုဘဝတွင်လည်း ပင်ပန်းဆင်းရဲစွာ နေရသည်၊ သေပြီးနောက် မကောင်းသော လားရာဂတိသို့ ရောက်လိမ့်မည်ဟု မျှော်လင့်အပ်ပေသည်။

(အင်္ဂုတ္တိုရ်ပါဠိတော် အကုသလ မူလသုတ်၊ ပဌမနိဒါနသုတ်)

ကာလပိုင်းခြားကံ ၁၂-ပါး

သက်ရှိပုဂ္ဂိုလ် မှန်သမျှ ကံနှင့် ကင်းကြသည် မရှိပေ။ ကံနှင့်မကင်းသကဲ့သို့ပင် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ဟူသော အချိန်ကာလ သုံးရပ်နှင့်လည်း မကင်းပေ။ တဦးတယောက်စီ ပြုလုပ်ကြသော ကံများသည်ပင် ဆိုးကောင်းဆိုးရွား များလှစွာ၏။ ထိုကံများ၏ အကျိုးပေးလှည့် တန်းစီဇယား ဆွဲပြရန်ကား မလွယ်ပေ။ ရင့်ကျက်သောကံများ အားအင်ပြည့်သောကံများ အကျိုး ပေးလှည့် ဦးစွာရရမည်မှာ သဘာဝကျသည်။ သို့သော် အတိအကျပြောရန်ကား ခက်၏။ ထိုများစွာသောကံတို့ကို ကာလ သုံးပါးနှင့် ပိုင်းခြား၍ ခွဲလျှင် တဆယ့်နှစ်မျိုးရှိသည်။

အတိတ်ကံနှင့်ပတ်သက်၍ ၆-မျိုး
ပစ္စုပ္ပန်ကံနှင့်ပတ်သက်၍ ၄-မျိုး၊
အနာဂတ်ကံနှင့်ပတ်သက်၍ ၂-မျိုးရှိသည်။

(၁) အချိုက်များမှာ အတိတ်ဘဝက ပြုခဲ့ပြီး အတိတ်ဘဝမှာပင် အကျိုးပေးခဲ့သည်။ ဤကံမှာ အကျိုးပေးပြီး ဖြစ်သည်။ ဒိဋ္ဌဓမ္မဝေဒနီယ ကံမျိုးဖြစ်သည်ဟု ယူဆနိုင်ပေသည်။

(၂) အချိုက်များမှာ အတိတ်ဘဝက ပြုခဲ့ပြီး အတိတ်ဘဝ၌ အကျိုး မပေးခဲ့ပေ။ အတိတ်ဘဝက လက်ငင်း အကျိုးပေးနိုင်သော ဒိဋ္ဌဓမ္မဝေဒနီ-ယကံများကို ပြုလုပ်အားထုတ် ခဲ့သော်သည်း အခြားကံတပါးကသာ အကျိုးပေးခဲ့သဖြင့် လက်ငင်း အကျိုးပေးနိုင်သောကံများ အကျိုးမပေး ခဲ့ရပေ။ ဤကံမျိုးကို အတိတ်ဘဝက လက်ငင်း အကျိုးပေးနိုင်လျက် အကျိုးပေးခွင့် မရလိုက်ပဲ အဟောသိကံ ဖြစ်သွားရသော ကံမျိုးဟု ဆိုသင့်သည်။ အဟောသိကံ မဖြစ်ပဲ ဒုတိယဘဝ၌ အကျိုးပေးပါက ဥပပဇ္ဇဝေဒနီယကံဟု ဆိုရပေမည်။ သို့မဟုတ် တတိယဘဝမှစ၍ နောက် နောက်သင့်တော်သော ဘဝ၌ အကျိုးပေးပါက အပရာပရိယဝေဒနီယကံ ဟု ဆိုရပေမည်။

(၃) အတိတ်ဘဝက ပြုလုပ်ခဲ့၍ ယခုပစ္စုပ္ပန်ဘဝ၌ အကျိုးပေးဆဲကံ၊ အတိတ်ဘဝက ပြုလုပ်ခဲ့သောကံသည် ယခုလက်ရှိဘဝ၌ ပဋိသန္ဓေ စွဲနေနိုင် အောင် အကျိုးပေးခဲ့သည့်အပြင် ပဝတ္တိအကျိုးကိုလည်း ပေးသည်။ ဤကံ မျိုးကို ဒုတိယဘဝ၌ အကျိုးပေးသော ကံမျိုးဟု ဆိုသင့်သည်။ အကျိုး ပေးဖြစ်သော ဥပပဇ္ဇဝေဒနီယကံဟု ဆိုရတော့မည်။

(၄) အတိတ်ဘဝက ပြုခဲ့၍ ယခုဘဝ၌ အကျိုးပေးဆဲမဟုတ်သောကံ ဤကံမှာ ပြုသောဘဝမှ ဒုတိယမြောက်ဘဝတွင် ပဋိသန္ဓေကျိုးရော ပဝတ္တိအကျိုးပါ ပေးနိုင်စွမ်းရှိလျက် မိမိထက်အားကောင်းသော ကံ၏ အကျိုးပေးလှည့် ကြားဖြတ်ဝင်သွားသောကြောင့် ကိုယ်တိုင်အကျိုးပေး ခွင့် မရလိုက်တော့ပေ၊ အဟောသိကံ ဖြစ်သွားသော ဥပပဇ္ဇဝေဒနီယ-ကံဟု ဆိုပါက သင့်ပေမည်။ သို့မဟုတ်လျှင် အပရာပရိယဝေဒနီယကံ ဟု ဆိုရပေမည်။

(၅) အတိတ်ဘဝက ပြုလုပ်ခဲ့၍ လာလတ္တံ့သောဘဝ၌ အကျိုးပေးမည့်ကံ ဤကံမှာ အနည်းဆုံး တဘဝတာ ကာလ ကြားခံပြီးမှ အကျိုးပေးသောကြောင့် အပရာပရိယဝေဒနီယကံ ဟုဆိုရပေမည်။

(၆) အတိတ်ဘဝက ပြုလုပ်ခဲ့၍ လာလတ္တံ့သောဘဝ၌ အကျိုးမပေးမည့်ကံ၊ ဤကံလည်း ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုး နှစ်မျိုးလုံးကိုပင် ပေးစွမ်း နိုင်သည်။ သို့ရာတွင် အကြောင်းမညီညွတ်သဖြင့် လာလတ္တံ့သောဘဝ၌ အကျိုးမပေးခြင်းဖြစ်သည်။ ထိုကံကို အဟောသိကံဖြစ်သွားသော အပရာပရိယဝေဒနီယကံဟု တထစ်ချမဆိုအပ်ပေ။ အဘယ့်ကြောင့်ဆိုသော် အပရာပရိယဝေဒနီယကံ၏သဘောမှာ နိဗ္ဗာန်မရမီအချိန်အတွင်း အကျိုးပေးခွင့် ရှိနေသေးသည်။

ဤကံခြောက်မျိုးမှာ အတိတ်ကံခြောက်မျိုးဖြစ်သည်။ အတိတ်က ပြုခဲ့သောကံကို ဒိဋ္ဌဓမ္မဝေဒနီယကံစသော ကံလေးမျိုးဖြင့် ဝေဖန်ပြခြင်းဖြစ်သည်။

(၇) ယခုဘဝ၌ ပြုလုပ်၍ ယခုဘဝ၌ပင် အကျိုးပေးသောကံ။ ဤကံမှာ ဒိဋ္ဌဓမ္မဝေဒနီယကံဖြစ်ကြောင်း ထင်ရှားသိသာသည်။

(၈) ယခုဘဝ၌ ပြုလုပ်၍ ယခုဘဝ၌အကျိုးမပေးသောကံ ယခုဘဝ၌ အကျိုးပေးနိုင်လျက် အကြောင်းမညီညွတ်၍ အကျိုးမပေးလိုက်ရသော ဒိဋ္ဌဓမ္မဝေဒနီယကံဟု ဆိုနိုင်သည်။ သို့သော် အကျိုးမပေးဖြစ်သည်နှင့် အဟောသိကံ ဖြစ်သွားတော့သည်။ ထို့ပြင် ထိုကံသည် ဒုတိယဘဝ၌ အကျိုးပေးပါက ဥပပဇ္ဇဝေဒနီယကံဟုဆိုရသည်။ အကယ်၍ တတိယဘဝမှစ၍ နိဗ္ဗာန်မရောက်မီစပ်ကြား ဘဝတခုခုတွင် အကျိုးပေးပါက အပရာပရိယဝေဒနီ ယကံဟု ခေါ်ဆိုရလေသည်။

(၉) ယခုဘဝ၌ ပြုလုပ်၍ လာလတ္တံ့သောဘဝ၌ အကျိုးပေးမည့်ကံ ထိုကံသည် ပဋိသန္ဓေအကျိုးရော ပဝတ္တိအကျိုးပါ ပေးနိုင်သည်။

ထိုကံသည် ဒုတိယဘဝ၌ အကျိုးပေးပါက ဥပပဇ္ဇဝေဒနီယကံဖြစ်၍ နောက်နောက်ဘဝတို့၌ အကျိုးပေးပါက အပရာပရိယဝေဒနီယကံဖြစ်သည်။

(၁၀) ယခုဘဝ၌ပြုလုပ်၍ လာလတ္တံ့သောဘဝ၌အကျိုးမပေးမည့်ကံ၊ အကြောင်း မညီညွတ်သဖြင့် ဒုတိယဘဝ၌ အကျိုးပေးခွင့်မရသော ဥပပဇ္ဇဝေဒနီယကံဟုဆိုသင့်သည်။ ဒုတိယဘဝတွင် အကျိုးမပေးသော်လည်း တတိယဘဝမှစ၍ တခုခုသောဘဝတွင် အကျိုးပေးပါက အပရာပရိယဝေဒနီယကံ ဟုဆိုရပေမည်။ လုံးဝ အကျိုးမပေးလိုက်ရပါကအဟောသိကံ ဖြစ်သွားတော့သည်။

(၇) မှ (၁၁)အထိ ကံ ၄-မျိုးမှာ ပစ္စုပ္ပန်ကံနှင့်သာ သက်ဆိုင်သည် အတိတ်ကာလကို ချန်လှပ်ခဲ့ရသဖြင့် ပစ္စုပ္ပန်ကံ ၄-မျိုးသာ ခွဲခြားရသည်။ ကံသည် အကြောင်းတရား ဖြစ်သည့်အလျောက် ပြုပြီးနောက်ကာလများသာ အသုံးဝင်သည်။ ကံ၏သဘောမှာနောက်ကြောင်းပြန်၍ အကျိုးပေးသည်မရှိပေ၊ အကြောင်းတရားနောက်သို့ အကျိုးတရားက လိုက်ရစမြဲပင်။

(၁၁) လာလတ္တံ့သောဘဝ၌ အားထုတ်ပြုလုပ်၍ လာလတ္တံ့သောဘဝ၌ အကျိုးပေးမည့်ကံ။ ဤကံမှာ အကျိုးပေးဖြစ်သော ဒိဋ္ဌဓမ္မဝေဒနီယကံဟုဆိုနိုင်သည်။ ဤ၌လာလတ္တံ့သော ကာလဆိုသည်မှာ ဆုံးသော အရာမဟုတ် ကံကိုပြုလုပ်သောဘဝမှာပင် အကျိုးပေးက ဒိဋ္ဌဓမ္မဝေဒနီယ ခေါ်သည်။ ပြုလုပ်သောဘဝမှ ဒုတိယမြောက်ဘဝ၌ အကျိုးပေးပါက ဥပပဇ္ဇဝေဒနီယကံ ဟုဆိုရသည်။ ထို့မှ နောက်နောက်ဘဝတို့၌ အကျိုးပေးပါက အပရာပရိယဝေဒနီယကံ ဟုဆိုရသည်။

(၁၂) လာလတ္တံ့သောဘဝ၌ အားထုတ်ပြုလုပ်၍ လာလတ္တံ့သောဘဝ၌ အကျိုးမပေးမည့် ကံ ဤကံမှာ အကျိုးပေးဖြစ်မည် မဟုတ်သော ဒိဋ္ဌဓမ္မဝေဒနီယကံဟုဆိုနိုင်သည်။ သို့ရာတွင် ပြုလုပ်သည့်ဘဝနှင့်မတူသော

အနာဂတ်ဘဝတခုခု၌ အကျိုးပေးပါက ဥပပဇ္ဇဝေဒနီယကံနှင့်အပရာပရိယ ဝေဒနီယကံဘို့လည်း ဖြစ်နိုင်သည်။ သို့မဟုတ်ပဲ လုံးဝအကျိုးမပေးတော့ ပါက အဟောသိကံ ဖြစ်ရတော့သည်။

နံပါတ် (၁၁)နှင့်(၁၂)တို့မှာ အနာဂတ် ကံနှစ်ရပ်ဖြစ်သည်။ ကံသည် နောက်ကြောင်းမပြန်သောကြောင့် အနာဂတ်ကံ နှစ်ပါးသာ ပြဆိုသည်၊ (ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိတော်။ ၂၇၁)

ကံတရားကြောင့် သံသရာ ရှည်ရသည်မဟုတ်။

သံသရာလောကတွင် ပစ္စုပ္ပန်ဆိုသော အချိန်ကလေးကား မပြောပ လောက်ပေ။ ဘိုင်းဘာ၍ မရသေးအမှတ်ကလေးတစက်ဟု ဆိုရချေမည်။ ပစ္စုပ္ပန်၏ ရှေ့နောက် ကာလရှည်ကြီးမှာမူ ဆွဲဆန့်၍ မဆုံးနိုင်အောင် ရှည်၏။ ယင်းသံသရာလောက သုံးဆယ့်တဘုံဘဝတွင် လူ့ပြည်၊နတ်ပြည်၊ ဗြဟ္မာ့ပြည်၌ ဖြစ်ရသည်မှာသည်း ကံကြောင့်ဖြစ်၏။ အပါယ်ဘုံသို့ ကျရ ခြင်းသည်လည်း ကံကြောင့်ပင်ဖြစ်သည်။ အကုသိုလ်ကံတွေကို ပြုလုပ်နေ သမျှ အပါယ်ငရဲသို့ ကျရပေလိမ့်မည်။ ကုသိုလ်ကံတွေ ပြုလုပ်ပါက လူ၊ နတ်၊ဗြဟ္မာဖြစ်လာရသည်။အပါယ်ငရဲပင်ဖြစ်ဖြစ် လူ၊နတ်၊ဗြဟ္မာပင်ဖြစ်ဖြစ် သုံးဆယ့်တဘုံလောကမှ မလွန်မြောက်သေး ထိုဘောင်အတွင်းမှာပင် လှည့်ပတ်နေရသည်။

ဤသို့ဆိုသဖြင့် ကံတရားကို ပြုလုပ်လျှင် သံသရာရှည်တော့သည်ဟု ယူဆဖွယ်ဖြစ်သည်။ ကုသိုလ်ကံဖြစ်စေ အကုသိုလ်ကံဖြစ်စေ၊ မိမိပြုသော ကံအလျောက် ထိုထို ဘုံဘဝ၌ ဖြစ်ကြရသောကြောင့် ကံနှစ်မျိုးလုံးပင် သံသရာရှည်တရားဟုယူဆကာ ဒါနမှုကိုပြုစရာမလို သီလမှုကို ပြုစရာ မလို စသည့်အယူအဆများ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဘဝတခုတွင်ပင် ပြုလုပ်မိသော ပြုလုပ်ဖြစ်သောကုသိုလ်ကံ အကုသိုလ်ကံတို့မှာ များလှ၏ ဘဝများစွာ သံသရာတလျှောက် ပြုလုပ်ခဲ့ သော ကံများကိုပါ ထည့်တွက်လျှင် များမြောင်လှပေ၏။ ဤလူ့ ဘဝ

တလျှောက်တွင် ပြုလုပ်ခဲ့သောကံများကိုပင် မှတ်မိသလောက် ရေတွက်ကြည့်ပါဦး။ ထိုကံများအနက်မှ ကုသိုလ်ကံတခုကို ထုတ်ကြည့်လျှင် နောင်ဖြစ်ပေါ်လာနိုင်သည့် အကျိုးတရားများမှာ တခုမကများလှ၏။ ထိုကုသိုလ်ကံ၏ ဇောဘချက် တချက်သည် ဘဝတခုခုကို ဖြစ်ပေါ်လာနိုင်သော မျိုးစေ့တစေ့ပင် ဖြစ်သည်မဟုတ်ပါလော ထိုကံများစွာထဲမှ ရင့်ကျက်သောကံတခုက ယခုမျက်မှောက် အကျိုးပေးနေသည်ပင်ဖြစ်သည်။ အကျိုးမပေးရသေးသော (သို့မဟုတ်) ပေးခွင့်မရသေးသော ကံများသည်လည်း ဖြစ် တည် ပျက် အရှိန်နှုန်းဖြင့် ဆက်ကာ ဆက်ကာ ပေါ်ပေါက်နေသော နာမ်ဓာတ်အလျဉ်တွင် အစဉ်လိုက်ပါနေကြသည်။

ဤအချက်ကို သုံးသပ်ကာ ထိုထိုဘဝများစွာက ပြုခဲ့သော ကောင်းကံမကောင်းကံတို့ကို မကုန်မချင်း ခံစားရလိမ့်မည်ဟု ယူဆမိတတ်ကြသည်။ မိမိပြုသော ကောင်းကံ မကောင်းကံ အလျှောက် ခံစားကြရသည်ဟူသောအချက်ကို ထောက်ဆ၍ ယူဆကြခြင်းလည်း ဖြစ်နိုင်သည်။ ရှိသမျှကံတွေကို အကုန်ခံစားပြီးမှ ဘဝလွတ်မြောက်မှုကို ရနိုင်သည်ဟုဆိုလျှင် အဘယ်မှာ မဂ်ဖိုလ်ရသူများ ရှိနိုင်တော့မည်နည်း အမှန်အားဖြင့် မဂ်ဖိုလ်ကို ရနိုင်သည်သာဖြစ်သည်။ မဂ်အန္တရာယ် ဖိုလ်အန္တရာယ်ကို ဖြစ်စေသည့်ကံများကို မပြုလုပ်မိရန်မှု သတိမူရပေလိမ့်မည် မဂ်အန္တရာယ် ဖိုလ်အန္တရာယ် ပြုဘတ်သောကံများမှာ ကုသိုလ်ကံများမဟုတ် မကောင်းမှုကံများသာ ဖြစ်သည်။ ထိုမကောင်းမှုကံထဲတွင်လည်း ကုစား၍ရသေးကံများ ရှိသေးသည်။ တောင်းပန်ဝန်ချရုံဖြင့် ပပျောက်သည့် ကုစားနည်းများလည်း ရှိနေသည်ပင်။ ထို့ကြောင့် ကုသိုလ်ကံတွေ မည်မျှများပြားစွာ ပြုလုပ်စေကာမူ သံသရာရှည်စေနိုင် မဟုတ်ကြောင်း မှတ်ယူအပ်သည်။

လွတ်မြောက်မှုကို ရလိုပါက ဘဝလွတ်မြောက်မှုအတွက် ကျင့်ကြံရေးလမ်းစဉ်များ ရှိနေသည်။ လွတ်မြောက်မှုအတွက် မကြိုးပမ်း မပြုလုပ်ကြ၍သာ သံသရာရှည်ရခြင်းဖြစ်သည် ကုသိုလ်ကံကြောင့် ရှည်ရသည်

မဟုတ် ကံကိုပင် အကြောင်းရင်း မှတ်မှားသဖြင့် နိဂဏ္ဌတို့ အယူလွဲခဲ့သည့်မဟုတ်ပါလော အမြစ်ရင်းဖြင်သော တဏှာကို မဖြတ်နိုင်သမျှ သံသရာရှည်ကြမည်သာ ဖြစ်သည်။

"ကံကိုပြုလုပ်သည့်အတိုင်း အကျိုးခံစားရ၏ဟု ဆိုလျှင် အဘယ်မှာလျှင် တရားအားထုတ်တော့မည်နည်း" ဟူသော မြတ်ဗုဒ္ဓမိန့်ကြားချက်ကိုသာ အလေးမူထိုက်ပေသည်။ (တိကအင်္ဂုတ္တိုရ်၊ လောဏကပလ္လသုတ်)

စကားဆက်စရာကား ရှိသေး၏။ ဘဝလွတ်မြောက်မှုကိုလိုက လွတ်မြောက်မှု ကျင့်စဉ်အတိုင်း ကျင့်ပါ။ သို့မဟုတ်ပါက ကုသိုလ်ကံများကို ထူထောင်ပါ။ အကုသိုလ်ကံတွေ ဖြစ်ခွင့်မပေးပါနှင့်။ ကုသိုလ်ကံတွေ ဆက်ကာ ဆက်ကာ ပြုလုပ်သဖြင့် ကောင်းမွန်သောဘဝတို့မှာ ကျင်လည်ရသည်။ သုဂတိဘဝကို လက်ကိုင် ရထားမှသာ လွတ်မြောက်မှုကို တဆင့်ကြိုးပမ်းနိုင်ခွင့်ရှိသည်။ မကောင်းမှု ဒုစရိုက်တွေကိုသာ ဆက်ကာ ဆက်ကာ ပြုလုပ်နေပါက သံသရာအောက်ဖျားက တက်နိုင်ကြမည်မဟုတ်၊ ဘဝလွတ်မြောက်မှုကို ကျင့်ကြံအားထုတ်နိုင်ခွင့်ရှိဖို့ မဆိုထားနှင့် ဘဝလွတ်မြောက်မှု ရှိသည်ဟုပင်သိနိုင်ဖို့ ခဲယဉ်းသည်။ လူ့ပ်လေ မြုပ်လေ ဖြစ်ရမည့်ဘဝမျိုးကို အရောက်မခံသင့်၊ လက်ရှိရထားသော ဘဝကား ဂုဏ်ငယ်လှသည်မဟုတ်၊ လူ့ဘဝဆိုသည်မှာ လွတ်မြောက်မှုကို ကျင့်ကြံခြင်းဖြင့် အရယူနိုင်ခွင့်ရှိသည်၊ အချိန်အခါအားဖြင့်လည်း လွတ်မြောက်မှု လမ်းစဉ်များ အထင်အရှားရှိနေသည့်ကာလ ဖြစ်နေပြန်သည်။ ဖော်နည်းကားရှိ၏။ ဖော်စားရန်သာလိုပေသည်။

ယုတ်မြတ်ခွဲခြား ကံတရား

ယုတ်မြတ်များစွာ၊ သတ္တဝါအား၊
ကံသာမယွင်း၊ ပြောင်းဆိုခြင်းသည်၊
ကြောင်းရင်းကမ္မသာကာတည်း။

(မဃဒေဝ၊ ၂၆၅)

သတ္တဝါတို့ တဦးနှင့်တဦး ကောင်းဆိုးယုတ်မြတ် မတူညီကြခြင်းသည် မိမိတို့ပြုသည့် ကံကြောင့်ပင်ဖြစ်သည်။

မြတ်စွာဘုရားဇေတဝန်ကျောင်းမှာ သီတင်းသုံးစဉ်အခါ သုဘလုလင်က မြတ်စွာဘုရားအား "လူလူချင်းတူပါလျက် အယုတ်အမြတ်ကွဲပြားခြင်းသည်အဘယ့်ကြောင့်ပါနည်း၊ သတ္တဝါတို့မှာ အသက်တိုရှည် ခြားနားကြသည်၊ အနာရောဂါများသူ၊ ကင်းသူမတူကြ၊ အဆင်းလှ မလှ ကွဲပြားကြသည်။ အခြံအရံရှိ မရှိခြားနားကြသည်၊ စည်းစိမ်ဥစ္စာ အနည်းအများ မညီမျှကြ၊ အမျိုး ယုတ် နိမ့်ရှိကြသည်၊ ပညာရှိ မဲ့မတူကြပေ၊ ဤသို့ ဖြစ်ရသည်မှာ အဘယ့်ကြောင့်နည်း" ဟူ၍ လျှောက်ထားမေးမြန်းခဲ့ဖူးသည်။

မြတ်စွာဘုရားက "သတ္တဝါတို့ကို ကံက ဝေဖန်ပိုင်းခြား ပေးသည့် အကြောင်း အကျဉ်းမျှ ဖြေကြားလေသည်။ လူချင်းတူလျက် အယုတ်အမြတ်စသည် မတူကြခြင်းမှာ ကံကြောင့်ပင်ဖြစ်သည်" ဟု ဖြေကြားလိုခြင်းပင်ဖြစ်သည်။

ယင်းဖြေကြားချက်သည် သုဘလုလင်၏ မေးခွန်းအတွက် လုံလောက်သော အဖြေ ကွက်ဟိအဖြေပင်ဖြစ်သည်။ သို့ရာတွင် သုဘလုလင်မှာ ဗုဒ္ဓ၏ အကျဉ်းဖြေကြားချက်ကို ချဲ့ထွင်နားမလည်နိုင်ပေ၊ ထို့ကြောင့် ဘုရားက အကျယ်ဟောကြားရလေသည်။

(၁) သူတပါး၏ အသက်ကိုသတ်ခြင်း၊ ကြမ်းကြုတ်ခြင်း၊သွေးစွန်းသော လက်ရှိခြင်း၊ သတ်ပုတ်ညှဉ်းဆဲမှုတွင် စိတ်ဝင်စားခြင်း၊ သတ္တဝါ အားလုံးအပေါ်၌ သနားခြင်း ကင်းမဲ့ခြင်းတို့သည် အသက်တို စေတတ်သည်။ သူတပါး အသက်ကို မသတ်ခြင်း စသည်တို့မှာ အသက်ကို ရှည်စေတတ်သည်၊

(၂) လက်ဖြင့်ဖြစ်စေ၊ ခဲ၊ တုတ်၊ လက်နက်ဖြင့်ဖြစ်စေ၊ သတ္တဝါတို့ကို ညှဉ်းဆဲခြင်းသည် အနာရောဂါ များစေတတ်သည်။

သတ္တဝါဘို့ကို မညှဉ်းဆဲခြင်းသည် အနာရောဂါ ကင်းစေတတ်ပေသည်။

(၃) အမျက်ဒေါသထွက်ခြင်း စသည်တို့သည် အရုပ်ဆိုးစေတတ်သည်၊ အမျက်ထွက်လေ့ မရှိခြင်းစသည်တို့မှာ ရုပ်ဆင်းလှပစေတတ်ပေသည်။

(၄) သူတပါးတို့ လာဘ်လာဘ ပေါ်များခြင်းစသည်ကို တွေ့မြင်၍ ငြူစူခြင်း ငြူစူသောအားဖြင့် ဆဲရေးခြင်းတို့မှာ အခြံအရံမရှိမှုကို ဖြစ်စေတတ်သည်။
မငြူစူခြင်းသည် အခြံအရံများစေတတ်ပေသည်။

(၅) အလှူဒါန မပြုခြင်းသည် စည်းစိမ်ဥစ္စာ နည်းပါးမှုကို ဖြစ်စေတတ်သည်။
အလှူဒါန ပြုခြင်းသည် စည်းစိမ်ဥစ္စာ ပေါ်များခြင်းကို ဖြစ်စေတတ်သည်။

(၆) ခက်ထန်ခြင်း၊ ထောင်လွှားခြင်း၊ ရှိခိုးထိုက်သူကို ရှိမခိုးခြင်း၊ ခရီးဦးကြိုဆိုထိုက်သူကို မကြိုဆိုခြင်း၊ နေရာပေးထိုက်သူကို နေရာမပေးခြင်း၊ လမ်းခရီးပေးထိုက်သူကို လမ်းခရီးမပေးခြင်း၊ အရိုအသေ ပြုထိုက်သူကို အရိုအသေမပြုခြင်း အလေးပြုထိုက်သူကို အလေးမပြုခြင်း၊ မြတ်နိုးထိုက်သူကို မမြတ်နိုးခြင်း၊ ပူဇော်ထိုက်သူကို မပူဇော်ခြင်းတို့မှာ ယုတ်နိမ့်သော အမျိုး၌ ဖြစ်ရတတ်သည်။
ခက်ထန်မှု မရှိခြင်း၊ မထောင်လွှားခြင်းစသည်တို့မှာ မြင့်မြတ်သောအမျိုး၌ ဖြစ်ရတတ်ပေသည်။

(၇) "အဘယ်တရားသည် ကုသိုလ်ဖြစ်သနည်း၊ အဘယ်တရားသည် အကုသိုလ်ဖြစ်သနည်း အဘယ်တရားသည် အပြစ်ရှိသနည်း အဘယ်တရားသည် အပြစ်မရှိသနည်း" စသည်ဖြင့် ရဟန်းတော်များ အထံ၌ မမေးမမြန်းပဲ နေခြင်းသည်ပညာမဲ့ ဖြစ်စေတတ်သည်။

ရဟန်းတော်များအထံ အဖန်ဖန်မေးမြန်းခြင်းသည် ပညာကြီးခြင်းကို ဖြစ်စေတတ်ပေသည်။

ရုပ်ဆင်းလှပခြင်းကိုဖြစ်စေတတ်သောအကျင့်သည် ရုပ်ဆင်းလှပခြင်းကို ဖြစ်စေတတ်သည်။ အရုပ်ဆိုးခြင်းကို ဖြစ်စေတတ်သော အကျင့်သည် အရုပ်ဆိုးခြင်းကို ဖြစ်စေတတ်ပေသည်။သတ္တဝါတို့သည် မိမိတို့ပြုလုပ်သော ကံသာလျှင် ကိုယ်ပိုင်ဥစ္စာဖြစ်သည် ကံသာလျှင် အကြောင်းရှိသည် ကံသာလျှင် ဆွေမျိုးဖြစ်သည် ကံသာလျှင် မှီခိုအားထားရာ ရှိသည်။ သတ္တဝါတို့၏အယုတ်အမြတ်ကို ကံကသာ ဝေဖန်ပိုင်းခြားဖန်တီးလေသည်။

(ဥပရိပဏ္ဏာသပါဠိတော် စူဠကမ္မဝိဘင်္ဂသုတ်)

ဤသုတ်အရ ကောက်နုတ်ရသော်—

(၁) သတ္တဝါတို့၏ အယုတ်အမြတ် အဆိုးအကောင်း အနိမ့်အမြင့်ကို ကံက ဖန်တီးသည်။

(၂) ကံ တခုနှင့်တခု အကျိုးပေးမတူပေ အဆင်းလှစေတတ်သော ကံကိုပြုလျှင် အဆင်းလှပစေတတ်သည်။အဆင်းလှပစေတတ်သော ကံကိုပြုသဖြင့် စည်းစိမ်ဥစ္စာများခြင်းကို ဖြစ်စေနိုင်သည်မဟုတ်ပေ သူ့ကံနှင့်သူပင်ဖြစ်သည်။

မှန်ပါသည် မျက်မြင်ဒိဋ္ဌအားဖြင့် ရုပ်ဆင်းလှပါလျက် ဥစ္စာမပေါ၊ ဥစ္စာပေါပါလျက် အသက်မရှည်၊အသက်ရှည်ပါလျက် အနာရောဂါထူပြော ဤသို့ဤသို့စသည်ဖြင့် လေ့လာကြံဆ၍ ကံအကြောင်း ပိုမိုသဘောပေါက်နားလည်နိုင်ကြပေမည်။

အဖြူအမည်းခွဲခြား ကံလေးပါး

မြတ်စွာဘုရားကိုယ်တော်တိုင် ထူးသောဉာဏ်ဖြင့်သိ၍ ဟောကြားထားသောကံတို့မှာ လေးပါးရှိလေသည်။

၁။ အမည်းကံ=မည်းညစ်၍ မည်းညစ်သော အကျိုးကို ပေးသောကံ

၂။ အဖြူကံ=ဖြူစင်၍ ဖြူစင်သော အကျိုးကို ပေးသောကံ

၃။ အမည်းအဖြူကံ=အမည်းအဖြူရောသည်ဖြစ်၍ အမည်းအဖြူရော သော အကျိုးကိုပေးသောကံ

၄။ မမည်းမဖြူကံ အမည်းအညစ်လည်းမဟုတ် အဖြူလည်းမဟုတ် သောကံ။

အကုသိုလ်ကံကိုအမည်းကံ လောကီကုသိုလ်ကံကိုအဖြူကံ အကုသိုလ်နှင့် ကုသိုလ် ရောသောကံကို အမည်းအဖြူကံဟုခေါ်၍ မဂ်စေတနာ(ကံ)ကို အမည်းကံလည်းမဟုတ်၊ အဖြူကံလည်းမဟုတ်သော ကံဟုခေါ်ဆိုခြင်းပင် ဖြစ်သည်။

၁။ ပြုလုပ်မှုတခုကို ဆင်းရဲသော ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် ပြုလုပ်သည်။ ဤသည်မှာ မည်းညစ်သော ကံဖြစ်သည် ထိုပြုလုပ်မှုကြောင့် ဆင်းရဲသော လောကသို့ရောက်ရသည်။ ဤသည်မှာ မည်းညစ်သောအကျိုးကို ပေးခြင်းပင် ဖြစ်သည်။ ထိုသူသည် ဆင်းရဲသောဝေဒနာကို ခံစားရသည်။

ဤကဲ့သို့ ဆင်းဆင်းရဲရဲ အပင်ပမ်းခံပြီး ကံကိုထူထောင်ခဲ့ရပြီး အကျိုးပေးသည့်အခါ ဆင်းရဲသောအတွေ့အထိ ဆင်းရဲသောဝေဒနာတို့ကို ခံစားရသည်။ ငရဲကျသောသတ္တဝါများသည် ထိုကံ၏သာဓကပင်ဖြစ်သည်။ ထိုသူများမှာ ကောင်းကွက်တခုမျှ ရှာမရဒပ၊ ရှေးယခင်အခါများက ပြုခဲ့သောကုသိုလ်များ ရှိခဲ့ဖူးသည်တိုင်အောင် ထိုကုသိုလ်၏အကျိုးကို ငရဲဘုံ၌ခံစားခွင့် အကျိုးပေးခွင့် အနည်းငယ်မျှမရကြချေ။ ကုသိုလ်ကံ၏ အကျိုးကို ခံစားခွင့်မရလျှင် နေစေ လက်ငင်းဒီဋ္ဌ ဝီရိယစိုက်ထုတ် ကြိုးပမ်းလျှင် သက်သာခွင့် ရလိမ့်မည်ဟုလည်း မမျှော်လင့်နိုင်ပေ။ လူ့ဘုံမှာကဲ့သို့ ဝီရိယစွမ်းအား ထုတ်ဖော်ခွင့် မရနိုင်ကြပေ။

(၂) အချို့သောသူများသည် မဆင်းရဲသော ကိုယ်, နှုတ်, စိတ်တို့ဖြင့် ကံတခုကို ထူထောင်၏။ ထိုသူသည် ယင်းကံကြောင့် မဆင်းရဲသော လောကသို့ ရောက်ရသည်။ ထိုသူမှာ မဆင်းရဲသော အတွေ့အထိတို့ဖြင့် တွေ့ထိသဖြင့် ချမ်းသာကိုခံစားရသည်။ သုဘကိဏှာဗြဟ္မာများသည် ထိုကံအတွက် သက်သေပြစရာပင် ဖြစ်သည်။

သုဘကိဏှာဗြဟ္မာများသည် ကိုယ်ရောင်ဘဖိတ်ဖိတ် တောက်ပလျက် စတုတ္ထဈာန် ချမ်းသာဖြင့် နေကြသူများ ဖြစ်သည်။ သက်တမ်းအားဖြင့် ၆၄-ကမ္ဘာတိုင်တိုင် အသက်ရှည်နိုင်သည်။

(၃) အချို့သူများမှာ မဆင်းရဲသော ကိုယ်, နှုတ်, စိတ်တို့ဖြင့် ပြုလုပ်မှုကိုလည်းကောင်း၊ ဆင်းရဲသော ကိုယ်, နှုတ်, စိတ်တို့ဖြင့် ပြုလုပ်မှုတို့ကိုလည်းကောင်း ပြုလုပ်၏။ ထိုကံကြောင့် ဆင်းရဲချမ်းသာရောသော လောကသို့ ရောက်ရသည်။ ထိုသူမှာ ဆင်းရဲချမ်းသာအတွေ့အထိကို တွေ့ထိရသဖြင့် ချမ်းသာရော ဆင်းရဲပါ ခံစားရလေသည်။ သာဓက ပြစရာကား များ၏။ လူ, အချို့သောနတ်, အချို့သော ဝိနိပါတိက အသူရာတို့မှာ သာဓကများပင် ဖြစ်သည်။ လူပုဂ္ဂိုလ်များ ချမ်းသာဆင်းရဲ ဒွန်တွဲခံစားနေရသည်မှာ မျက်မြင်ဖြစ်၍ အထူးပြောစရာ မလိုပေ။ အချို့သော နတ်များမှာလည်း လူ့ဘုံကဲ့သို့ပင် ချမ်းသာဆင်းရဲ ဒွန်တွဲလျက်ပင်၊ အချို့သော ဝေမာနိက အသူရာများမှာ လဆန်းပိုင်းတွင် ကုသိုလ်အကျိုး ချမ်းသာကို စံရပြီး လဆုတ်ပိုင်း၌ အကုသိုလ်၏အကျိုး ဆင်းရဲခံရလေသည်။

(၄) မည်းညစ်သော အကျိုးရှိသောကံ ဖြူစင်သော အကျိုးရှိသောကံနှင့် အမည်းအဖြူရောသော ကံသုံးမျိုးတို့ကို ပယ်သတ်ရန် စေ့ဆော်မှု (ဝါ) မဂ်စေတနာသည် အမည်းမဟုတ် အဖြူမဟုတ်သော ကံကုန်အောင် ပြုတတ်သော ကံသတ်ကံပင် ဖြစ်သည်။

အထက်ပါ ကံသုံးပါးတို့၏အကျိုးကို သာကေထုတ်ပြသကဲ့သို့ ထုတ်ပြစရာလောက မရှိတော့ချေ။ လောကကို လွန်မြောက်၍ လောကုတ္တရာအဖြစ်သို့ ရောက်သွားပေပြီ။

ကံကြောင့် သတ္တဝါဖြစ်လာခြင်း ဖြစ်သည်၊ ပြုလုပ်သော ကံကြောင့် သာလျှင် သတ္တဝါများ ဖြစ်ပေါ်လာသည်။ သတ္တဝါဖြစ်ပေါ်လာသည့် အခါ အတွေ့အထိ ရှိလာတော့သည်။

ဤကံလေးမျိုးကို မြတ်စွာဘုရားသည် ကောလိယ၏သား ပုဏ္ဏနှင့် သေနိယကို ဟောကြားခြင်း ဖြစ်သည်။ တရားနာသူနှစ်ဦး၏ အနေအထားကိုလည်း သိထားသင့်ပေသည်။ လောကတွင် အကျင့်အမျိုးမျိုး ရှိကြသော်လည်း ပုဏ္ဏနှင့် သေနိယတို့၏ အကျင့်ကား ဆန်းသည်ဟု ဆိုရချေမည်။ မိမိတို့မမြင်ဖူး မတွေ့ဖူးလျှင် အဆန်းဟုပင် ခေါ်ဆိုထိုက်သည် မဟုတ်ပါလော။

ပုဏ္ဏသည် နွားအကျင့်ကို ကျင့်နေသူဖြစ်ပြီး သေနိယမှာ ခွေးအကျင့်ကို ကျင့်နေသူဖြစ်သည်။ ခွေးအကျင့် ကျင့်သည်ဆိုသည်မှာ ခွေးလိုနေ ခွေးလိုအိပ် ခွေးလိုသွား ခွေးလိုစားနေခြင်း တို့ပင်ဖြစ်သည်။ ပြုနိုင်ခက်ခဲသည်ကို ပြုကျင့်ခြင်းသည် မြတ်၏ဟု ယူဆထားကြသည်။ မြေကြီးမှာချထားသော အစာကိုစားသည်။ မြတ်စွာဘုရားထံ ရောက်လာကာ နှုတ်ဆက်စကား ပြောကြားပြီးနောက် ခွေးကဲ့သို့ ခွေနေသည်။ နွားကျင့် ကျင့်သည်ဆိုသည်မှာလည်း မှန်းဆ သိနိုင်လောက်ပါသည်။

ပုဏ္ဏနှင့်သေနိယတို့သည် မြတ်စွာဘုရားနှင့် အပြန်အလှန် စကားပြောဆိုပြီးနောက် သူ၏အကျင့်များကြောင်း သိနားလည်သွားသည်။ ထိုနောက် သူတို့၏အကျင့်ကို စွန့်လွှတ်နိုင်အောင် စွန့်လွှတ်ဖြစ်အောင် တရားဟောပါရန် လျှောက်ထား၍ အထက်ပါ ကံလေးမျိုးကို ဟောကြားခြင်းဖြစ်သည်။ ကံလေးပါးတရားကို နာရပြီးနောက် ပုဏ္ဏနှင့် သေနိယတို့သည် သူတို့၏ ခွေးကျင့် နွားကျင့်ကို လုံးဝစွန့်ပစ်လိုက်ကြတော့သည်။

(မဇ္ဈိမပဏ္ဏာသ ပါဠိတော်၊ ကုက္ကုရဝတိကသုတ်)

အင်္ဂုတ္တိုရ်ပါဠိတော် ဝိတ္ထာရသုတ်နှင့် ပဌမသိက္ခာပဒသုတ် ဒုတိယ သိက္ခာပဒသုတ်၊ အရိယမဂ္ဂသုတ်တို့တွင် ရဟန်းတော်များအား ဟောသည်။ အရိယမဂ္ဂသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ သောဏကာယနသုတ်တွင် သိဓါမောဂ္ဂလာန်ပုဏ္ဏားအား ဟောသည်။

အဖြူအမည်းခွဲခြား၍ ဟောထားသော ကံလေးပါးကို သုတ်များစွာတို့တွင် တသဘောတည်း ဟောထားသည်။ တရားကား မကွဲပြားသော်လည်း ဟောပုံကွဲသောအချက်များကို ဖြည့်စွက်လိုက်လျှင် ပိုမိုပြည့်စုံပေလိမ့်မည်။

ဒုတိယသိက္ခာပဒသုတ်တွင်မည်းညစ်၍ မည်းညစ်သော အကျိုးရှိသော ကံကို သိသာထင်ရှားအောင် ဟောထားသည်ကို တွေ့ရသည်။ အမိသတ်သောကံ၊ အဖသတ်သောကံ၊ ရဟန္တာသတ်သောကံ၊ မြတ်စွာဘုရားကို ပြစ်မှားလိုသောစိတ်ဖြင့် သွေးစိမ်းတည်အောင်ပြုသောကံ၊ သံဃာ သင်းခွဲသောကံ၊ ဤကံကြီးငါးပါးကို မည်းညစ်၍ မည်းညစ်သောအကျိုး ရှိသောကံဟူ၍ ဟောထားပေသည်။ ဤသည်မှာ အလွန်သေချာသော ကံများကို သာဓကထုတ်ပြခြင်းဟု ဆိုထိုက်သည်။

ဗောဇ္ဈင်္ဂသုတ်တွင် ဗောဇ္ဈင်ခုနစ်ပါး တရားများကို မမည်းမဖြူသောကံ ဟူ၍ ဟောကြားထားပေသည်။ အခြားသုတ်များတွင် မဂ်စေတနာဟု ဟောကြားခဲ့ပြီး ဤသုတ်တွင် ထူးခြား၍ ဟောကြားထားသည်ကို တွေ့ရသည်။

ကံနှင့်တန်ခိုး

ကံကောင်းအောင်သူများကလုပ်ပေး၍မရ၊ကိုယ်တိုင် ပြုလုပ်မှရသည်၊ ထိုအတူ တန်ခိုးဣဒ္ဓိပါဒ်ရရန် ကိုယ်တိုင်အားထုတ်မှ ရသည်ပင်ဖြစ်သည်။ ကံအကြောင်း ဟောထားသော သုတ်များ အများအပြားရှိသကဲ့သို့ တန်ခိုးအကြောင်း ဟောထားသော သုတ်များလည်း ပိဋကတ်တော်တွင် အများအပြားပင်ရှိလေသည်။ တန်ခိုး၏အရာသည် ကြံစည်စိတ်ကူး၍

အလှမ်းမီသော အရာမဟုတ်ပေ၊ထို့အတူ ကံ၏အကျိုးတရားသည်လည်း ကြံစည်စိတ်ကူး၍ အလှမ်းမီသော အရာမဟုတ်ပေ။ အစိန္တေယျ လေးပါး အဝင်အပါချည်းဖြစ်သည်။ အစိန္တေယျအရာဆိုသဖြင့် ကံ အကြောင်းနှင့် တန်ခိုးအကြောင်းကို မသိသင့် မသိထိုက် မလေ့လာ ထိုက်ဟူ၍ကား မဆိုလိုပေ။ ကျွန်ုပ်တို့အတွက် လေ့လာ မှတ်သားစရာ ဘုရားဟော ပိဋကတ်စာပေများ အထင်အရှားရှိနေသည့်အတွက် အလွန် ကံကောင်းလှသည်၊ အခါကောင်းကြုံရသည်ဟု ဆိုထိုက်သည်။သာသနာပ ခါသမယတွင် ကံ ကံ၏အကျိုးကို ယုံကြည်သော ကမ္မဝါဒီများရှိသော် ငြားလည်း ယခုလေ့လာ ဖတ်ရှုနေရသော ပိဋကတ်စာပေမှ ရသော အသိကို မည်သည့်နည်းနှင့်မျှ မမီနိုင်ချေ။

တန်ခိုးကို လိုချင်လျှင် ဣဒ္ဓိပါဒ်လေးပါးကို ပွားများရသည်ဟု မြတ်ဘုရားက နည်းပေးခဲ့သည်။ ဣဒ္ဓိပါဒ်လေးပါးကို ပွားများသည့်နည်း အပြင် အခြားတနည်းရှိသေးသည်။ သတိပဋ္ဌာန်လေးပါးကို ပွားများ ခြင်းဖြင့်လည်း တန်ခိုးရနိုင်သည်။ (သံ၊၃၊ ၂၆၅။)

ဣဒ္ဓိပါဒ်လေးပါးကို အထပ်ထပ်ပွားများသော အဖန်ဖန်ပြုလုပ်သော သူသည်အာယုကပ်ပတ်လုံးအသက်ရှင်လျက် နေနိုင်စွမ်းရှိသည်။မြတ်ဘုရား ပရိနိဗ္ဗာန်ပြုခါနီးတွင် ထိုစကားကို ပြောကြားခဲ့သည်။ "ငါဘုရားသည် ဣဒ္ဓိပါဒ် လေးပါးကို အဖန်ဖန် အထပ်ထပ် ပွားများထားပြီးဖြစ်၍ အကယ်၍ အသက်ရှင်လျက် အာယုကပ်ပတ်လုံးနေလိုကနေနိုင်သည်"ဟူ၍ ဟောခဲ့ဖူးသည်။ သို့သော် မြတ်စွာဘုရားသည် ထိုတန်ခိုးကို မသုံးခဲ့ပေ။ မြတ်စွာဘုရားသည် ကြွားလို၍ ထိုစကားကို ပြောကြားခဲ့သည်မဟုတ်၊ မိမိ၏အစွမ်းကို ထုတ်ဖော်လိုလှ၍လည်း မဟုတ်ပေ၊ တန်ခိုးဣဒ္ဓိပါဒ်၏ အစွမ်းကို ဟောကြားလိုခြင်းသာ ဖြစ်ပေသည်။ (မိလိန္ဒ-၁၄၂။)

တန်ခိုးသည် အမျိုးမျိုးရှိသည်။ စူဠပန်မထေရ်သည် မထေရ်ပေါင်း တထောင် ဖန်ဆင်းခြင်း၊ တဖန် တပါးတည်းဖြစ်အောင် ဖန်ဆင်းခြင်း ပြုလုပ်ခဲ့သည်မှာလည်း တန်ခိုးပင်ဖြစ်သည်။

ရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်သည် ကျောက်ဖျာကြီးကို ခြေမဖြင့် ညှပ်၍ ဘုရားကာသီမြို့ပေါ် ပျံဝဲပြခြင်းမှာလည်း အံ့မခန်းပင်ဖြစ်သည်။

တန်ခိုးအရာတွင် ဧတဒဂ်ဘွဲ့ရသော ရှင်မဟာမောဂ္ဂလာန်၏ တန်ခိုးများကိုကြည့်လျှင်ပင် ချီးကျူးမကုန်နိုင်၊ အံ့သြမကုန် ရှိပေသည်။ ရှင်မဟာမောဂ္ဂလာန်သည် သိကြားမင်း၏ ဝေဇယန္တာပြာသာဒ်ကို ခြေမဖြင့် တွန်း၍ လှုပ်လိုက်သောအခါ သိကြားမင်းနှင့်တကွ နတ်အများတို့သည် ရှင်မဟာမောဂ္ဂလာန်၏ တန်ခိုးကြီးမားပုံကို မချီးကျူးပဲ မနေနိုင်ကြပေ။

တန်ခိုးပြာဋိဟာပြခြင်းစသော ဗုဒ္ဓ၏တန်ခိုးတော်များကား ဆိုဖွယ်ရာ မရှိပေ။ ပြဟ္မာအပေါင်းက လေးစားကြသော ဗကပြဟ္မာကြီးကို တရားနည်းလမ်းတကျ ဆွေးနွေး၍ မရသောအခါ တန်ခိုးတော်ကိုသုံးခဲ့ရသည်။

ဗကပြဟ္မာကြီးသည် နေတစင်းစီရှိသော စကြဝဠာပေါင်း များစွာကို လွှမ်းမိုးနိုင်သူ ဖြစ်သည်။ နောက်ဆုံးတွင် ဗုဒ္ဓက တန်ခိုးစကား ပြောရတော့သည်။ "ဗကပြဟ္မာကြီး၊ အသင်သည် ငါမမြင်ရအောင် ဖျောက်လော့" ဟု ဆိုသောအခါ မြတ်စွာဘုရားမမြင်ရအောင် မစွမ်းဆောင်နိုင်ချေ၊ မည်မျှဝေးကွာသော အရပ်ကိုသွား၍ မည်မျှသေးငယ်သော ပဒာကာအရွယ်ကို ဖန်ဆင်းထားသည်ဖြစ်စေ၊ ဘုရားရှင်မြင်နေရသည်သာ ဖြစ်သည်။ ဗကပြဟ္မာကြီးသည် ဘုရားမမြင်အောင် မဖန်ဆင်းနိုင်သော အခါ ဘုရား၏အလှည့်ရောက်လာသည်၊ မြတ်စွာဘုရားသည် ဗကပြဟ္မာကြီး မမြင်ရအောင် ဖန်ဆင်းလိုက်သည်။ ထို့ပြင် အသံတော်ကြားရအောင်လည်း ဖန်ဆင်းထားလိုက်သေးသည်။ အသံကြားနေရလျက် ရုပ်ကိုမမြင်ရသည်မှာ ပို၍ပင် ထူးခြားလှပေသည်။ အထူးသဖြင့် ကြည့်သောသူကလည်း အလွန်တန်ခိုးကြီးသူ ဖြစ်သည့်အပြင် တန်ခိုးမျက်စိဖြင့် ကြည့်ရှု

နေခိုက် ပျောက်အောင်ဖျောက်ရသည်မှာ အလွန်မလွယ်သော ကိစ္စပင် ဖြစ်သည်။

တန်ခိုးအကြောင်းကား ပြောမဆုံးအောင်ပင် များပြားလှ၏။ ဤနေရာ၌ တန်ခိုးအကြောင်းကို ပဓာနအားဖြင့် တင်ပြလိုရင်း မဟုတ်ပေ။ တန်ခိုးနှင့် ကံကို နှိုင်းယှဉ်ရာ၌ နှိုင်းယှဉ်ဖြစ်ရုံ သိသာရုံမျှသာ ဖော်ပြခြင်း ဖြစ်သည်။

ရဟန္တာပုဂ္ဂိုလ်တိုင်း တန်ခိုးရှိသူချည်း မဖြစ်နိုင်၊ ပုထုဇဉ်ပင်ဖြစ်သော်လည်း တန်ခိုးရှိသူ ဖြစ်နိုင်သည်။ ပုထုဇဉ်တို့၏ တန်ခိုးလည်း ဧကန်မဟုတ်ပါ။ ဆုံးရှုံးရာတွင် မခိုင်မြဲပေ။ သာယာစရာ ကာမအာရုံနှင့် တွေ့ကြုံရ၍ ရှိပြီး တန်ခိုးများ လုံးဝပျောက်သွားခြင်း၊ ရှောင်ကျကြခြင်းစသော ဖြစ်ရပ်တို့မှာ နိကာယ်ငါးရပ်တွင် ပေါ်များလှပေသည်။

ပုထုဇဉ်တို့၏ တန်ခိုးမှာ စိတ်မချရပေ၊ တန်ခိုးကို မတော်မလျော် အသုံးချတတ်ကြသည်။ ရှေးအခါက ရသေ့တို့စိတ်ဆိုး၍ အချို့မြို့ရွာများ ပျက်စီးပြီး တောအတိဖြစ်သွားရသည့် ဖြစ်ရပ်များပင် ရှိသည်။ သူတပါး အသက်သတ်ခြင်းစသော တန်ခိုးဣဒ္ဓိပါဒ်ကို "အာထဗ္ဗဏိကာဣဒ္ဓိ" ဟူ၍ ခေါ်ဆိုရသည်။ (အဘိ၊ ၄၊ ၁။ ၁၃၃။)

တန်ခိုးမရှိသူများက တန်ခိုးရှိသူများကို အထင်ကြီးတတ်ကြသည်။ အတိုင်းထက်အလွန် အထင်ကြီးပါက အမှားဘက်သို့ ယိုင်သွားနိုင်သည်။ 'တန်ခိုးနှင့် ပြည့်စုံလျှင် အလိုရှိတိုင်း ပြီးနိုင်သည်' ဟု ယူဆလျှင် အယူမှားသာ ဖြစ်ပေသည်။

(အဘိ ၁၊ ၃၃၁၊ ၄၊ ၂၂၇။ အဘိ၊ ၅။ ၄၃၈။ ၄၊ ၂၇၆။)

တန်ခိုးနှင့်ပြည့်စုံရုံဖြင့် အလိုရှိတိုင်း မပြီးနိုင်သောကြောင့်ပင် ဘုရားကလွဲလျှင် တန်ခိုးအကြီးဆုံးဖြစ်သည့် ရှင်မဟာမောဂ္ဂလာန်သည် ခိုးသားတို့၏ အရိုက်အနှက် ခံရမှုကြောင့် ပရိနိဗ္ဗာန်ပြုခဲ့ရသည် မဟုတ်ပါလော။

ရှင်မဟာမောဂ္ဂလာန် အသတ်ခံရခြင်းသည် ရှေးအတိတ်ဘဝတို့က ပြုခဲ့သည့်အကုသိုလ်ကံ၏ အသီးအပွင့်ဖြစ်လေသည်။ ကံ၏အကျိုးတရားကို တန်ခိုးက မလွန်ဆန်နိုင်သော သာဓကပင် ဖြစ်သည်။ အကြောင်းတရား ပြုခဲ့လျှင် အကျိုးတရားဖြစ်ရသည်။ ကံ၏ အကျိုးတရားကို ဘုရားရှင်ပင် ပပျောက်အောင် လုပ်မပေးနိုင်ပေ။

ကံ၏ အကျိုးတရားသည်လည်း အစိန္တေယျတရားဖြစ်သည်၊ တန်ခိုးသည်လည်းအစိန္တေယျတရားပင်ဖြစ်သည်။ အစိန္တေယျတရားကိုအစိန္တေယျတရားတခုက ပယ်ကောင်းသည်၊ ပယ်နိုင်လိမ့်မည်ဟု မမှတ်ထင်သင့်ပေ။ အစိန္တေယျချင်းတူသော်လည်း အားချင်းမတူသေးပေ။ တန်ခိုး၏အစွမ်းသတ္တိထက် ကံ၏အကျိုးဟူသော အစိန္တေယျတရားက ပိုမိုအစွမ်းထက်လေသည်။ ကံ၏အကျိုးတရားသည် အခြားအစိန္တေယျ တရားအားလုံးတွင် အားအကောင်းဆုံးဖြစ်သည်။ ကျန်အားလုံးကို စိုးမိုး၍ အာဏာတည်စေသည်။

ဥပမာ–ကမ္ဘာမြေကြီး မီးလောင်သောအခါ ရေအိုးပေါင်းတထောင် ဖြင့် သွန်းလောင်း၍ မီးကို မငြိမ်းစေနိုင်၊ မီးကသာလွှမ်းမိုး၍ အာဏာ တည်စေသည်။ (မိလိန္ဒ–၁၀၇)

ထို့ကြောင့် အစွမ်းထက်လှသော ကံ၏အကြောင်းကို ကောင်းကောင်း လေ့လာ၍ အစွမ်းထက်ကုသိုလ်ကံများကို တည်ဆောက်သင့်လှပေသည်။

လယ်တီဆရာတော်ကြီး၏ ဝိဇ္ဇာမဂ္ဂဒီပနီတွင် "ဤဂန္ဓာရီဝိဇ္ဇာသည် နတ်တို့၏ ကမ္မဝိပါကဇိဒ္ဓိတန်ခိုးကိုပင် လွှမ်းမိုးနိုင်သော ဝိဇ္ဇာမယိဒ္ဓိတန်ခိုးမျိုး ဖြစ်ခဲ့၍ နတ်ဘုံမနာလိုတတ်သည်" ဟု ဆိုထားသည်မှာ ဝိဇ္ဇာမယိဒ္ဓိတန်ခိုး က ကံ၏အကျိုးတရားထက် အားကောင်းသည်ဟု ဆိုလိုသည်မဟုတ်ပေ။ သတိချပ်သင့်လှပေသည်။ ငှက်များအတောင်ခတ်၍ ကောင်းကင်ပျံသွား နိုင်ခြင်းမှာလည်း ကမ္မဝိပါကဇိဒ္ဓိပင် ဖြစ်သည်ကိုလည်း ထည့်သွင်းစဉ်းစား ရသည်။

တန်ခိုးသည် ဆန်းကြယ်၏။ အံ့ဖွယ်ကောင်းလှ၏။ သို့သော် ကံ၏ အကျိုးကို ဘန်ခိုးဖြင့်မဟန့်တားနိုင်၊ မဖျက်ဆီးနိုင်၊ အကျိုးမပေးသေး သည့်ကံကို အလျင်အမြန် အကျိုးပေးအောင် အကျိုးပေးမည့်ကံကို အကျိုးမပေးပဲ နေအောင် တန်ခိုးက မစွမ်းဆောင်နိုင်ချေ။

အကြောင်းရှိရာ၊ အကျိုးလာ၏၊
ကောင်းငှာဆိုးငှာ၊ ရှေးကြမ္မာလျှင်၊
ရှင့်သာရောက်ငြား၊ ထိုသူအားကို၊
ဘုရားမကယ်နိုင်စွာတည်း။

(မဃဒေဝ – ၂၆၄။)

အမြဲမပြတ် ဆင်ခြင်အပ်သောတရား

အမြဲမပြတ် ဆင်ခြင်အပ်သော တရားဆိုသည်မှာ အလွန်တန်ဖိုးရှိသော တရားဖြစ်ရပေလိမ့်မည်။ တန်ဖိုးမရှိသောတရား၊ အရေးမကြီးသောတရား ဖြစ်ပါက အမြဲဆင်ခြင်ခြင်းဖြင့် အဘယ်မှာလျှင် အချိန်ကုန်ခံသင့် မည်နည်း။

ထိုတရားမှာ လူတိုင်းနှင့်ဆိုင်၏။ ရှင်ဖြစ်စေ၊ လူဖြစ်စေ၊ ယောကျ်ား ဖြစ်စေ၊ မိန်းမဖြစ်စေ၊ မည်သူမဆို အမြဲဆင်ခြင်လျှင် အကျိုးရှိမည်ကိုသိ၍ ဟောကြားခဲ့ခြင်းဖြစ်လေသည်။ အမြဲဆင်ခြင်အပ်သော တရားမှာ ငါးပါး ရှိ၏–

(၁) အိုခြင်းသဘော၊
(၂) နာခြင်းသဘော၊
(၃) သေခြင်းသဘော၊
(၄) ချစ်သူနှင့် ကွဲကွာရခြင်းသဘောနှင့်
(၅) ကံတရားအပေါ် ခံယူချက်တို့ဖြစ်သည်။

ထိုငါးပါးအနက် ရှေ့လေးပါးမှာ ပစ္စက္ခခန္ဓာကိုယ်အပေါ် အမြင်မှန် ရအောင် ပြုခြင်းဟု ဆိုသင့်၏၊ ပစ္စက္ခခန္ဓာကိုယ်အပေါ် အထင်ကြီးမှု

ဖြစ်နေလျှင် (သို့မဟုတ်) အထင်မှားနေလျှင် အဘယ်မှာကံတရားအပေါ် ခံယူချက်မှန်တော့မည်နည်း။ ထိုတရားငါးပါးအနက် နောက်ဆုံးအချက်သည်သာ အဓိကသော့ချက်ဖြစ်သည်။

"ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိ၏၊
ကံသာလျှင် အမွေခံရှိ၏၊
ကံဟူသော အကြောင်းတရားရှိ၏၊
ကံသာလျှင် အဆွေအမျိုးရှိ၏၊
ကံသာလျှင် အမှန်တကယ် ကိုးကွယ်ရာဖြစ်၏"

ဟူသော ဤပဉ္စမအချက်ကို အမြဲမပြတ် ဆင်ခြင်လျှင် သတ္တလောကကြီး တခုလုံး၏ အခြေအနေမှန်ကို သုံးသပ်မိတော့၏။ ကမ္ဘာချင်းသော ဉာဏ်အလင်းကို ရတော့သည်။ 'ကမ္မသမ္မောဟ'ဟုခေါ်သော အမိုက်မှောင်ကြီးကို ကမ္မသကတာ ဉာဏ်အလင်းဖြင့် ဖြိုခွင်းလိုက်တော့သည်။ သမ္မာဒိဋ္ဌိဟုခေါ်သော မှန်ကန်သော အမြင်ရှိသူ ဖြစ်တော့သည်။

(အဘိဏှသုတ်)

ကံသာလျှင် ကိုးကွယ်ရာ

'ကံသာလျှင် ကိုးကွယ်ရာ'ဟူသော အချက်သည် နေ့စဉ်မပြတ် ဆင်ခြင်အပ်သော တရားထဲတွင် အပါအဝင်ဖြစ်၏။ 'အတ္တာဟိ အတ္တနောနာထော=မိမိကိုယ်သာကိုးကွယ်ရာ'ဟူသော စကားမှာ ပို၍ရေပန်းစားသော စကားဖြစ်သည်။ သို့ရာတွင် ထိုစကားနှစ်ရပ်မှာ အဓိပ္ပာယ်သက်ရောက်မှု တူသည်ဟုဆိုသင့်သည်။ မိမိကိုယ်ကို ကိုးကွယ်ခြင်းဆိုသည်မှာ မိမိပြုလုပ်သောကံကို ယုံကြည်အားကိုးခြင်းပင် မဟုတ်ပါလော။

ရတနာသုံးပါးသည် ကိုးကွယ်ရာ အစစ်ဖြစ်၏။ ထို့ကြောင့် သရဏဂုံဆောက်တည်ကြ၏။ ကံကိုပါ ကိုးကွယ်ရာတပါး ထည့်လိုက်လျှင် ကိုးကွယ်ရာ လေးပါးဖြစ်သွား၏။ လယ်တီဆရာတော်က မဂ္ဂင်ဒီပနီတွင် ဘုရားကို ဆရာဝန်ကြီးနှင့် ဥပမာပေးသည်။ ရောဂါ ပျောက်လိုသူအတွက် ဆေး

ဖက်၍ ကျမ်းကျင်သော ဆရာဝန်ကြီးသည် ကိုးကွယ်ရာအစစ် ဖြစ်၏။ မြတ်စွာဘုရားသည် ဘဝသံသရာဘေးလျောက် ပါလာသော ဝဋ်အနာများကို ကုသချေချွတ်ရာ၌ ကျွမ်းကျင်တော်မူသည်။ ထို့ကြောင့် မြတ်စွာဘုရားသည် သံသရာခရီးသွား သတ္တလောကသားတို့၏ ကိုးကွယ်ရာ ဖြစ်သည်၊ တရားတော်ကို ဆရာဝန်ကြီး၏ ဆေးကောင်း ဝါးကောင်းနှင့် တူကြောင်း ဥပမာပြုသည်၊ ဆရာဝန်ကြီး၏ ဆေးကောင်းဝါးကောင်းကို မှီဝဲသဖြင့် ရောဂါပျောက်သကဲ့သို့ မြတ်စွာဘုရား၏ တရားတော်သည် မြတ်စွာဘုရား ပေးသည့်နည်းအတိုင်း မှီဝဲပါက သံသရာဝဋ်အနာမှ လုံးဝပျောက်ကင်းနိုင်သည်။ ထို့ကြောင့် တရားတော်သည်လည်း ကိုးကွယ်ရာ တပါးပင်ဖြစ်တော့သည်။ သံဃာတော်များကို လက်ထောက်ဆရာဝန်နှင့် ဥပမာပေးသည်။ လက်ထောက်ဆရာဝန်သည် ဆရာဝန်ကြီး၏ နည်းအတိုင်း ဆရာဝန်ကြီး၏ ဆေးများကို ပေးနိုင်သည်။ ထိုဆေးကိုသောက်၍ ရောဂါပျောက်နိုင်သည်ပင် ဖြစ်သည်။ သံဃာတော်များသည် မြတ်စွာဘုရားဟောကြားသော တရားများကိုပင် ဘုရားရှင် ဟောကြားသော နည်းကိုမှီ၍ တဖန်ပြန်၍ ဟောကြားကြသည်။ သံသရာဝဋ်အနာမှ ပျောက်ကင်းချမ်းသာခွင့် ရနိုင်သည်။

ဆရာဝန်ကြီး ဆေးကောင်းဝါးကောင်းနှင့် လက်ထောက်ဆရာဝန် ထိုသုံးပါးကို ကိုးကွယ်ရုံဖြင့် မပြီးသေးပေ၊ ထိုသုံးပါးကို ယုံကြည်၍ အနာပျောက်ရန် နေရာတကျအားထုတ်သော မိမိတို့၏ လိမ္မာမှုလည်း ရှိရသည်။ ထို့အတူ ရတနာသုံးပါးကို ကိုးကွယ်ရုံဖြင့် ကိစ္စပြီးနိုင်ချေ။ ရတနာသုံးပါးကို ယုံကြည်၍ ကောင်းမှုကံများကိုလည်း ပြုလုပ်ရန်လိုပေသည်။ မိမိအတွက် ကောင်းကျိုးဆိုးပြစ်များကို ပြုစီမံသွားမည့်အရာကား မိမိတို့၏ ကံဖြစ်လေသည်။ ထို့ကြောင့် ကံကိုလည်း ကိုးကွယ်ရာတပါး အဖြစ် သတ်မှတ်ခြင်း ဖြစ်သည်။

ကံ၏နယ်ပယ်က ပို၍ကျယ်သည်၊ ရတနာသုံးပါးဟူသော ကိုးကွယ်ရာတို့သည် သာသနာတွင်းအခါ၌သာ တည်ရှိပေသည်။ သာသနာပ အခါသမယတို့၌ ရတနာသုံးပါး ဟူသော ကိုးကွယ်ရာကို အဘယ်မှာ ရရှိနိုင်

မည်နည်း။ ဘုရားတဆူတဆူ ပွင့်ခါမှ သာသနာတော် တည်ထွန်းရသည် ဖြစ်ရာ ဒုလ္လဘတရားကြီးပင် ဖြစ်သည်။ ကံဆိုသော ကိုးကွယ်ရာမှာ သာသနာတွင်း သာသနာပမဟူ အစဉ်တစိုက် ကိုးကွယ်ရာ ဖြစ်သော တရားဖြစ်သည်။ အနန္တစကြဝဠာရှိ အနန္တသတ္တဝါ အားလုံးတို့နှင့် သက်ဆိုင်သော ကိုးကွယ်ရာကြီးပင်ဖြစ်သည်။ ရတနာသုံးပါးဟူသော ကိုးကွယ်ရာ ထင်ရှားရှိနေ၍သာ ကံတရား၏ ကိုးကွယ်ရာဖြစ်သော အချက်မှာ မထင်ရှားပဲ ရှိရသည်။ သာသနာပ ခါသမယတို့ကို မှန်းမျှော်ကြည့်ပါလျှင် သတ္တဝါတို့မှာ မိမိတို့ ကံမှတပါး စစ်မှန်သော ကိုးကွယ်ရာ မရှိကြောင်း ထင်ရှားလှပေသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓက "ကမ္မပဋိသရဏာ= ကံသာလျှင် ကိုးကွယ်ရာဖြစ်၏" ဟု ဟောခဲ့ခြင်းဖြစ်သည်၊

လက်ငင်းဒိဋ္ဌ အကျိုးရသောကံ

ကံများကို အမျိုးမျိုးခွဲခြား၍ လေ့လာမှ ရှုထောင့်စုံက မြင်နိုင်သည်။ ဤဘဝ၌ပြုသောကံသည် ဤဘဝမှာပင် ချက်ချင်းလက်ငင်း အကျိုးပေးလျှင် "ဒိဋ္ဌဓမ္မဝေဒနီယကံ" ဟုခေါ်သည်။ ဤကံမျိုးမှာ အရေအတွက် နည်းလှသည်။ အချို့ကံများမှာ ဒုတိယဘဝတွင် အကျိုးပေးသည်။ အချို့ကံများမှာ တတိယဘဝမှစ၍ အကျိုးပေးသည်။ အချို့ကံများမှာ အကျိုးပေးခွင့်မရတော့ပဲ အဟောသိကံဖြစ်သွားသည်။

လက်ငင်းဒိဋ္ဌ အကျိုးပေးသောကံမှာ အင်အားကြီးသည်ဟု ထင်ရသော်လည်း အမှန်မှာ အင်အားကြီးသည် မဟုတ်ပေ။ အဘိဓမ္မာနည်းအားဖြင့်ကြည့်လျှင် ကုသိုလ်ဇောဖြစ်စေ အကုသိုလ်ဇောဖြစ်စေ ဇောခုနစ်ချက်အနက် ပထမဇောစေတနာသည် ဒိဋ္ဌလက်ငင်းအကျိုးပေးသော စေတနာပင် ဖြစ်သည်။ အဦးဆုံးဖြစ်ရသော ဇောသည် အရှိန်နည်းသည်၊ အခြားဇောများ၏ ထောက်ပံ့မှုကို မခံယူရပေ။ ထို့ကြောင့် ထိုကံသည် ဘဝသစ်တခုကို ထူထောင်နိုင်လောက်အောင် အစွမ်းသတ္တိမရှိပေ။

မည်သို့ပင်ဖြစ်စေ ယခုဘဝလက်ငင်း အကျိုးပေးမည် သေချာလျှင် ကုသိုလ်ကံများကို သူထက်ငါ အလုအယက် ပြုကြဖွယ်ရှိသည်။ ထိုသို့

ပြုလုပ်လာကြလျှင် ပြုလုပ်သမျှ ကုသိုလ်များသည် ကုသိုလ်စေတနာ ဖြစ်ဖို့ထက် လောဘဇောစေတနာများ ဖြစ်ဖို့က များပေလိမ့်မည်။

ယင်းဒိဋ္ဌဓမ္မ အကျိုးပေးသောကံ၏ အားအင် ချိနဲ့ သောကြောင့်ပင် ယင်းကံ၏အစွမ်းသတ္တိဖြင့် အကျိုးမပေးနိုင်ခြင်း ဖြစ်သည်။ အခြား အထောက်အကူများပါ ပြည့်စုံပါမှ အကျိုးပေးနိုင်လေသည်။ ဒါနကုသိုလ် ကံတခုသည် ပြုလုပ်သောဘဝတွင် လက်ငင်းအကျိုးပေးသည် ဆိုပါက အခြားအထောက်အပံ့ လေးခုကိုလည်း ပြည့်စုံမှုရှိ·မရှိ ကြည့်ရှုအပ်ပေသည်။ ဓမ္မပဒအဋ္ဌကထာတွင် အထောက်အပံ့လေးခုကို ပြဆိုထားသည်။ အလှူခံပုဂ္ဂိုလ်ကလည်း အနာဂါမ် ရဟန္တာဖြစ်ရမည်။ မိမိလှူသည့် ပစ္စည်းကလည်း တရားသဖြင့် ရထားသည့် စင်ကြယ်သောပစ္စည်း ဖြစ်ရမည်။ အလှူရှင်၏စေတနာကလည်း မလှူခင်စေတနာ လှူဆဲစေတနာ လှူပြီးစေတနာဟူသော စေတနာသုံးတန် ခြံရံထားသည့် စေတနာမှန် ဖြစ်ရမည်။ အလှူခံပုဂ္ဂိုလ်သည် အနာဂါမ်ရဟန္တာ ဖြစ်ရုံမျှဖြင့် မလုံလောက်သေး နိရောဓသမာပတ်မှ ထပြီးစဖြစ်၍ ဂုဏ်ထူးဝိသေသလည်း ရှိရပေမည်။ ဤသို့ အခြား အထောက်အပံ့များ စုံညီပါမှ အကျိုးပေး နိုင်သည်။ (ဓမ္မ၊ ဋ္ဌ၊ ၂။ ၅၆။)

အလှူပေးသည့် ကုသိုလ်ကံအတွက် အထောက်အပံ့ လေးချက်ကို ပြဆိုခြင်းဖြစ်သည်။ အခြားကုသိုလ်ကံ အကုသိုလ်ကံများမှာလည်း ပတ်ဝန်းကျင်အထောက်အပံ့များ ရမှသာ အကျိုးပေးသည်။ အချက်လေးချက်ဖြင့် ကန့်သတ်၍ ပြဆိုထားခြင်းမရှိပေ။ အခြားအားကောင်းသော ကုသိုလ်ကံ အကုသိုလ်ကံတို့လည်း ရှိနေတတ်ရာ ထိုအားကောင်းသော ကံတွေ ရှိနေပါက ဤဒိဋ္ဌလက်ငင်း အကျိုးပေးသောကံသည် အကျိုး ပေးခွင့်မရနိုင်ပေ။ ကုသိုလ်ကံဖြစ်လျှင် အခြားအကုသိုလ်ကံတို့၏ တားဆီး ပိတ်ပင်မှု မခံရပါမှ အကျိုးပေးနိုင်သည်။ အကုသိုလ်ကံဖြစ်လျှင် အခြား ကုသိုလ်ကံများ၏ တားဆီးပိတ်ပင်မှုကို မခံရပါမှ အကျိုးပေးနိုင်သည်။ ကုသိုလ်ကံဖြစ်ပါက သမ္ပတ္တိစက်လေးပါးနှင့် ပြည့်စုံဖို့လိုသည်။ ဤသို့စသော အထောက်အပံ့များ စုံညီဖို့လိုသည်။ (ဋီကာကျော်၊ ၁၅၁။)

လက်ငင်းဒိဋ္ဌ အကျိုးရခဲ့သော သာဓကဇာတ်များလည်း ရှိသည်။ မောင်ပုဏ္ဏသည် နိရောဓသမာပတ်မှ ထပြီးစဖြစ်သော အရှင်သာရိပုတ္တရာအား နံနက်စောစော မျက်နှာသစ်ရေ လှူသည်။ မယားဖြစ်သူ ဘာရိတာကလည်း ဆွမ်းလှူသည်။ ထိုကုသိုလ်ကြောင့်ပင် ထွန်ဈော်ခဲများက ရွှေတုံး ရွှေခဲများဖြစ်ပြီး နေ့ချင်းပင် သဌေးကြီးရာထူးကို ရသည်။

ကာကဝဠိယမယားသည် နိရောဓသမာပတ်မှ ထပြီးကာစဖြစ်သော အရှင်မဟာကဿပမထေရ်ကြီးအား ယာဂုဆွမ်းလှူသည်။ ထိုကံကြောင့်ပင် ခုနစ်ရက်အတွင်း ရွှေအိုး ငွေအိုးများရ၍ သဌေးဖြစ်လေသည်။

(မ၊ဋ္ဌ၊၄။၄–၅။)

နန္ဒလုလင်သည် ဥပ္ပလဝဏ်ထေရီမအား မတရားပြုကျင့်သည့်ကံကြောင့် နေ့ချင်းမြေမျိုခံရ၍ သေဆုံးသွားသည်။

(ဝိ၊၁၊၄၃။ ဝိ၊ဋ္ဌ၊၁။၂၃၇။)

နွားသတ်သမားသည် အနှစ်ငါးဆယ်ပတ်လုံး နွားသတ်၍ အသက်မွေးသည်။ တနေ့သ၌ ထမင်းပွဲတွင် အမဲသားဟင်း မပါသောကြောင့် နွားအရှင်တကောင်၏လျှာကို လှီးဖြတ်၍ မီးကင်စားနေခိုက်မှာပင်လျှင် လျှာပြတ်ကျ၍ သေရသည်။ သေပြီးနောက် အဝီစိငရဲ ကျသွားသည်။

(မမ္မ၊ဋ္ဌ၊၂။၂၁၃)

နန္ဒဘီလူးသည် အရှင်သာရိပုတ္တရာ၏ ဦးခေါင်းပြောင်ပြောင်ကို လက်ဖြင့်ခေါက်သည်။ ထိုကံကြောင့် "ပူလှချည့်၊ လောင်လှချည့်"ဟု အော်မြည်လျက် အဝီစိငရဲကျသည်။ (မ၊ဋ္ဌ၊၄၊၅–၆။)

အထက်ပါသာဓကများ၌ ပစ္စုပ္ပန်မှာ အကျိုးပေးပုံအပြင် သေပြီးနောက် ငရဲရောက်ရသည်ကိုလည်း တွေ့ရသည်။ ငရဲရောက်ရသည်မှာ "ဒိဋ္ဌဓမ္မဝေဒနီယကံ" ကြောင့် မဟုတ်ပေ။ လျှာပြတ်ကျခြင်း ပူပူလောင်လောင် ခံစားရခြင်းတို့သည်သာ ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အကျိုးများဖြစ်

သည်။ ငရဲကျခြင်းမှာ ဥပပဇ္ဇဝေဒနီယကံ၏ အကျိုးဖြစ်သည်။ ကျူးလွန်သော အကုသိုလ်ကံမှုတခုတွင် အကုသိုလ်ဇော ခုနစ်ချက်ရှိကြောင်း သိပြီးပင်ဖြစ်သည်။ ဇောတချက်တချက်သည် မပြောပလောက်သော အချိန်တိုကလေးအတွင်းတွင် ဖြစ်ပျက်ခဲ့ခြင်း ဖြစ်သည်။ ထိုတချက်တချက်ကာလသည် ဘဝသစ်တခုကို တူထောင်နိုင်လောက်အောင် မျိုးစေ့ကို ပေးစွမ်းနိုင်သော အစွမ်းသတ္တိရှိသည်။

ကောင်းသောအမှုကို ပြုလုပ်၍ သူတော်ကောင်းတို့၏ အချီးမွမ်းခံရခြင်း ချီးမြှောက်ထောက်ပံ့ခံရခြင်းနှင့် အစိုးရ၏ ထိုက်သည့်အလျောက် ချီးမြှောက်မှုကို ခံရခြင်းတို့မှာ ဒိဋ္ဌဓမ္မဝေဒနီယကံ၏ မထင်ရှားသော အကျိုးတရားများဖြစ်သည်ဟု ဆိုသင့်ကြောင်း လယ်တီဆရာတော်က ပရမတ္ထဒီပနီတွင် ရေးခဲ့သည်။

မကောင်းမှု ဒုစရိုက်ကို ပြုကျင့်၍ သူတော်ကောင်းတို့၏ ကဲ့ရဲ့မှုကို ခံရခြင်း ထိုက်သည့်အလျောက် အစိုးရ အပြစ်ဒဏ်ကို ခံရခြင်းတို့မှာ အကုသိုလ် ဒိဋ္ဌဓမ္မဝေဒနီယကံ၏ မထင်ရှားသော အကျိုးများဟုဆိုသင့်ကြောင်း ပရမတ္ထဒီပနီတွင်ပင် မိန့်ဆိုခဲ့သည်။

လယ်တီဆရာတော်က တရားသေမိန့်ကြားခဲ့သည်မဟုတ်ပေ၊ ဆိုသင့်၏ ဟူသောစကားဖြင့် မိမိ၏အာဘော်မျှ မြွက်ဆိုကြောင်း သိသာသည်။ လယ်လုပ်၍ လယ်သမားဖြစ်ရခြင်းစသော မြင်သာသောကြောင်းကျိုးဆက်နွယ်မှုကို အထင်အရှားတွေ့နေရလျှင် ကံကြောင့်ဖြစ်သည်ဟု ယူဆထိုက်မည်မထင်။ လက်တွေ့လုပ်ဆောင်ချက် ပယောဂများကို မျက်ကွယ်ပြုထိုက်မည် မဟုတ်ချေ။

ဒုတိယဘဝ၌ အကျိုးပေးသောကံ

ကုသိုလ်ကံဖြစ်စေ အကုသိုလ်ကံဖြစ်စေ ဒုတိယဘဝ၌ အကျိုးပေးမည့်ကံကို 'ဥပပဇ္ဇဝေဒနီယကံ' ဟုခေါ်သည်။ ဒုတိယဘဝ၌ အကျိုးပေးသောကြောင့် သောကံများမှာ ကုသိုလ်ဘက်၌ သမာပတ် ရှစ်ပါး၊ အကုသိုလ်ဘက်၌ ပဉ္စာနန္တရိယကံများဖြစ်သည်။ (အင်္ဂုတ္တိုရ် အဋ္ဌကထာ ဒု-အုပ်၊ ၁၀၄။)

အဘိဓမ္မာ ရှုထောင့်မှကြည့်လျှင် ဇောခုနစ်ကြိမ်အနက် နောက်ဆုံး ဇော၌ပါသော စေတနာသည် ဥပပဇ္ဇဝေဒနီယကံ ဖြစ်သည်။ သတ္တမ ဇောသည် နောက်ဆုံးဇောဖြစ်၍ အားကောင်းသည်ဟု မဆိုနိုင်။ အရှိန် အဟုန် ကုန်ခါနီးဖြစ်သောကြောင့် အားမကောင်းလှပေ။ အားမကောင်း သောကြောင့် ထိုကံ၏အကျိုးမှာ ဒုတိယဘဝကို လွန်၍ နောက်နောက် ဘဝတွေအထိ လိုက်၍ အကျိုးမပေးနိုင်ပေ။ (ဋီကာကျော်-၁၇၁)

အမိသတ်ကံစသော ကံများသည် ဥပပဇ္ဇဝေဒနီယကံ ဖြစ်သည်ဟုဆို ခဲ့သည်။ တဖန် ထိုကံသည် အားနည်း၍ ဒုတိယဘဝကိုလွန်ပြီး နောက် နောက်ဘဝများသို့လိုက်ကာ အကျိုးမပေးနိုင်ဟုဆိုပြန်သည်။ပဉ္စာနန္တရိယ ကံ စသည်သည် အားမကောင်းဟု အဓိပ္ပာယ် ယူဆစရာဖြစ်သည်။ ပဉ္စာနန္တရိယကံ စသည်ကို အားမကောင်းဟု ဆိုလိုသည် မဟုတ်ပေ၊ စေတနာတချက်တချက်သည် ဘဝသင်္ခုတခုကို ဖြစ်စေသောအကျိုးကို ပေးနိုင်ရာ ဤနောက်ဆုံးဇောမှာ အင်အားမကြီးမားလှကြောင်းကို ဆိုလို ခြင်းဖြစ်သည်။ ပဉ္စာနန္တရိယကံကဲ့သို့ အားကြီးသောကံဖြစ်၍သာ ပင်ကိုယ် အားနည်းသော နောက်ဆုံးဇော၏ အစွမ်းသတ္တိ ထင်ပေါ်ခြင်းဖြစ်သည်။ အားနည်းသောကံ၏ နောက်ဆုံး ဇောဆိုပါလျှင် ဒုတိယဘဝ၌ အကျိုး ပေးမှု သေချာလိမ့်မည်မဟုတ်ပေ။ အခြား အားကြီးသော ကံများက အကျိုးပေးလှည့် ငင်ယူသွားကြပေလိမ့်မည်။ ဆန့်ကျင်ဘက် ကံတခု၏ အနှောင့်အယှက်အပိတ်အပင်မခံရပါမှ အခြားအထောက်အကူများလည်း ရပါမှ ဤဥပပဇ္ဇဝေဒနီယကံ အကျိုးပေးနိုင်သည်ဟု ဋီကာကျော်ဆရာ ကား ဆိုခဲ့သည်။

ထို့ပြင် ဘဝသစ်တခုကို အခြေစိုက်သော ပဋိသန္ဓေအကျိုးကို ပေးပါမှ ဘဝတလျှောက် အကျိုးပေးမှု ပဝတ္တိအကျိုးကိုလည်း ပေးနိုင်သည် ဆိုသည်မှာ မှန်ပါသည်။ အဝတ်အထည်ကို ရရှိစေနိုင်သော ကုသိုလ်ကံ ကျိုးဖြစ်ပါက လူ့ဘဝဖြစ်ရခြင်းဟူသော ပဋိသန္ဓေကျိုးကို ဦးစွာပေးထား ရပေလိမ့်မည်။ တိရစ္ဆာန်ဘဝ၌ အကျိုးပေးထားပါက အဝတ်အထည်ပေါ

များစေသော ကံရှိနေစေကာမူ အဘယ်မှာအကျိုးပေးခွင့် ရနိုင်တော့မည်နည်း။

သို့ရာတွင် ဋီကာကျော်ဆရာ၏အဆိုကို အချို့ပညာရှိများ မနှစ်သက်ကြ။ စမွယျဇာတ်ကို ထောက်ဆ၍ ပဋိသန္ဓေကျိုးကို မပေးပဲလည်း ပဝတ္တိအကျိုးကို ပေးနိုင်သည်သာ ဖြစ်သည်ဟုဆိုသည်။ အလောင်းတော် စမွေယျနဂါးမင်းသည် ရှေးဘဝက နဂါးမင်းစည်းစိမ်ကို တောင့်တ၍ ဒါနသီလစသော ကောင်းမှုများကို ပြုလုပ်သည်။ ထို့ကြောင့် နဂါးမင်းစည်းစိမ်ကို ရရှိလာသည်။ ဤဝတ္ထု၌ အလောင်းတော်၏ ဒါန သီလ ကုသိုလ်များသည် ပဋိသန္ဓေအကျိုးကို မပေး၊ ပဝတ္တိအကျိုးမျှကိုသာ ပေးသည်ဟု တိပိဋကပါဠိမြန်မာ အဘိဓာန်တွင် ရှင်းလင်းပြဆိုထားသည်။

ဘဝအဆက်ဆက် အကျိုးပေးသောကံ

ယခုဘဝတွင်ပင် လက်ငင်းအကျိုးပေးသောကံနှင့် ဒုတိယဘဝတွင် အကျိုးပေးသော ကံများကို ဖယ်ထား၍ တတိယဘဝမှစ၍ ဘဝသံသရာ တလျှောက် ထိုက်သည့် အားလျော်စွာ အကျိုးပေးသောကံကို အပရာပရိယဝေဒနီယကံဟု ခေါ်သည်။ ထိုကံသည် အားကောင်းသောကံ ဖြစ်သည် အားကောင်းသောကြောင့်ပင် တကြိမ်တခါ အကျိုးပေးပြီးကာမျှဖြင့် ကုန်ဆုံးသွားသည်မဟုတ်ပေ၊ အဘိဓမ္မာ ရှုထောင့်မှကြည့်လျှင် ဇောခုနစ်ချက်အနက်၊ အလယ်ဇောငါးချက်တွင် ပါဝင်သော စေတနာဓာတ်အားကြီးပင်ဖြစ်သည်။ စေတနာတချက်သည်ပင် ဘဝတခုကို ထူထောင်နိုင်သော အင်အား ရှိသည်မဟုတ်ပါလော၊ ပုဂ္ဂိုလ် သတ္တဝါတိုင်းမှာ အပရာပရိယဝေဒနီယကံ စေတနာပေါင်း များစွာ ရှိနိုင်သည်ဖြစ်ရာ ယင်းကံ၏အကျိုးများမှာ ကုန်နိုင်ဖွယ်ပင် မရှိချေ။ ဝဋ္ဋမြစ်နှစ်ပါးဖြစ်သော အဝိဇ္ဇာနှင့်တဏှာကို ပယ်နုတ်ပစ်နိုင်မှသာ ယင်းကံတို့၏ အကျိုးပေးမှုကို ရပ်ဆိုင်းသွားစေပေတော့မည်။

အပရာပရိယဝေဒနီယကံမှ လွတ်မြောက်သောသတ္တဝါဆိုသည်မှာ မရှိကြောင်း အင်္ဂုတ္တိုရ်အဋ္ဌကထာတွင် ဆိုထားသည်။ (အံ၊ဋ္ဌ၊ ၂။၁၀၄)

ကုသိုလ်အပရာပရိယဒေနီယကံရော အကုသိုလ်အပရာပရိယဝေဒနီယကံပါ ရောထွေးယှက်လိမ်ပါရှိနေရာ၊ ကုသိုလ်ကံအားကောင်းလျှင် ကုသိုလ်ကံက အကျိုးပေးခွင့်ရသည်။ အကုသိုလ်ကံက အားကောင်းလျှင် အကုသိုလ်ကံက အကျိုးပေးသည်။ သို့ရာတွင် ကံဘာနှ၏ အကျိုးပေးမှုအတွက် အခြား အထောက်အကူများကိုလည်း ထည့်တွက်ရသေးသည်။ သမ္ပတ္တိစက်စသော အကြောင်းအချက်များကိုပါ လေ့လာမှ ပြည့်စုံပေမည်။ ကံအဆိုး အကောင်းတွေကို မိမိတို့မည်မျှပြုခဲ့သည်ဟု မသိနိုင်သည့်အတွက် လက်ရှိ အခြေအနေတွင် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ခြင်းသည် မှန်ကန် ပေသည်။ ပယောဂသမ္ပတ္တိခေါ် အကောင်းဆုံးလုပ်ဆောင်ချက်သည် အကုသိုလ်အကျိုးပေးမှုကို ဟန့်တားနိုင်သည်။ အားကြီးသောကံဖြစ်ပါက မူ ကိုယ်ပြုကိုယ့်ကံ ကိုယ်သာခံရပေလိမ့်မည်။

"ရှင်လှသတ္တဝါ၊ ထိုများစွာကား၊ အပရာပရိယ၊ ကံကိစ္စနှင့်၊ ကင်းကြသူတိ၊ မည်မရှိရှင့်၊ မသိနိုင်တောင်း၊ ကံဆိုးကောင်း ကို၊ ဦးခေါင်းလွတ်၍၊ အချက်သင့်ရာ၊ ခံရစွာ၏"

(မဃဒေဝ-၂၆၄)

အဟောသိကံ

'အဟောသိကံ'ဆိုသော ပါဠိစကားမှာမူ မြန်မာလိုအလွန် ရင်းနှီးသော စကားဖြစ်နေပေပြီ။ 'ပညာရေးအဟောသိကံဖြစ်သည်' စသည်ဖြင့် မြန်မာ စကားကဲ့သို့ပင် သုံးနှုန်းနေကြပေသည်။ အဟောသိကံကို မြန်မာလို ရှင်းပြ စရာပင် လိုအံ့မထင်၊ လက်ငင်းအကျိုးပေးသောကံသည် လက်ငင်းအကျိုး မပေးလျှင် နောင်မည်သည့်အခါမှာမှ လာရောက်အကျိုးပေးလိမ့်မည် မဟုတ်ပေ၊ ယင်းစေတနာဓာတ်၏စွမ်းအင် ကုန်သွားတော့သည်။ ဒုတိယ ဘဝ၌ အကျိုးပေးရမည့်ကံသည် ဒုတိယဘဝ၌ ပိုမိုအားကောင်းသော အခြားကံက ဝင်ရောက် အကျိုးပေးသွားသဖြင့် မိမိအကျိုးပေးခွင့် မရ လျှင် အဟောသိကံ ဖြစ်သွားတော့သည်။ တတိယဘဝ စသည်၌ ရွှေ့ပြောင်းအစားထိုးကာ အကျိုးပေးခွင့်မရှိတော့ချေ။ အပရာပရိယ

ဝေဒနီယကံမှာ အဟောသိကံ တော်တော်နှင့် ဖြစ်မသွားပေ။ တဏှာကို ဖြတ်တောက်လိုက်လျှင်မူ ဘဝသစ်တခု ပြောင်း၍ အကျိုးမပေးတော့ပေ၊ ပရိနိဗ္ဗာန် မပြုမီတိုင်အောင်အထိ အကျိုးပေးနိုင်သည်။ ရှင်မဟာမောဂ္ဂလာန်သည် ပရိနိဗ္ဗာန်ပြုကာနီးတွင် ခိုးသားတို့၏ နှိပ်စက် သတ်ဖြတ်မှုကို ခံရသည်။ ပရိနိဗ္ဗာန်ပြုချိန်ထိမှ အကျိုးမပေးရသေးလျှင် ထို အပရာပရိယဝေဒနီယကံသည် အဟောသိကံ ဖြစ်သွားတော့သည်။

ပစ္စုပ္ပန္နဝေဒနီယကံ ငါးမျိုးလုံးကို ကျူးလွန်ထားရာ၌ အစွမ်းသတ္တိ အထက်ဆုံးဖြစ်သော သံသာသင်းခွဲမှု ကံကသာ ဘဝသစ်တခုတွင် အခြေတည်မိအောင် အကျိုးပေးသည်၊ ကျန်သောကံကြီးလေးမျိုးမှာအဟောသိကံဖြစ်သွားသည်။ ထို့အတူ သမာပတ်ရှစ်ပါး ရထားသူအား သမာပတ်တပါးကသာ အကျိုးပေးသည်။ ကြွင်းသောသမာပတ်များမှာ အဟောသိကံဖြစ်သွားသည်။ (အင်္ဂုတ္တိုရ် အဋ္ဌကထာ၊ ၃-၁၀၄-၅။)

အကုသိုလ်ကံများ အဟောသိကံဖြစ်အောင် ဉာဏ်ဝီရိယစိုက်ကာ ကုသိုလ်ကံသစ်များကို ထူထောင်ထိုက်သည်။ သို့မှသာ ကုသိုလ်ကံများသာ အကျိုးပေးခွင့် ဆက်ကာရ၍ အကုသိုလ်ကံများ ပ-သွားပေလိမ့်မည်။

ကံသုံးပါးတွင် မနောကံသာ အကြီးကျယ်ဆုံး

မြတ်စွာဘုရားက ကံကိုသုံးပါးပညတ်ခဲ့သည်။ ကာယကံ၊ ဝစီကံနှင့် မနောကံတို့ဖြစ်သည်။ ကမ္မဝါဒဖြစ်သော အခြားနိဂဏ္ဌဂိုဏ်းကမူ ကံဟု မပညတ်ပဲ ကာယဒဏ် မနောဒဏ် ဝစီဒဏ်ဟူ၍ ပညတ်သည်၊ပညတ်ချက်ကွဲသော်လည်း ဆိုလိုချက်မှာ အတူတူပင်ဟု ဆိုထိုက်သည်။ ကာယကံကို ကာယဒဏ်ခေါ်ခြင်း ဝစီကံကို ဝစီဒဏ်ခေါ်ခြင်း မနောကံကို မနောဒဏ်ဟု ခေါ်ခြင်းပင် ဖြစ်သည်။ အပေါ်ယံတူသော်လည်း အနှစ်အသားမှာမူ မတူနိုင်ပေ။ ဘုရားရှင်တို့၏ ဉာဏ်တော်အရာသာဖြစ်သော "ကံ"ကို အခြားဂိုဏ်းဆရာတို့ အဘယ်မှာပြည့်စုံမှန်ကန်စွာ ပညတ်နိုင်ချိမ့်မည်နည်း။

နိဂဏ္ဌဂိုဏ်းသား ဒီဃတပဿီသည် မြတ်စွာဘုရားထံသို့ ရောက်လာသည်။ မြတ်စွာဘုရားနှင့် "ကံ"အကြောင်း ဆွေးနွေးကြသည်။ နိဂဏ္ဌဂိုဏ်းက ကံသုံးပါးအနက် ကာယကံ (ကာယဒဏ်)ကို အားအကြီးဆုံးဟု သတ်မှတ်သည်။ အကုသိုလ်ကံကို ပြုလုပ်သည့်အခါ ကံသုံးပါးအနက် မည်သည့်ကံသည် အပြစ်အကြီးဆုံး ဖြစ်သနည်းဟူသော ပြဿနာကို ဆွေးနွေးကြသည်။ နိဂဏ္ဌတို့က ကံသုံးပါးအနက် ကာယကံသာ အပြစ်ကြီးသည်ဟု ဆိုသည်။ ဗုဒ္ဓမြတ်စွာဘုရားက ကံသုံးပါးအနက် မနောကံသာ အပြစ်အကြီးဆုံးဟု မိန့်ကြားသည်။

အယူဝါဒနှစ်ခု ညှိမရအောင် ရှိနေသည်။ ဗုဒ္ဓ၏တရားတော်သည် ညှိယူရသောတရားလည်း မဟုတ်ပေ၊ ပြီးပြည့်စုံသော တရားတော်များပင် ဖြစ်သည်၊ ဒီဃတပဿီသည် မြတ်စွာဘုရားနှင့် ဆွေးနွေးခဲ့ရသည်ကို ဂိုဏ်းဆရာ နာဋပုတ္တသို့ ပြန်လည်ပြောကြားသည်။ ဗုဒ္ဓတော့မှားပြီဟု ယူဆလိုက်ကြသည်။ ဗုဒ္ဓက မနောကံသည် အကုသိုလ်ပြုရာမှာ အပြစ်အကြီးဆုံးဟူသော စကားဆိုသည်မှန်လျှင် ထိုဝါဒကို မွှေနှောက်ခြောက်ခြားပစ်မည်ဟု ကြုံးဝါးကြသည်။ ဗုဒ္ဓထံသို့သွား၍ အချေအတင် ပြောဆို၍ ဝါဒပြိုင်မည့်သူကား နာဋပုတ္တ၏ဒါယကာ ဥပါလိသူကြွယ် ဖြစ်သည်။

မိမိဝါဒကို ကျေကျေနပ်နပ် လက်ခံထားမိလျှင် အခြားမတူညီသော ဝါဒကိုအထင်သေးတတ်သည်။ ကိုယ့်ဝါဒမှ အမှန်ဟုထင်သည်။ ကိုယ့်အကြောင်းပြချက်နှင့်ကိုယ် ဟုတ်နေတတ်သည်။ ဥပါလိသူကြွယ်သည် မြတ်စွာဘုရားထံ မသွားမီ မြတ်စွာဘုရား၏ဝါဒကို အမျိုးမျိုးကိုင်လှုပ်ဆွဲချမ်းပစ်မည့်အကြောင်း ဥပမာများဖြင့် အားရပါးရ ပြောဆိုကြုံးဝါးနေသည်။

အားကောင်းသော လူတယောက်သည် အမွေးရှည်သောသိုးကို အမွေးမှဆုပ်ကိုင်ကာ တွန်းလိုက်ဆွဲလိုက် စိတ်ထင်တိုင်းလှုပ်ခါရမ်းသကဲ့သို့ ဂေါတမဗုဒ္ဓ၏ဝါဒကို လှုပ်ခါဆွဲရမ်းပစ်မည်ဟူ၍ အမွေးရှည်သိုးနှင့် ဥပမာကပ်ပြသည်။

ဖျာကိုရေအိုင်ထဲချပြီး ဟိုဘက်တွန်း သည်ဘက်ဆွဲ မွေ့ရမ်းပြီး လုပ်ချင်တိုင်းလုပ်နေသကဲ့သို့ ဂေါတမဗုဒ္ဓအား အယူဝါဒဖြင့် တွန်းငင်ဆွဲရမ်း ပြုလုပ်မည်စသော ဥပမာတို့ဖြင့် မသွားမိ ကြိမ်းဝါးနေသည် နာဋပုတ္တကလည်း ဝါဒပြိုင်ခြင်းဖြင့် ဥပါလိ အမှန်တကယ်အနိုင်ရလိမ့်မည်ဟုလည်း ယုံကြည်နေသည်။ ဝါဒပြိုင်ခြင်းအားဖြင့် ဥပါလိသည် ရဟန်းဂေါတမ၏ တပည့်ဖြစ်မသွားနိုင် ရဟန်းဂေါတမသာလျှင် ဥပါလိ၏တပည့်ဖြစ်ကောင်းဖြစ်လာလိမ့်မည်ဟု စိတ်ချယုံကြည်သည်။

လက်တွေ့တွင်ကား ဥပါလိသူကြွယ်သည် မြတ်စွာဘုရားနှင့်တွေ့၍ မြတ်စွာဘုရားက အကုသိုလ်အရာ မနောကံသည် ကာယကံထက် အပြစ်ပိုကြီးကြောင်း ရှင်းလင်းဟောကြားသောအခါ ရတနာသုံးပါး ဆည်းကပ်သူ ဖြစ်သွားတော့သည်။

မြတ်စွာဘုရားသည် မနောကံ အားကောင်းပုံ ရှင်းပြရာတွင် နိဂဏ္ဌဂိုဏ်းသားတို့ နားလည်ပြီးသော အရာများကိုသာ ရွေးယူ၍ အမေးအဖြေ သဘောမျိုးဖြင့် ရှင်းလင်းဟောကြားခဲ့သည်။ နိဂဏ္ဌတယောက် အနာရောဂါကြောင့် ဆင်းရဲခံရောက်နေသည်၊ ရေအေးမသောက်ရပဲ ရေနွေးကိုသာ သုံးဆောင်ရသည်၊ ထိုနိဂဏ္ဌသည်၊ ရေအေးမသောက်ရသည့်အတွက် သေရသည်။ ထိုသူသည် နိဂဏ္ဌတို့အလိုအရ စိတ်စွဲလန်း၍ ဖြစ်သောနတ်မျိုး၌ ဖြစ်သည် ထိုအဖြေမှာ နိဂဏ္ဌတို့၏ အဖြေပင်ဖြစ်သည် ၎င်းအဖြေတွင် မနောကံ အားကောင်းပုံ ပေါ်လွင်နေသည်။

စိတ်စွဲလန်းရာ၌ ဖြစ်ရသည်ဟူသော အချက်ဖြင့်ပင် ဥပါလိသည် ကာယကံထက် မနောကံက ကြီးကျယ်ကြောင်း ကျေနပ်နေပြီ။ သို့ရာတွင် မြတ်စွာဘုရား၏ ဒေသနာဉာဏ်ဖြင့် အထပ်ထပ် ရှင်းလင်းချက်ကို နာကြားလိုသေး၍ မိမိကျေနပ်ကြောင်းကို မလျှောက်ထားပဲ ကာယကံသာကြီးကျယ်ကြောင်း ထပ်၍ ဆိုပြန်သည်။

မြတ်စွာဘုရားကဆက်၍ မိန့်ကြားပြန်သည်။ နာဋ၏သားသည် မကောင်းမှုတို့ကို တားမြစ်ရန်အားထုတ်နေ၏။ နာဋ၏သား ခရီးသွား

သောအခါ သတ္တဝါငယ်ကလေးများ သေကြေပျက်စီးကြသည်။ အကျိုး ဘယ်သို့ဖြစ်မည်နည်းဟူ၍ မြတ်စွာဘုရားက မေးသည်၊ ဥပါလိက နာဋ္ဌ၏သား နိဂဏ္ဍသည် စေ့ဆော်သောစေတနာမပါသည့်အတွက် ကြီး သောအပြစ် မရှိပါဟုဆိုသည်။

စေတနာပါမှ အပြစ်ကြီးသည် ဆိုသဖြင့် မနောကံက ကာယကံထက် အားကြီးကြောင်း ပေါ်ပြန်သည်။ နိဂဏ္ဍတို့၏ဝါဒတွင် စေတနာကို (မနောဒဏ်)မနောကံဟူ၍ ပညတ်ထားပေသည်။

ဥပါလိက ကျေနပ်ဟန်မပြပဲ ကာယကံသာကြီးကျယ်ကြောင်း ထပ်၍ ဆိုပြန်သည်။

မြတ်စွာဘုရားက ဥပါလိအား မေးခွန်းထုတ်သည်။ ဤနာဋ္ဌန္ဒမြို့သည် လူဦးရေပေါများ၍ စည်းကားလှပေသည် ဓားသမားတဦးသည် "နာဋ္ဌန္ဒ တမြို့လုံးကို တမုဟုတ်ခြင်း တခဏခြင်းပင် အသားစု အရိုးစုဖြစ်အောင် လုပ်ပစ်မည်"ဟု ဆိုလျှင် ဖြစ်နိုင်ပါမည်လော မဖြစ်နိုင်ပါဟု ဥပါလိက ဖြေသည်။

"စိတ်တန်ခိုးရှိသော ပုဂ္ဂိုလ်များသည် ဤနာဋ္ဌန္ဒမြို့ကို တကြိမ်စိတ်ဆိုး ကာမျှဖြင့် ပြာဖြစ်အောင် ပြုလုပ်စွမ်းနိုင်ပါမည်လော"ဟု မေးသောအခါ နာဋ္ဌန္ဒမြို့တမြို့ကိုသာမက မြို့ပေါင်းများစွာကိုပင် ပြာဖြစ်အောင် ပြုစွမ်း နိုင်ပါသည်ဟု ဥပါလိက ဖြေကြားသည်။ ဤအချက်သည် မနောကံက ကာယကံထက်အားကြီးကြောင်းပိုမိုထင်ရှားစေပေသည်။

ဥပါလိက ကာယကံသာ အားကြီးကြောင်း တင်းခံထားသည်။ မြတ်စွာဘုရားတွင် နောက်ထပ် ပြောစရာအချက် ရှိ,မရှိ သိလိုဟန်တူပေ သည်။

မြတ်စွာဘုရားက ဥပါလိကို မေးသည်၊ "ဒဏ္ဍကီတိုင်း ကာလိင်္ဂတိုင်း မဇ္ဈတိုင်း မာတင်္ဂတိုင်းတို့မှာ တောအတိဖြစ်နေသည်ဟု ကြားဖူးပါ သလော" ကြားဖူးပါ၏ အဘယ်ကြောင့် တောအတိဖြစ်သွားရသည်ကို

ကြားဖူးသနည်း "ရသေ့တို့စိတ်ဆိုးသောကြောင့် တောအတိဖြစ်သွားရ သည်ဟု ကြားဖူးပါသည်။

ဥပါလိသည် မြတ်စွာဘုရားက မိမိသဘောပေါက်အောင် ထောက်ပြသောအချက်များကို အလွန်ကျေနပ်နှစ်သက်သွားသည်။ ရှေ့ဆက်၍ အတွန့်တက်လိုစိတ်ပင်မရှိတော့။ ရတနာသုံးပါး ဆည်းကပ်သူအဖြစ် ခံယူသွားတော့သည်။

နိဂဏ္ဌနာဋပုတ္တသည် ဗုဒ္ဓဘာသာသို့ ကူးပြောင်းသွားသူဥပါလိကို လာတွေ့ပြီး "ဝှေးသင်းသမားတဦးသည် ဝှေးစေ့အထုတ်ခံ၍ ပြန်လာရသကဲ့သို့ ရဟန်းဂေါတမထံ ဝါဒတင်သွားပါလျက် မိမိဝါဒအပေါ် အစွပ်စွဲခံ၍ ပြန်လာရသည်" စသည်ဖြင့် ပြောဆိုပြစ်တင်သည်။

နာဋပုတ္တသည် ဥပမာပေးကောင်းသူဖြစ်သည်၊ ဥပါလိကလည်း သူထက်မညံ့ပေ။ နိဂဏ္ဌတို့၏ ဝါဒကို ဥပါလိဝေဖန်သုံးသပ်ရာတွင် ဥပမာပေး၍ ဝေဖန်သုံးသပ်သွားသည်မှာ မှတ်သားစရာပင်ဖြစ်သည်။ နိဂဏ္ဌတို့၏ အယူဝါဒသည် သူမိုက်တို့၏ အစွဲကိုသာ ခံနိုင်သည်။ ပညာရှိတို့၏ အစွဲကို မခံနိုင်။ အစိစစ်မခံနိုင်၊ အစမ်းသပ်မခံနိုင်၊ ဗုဒ္ဓဝါဒသည် ပညာရှိတို့၏ အစွဲကိုခံနိုင်၏။ သူမိုက်တို့၏အစွဲကိုမခံနိုင်၊ အစိစစ်လည်း ခံနိုင်၏။ အစမ်းသပ်လည်း ခံနိုင်၏။ ဈေးထဲမှ ဝယ်လာသော မျောက်ရုပ်ကို ဖြူစင်အောင် ဖွပ်လျှော်၍ အဝါရောင်ဆေးဆိုးချင်ပါသည်ဟု ဆေးဆိုးသမားထံအပ်သည်။ ဆေးဆိုးသမားက မျောက်ရုပ်သည် အဝတ်စဖြင့် ပြုလုပ်ထား၍ ဆေးဆိုးမှုကိုကား ခံနိုင်ပါ၏၊ ရိုက်နှက်ဖွပ်လျှော်မှုကိုကား မခံနိုင်ပါဟု ဆိုလေသည်။ တဖန် အဝတ်သစ်ကို ယူ၍ စင်ကြယ်အောင် ထုရိုက်ဖွပ်လျှော်ပြီး အဝါရောင်ဆေးဆိုးပေးပါဟု အပ်သည့်အခါတွင်မူ ဆေးဆိုးသမားက အဝတ်သစ်မှာ ဆေးဆိုးလည်းခံနိုင်ပါ၏၊ ရိုက်နှက်ဖွပ်လျှော်မှုကိုလည်း ခံနိုင်ပါ၏၊ အပွတ်အတိုက်ကိုလည်း ခံနိုင်ပါ၏ဟု ပြောဆိုလေသည်။ နိဂဏ္ဌတို့၏ဝါဒသည် မျောက်ရုပ်ကို ဆေးစွဲအောင် ဆိုး၍ ရသကဲ့သို့ ပညာမရှိသူတို့၏ စွဲလန်းမှုကိုကား ရနိုင်ပါ၏၊ သို့သော် မျောက်ရုပ်သည် ရိုက်နှက်ဖွပ်လျှော်မှုကို မခံနိုင်သကဲ့သို့ ပညာရှိသူတို့၏

အစိစစ်ကို မခံနိုင်ပေ၊ ဗုဒ္ဓဝါဒမှာမူ အဝတ်သစ်ကို ဖြူစင်အောင် ရိုက်နှက်ဖွပ်လျှော်ဆေးဆိုးနိုင်သကဲ့သို့ ပညာရှိတို့ စွဲလန်းမှုကိုလည်း ရပါ၏၊ ပညာရှိတို့၏ အစစ်ဆေးခံနိုင် အစမ်းသပ်လည်း ခံနိုင်ပါ၏ဟု နိဂဏ္ဌဝါဒကို မျောက်ရုပ်ဥပမာဖြင့် ဥပါလိက နှိုင်းယှဉ်ပြလိုက်သည်။

နိဂဏ္ဌတို့ဆိုသော ကာယကံသည် အကြီးကျယ်ဆုံး အားအကောင်းဆုံးဆိုသော အဆိုကို မိမိတို့ ဉာဏ်ဖြင့်သာ ဆင်ခြင် သုံးသပ်လျှင် လက်မခံမိဟု မဆိုနိုင်။ အဘယ့်ကြောင့်ဆိုသော် လောက မျက်မြင်တွင် ကာယကံမြောက်ပြုလုပ်မှုကြောင့် ဖြစ်ပေါ်လာသောအရာများစွာကို မြင်တွေ့နေရပြီး ဝစီကံ မနောကံကြောင့် ဖြစ်ပေါ်လာသော အရာများကို ထင်ထင်ရှားရှား မတွေ့မြင်ရသောကြောင့်ဖြစ်သည်။ ဗုဒ္ဓဟောကြားသော မနောကံသာလျှင် ကံသုံးပါးတွင် အကြီးအကျယ်ဆုံးအားအကောင်းဆုံးဆိုသည်ကို လေ့လာ၍ သန္နိဋ္ဌာန်ကျ မှတ်သားအပ်ပေသည်။

(မဇ္ဈိမပဏ္ဏာသပါဠိတော်၊၃၅)

အာကုသိုလ်ကံသုံးပါးတို့တွင် မနောကံသာလျှင် အပြစ်အကြီးဆုံးဖြစ်ကြောင်းကို ပဋ္ဌစတ္တာလီသ ပုစ္ဆာ ဝိသဇ္ဇနာတွင် အမေးအဖြေ ပြုခဲ့သည်ကိုလည်း မှတ်သားသင့်သည်။

မေး။ ဟိတ်သုံးထွေအကြောင်းကြောင့် မကောင်းမှုဖြစ်လေဖွယ်၊
ကာယဝစီနှင့် မနသီသညာပြု သုံးခုကံဝယ်
ပြစ်ကြီးငယ်ဘယ့်နှယ်ညှိနှိုင်း၊
ဘယ်ကံကိုပိုမိုလို့၊ အကျိုးကို ဖြစ်စေသင့်၊ ဟောဖွင့် မှန်တိုင်း။

ဖြေ။ ဟိတ်သုံးထွေအကြောင်းကြောင့် မကောင်းမှုဖြစ်လေဖွယ်၊
ကာယဝစီနှင့်၊ မနသီသညာပြု၊ သုံးခုကံဝယ်၊
ပြစ်ကြီးငယ်၊ သည်နှယ်ညှိနှိုင်း၊
နိယတ်ကယ်မိစ္ဆာကြောင့်၊ မနောသာပိုမိုလို့၊ အကျိုးကိုဖြစ်စေ
သင့်၊ ကျမ်းဖွင့်မှန်တိုင်း။

အကုသိုလ်ကံဘက်တွင် အပြစ်အကြီးဆုံးကံမှာ နိယတ မိစ္ဆာဒိဋ္ဌိ ဖြစ်သည်။ ယင်းနိယတမိစ္ဆာဒိဋ္ဌိကံသည် ကာယကံ၊ ဝစီကံမဟုတ်၊ မနောကံ ဖြစ်သည်။ ထို့ကြောင့် မနောကံသာလျှင် အပြစ်အကြီးဆုံးဖြစ်သည်။

(ကောဂ္ဂိတ္တရပါဠိ၊ အဋ္ဌကထာ)

အကျိုးပေးနိုင်သော ပင်မကံ

ကံဆိုတိုင်း မိမိစွမ်းအားဖြင့် အကျိုးပေးနိုင်ကြသည်မဟုတ်ပေ၊ အချို့ ကံများမှာ အခြားကံတခု အကျိုးပေးနိုင်အောင် ကူညီထောက်ပံ့ရုံသာ စွမ်းနိုင်သည်။ အခြားကံတခု အကျိုးပေးမည်ကို ဟန့်တားပိတ်ပင်တတ်သော ကံများလည်းရှိသည်။ အချို့ကံများမှာမူ အကျိုးပေးနေသော ကံကို ဖြတ်တောက်ပစ်တတ်သည်။ ဤအခြံအရံ ကံသုံးမျိုးကို အကျိုး ပေးနိုင်သော ပင်မကံအဖြစ် မသတ်မှတ်နိုင်ပေ။ သို့ရာတွင် ပင်မကံကို ချည့် လေ့လာပြီးထောက်ကူကံ၊ အဖျက်ကံများကို မလေ့လာလျှင်လည်း မပြည့်စုံနိုင်ပေ၊ ကံကိုလေ့လာလျှင် အသက်ဘက်မှ ရှုမြင်သုံးသပ်ဖို့လို ပေသည်။

အကျိုးပေးနိုင်သော ပင်မကံဆိုသည်မှာ 'ဇနကကံ'ကို ဆိုခြင်း ဖြစ်သည်။ အကျိုးကို ဖြစ်ထွန်းစေသောကံပင်တည်း။ ထောက်ကူသော ကံမှာ ဤပင်မကံကို ထောက်ကူရုံသာတတ်နိုင်သည်။ ဘဝသစ်တခုကို ဖြစ်ထွန်းနိုင်အောင် မစွမ်းဆောင်နိုင်ပေ နှောင့်ယှက်ကံများမှာလည်း ထို့အတူပင် ဖြစ်သည်။ ဇနကကံသည်သာလျှင် လူ့ဘဝ၌ ဖြစ်ရခြင်း၊ တိရစ္ဆာန်ဘဝ၌ဖြစ်ရခြင်းဟူသော အရေးပါသော အကျိုးပေးမှုလည်း စွမ်းနိုင်သည်။ ရောက်ရှိလာသောဘဝတွင် စားဝတ်နေရေးအဆင်ပြေမှု စသည်ကိုလည်း စွမ်းဆောင်နိုင်သည်။

အကူးအပြောင်း၌ အကျိုးပေးထက်သန်မှုသည် အရေးကြီး၏။ မိမိ လုပ်နေကျလုပ်ငန်းတခုမှ မိမိလုပ်နေကျလုပ်ငန်းမဟုတ်သော လုပ်ငန်း တခုသို့ ကူးပြောင်းသည်ဆိုလျှင် အခက်အခဲတွေ့ရတတ်သည်ပင်ဖြစ်သည်။

မည်မျှကိုတင်ပြင်ဆင်ထားစေကာမူ ကူးပြောင်းစတွင်မူ လက်တွေ့အခက်အခဲများနှင့် ရင်ဆိုင်ရတတ်စမြဲဖြစ်သည်။ လုပ်ငန်းပိုင်းဆိုင်ရာ အကူးအပြောင်းကို မိမိ၏စိတ်ကြိုက်ပြောင်းနိုင်၏။ သို့ရာတွင် မိမိစွမ်းနိုင်သလောက် အတိုင်းအတာအထိသာဖြစ်၏။ အကန့်အသတ်ရှိ၏။ ဥပမာ ငွေတရာ နှစ်ရာသာအရင်းရှိသောသူက မိမိ၏ တရာနှစ်ရာတန်လုပ်ငန်းကို ထောင်နှင့် သောင်းနှင့်ချီ၍ လုပ်ရသော လုပ်ငန်းသို့ ပြောင်းလုပ်မည်ဆိုက စိတ်ကူးယဉ်သက်သက်သာ ဖြစ်ချေမည်။

ဘဝတခုတွင် ကံကုန်၍ ဘဝသစ်တခု၌ ဖြစ်ရတော့မည့် အလှည့်အပြောင်းတွင်လည်း အကန့်အသတ် ရှိသည်ပင်ဖြစ်၏။ မိမိပြုလုပ်ခဲ့သော ကံ အရင်းအနှီးရှိသလောက် အတိုင်းအတာအထိသာ ဖြစ်၏။ လူ့ဘဝ၌ ပဋိသန္ဓေ တည်နိုင်သော ကံရှိပါက လူ့ ဘဝ၌ ဖြစ်ရသည်။ ငရဲတိရစ္ဆာန်ဘဝ၌ ပဋိသန္ဓေတည်နိုင်သော ကံမျှသာရှိသူအတွက် လူ့ဘဝ၌ ဖြစ်ခွင့်မရနိုင်ပေ။ ဤသည်ကိုပင် ပဋိသန္ဓေအကျိုး ပေးသည်ဟုဆိုသည်။ ပင်မကံခေါ် ဇနကကံသည် ပဋိသန္ဓေကျိုးကို ပေးနိုင်၏။ ပဋိသန္ဓေအကျိုးပေးမှုသည် အရေးကြီး၏။ ခွေးဘဝ၌ ပဋိသန္ဓေရထားသူသည် နေအိမ်တိုက်တာနှင့် နေနိုင်လောက်သော ကံ၊ အဝတ်အထည် ပေါများနိုင်သော အခြားကံများ ရှိသည့်တိုင်အောင် အဘယ်မှာ ပုဆိုးဝတ်ရလိမ့်မည်နည်း။

ဘဝတခု၌ ပဋိသန္ဓေတည်ပြီဆိုလျှင် နာမ်တရားနှင့် ရုပ်တရားတို့ တခုကို တခု အထောက်အကူပြု၍ တပြိုင်နက် ဖြစ်ပေါ်လာကြသည်။ ပဋိသန္ဓေစိတ် ဦးဆောင်သော နာမ်အစုနှင့် ကံကြောင့် ဖြစ်သော ရုပ်ကလာပ်တို့ အပြန်အလှန် အထောက်အကူပြု ရပ်တည်လာသည်။ ဤသည်မှာ ဇနကကံ၏ အစွမ်းသတ္တိပင် ဖြစ်သည်။ နတ်ပြည်၌ ဖြစ်ပေါ်လာမည့် နတ်သားအတွက် ဘုံဗိမာန်များကို မည်သူမျှ ဆောက်ထားနှင့်သည် မဟုတ်ပေ၊ ဥတုကြောင့်ဖြစ်သော ရုပ်ဝတ္ထုများသာ ဖြစ်သည်။ အခြား ရုပ်ဝတ္ထုများထက် ထူးခြားသည်ကား ကံ၏အထောက်အကူ ရထားခြင်း

ဖြစ်သည်။ ထိုသို့ ဘုံဗိမာန်များ ဖြစ်ပေါ်လာအောင် ထောက်ကူပေးသော ကံမှာ ဇနကကံပင်ဖြစ်သည်။ (ဥပရိပဏ္ဏာသ အဋ္ဌကထာ=၁၇၈) ထောက်ကူပေးသော ကံ ဟု ဆိုခြင်းမှာ ကံ တပါးကို ထောက်ကူပေးခြင်းမဟုတ်၊ ဗိမာန်ကို ဖြစ်စေသော ဥတုကို ထောက်ကူပေးခြင်းဖြစ်သည်။ ဥပတ္ထမ္ဘက ကံနှင့် မရောစေရာ။

အကုသိုလ်ဇနကကံကြောင့် တိရစ္ဆာန်ဘုံ၌ နဂါး ဂဠုန် စသည် ဖြစ်ရသော်လည်း ဘဝတလျှောက်၌ လှပသော အဆင်းရှိခြင်း၊ ဘုံဗိမာန် စသည်ကိုရခြင်းမှာ ပဝတ္တိကုသိုလ် ဇနကကံကြောင့် ဖြစ်သည်၊ ကုသိုလ် ဇနကကံကြောင့် လူ့ဘုံ နတ်ဘုံတို့၌ ဖြစ်ရသော်လည်း ရုပ်အဆင်းမလှခြင်း၊ ဝေမာနိကပြိတ္တာကဲ့သို့ နေ့၌ ချမ်းသာခံစားရ၍ ညဉ့်၌ဆင်းရဲခံရခြင်းမှာ ပဝတ္တိအကုသိုလ် ဇနကကံကြောင့် ဖြစ်သည်။ (ပရမတ္ထဒီပနီ)

အင်္ဂုတ္တိုရ်အဋ္ဌကထာတွင် ဇနကကံသည် ပဋိသန္ဓေအကျိုးကိုသာ ဖြစ်စေနိုင်သည်ဟု ဆိုသည်၊ သို့ရာတွင် လယ်တီဆရာတော်က ပဋိသန္ဓေ အကျိုး ပဝတ္တိအကျိုး နှစ်မျိုးလုံးပေးနိုင်ကြောင်း ခွဲခြားပြသည်။ ကမ္မပထမြောက်သော ဇနကကံသည် ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုး နှစ်မျိုးလုံးကို ပေးစွမ်းနိုင်သည်။ ကမ္မပထ မမြောက်သော ဇနကကံသည် ပဝတ္တိ အကျိုးကိုသာ ပေးနိုင်သည်။ (အံ၊ဋ္ဌ၊၂။၁၀၉။ နှင့် ပရမတ္ထဒီပနီ)

လယ်တီဆရာတော်၏ ခွဲခြားပြဆိုချက်သည် နှစ်သက်ဖွယ်ပင်ဖြစ်သည်။ ဇနကကံသည်ပင်မကံပင်ဖြစ်၍အကျိုးပေးစရာရှိလျှင်ပဋိသန္ဓေအခါဖြစ်စေ၊ ပဝတ္တိအခါဖြစ်စေ ဤဇနကကံသာ အကျိုးပေးခြင်းသာ ဖြစ်ပေသည်။ ထောက်ကူကံနှင့် နှောင့်ယှက်ကံတို့မှာ အပေါင်းလက္ခဏာနှင့် အနုတ်လက္ခဏာသဘောဖြင့် ဇနကကံကို ဝန်းရံကြသည် မဟုတ်ပါလော။

ထောက်ပင့်ကံ

အချို့ကံများသည် ကိုယ်တိုင်က သီးသန့်အကျိုးပေးအောင် မစွမ်းဆောင်နိုင်သော်လည်း အခြားကံများ အကျိုးပေးဖြစ်အောင် ကူညီထောက်ပင့်ပေးနိုင်သည်။ ထိုကံကို "ဥပတ္ထမ္ဘကကံ" ဟု ခေါ်သည်။

ပစ္စက္ခဘဝ၌ ကုသိုလ်ကံကို များများပြုပေးလျှင် ရှေးကရှိခဲ့၍ မေ့မှိန်နေသော ကုသိုလ်ကံများ အကျိုးပေးဖြစ်လာအောင် စွမ်းဆောင်နိုင်သည်။ အကုသိုလ်ကံတို့ကို များစွာပြုလုပ်နေလျှင် ထိုအကုသိုလ်ကံများ၏ ထောက်ပင့်မှုကြောင့် အကျိုးပေးရန် နှောင့်နှေးနေသော ရှေးကံများ အကျိုးပေးခွင့် ရလာတတ်ကြသည်။ ထိုသို့ ပစ္စက္ခ၌ ကုသိုလ်များပြု၍ ကုသိုလ်အကျိုးများ ပေးလာခြင်းမှာ မျက်မှောက် ပြုလုပ်သောကံက တိုက်ရိုက်အကျိုးပေးသည် မဟုတ်ပေ၊ ရှေးကံများ အကျိုးပေးဖြစ်လာအောင် ကူညီခြင်းသာ ဖြစ်သည်။ အကယ်၍ မျက်မှောက်ပြုသောကံပင် မျက်မှောက်အကျိုး ပေးသည်ဆိုအံ့၊ ထိုကံမှာ ထောက်ပင့်ကံပင် မဟုတ်တော့၊ ထိုကံကို ဒိဋ္ဌဓမ္မဝေဒနီယကံ ဟု ခေါ်သည်။ ထိုကံအကြောင်း ရှင်းပြီး ဖြစ်၏။ (အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ဒု-၁၀၉။)

ဘုရားကိုးဆူ ဂြိုဟ်စာကျေးခြင်းမှာ ရှေးကုသိုလ်ကံများ အကျိုးပေးဖြစ်လာအောင် ဥပတ္ထမ္ဘကပြုခြင်းဖြစ်သည်။ ဥပတ္ထမ္ဘကကံ ဖြစ်ရန်ရည်ရွယ်၍ ဂုဏ်တော်ပွားများခြင်း၊ ပရိတ်ရွတ်ဖတ်ခြင်း၊ ပဋ္ဌာန်းရွတ်ဖတ်ခြင်း စသည်တို့ကို ပြုလုပ်ကြသည်ကိုလည်း တွေ့ရသည်။ ဘုရားအို ကျောင်းအို ပြုပြင်ခြင်း စသည်တို့မှာလည်း ထောက်ပင့်ကံအဖြစ် ပြုကြခြင်းဖြစ်သည် ဟု ဆိုနိုင်သည်။

ထောက်ပင့်သည်ဆိုရာ၌ ဇနကကံတခုကို အကျိုးပေးဖြစ်အောင် ထောက်ပင့်ကူညီရုံမျှသာ မဟုတ်ပေ။ ယင်းဇနကကံကြောင့်ဖြစ်သော အကျိုးတရားများကို အရှည်သဖြင့် တည်တံ့အောင် ခိုင်မြဲအောင်လည်း

ထောက်ပင့်ကူညီသေး၏။ ဇနကကံ၏ သတ္တိကြောင့် လူ, နတ်, တိရစ္ဆာန် ခန္ဓာအစဉ်ကို ရရှိလာရာ ထိုခန္ဓာအစဉ်ကို ကြာရှည်စွာ တည်မြဲအောင် ကြိုးသောသူကို ရိုသေခြင်း စသောကုသိုလ်ကံ အထောက်အပင့်များက အသက်ဘေးအန္တရာယ်ကို ကာကွယ်ပေးသည်။ အသက်ရှည်ကြောင်း ဆေးဝါးကောင်းများကို မှီဝဲနိုင်ခွင့်ရှိအောင် ကူညီထောက်ပင့်သည်။

(ပရမတ္ထဒီပနီ)

များသောအားဖြင့် ကုသိုလ်ကံတခုက အခြားကုသိုလ်ကံတခုကို အားဖြည့်ပေး၏။ ကူညီထောက်ပံ့၏။ အကုသိုလ်ကံတခုက အခြား အကုသိုလ်ကံတခုကို အားဖြည့်ပေး၏။ အကျိုးပေးဖြစ်အောင် ကူညီ၏။ သို့ရာတွင် ကုသိုလ်ကံတခုက အကုသိုလ်ကံကြောင့်ဖြစ်သည့် ခန္ဓာအစဉ်ကို ထောက်ပံ့နိုင်၏ အကုသိုလ်ကံတခုက ကုသိုလ်ကံကြောင့်ဖြစ်သော ခန္ဓာ အစဉ်ကို ထောက်ပံ့နိုင်၏ဟုလယ်တီဆရာတော်က မိန့်ဆိုခဲ့သည်။အကုသိုလ် ပဋိသန္ဓေ ကံကြောင့် နဂါး ဂဠုန်စသော ခန္ဓာကိုယ်ကိုရရှိလာရာ၊ ရှေးက ပြုခဲ့သော ကုသိုလ်ထောက်ပင့်ကံ၏ အကူအညီကြောင့် တန်ခိုးအာနုဘော် ကြီးခြင်းစသော အကျိုးတရားများ ရရှိလာသည်။ ကုသိုလ်ပင်မကံကြောင့် ဝိနိပါတိကအသုရာဟူသော ခန္ဓာကိုယ်ကို ရရှိလာရာ၊ ရှေးကပြုခဲ့သော အကုသိုလ်ထောက်ပင့်ကံ၏ အကူအညီကြောင့် ကြာရှည်စွာ ဆင်းရဲခံရခြင်း စသော အကျိုးတရားများ ရရှိလာသည်။ (ပရမတ္ထဒီပနီ)

လယ်တီဆရာတော်၏ ယူဆချက်သည် ပဋ္ဌာန်းဒေသနာတော်နှင့်လည်း ကိုက်ညီ၏ဟု ဆိုသင့်သည်။ဥပနိဿယပစ္စည်းဖြင့် ကုသိုလ်က အကုသိုလ်ကို၊ အကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြု ထောက်ပံ့ ကူညီနိုင်လေသည်။

ပင်မကံကို နှောင့်ယှက်သောကံ

ပုဂ္ဂိုလ်တဦး ပြုလုပ်ခဲ့သောကံတို့ကား များလှ၏။ ကောင်းကံ မကောင်း ကံဘို့ ရောပြွမ်းလျက် ရှိနေကြသည်။ ရောထွေးလိမ်ယှက်နေသောကြောင့် ကံတခု၏အကျိုးပေးနေခိုက်တွင် အခြားကံများက ကူညီထောက်ပံ့မှုရှိ သကဲ့သို့ပင် နှောင့်ယှက်ဖျက်ဆီးမှုလည်းရှိပေသည်။

ကုသိုလ်ကံတခု အကျိုးပေးနေခိုက်တွင် အခြားအကုသိုလ်ကံ တခုခုက ဝင်ရောက် နှောင့်ယှက်တတ်သည်။ အကုသိုလ်ကံတခု အကျိုးပေးနေခိုက်တွင်လည်း အခြားကုသိုလ်ကံ တခုခုက ဝင်ရောက် နှောင့်ယှက်တတ်လေသည်။ ယင်းသို့ နှောင့်ယှက်သောကံကို "ဥပပီဠကကံ" ဟု ခေါ်သည်။

ကူညီထောက်ပံ့သောကံတွင် ကုသိုလ်ကံ အချင်းချင်း အကုသိုလ်ကံ အချင်းချင်း ကူညီသည်။ ထို့ပြင် ကုသိုလ်ကံကို အကုသိုလ်ကံက ကူညီနိုင်သည်၊ အကုသိုလ်ကံကိုလည်း ကုသိုလ်ကံက ကူညီနိုင်သည်ဟု ဆိုခဲ့သည်။ ဤနှောင့်ယှက်သော ကံတွင်မူ ကုသိုလ်ကံအကျိုးပေးခိုက် ဆန့်ကျင်ဘက်ဖြစ်သော အကုသိုလ်ကံကသာ နှောင့်ယှက်သည်၊ အကုသိုလ်ကံ အကျိုးပေးခိုက် ဆန့်ကျင်ဘက်ကုသိုလ်ကံက နှောင့်ယှက်သည်။

ကိုယ်တိုင်က အားကောင်းနေလျှင် အခြားသူတို့၏အကူအညီ မလိုအပ်သကဲ့သို့ပင် အခြားသူတို့၏ နှောင့်ယှက်မှုကြောင့်လည်း တုန်လှုပ်လိမ့်မည် မဟုတ်ပေ။ ဤသို့သော လောကအမြင် သဘောတရား အတိုင်းပင် အားကြီးသော ကုသိုလ်ကံ အကုသိုလ်ကံများကို တပါးသော ဆန့်ကျင်ဘက်ကံတို့က မနှောင့်ယှက်နိုင်ပေ။

ဇောတိကသဌေး၊ ဇဋိလသဌေးတို့၏ အကျိုးပေးမှုမျိုးကား ရှာမှရှားပင်တည်း။ မိမိကိုယ်တိုင်ကမပေးပဲ မိမိပစ္စည်းကို ခိုးယူ၍မရ၊ လုယူ၍မရ တိုက်ယူ၍မရ ဆိုသော အကျိုးပေးမှုမျိုးသည် တကယ့်အားကောင်းသော ကုသိုလ်ကံစေတနာ၏ အကျိုးပင် မဟုတ်ပါလော၊ လူ့ပြည်၌ လူဖြစ်လာအောင် အကျိုးပေးလိုက်သော ကံသည် တော်ရုံတန်ရုံကံမျိုး မဟုတ်ပေ၊ လူ့ဘဝသို့ ရောက်ရှိလာသည့် အလှည့်အပြောင်းသည် ကုသိုလ်ကံ၏ အစွမ်းသတ္တိဖြင့် စီမံသော အကျိုးပေးပင် ဖြစ်သည်။ လူ့ဘုံသည် ကံသက်သက်ကိုအမှီပြုရပ်တည်နေသောဘုံမဟုတ် ဉာဏ်ဝီရိယ တို့၏ ကဏ္ဍကိုလည်း အလေးအနက်ထားရသော ဘုံဖြစ်သည်။ လူဖြစ်လာရုံမျှဖြင့် အားကြီးသော ကံပိုင်ရှင် မဟုတ်ကြောင်းကို သဘော ပေါက်ထားရပေလိမ့်မည်။ ဘဝတလျှောက် အကျိုးပေးမှု(ပဝတ္တိအကျိုး)

များ ကောင်းမွန်စေရန် အခြားအကုသိုလ်နှောင့်ယှက်ကံများ ဝင်မလာစေဖို့ အရေးကြီးသည်။ အပြန်အလှန်အားဖြင့် ကုသိုလ်ထောက်ပင့်ကံများကို ပြုသင့်ပေသည်။

'ကုသိုလ်ပင်မကံ'ကြောင့် လူ့ဘဝကို ရရှိထားသော်လည်း ဘဝတလျှောက်၌ အကုသိုလ်နှောင့်ယှက်ကံ၏ အစွမ်းသတ္တိကြောင့် အနာရောဂါထူပြောခြင်း၊ စည်းစိမ်ဥစ္စာပျက်စီးခြင်း၊ ရာထူးဌာနန္တရ လျော့ကျခြင်း စသည်တို့မှာ အကုသိုလ်နှောင့်ယှက်ကံ၏ တားမြစ်ခြင်း ဖြစ်သည်။

(ပရမတ္ထဒီပနီ)

ကုသိုလ်ကံသည် အနှန်စင်စစ်အားဖြင့် ကောင်းကျိုးပေးရေးအတွက် ကူညီထောက်ပံ့သော ကံဖြစ်သည်။ အကုသိုလ်ကံတခု၏ မကောင်းကျိုးကို တားမြစ်ဟန့်တား တတ်သောကြောင့် နှောင့်ယှက်ကံလည်း ဖြစ်သည်။ ထိုကံသည် ကြီးသောအမှု ငယ်အောင်၊ ငယ်သောအမှုဖြစ်က လုံးဝလွတ်အောင် စွမ်းဆောင်သော ကံဖြစ်သည်။ ငရဲကြီးရှစ်ထပ်၌ အကျိုးပေးနိုင်သော အကုသိုလ်ကံဖြစ်လျက် ငရဲငယ်တို့၌ ဖြစ်ရခြင်းသည် ကုသိုလ်ဥပပီဠကကံ၏ အစွမ်းပင် ဖြစ်သည်။ (ပရမတ္ထဒီပနီ)

ဖြတ်တောက်ကံ

ကံတခု အကျိုးပေးနေခိုက်ဘွင် အခြားကံတခုက ဝင်ရောက်ဖြတ်တောက်လိုက်သည့်အခါ အကျိုးပေးမှု ရပ်ဆိုင်းသွားရသည်။ ထိုသို့ဖြတ်လိုက်သောကံကို ဥပဃာတကကံဟု ခေါ်သည်။ ဥပစ္ဆေဒကကံ ဟုလည်းခေါ်သည်။ အကျိုးပေးဆဲကံ၏ အကျိုးပေးမှု ရပ်ဆိုင်းသွားသောအခါ အခြားကံတခုက ဝင်ရောက် အကျိုးပေးသည်။ သို့မဟုတ် ဖြတ်တောက်လိုက်သောကံက ဆက်လက်နေရာယူ၍ အကျိုးပေးသွားသည်။

ဖြတ်တောက်လိုက်သောကံသည် ဖြတ်တောက်ကုသိုလ်ကံ ဖြတ်တောက်အကုသိုလ်ကံဟု နှစ်မျိုးရှိသည်၊ ဖြတ်တောက်ကုသိုလ်ကံက အကျိုးပေးဆဲ

အကုသိုလ်ကံကို ဖြတ်တောက်ပစ်သည်။ ဖြတ်တောက် အကုသိုလ်ကံက အကျိုးပေးဆဲ ကုသိုလ်ကံကို ဖြတ်တောက်ပစ်သည်။

အဇာတသတ်သည် ဘုရားရှင်အား အကြည်ညိုဆုံး ပုဂ္ဂိုလ်တယောက် ဖြစ်သည်။ ပထမသင်္ဂါယနာတင် ဒကာတော်လည်း ဖြစ်သည်။ ကုသိုလ်ဘက်တွင် ကံကောင်းများစွာကို ထူထောင်ထားသူတဦး ဖြစ်သည်။ တဘက်တွင်လည်း ဖခင်ဗိမ္ဗိသာရမင်းကို သတ်ဖြတ်ထားသော အကုသိုလ်ကံကြီးကလည်း ရှိနေသည်။ ကာမာဝစရ ကုသိုလ်တွေ မည်မျှပင် အားကောင်းစေကာမူ အဖသတ်ကံကြီးကို ကျူးလွန်ပြစ် အကုသိုလ်ကံနှင့် နှိုင်းစာလိုက်သောအခါ အကျိုးပေးနိုင်လောက်သော အင်အားမရှိတော့ပေ။ အဖသတ်ကံက အဇာတသတ်၏ အခြားကုသိုလ်ကံများ အကျိုးပေးခွင့်ကို ဖြတ်တောက်လိုက်သည်။ ထိုကံနှစ်ရပ်ကို နှိုင်းစာကြည့်လျှင် အဇာတသတ်သည် ကုသိုလ်တွေပြုပြီးမှ ဖခင်ကိုသတ်ခြင်း မဟုတ်သည်ကို တွေ့ရသည်။ အကုသိုလ်ကံကို ဦးစွာပြုပြီးမှ ကုသိုလ်ကံများကို ပြုလုပ်ခြင်းသာ ဖြစ်သည်။ အကုသိုလ်ကံက ကုသိုလ်ကံကို ဖြတ်တောက်ပစ်လိုက်သည်။ ထို့ကြောင့် ဖြတ်တောက်သည်ဆိုရာ၌ အကျိုးပေးနေဆဲကံကို ဖြတ်တောက်မှုသာမကပေ၊ အကျိုးမပေးရသေးသော ကံအချင်းချင်းလည်း ရေများရေနိုင်၊ မီးများမီးနိုင် စနစ်အရ တခုကိုတခု ဖြတ်တောက်ပစ်လိုက်နိုင်သည်။

အင်္ဂုလိမာလမထေရ်သည် လူ့ဘဝက အကုသိုလ်ကံများစွာကို ပြုလုပ်ခဲ့သည်၊ သို့ရာတွင် အင်္ဂုလိမာလသည် ယခုဘဝတွင်ပင် ကိလေသာ ကုန်ခန်း၍ ရဟန္တာဖြစ်သွားသည်။ ထို့ကြောင့် အင်္ဂုလိမာလ၏ အကုသိုလ်ကံအားလုံးကို မဂ်စေတနာက ဖြတ်တောက်ပစ်လိုက်သည်။

(အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ဒု-၁၁၀)

သေခါနီးကာလတွင် လားရောက်ရမည့် ဘဝ၏ အရိပ်နိမိတ်များ ထင်လာစမြဲပင်ဖြစ်သည်။ ကုသိုလ်ကံ၏အစွမ်းသတ္တိကြောင့် နိမိတ်ကောင်းများထင်လာခိုက်တွင် အခြားကုသိုလ်ကံ တခုက ဝင်ရောက်ဖြတ်တောက်

လိုက်လျှင် နိမိတ်ကောင်းများ ပျောက်ကွယ်သွားပြီး နိမိတ်ဆိုးဝင်ရောက် ထင်မြင်ကာ သေဆုံးသွားပါက အပါယ်ဘုံများ၌ ဖြစ်ရသည်။

ထိုအတူပင် အကုသိုလ်ကံ၏ အစွမ်းသတ္တိကြောင့် နိမိတ်ဆိုးများထင်လာခိုက်တွင် အခြားကုသိုလ်ကံ တခုက ဝင်ရောက်ဖြတ်တောက်လိုက်လျှင် နိမိတ်ဆိုးများ ပျောက်ကွယ်သွားပြီး နိမိတ်ကောင်းများ ထင်မြင်ကာ သေဆုံးသွားပါက လူ့ဘုံ နတ်ဘုံတို့၌ ဖြစ်ရသည်။ (ပရမတ္ထဒီပနီ)

သေခါနီးကာလ၌လည်း ကုသိုလ်ကံ အကုသိုလ်ကံတို့ အားပြိုင်နေကြရာ ကုသိုလ်ထောက်ပံ့ကံများ ကူညီပေးနိုင်ပါက ကုသိုလ်ကံအားကောင်းနိုင်ပေသည်။ ကုသိုလ်ကံဖြစ်ရန် အနီးကပ် ထောက်ကူတတ်သော အသင့်အတင့် နှလုံးသွင်းမှုကို ပြုသင့်သည်။

ရှင်မဟာမောဂ္ဂလာန်သည် ရှေးဘဝကအမိကိုသတ်ခဲ့သည်။ ထိုကံသည် ယခုဘဝ၌ ကောင်းကျိုးပေးနေသော ဘဝဖြစ်စဉ်ကို ဖြတ်တောက်ပစ်သည်။ ခိုးသားငါးရာ၏ လက်ချက်ဖြင့် ပရိနိဗ္ဗာန်စံရသည်။ ယင်းဖြတ်တောက်ကံသည် တပါးကံ၏အကျိုးတရားကို ဖြတ်တောက်ပြီးနောက် ဆက်လက်အကျိုးမပေးနိုင်ပေ။

အချို့ဖြတ်တောက်ကံများမှာ မိမိကဆန့်ကျင်ဘက် ကံတပါးကိုဖြတ်တောက်ပေးပြီး အခြားကံတခု အစားထိုး အကျိုးပေးခွင့်ရအောင် ပြုပေးသည်။ သာမာဝတီအမှူးရှိသော မောင်းမတို့သည် ရှေးဘဝကပြုခဲ့သော အကုသိုလ်ကံကြောင့် မီးလောင်ခံရ၍ သေဆုံးသွားကြသည်။ သေပြီးနောက်တွင်မူ နတ်ပြည်ရောက်ကြသည်။ မီးလောင်ခံရ၍ သေခြင်းမှာ ယခုလက်ရှိဘဝကောင်းကျိုးကို အကုသိုလ်ကံက ဝင်ရောက်ဖြတ်တောက်လိုက်ခြင်းဖြစ်သည်။ သို့ရာတွင် ထိုအကုသိုလ်ကံတခုက နောင်ဘဝအထိ ဆက်လက်၍ အကျိုးမပေးတော့ အခြားကုသိုလ်ကံ၏ သတ္တိကြောင့် နတ်ပြည်၌ ဖြစ်ရခြင်းမှာ ဖြတ်တောက်ကံသည် မိမိကိုယ်တိုင် ပြတ်သွားသောကံ၏ နေရာတွင် အစားဝင်ယူ အကျိုးမပေးပဲ အခြားကုသိုလ်တခု၏ အကျိုးပေးခွင့် ပြုခြင်းဖြစ်သည်။

အချို့သော ဖြတ်တောက်ကံများမှာ ဖြတ်တောက်ပစ်ရုံသက်သက်မျှ မဟုတ်ပဲ မိမိကိုယ်တိုင် ဆက်လက်၍ အကျိုးပေးသွားသည်။ အားကောင်းသော ဖြတ်တောက်ကံများဟု ဆိုသင့်သည်။ ဒူသီမာရ်နတ်သည် ကကုသန် မြတ်စွာဘုရား၏ လက်ယာတော်ရံ အရှင်ဝိဓူရ၏ ဦးခေါင်းကို ကျောက်ခဲဖြင့် ပေါက်သည်။ ကလာဗုမင်းသည် အလောင်းတော် ခန္တိဝါဒီရသေ့ကို သေအောင် နှိပ်စက်၏။ ထိုအကုသိုလ်ကံများကြောင့် ဒူသီမာရ်နတ်နှင့် ကလာဗုမင်းတို့မှာ လက်ရှိခန္ဓာကိုယ် ပျက်ကြေသည့်အပြင် အဝီစိငရဲ၌ ဒုက္ခခံစားကြရသည်။ ဤဖြတ်တောက်ကံမှာ ယခုလက်ရှိဘဝအကျိုးပေးကို ဖြတ်တောက်ရုံသာမကပဲ ငရဲ၌ ဖြစ်ရခြင်းဟူသောအကျိုးပါဖြစ်ကို စေသည်။ (ပရမတ္ထဒီပနီနှင့် မူလပဏ္ဏာသပါဠိ၊ ပ-အုပ်-၄၀၇)

ဤဖြတ်တောက်ကံသည် နှောင့်ယှက်ကံထက် ဒီဂရီပို၏။ နှောင့်ယှက်ကံမှာ အကျိုးပေးဆဲကံ၏ အစွမ်းသတ္တိကို လျော့ပါးသွားအောင် မှေးမှိန်သွားအောင် နှောင့်ယှက်မှုပြုခြင်းသာဖြစ်သည်။ ဤဖြတ်တောက်ကံမှာ တပါးကံကို ဆက်လက် အကျိုးမပေးနိုင်အောင် ဖြတ်တောက်ပစ်သည့်အပြင် မိမိသည်ပင် ဆက်လက်အကျိုးပေးနိုင်ပေသည်။

အကျိုးပေးမြဲသူသုံးဦး

ပြုလုပ်မှုတခု အထမြောက်အောင် ဆောင်ရွက်သော်လည်း ထိုဆောင်ရွက်ချက်၏ အကျိုးရလာဒ်ကို ဧကန်မုချရလိမ့်မည်ဟု ပြောရန်ခက်ပေသည်။ အချို့သောကံများမှာ အကျိုးပေးရန် အချိန်ကို အကန့်အသတ်မရှိ စောင့်ဆိုင်းရသည်။ အချို့ကံများမှာမူ အကျိုးပေးခွင့် လုံးဝမရတော့ပဲ အဟောသိကံ ဖြစ်သွားတတ်ကြပေသည်။ ထို့ကြောင့် ထိုကံမျိုးကို ပြုလုပ်ခဲ့သူတို့မှာ စေတနာအကျိုးကို မခံစားရတော့ချေ။

သေချာပေါက် အကျိုးအပြစ်ကို ခံယူထိုက်သူမှာ သုံးဦးရှိလေသည်။ (၁) အရိယာပုဂ္ဂိုလ် (၂) နိယတမိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်နှင့် (၃) ကံကြီးထိုက်

သူတို့ ဖြစ်ကြသည်။ ထပ်၍ခွဲမည်ဆိုက ပုဂ္ဂိုလ်သုံးဦးမကပေ၊ အရိယာပုဂ္ဂိုလ် (၈) ယောက်ရှိသည်။ အရိယာဇာတ်ခြင်း တူညီသောကြောင့် တဦးသတ်မှတ်လိုက်သည်။ နိယတမိစ္ဆာဒိဋ္ဌိ ပုဂ္ဂိုလ်ကို တဦးယူ၍ ကံကြီးထိုက်သူ ငါးဦးကိုလည်း ကံတူဖြစ်၍ တယောက်သာယူလေသည်။

မဂ်ပုဂ္ဂိုလ်လေးယောက် ဖိုလ်ပုဂ္ဂိုလ်လေးယောက် ယင်းရှစ်ယောက်တို့မှာ နိဗ္ဗာန်ရောက်ရန်အကျိုးသည် သေချာတိကျပေသည်။ ထို့ပြင် အောက်မဂ် အောက်ဖိုလ် ပုဂ္ဂိုလ်များမှာ အထက်မဂ် အထက်ဖိုလ် ဟူသောအကျိုးရရန်မှာ သေချာတိကျပေသည်။ ထို့ကြောင့် အရိယာပုဂ္ဂိုလ်ရှစ်ယောက်ကို အကျိုးပေးမြဲသူ နိယတပုဂ္ဂိုလ်ဟု ဆိုရသည်။ နိယတမိစ္ဆာဒိဋ္ဌိရှိသူနှင့် ကံကြီးထိုက်သူ ငါးဦးတို့မှာ ငရဲသို့မုချမသွေ ရောက်ရမည်ဟူသော အကျိုးပေး တိကျသေချာသောကြောင့် အကျိုးပေးမြဲသူ နိယတပုဂ္ဂိုလ်ဟုဆိုရလေသည်။ (ပုဂ္ဂလပညတ်ပါဠိတော်နှင့် အဋ္ဌကထာ)

နိဗ္ဗာန်သို့ရောက်လိုပါသည် ဆိုသူများသည် အရိယာအဆင့်သို့ အနည်းဆုံး တဆင့်ရောက်အောင် ကြိုးပမ်းသင့်ပေသည်။ တဆင့်တက်မိလျှင် နှစ်ဆင့်ရောက်သည်သာဖြစ်သည်။သောတာပတ္တိမဂ်ရောက်လျှင် သောတာပတ္တိဖိုလ်အဆင့်သို့ ဆက်တိုက်ရောက်သွားပေသည်။ ယခုအချိန်အခါသည် အရိယာဖြစ်အောင် ကြိုးပမ်းနိုင်သော အခါသမယဖြစ်သည်။ ကာလသမ္ပတ္တိအခိုက်ဖြစ်၍ အားထုတ်လိုသော သမ္မာဆန္ဒသာ အရေးကြီးပေသည်။

လောကကြီးတွင် သေချာပေါက် အမြတ်ရမည့် အလုပ်ဆိုလျှင် မည်သူမဆို လုပ်ချင်ကြသည်။ သို့သော် သေချာပေါက် အမြတ်ရမည်ဟု တွက်လျက်ပင် အရှုံးပေါ်သည်လည်း ရှိနေသည်ကို မျက်မြင်တွေ့နေရပေသည်။ ထို့ကြောင့် မြတ်မည်ဟု ယူဆရသည်ကို ရွေးလုပ်ကြရသည့် အဆင့်တွင်သာရှိသည်။ ထီထိုးခြင်းသည် ပေါက်နိုင်သည်ဟူသော မရေမရာ မျှော်လင့်ချက်ကလေးနှင့်ပင် ထီလက်မှတ်ရောင်းရငွေများ တခေ

တခြား တိုးတက်လာသည်။ ကေန္တ ထိပေါက်မည်ဟု ဆိုလျှင်ကား အဘယ်မှာ ထိမှထိုးချင်ပဲ ရှိမည်နည်း။

ဤအမှုကိုပြုလျှင် ဤအကျိုးကို မုချရမည်ဟု သိရသည်ကား ဗုဒ္ဓ၏ ဟောကြားချက်များ တည်ရှိနေသောကြောင့်ပင် ဖြစ်သည်။ အရိယာ ရှစ်ယောက်သည် နိဗ္ဗာန်ရရန် သေချာ၏။ အရိယာဖြစ်ရန် နည်းလမ်း မဂ္ဂင်ကိုလည်း ဟောထားပြီးဖြစ်၏ တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမည်ဟုပင် ညွှန်းရတော့မည်။

တကယ်မလုပ်သင့်တာကို တကယ်မလုပ်မိကြဖို့လည်း အရေးကြီးသည်။ အကျိုးပေးမြဲသော ပုဂ္ဂိုလ်သုံးဦးအနက် တဦးသာ အကောင်းဘက်ကဖြစ်ပြီး ကျန်နှစ်ဦးမှာ အဆိုးဘက်က ဖြစ်သည်။ နိယတမိစ္ဆာဒိဋ္ဌိနှင့် ကံကြီးငါးပါးကို ကျူးလွန်သူများမှာ သေလျှင် ငရဲသို့ မုချရောက်ကြသည်။ အခြားကုသိုလ်တွေ အကြီးအကျယ်ပြုဖူးသဖြင့် သုဂတိဘုံသို့ရောက်လေမည်လားဟု သံသယရှိဖွယ်မလိုပေ။ ငရဲသို့ မုချရောက်ရမည်ဟူသော ဟောကြားချက်သည် မှန်ကန်မြဲဖြစ်၏။ ထိုသို့ ငရဲရောက်ရမည်ဟူသော အကျိုးပေး တိကျသေချာသောကြောင့် ထိုပုဂ္ဂိုလ်နှစ်ဦးကို အကျိုးပေးမြဲသူ နိယတပုဂ္ဂိုလ်ဟု ဆိုရသည်။

ပုထုဇဉ်မှန်က မည်သူမဆို ဒိဋ္ဌိရှိသည်မင်ဖြစ်သည်။ သက္ကာယဒိဋ္ဌိမပြုတ်သေးသူများချည်း ဖြစ်သည်။ ဒိဋ္ဌိအမျိုးမျိုးရှိသည့်အနက် အကျိုးပေးမြဲသော ဒိဋ္ဌိမှာ နိယတမိစ္ဆာဒိဋ္ဌိဖြစ်သည်။

ကံကြီး ငါးပါးကိုမူ ဗုဒ္ဓဘာသာဝင်တိုင်းလိုလို မှတ်မိနေတတ်သည်။ အမိကိုသတ်ခြင်း၊ အဖကိုသတ်ခြင်း၊ ရဟန္တာကိုသတ်ခြင်း၊ သက်တော်ထင်ရှား မြတ်ဘုရားအား သွေးစိမ်းတည်အောင် အန္တရာယ်တခုခု ပြုလုပ်ခြင်းနှင့် သံဃာကို သင်းခွဲခြင်းတို့မှာ ကြီးလေးသော ကံကြီးငါးပါးဖြစ်သည်။ ထိုငါးပါးအနက် ဘုရားအား သတ်ခြင်းဟု မဆိုခြင်းမှာ မြတ်စွာဘုရားအား မည်သူမျှ မသတ်နိုင် အသက်အန္တရာယ် မပြုနိုင်သောကြောင့် ဖြစ်သည်။ ဘုရားရှင်သည် ယခုမရှိတော့၍ မြတ်စွာဘုရားအား သွေးစိမ်း

တည်အောင် ပြုမှုဟူသော ကံကြီးတချက်ကိုမူ ယခုခေတ်တွင် စိုးရိမ်စရာ မရှိတော့ပေ။ သံဃာတော်အား သင်းခွဲမှုဆိုသည့် အချက်မှာလည်း လူတွေနှင့် မဆိုင် ရဟန်းတော်များနှင့်သာ ဆိုင်သည်။ အဘယ့်ကြောင့်ဆိုသော် လူတွေက ရဟန်းတော်များ သင်းကွဲအောင် တရားဝင် မပြုလုပ်နိုင်သောကြောင့် ဖြစ်သည်။ ထိုအချက်ကိုမူ ရဟန်းတော်များ အလွန်သတိထားရသော အချက်ဖြစ်သည်။ မိဘသတ်ခြင်းတို့နှင့် မတူပေ၊ သံဃာသင်းခွဲခြင်းဟူသော အချက်မှာ အလွန်သိမ်မွေ့လှသည်။

နိယတမိစ္ဆာဒိဋ္ဌိ ဖြစ်ရန်မှာလည်း ဗုဒ္ဓဘာသာတဦးအနေနှင့် ဖြစ်ရန်မလွယ်ပေ။ ယင်း ဒိဋ္ဌိအကြောင်းကို ပြဆိုရန်လိုမည် မထင်ပေ။

အကျိုးပေး သေချာတိကျသူ အကျိုးပေးမြဲသူ သုံးဦးနှင့် ပတ်သက်၍ သတပဒိကပုစ္ဆာဝိသဇ္ဇနာတွင် အမေးအဖြေ ပြုခဲ့ကြသည်။

* သိစေရအောင်ပ၊ နိယတမည်ဆို၊
သည်ပုဂ္ဂိုလ်သုံး၊
မှန်သာကီ၊ လောကုတ်လောကီနှင့်၊
ကျမ်းအညီမိန့်ဆိုလင်းပ၊ ဘယ်သင်းတဲ့တုံး။

* သိစေရမည်ပ၊ နိယတမည်ဆို၊ သည်ပုဂ္ဂိုလ်သုံး၊
အရိယာ ဒိဋ္ဌိနိယတာနှင့်၊
ပဉ္စာနန္တရိယ ဤသူတို့ကို၊ ခွဲလို့ပိုက်ကျုံး။

(သတပဒိက ပုစ္ဆာဝိသဇ္ဇနာ)

အမိသတ်ကံနှင့် အဖသတ်ကံ

မိနှင့်ဖတို့၊မနုဿဇာတ်၊မှန်စွာဖြစ်လျက်၊ စင်စစ်တို့နည်း၊ ကိုယ်လည်းလူဇာတ်၊ မိဘသတ်သော်၊ မချွတ်မှန်လှ၊ နိယတရှင့်၊ မုချကေန်၊ မသွေလွန်ဘူး၊ အနန္တရိုက်း၊ ထိုက်၏ကံကြီး၊ သေပြီးနိရယ၊ ငရဲကျ၏။

(မဃဒေဝ၊ ၂၉၂)

အသတ်ခံရသူ အမိ အဖတို့ကလည်း လူဖြစ်ရမည်။ သတ်သူကိုယ်တိုင်ကလည်း လူဖြစ်ရမည်။ လူသားတဦးက လူသားမိခင် ဖခင်တို့ကိုသတ်လျှင် ကံကြီးထိုက်သည်။ သေလျှင်မုချ ငရဲကျ ရမည်ဖြစ်၍ အကျိုးပေးသေချာ၏။ အကျိုးပေးမြဲ၏၊ နိယတပုဂ္ဂိုလ်သုံးဦး အဝင်ဖြစ်တော့သည်။

ကျေးဇူးကြီးမားလှသော အမိအဖတို့ကို သတ်လျှင် အပြစ်ကြီးကြောင်းကို ကလေးအရွယ်မှစ၍ မြန်မာဗုဒ္ဓဘာသာဝင်တို့ နားလည်သဘောပေါက်ကြသည်။ သို့ရာတွင် ဒေါသအိုး ပေါက်ကွဲသည့်အခါမျိုးတွင် အမိအဖကိုပင် သတ်မိတတ်သည့်သာဓကများ ယခုခေတ်တိုင် တွေ့နိုင်သည်။ အဖသတ်သူတို့တွင် နာမည်ကြီးသူမှာ အဇာတသတ်ဖြစ်သည်။ အဇာတသတ်ဟုဆိုလျှင် အဖသတ်သူအဖြစ် ပြေးမြင်တတ်ကြသည်။ အဇာတသတ်ကို ဘုရားရှင်အား အကြည်ညိုဆုံး ပုဂ္ဂိုလ်တယောက်အဖြစ် မမြင်တတ်ကြပေ။ မည်သို့ပင် ဘုရားအား ကြည်ညိုသည်ဖြစ်စေ အဖသတ်ကံကို ကျူးလွန်မိသည့်အတွက် ငရဲသို့ရောက်ရသည်။ မည်သည့်ကုသိုလ်ကံကမျှ တားဆီးနိုင်ခွင့်မရှိပေ။ ငရဲက လွတ်မြောက်သည့်အခါကျမှ အခြားကုသိုလ်ကံများ အကျိုးပေးခွင့်ရကြပေမည်။ အဇာတသတ်သည် အဖကိုသတ်ခြင်းမှာ ဒေါသအိုးပေါက်ကွဲ၍မဟုတ် နန်းစည်းစိမ်ကို လိုချင်သည့်လောဘတိုက်မှုကြောင့်ဖြစ်သည်။ လောဘကြောင့် မိခင်နှင့်ညီငယ်ကို သတ်ခဲ့သည့် သာဓကမှာ ယခုခေတ်မှာလည်း တွေ့နေရသည်ပင်ဖြစ်သည်။ ဒေါသကြောင့် သတ်မှုမှာ သိသာသည်။ ကောက်ကျစ်မှု မပါတတ်ပေ၊ လောဘကြောင့် သတ်ခြင်းမှာမူ ပို၍ရက်စက်သည်ဟုဆိုချင်သည်။ လောဘသမားသည် ကြိုတင်စီစဉ်ချက်ဖြင့် သေး အေး အေး ထား ကာ သတ်ခြင်းကြောင့် ရက်စက်မှုပိုသည်ဟု ဆိုနိုင်သည်။ အဇာတသတ်သည် ဗိမ္ဗိသာရမင်းကို သတ်ရာ၌ အစာငတ်ထားခြင်းစသည်ဖြင့် ညှဉ်း ပန်း ပြီး သတ် ခဲ့ သည်။ ထွန်းမြင့်ကြူသည်လည်း မိခင်နှင့်ညီငယ်ကို လောဘကြောင့် ရက်ရက်စက်စက် သတ်ခဲ့သည်ပင် မဟုတ်ပါလော။

"အမိသတ်ကံနှင့် အဖသတ်ကံနှစ်ခုအနက် မည်သည့်ကံက ပို၍အပြစ်ကြီးသနည်း" ဆိုသည်ကို လေ့လာဆန်းစစ်ကြည့်နိုင်သည်။ မကောင်းဆည့်

ဘက်တွင် အပြစ်အကြီးဆုံးကံများမှာ ပဉ္စာနန္တရိယကံငါးပါးနှင့် နိယတ မိစ္ဆာဒိဋ္ဌိတို့ဖြစ်ကြောင်း ပြခဲ့ပြီးဖြစ်သည်။ ထိုကံကြီးများအနက် နိယတ မိစ္ဆာဒိဋ္ဌိသည် အပြစ်အကြီးဆုံးဖြစ်သည်။ အယူဝါဒမှား ယွင်း လျှင် တောက်လျှောက်အမှားများကို ကျူးလွန်ကာ တသံသရာလုံး မှောက် တော့မည်မလွဲပေ။

နိယတမိစ္ဆာဒိဋ္ဌိပြီးလျှင် သံဃာဘေဒကခေါ် သံဃာကိုသင်းခွဲခြင်းသည် အပြစ်အကြီးဆုံးဖြစ်သည်။ ဘုရားရှင်အား သွေးစိမ်းတည်အောင်လုပ်ခြင်း သည် သံဃာသင်းခွဲခြင်းထက် အပြစ်ကြီးမည်ဟုထင်ရသော်လည်း သံဃာ သင်းခွဲခြင်းထက် အပြစ်မကြီးပေ။ မြတ်စွာဘုရားသည် သံဃာကို အလွန် အလေးပေးသည်ဟု ဆိုချင်စရာပင် ဖြစ်သည်။ အလှူပေးရာ၌လည်း သံဃိကသာအမြတ်ဆုံးဟု ဟောခဲ့သည်။ ဘုရားရှင်အား လှူသည်ထက် အကျိုးကြီးကြောင်း အထင်အရှားပင် ဟောခဲ့သည်။ သံဃာသင်းခွဲမှုပြီး လျှင် ဘုရားရှင်အား သွေးစိမ်းတည်အောင်ပြုမှုသည် အပြစ်အကြီးဆုံးဖြစ် သည်။

ထိုကံပြီးလျှင် ရဟန္တာအား သတ်သော ကံသည် အပြစ်ကြီးသည်။ ရဟန္တာသတ်သည့်ကံပြီးလျှင် မိဘသတ်သော ကံသည် အပြစ်ကြီးသည်။ မိဘနှစ်ပါးစလုံးကို သတ်သော သူအား အမိသတ်ကံက အကျိုးပေးမည်၊ အဖသတ်ကံက အကျိုးပေးမည်ဟု အတိအကျပြောရန်ခက်သည်။ မိခင်က သီလရှိ၍ ဖခင်က သီလမရှိလျှင် အမိသတ်ကံကိုသာ ခံရသည်။ အဖသတ် ကံသည် အကျိုးမပေးတော့ပေ၊ အကယ်၍ ဖခင်က သီလရှိပြီး မိခင်က သီလမရှိလျှင် အဖသတ်ကံကို ခံရမည်၊ အမိသတ်ကံကို ခံရန်မလိုပေ။

အကယ်၍ အမိအဖနှစ်ပါးတို့ သီလချင်းပါ တူညီနေလျှင် အမိသတ် ကံကသာ အကျိုးပေးမည်၊ အဘယ်ကြောင့်ဆိုသော် မိခင်သည် သားသမီး တို့အတွက် လူတကာမလုပ်ချင်သည့် အလုပ်ကိုပင် လုပ်ပေးသည်။ ထို့ပြင် မိခင်သည် သားသမီးတို့အပေါ် ကျေးဇူးအလွန်များသည်

ထို့ကြောင့် အမိသတ်ကံက အဖသတ်ကံထက် ပို၍ အပြစ်ကြီးသည်ဟု ဆိုအပ်လှပေသည်။

(ကောင်္ဂုတ္တရပါဠိတော်၊ အဋ္ဌကထာနှင့် ဥပရိပဏ္ဏာသ၊ သမ္မောအဋ္ဌကထာများ)

ဖခင်က သီလရှိသူဖြစ်ပြီး အမိကသီလမရှိသူဖြစ်သည်၊ ထိုမိဘ ၂-ပါး ကိုသတ်ပြီးနောက် အဖသတ်ကံကိုသာခံရသည်၊ အဘယ့်ကြောင့်ပါနည်း ဟူ၍ ပဥ္စတ္တာလီသပုစ္ဆာဝိသဇ္ဇနာ ပြုထားသည်မှာလည်း အထက် ဖော်ပြပါအချက်များကို ရည်ညွှန်းခြင်းပင်ဖြစ်သည်။

မေး။ ။လူဇာတ်မှန်အမိရင်း၊ မြင်ပြင်း၍ သတ်လေ၊
လူဇာတ်မှန် ထိုသည်သားကြောင့်၊ မယ်ဘုရားသေ။
အင်ငါးထွေ စုံပေမချို၊
ထိုသည့်ကံယုတ်တေကြောင့်၊နောင်သန္ဓေမနေရတယ်၊ ညွှန်းပ
ဘယ်သို့။

ဖြေ။ ။လူဇာတ်မှန် အမိရင်း၊ မြင်ပြင်း၍သတ်လေ၊
လူဇာတ်မှန် ထိုသည့်သားကြောင့်၊ မယ်ဘုရားသေ။
အင်ငါးထွေ၊ စုံပေမချို့၊
ထိုသည့်ကံယုတ်တေကြောင့်၊ နောင်သန္ဓေမနေရလျှော် မုချပင်
သီလဝါနှင့်၊ ပီတာကံကျန်ဂရုကို၊ သင်းပြုသူမို့။

(ပဥ္စတ္တာလီသပုစ္ဆာဝိသဇ္ဇနာ)

မဟဂ္ဂုတ်ဂရုကံ

ရူပကုသိုလ်ကံ အရူပကုသိုလ်ကံများကို မဟဂ္ဂုတ်ကံဟုခေါ်သည်။ လေးမြတ်သော အကျိုးရှိသောကြောင့် ဂရုကံဟုလည်း ခေါ်သည်။ အကျိုးပေးမြဲဖြစ်သောကြောင့် ဂရုကံဟုခေါ်သည်ဟုလည်း ဆိုကြသည်။ သို့ရာတွင် အကျိုးပေးမြဲသူ နိယတပုဂ္ဂိုလ်များကို ပြဆိုရာ ပုဂ္ဂလပညတ် ပါဠိတော်၌ မဟဂ္ဂုတ်ကံရှိသူများကို ထည့်သွင်းမထားပေ။

ယေဘုယျအားဖြင့်ဆိုလျှင် မဟဂ္ဂုတ် ဂရုကံသည်လည်း အကျိုးပေး မြဲ၏ဟုဆိုရမည်ပင်ဖြစ်သည်။ ပထမစျာန်ရသောသူများသည် ပထမစျာန် ဗြဟ္မာ့ဘုံ၌ ဖြစ်ရခြင်း စသည်တို့မှာ မြဲသောအကျိုးဟုပင် ဆိုရပေမည်။ ဂရုကံတွင် အပါအဝင်ဖြစ်သဖြင့် အခြားဒွာနကုသိုလ်ကံ သီလကုသိုလ်ကံ တွေ မည်မျှပင် အကြိမ်ကြိမ်အထပ်ထပ် ပြုလုပ်ခဲ့သော်လည်း ထိုဒါန သီလတို့၏ ကာမာဝစရအကျိုးကို ပေးခွင့်ရမည်မဟုတ်ပေ၊ ဗြဟ္မာ့ပြည်၌ ဖြစ်ရခြင်းဟူသော အကျိုးကိုသာ ပေးလိမ့်မည်။ အထပ်ထပ်လေ့လာ ပြုလုပ်ဆည်းပူးသောအခါ ဒါနကုသိုလ် သီလကုသိုလ်တို့ကို အာစိဏ္ဏကံ ဟုခေါ်သည်။ မဟဂ္ဂုတ်ကံမှာ ဂရုကံဖြစ်၍ အာစိဏ္ဏကံထက် ဦးစားပေး အကျိုးခံစားရသည်။ သေခါနီးဆဲဆဲတွင် ပြုလုပ်သေ ကုသိုလ်ကံကို အာသန္နကံဟု ခေါ်သည်။ ထိုကံသည်လည်း ဂရုကံအမျိုးအစားဝင် ဖြစ်သော မဟဂ္ဂုတ်ကံကို လွန်မြောက်ထိုးဖောက်၍ အကျိုးမပေးနိုင်ပေ။

ထိုအချက်များကို ကြည့်လျှင် မဟဂ္ဂုတ်ဂရုကံရှိသူကို နိယတပုဂ္ဂိုလ် အမျိုးအစားတွင် ထည့်မထားသည်မှာ စဉ်းစားစရာပင်ဖြစ်သည်။

အမိအဖသတ်သောကံကို ပြုလုပ်သူသည် နောက်ပိုင်းတွင် နောင်တရ၍ ကုသိုလ်တွေ များစွာ ဖိလုပ်ပါသော်လည်း ယင်းကုသိုလ်သည် မိသတ်ကံ ဖသတ်ကံတို့ကို မတားနိုင်ပဲ သေလျှင် ငရဲသွားရသည်။ မဟဂ္ဂုတ်ကုသိုလ်ကံကို ပထမစျာန်၊ ဒုတိယစျာန်စသည်ရအောင် ပြုလုပ် ခဲ့သူသည် စျာန်ကိုတကြိမ်ရရုံ သို့မဟုတ် တလရရုံ တနှစ်ရရုံမျှဖြင့် သေလျှင် ဗြဟ္မာဖြစ်ရမည်ဟု မဆိုနိုင်ချေ။ သေသည့်တိုင်အောင် ထိုကုသိုလ်ကံကို ထိန်းထားနိုင်မှသာ ထိုကံ၏အကျိုးကို သေချာပေါက်ခံစားရပေလိမ့်မည်။ စေတနာတချက်တည်းနှင့် အကျိုးပေးသည်ဟု အာမ မခံနိုင်ချေ။

ထို့ပြင် စဉ်းစားစရာတချက် ရှိပေသေးသည်။ မဟဂ္ဂုတ်ကံကို ကာမာဝစရကံက တားမြစ်နိုင်ပုံကို ပဋ္ဌစတ္တာလီသ ပုဏ္ဏာဝိသဇ္ဇနာတွင် အမေးအဖြေပြုခဲ့သည်ကို လေ့လာကြည့်ပါဦး။

မေး။ ။ထက်ရပ်ဘုံ မြန်းချိန်ကျ၊ မည်တိဿ ပြဟ္မာ၊
ရဟန္တာ တောင်းပန်ငြား၊ လူသား၌ သန္ဓေယူလာ။
ကာမဇော စေတနာငယ်၊ ဂုဏ်တေဇာမကြီး၊
ဂရုက်အဟုန်ကို၊ ဘယ့်နှယ်ပုံ တားမြစ်လို့ဆီး။
စုတိချိန်ခါနီး၌၊ ပြဟ္မာကြီးသန္တာနေ၊ ဈာန်ရှိလျက်ပေ၊
ကျမ်းဂန်နှင့် မသွေလျှင်၊ မြတ်ဘုန်းဝေ သိတန်ငဲ့လေး။

တိဿပြဟ္မာကြီးသည် လက်ရှိဈာန်တရား မဟာဂ္ဂုတ်ကံများအရ ဤဘဝမှစုတေလျှင် အထက်ပြဟ္မာဘုံသို့ ရောက်ရပေလိမ့်မည်။ သို့ရာတွင် ရဟန္တာ အရှင်မြတ်များက လူ့ပြည်တွင် သန္ဓေယူဖို့အကြောင်း သာသနာတော်အတွက် အကျိုးရှိမည်ဖြစ်ကြောင်း ပြောကြားတောင်းပန်ကြသဖြင့် အထက် ပြဟ္မာပြည်၌ မဖြစ်ပဲ လူ့ပြည်၌ ဖြစ်လာသည်။ အားကြီးသော မဟာဂ္ဂုတ်ကံကြီး အထင်အရှား ရှိပါလျက် အားနည်းသော ကာမာဝစရ ကုသိုလ်ကံက ပဋိသန္ဓေကျိုး ပေးသည်မှာ ကိုယ်တွေ့ဖြစ်ရပ် ဖြစ်သည်။ ကျမ်းဂန်နှင့်ညှိ၍ ဖြေပါဟု မေးခြင်းဖြစ်သည်။

ဖြေ။ ။ထက်ရပ်ဘုံ မြန်းချိန်ကျ၊ မည်တိဿပြဟ္မာ၊
ရဟန္တာ တောင်းပန်ငြား၊ လူသား၌ သန္ဓေတည်လာ။
ကာမဇော စေတနာငယ်၊ ဂုဏ်တေဇာမကြီး၊
ဂရုက်အဟုန်ကို၊ ဘယ့်နှယ်ပုံ တားမြစ်လို့ဆီး။
သည်ပုစ္ဆာ လောင်မီးကို၊ အိုင်ကြီးရေစင်ဉာဏ်ရောင်၊ ငြိမ်းစိမ့်ကုန်အောင်။
ဂဏ္ဌိပုဒ်သုံးဆောင်မှာ၊ ဟိုယခေါင်ဖွင့်ပြီး၊
နိကန္တိခွင့်သာတယ်၊ ဈာန်ကွာအောင် စုတေ့ခါနီး။
ဋီကာဉာဏ်ကြီးနှင့်၊ ကြံသီးတဲ့ကစိတပုံ၊
စိတ်ပဏ္ဏိ သတ္တိဟုန်ငယ်၊ တေဇာဂုဏ်ငယ်ယုတ်လျက်၊
မဟာဂ္ဂုတ် ထိုက်အရာ၊ တားလို့ခွင့်သာ၊
သာရတ္ထဋီကာမှာ၊ မြတ်ဆရာ ဖော်ညွှန်းငဲ့လေး။

ကောင်းမှုကုသိုလ် များစွာ ပြုခဲ့သူများသည် ဘုန်းကြီးသူများ ဖြစ်သည်။ ထိုသူတို့၏ စိတ်အလိုတောင့်တတိုင်း ပြီးပြည့်စုံသည်သာဖြစ်သည်။ ဘယ်သူပဲဖြစ်ဖြစ် စိတ်အလို တောင့်တတိုင်း ပြီးသည်ကား မဟုတ်ချေ။ တတိယသင်္ဂါယနာကို ဦးဆောင် ပုဂ္ဂိုလ်ဖြစ်လာမည့် ရှင်မဟာမောဂ္ဂလိပုတ္တ တိဿထေရ် အလောင်းအလျာဖြစ်သော တိဿဗြဟ္မာသည် အထက်ဗြဟ္မာ့ ပြည်သို့ ရောက်နိုင်သည့် မဟဂ္ဂုတ်ကံများရှိသော်လည်း ရဟန္တာ အရှင်မြတ်များ လာရောက်တောင်းပန်မှုကြောင့် လူ့ပြည်၌ သာသနာပြု ပုဂ္ဂိုလ်ဖြစ်ရန်အတွက် စိတ်အလိုဆန္ဒ ညွှတ်လေသည်။ သူ၏ စိတ်ဆန္ဒက မဟဂ္ဂုတ်ကံကို တားမြစ်လိုက်သည်ဟုပင် ဆိုနိုင်သည်။

လူနတ်ဗြဟ္မာသည် မည်သူမဆို ဘဝတခု၌ ဖြစ်ပေါ်လာသည့်အခါ မိမိရောက်ရှိလာသည့် ဘဝ၌ တပ်နှစ်သက်မှုလောဘဇောသည် ဦးစွာဖြစ်ရသည်။ လူ့ဘုံ (ကာမဘုံ) ၌ ပဋိသန္ဓေနေတော့မည့် ဗြဟ္မာကြီးသည် ကာမဘုံ၌ တပ်မက်သော ကာမနိကန္တိက လောဘဇောကြောင့် ဈာန်တရားများ ပျောက်သွားတော့သည်။

အချုပ်အားဖြင့် ဆန္ဒစေတကြီးသည်အားကောင်းလှသည်။ ဒါန သီလ စသည် ကုသိုလ်တရားများကို ဆည်းပူးထားသူတို့သည် မိမိတို့ ဆည်းပူး နိုင်သော ကုသိုလ်ဘုန်းကံအလျောက် ဆန္ဒစေတကြီး၏ အစွမ်းထက်မှု ကွာခြားလေသည်။အားကောင်းသောဆန္ဒစေတသည် မဟဂ္ဂုတ်ကံကိုပင် တားမြစ်နိုင်လေသည်။

အထက်ဖော်ပြပါ အချက်များကြောင့်ပင် မဟဂ္ဂုတ်ကံရှိသူကို နိယတ ပုဂ္ဂိုလ်သုံးယောက်၌ မထည့်သွင်းဖြစ်သည်ဟု ဆိုထိုက်ပေသည်။

(သာရတ္ထဒီပနီဋီကာ)

သေခါနီးပြုလုပ်သောကံ

သေခါနီး ကာလ၌ ပြုလုပ်သောကံကို အာသန္နကံ ဟု ခေါ်သည်။ သေခါနီးကာလတွင် အသစ်ပြုလုပ်သော ကံသာလျှင် အာသန္နကံဖြစ်သည်

မဟုတ်သေး၊ ရှေးက ပြုလုပ်ခဲ့သောကံကိုပင် ပြန်လည် အောက်မေ့ရှိ မနေ့ကပြင့် ထပ်ဆင့် ပွားအင့်သော ကံသည်လည်း အာသန္နကံပင် ဖြစ်သည်။

ယင်း အာသန္နကံသည်ဂရုကံမရှိလျှင်အခြားကံများထက်ဦးစွာ အကျိုးပေးသောကံဖြစ်သည်။ ဗြဟ္မာ့ပြည်သို့ ရောက်စေတတ်သော မဟဂ္ဂုတ်ကံများ ကံကြီးငါးပါးကို ကျူးလွန်သောကံများနှင့် နိယတ မိစ္ဆာဒိဋ္ဌိကံများ မရှိလျှင် အာသ န္နကံက ဦးစွာအကျိုးပေးသည်။ဂရုကံများမှာအားကောင်းသောကြောင့်ဦးစွာအကျိုးပေးခွင့်ရသည်။ဂရုကံပြီးလျှင် အာသန္နကံသည် အားအကောင်းဆုံးဖြစ်၍ ဒုတိယဦးစားပေးခံရသော ကံဖြစ်သည်ဟုကား မဆိုနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် အာသန္နကံထက် အာစိဏ္ဏကံက ပိုမို အားကောင်းသောကြောင့်ဖြစ်သည်။ အာစိဏ္ဏကံဆိုသည်မှာ အဖန်တလဲလဲ ထပ်ကာထပ်ကာ ပြုလုပ်ထားသော ကံဖြစ်သည်၊ နေ့ရှည်လများ ပွားများပြုလုပ်ထားသော ကုသိုလ်ကံ၊ အကုသိုလ်ကံမျိုးဖြစ်သည်။ အထပ်ထပ် ပြုလုပ်အပ်သောကံသည် နီးမှပြုလုပ်သောကံထက် အားကောင်းရမည်မှာ ဓမ္မတာပင်ဖြစ်သည်။ စာမေးပွဲနီးမှ စာကျက်သူသည် စာလုံးအားလုံးကိုမရသော်လည်း ကျက်လာသမျှနှင့် အောင်မှတ်ရအောင် တိုးလျှင်လည်း စာမေးပွဲအောင်တတ်သည်ပင် ဖြစ်သည်။ အာသန္နကံ၏ အကျိုးပေးပုံကို နွားခြံသွင်းသည့် ဥပမာဖြင့် ဆရာတို့ပြဆိုကြသည်။ နွားအုပ်ကြီးကို ညနေခြံသွင်းချိန်၌ ခြံတွင်းသို့သွင်းသောအခါ အားကောင်းသော နွားများသည် သူလက်ငါတိုး၍ ဝင်သွားကြသဖြင့် အင်အားချိနဲ့သောနွားမှာ သူများနည်းတူ မတိုးနိုင်သဖြင့် ဘေးကပ်နေရသည်။ အခြားနွားများအားလုံးဝင်ပြီးမှ နောက်ဆုံး ဝင်သွားရသည်။ နောက်ဆုံးဝင်ရသည်အားလျော်စွာ ခြံထဲတွင်နေရာ၌လည်း ခြံဝမှာသာ သူ့အတွက် တနေရာရတော့သည်။ နောက်နေ့နံနက်ခြံကိုဖွင့်၍နွားများကို လွှတ်သောအခါ အားအင်ချိနဲ့သောနွားသည် အားမကောင်းသော်လည်း ခြံဝမှာ နေရသည့်အတွက် ဦးစွာထွက်နိုင်သည်။ ထိုနွား၏ ရှေးဦးစွာ ထွက်နိုင်ခြင်းမှာ အားကောင်းသောကြောင့်မဟုတ်။ ခြံဝသို့ ရောက်နေ

သောကြောင့်ပင်ဖြစ်သည်။ ထို့အတူ အာသန္နကံ အကျိုးပေးရသည်မှာ အာစိဏ္ဏကံထက် အားကောင်း၍မဟုတ်ပေ။

အာသန္နကံကို ဒုတိယဦးစားပေးနေရာ၌ ထားသည်မှာလည်း သဘာဝကျပါသည်။ အဘယ်ကြောင့်ဆိုသော် သေခါနီးပြုလုပ်သော ကံကိုသာမက သေခါနီး၌ အောက်မေ့သတိရသောကံကိုလည်း အာသန္နကံဟုပင်ဆိုထားသောကြောင့်ဖြစ်သည်။ ပြန်လည် အောက်မေ့ သတိရခြင်းမှာမျှားသောအားဖြင့် ဘဝတလျှောက်တွင်မိမိကိုယ်တိုင်အဖန်ဖန်အထပ်ထပ်ပြုအပ်သောအမှုကိုသာ ပြန်လည်သတိရတတ်ပေသည်။ အာစိဏ္ဏကံကိုအားထပ်ဖြည့်သည့်သဘော သက်ရောက်ပေသည်။ တခါတရံသာလျှင်အထပ်ထပ်ပြုအပ်သောကံကို ပြန်လည်မအောက်မေ့မိပဲ ရှိပေလိမ့်မည်။

ဗုဒ္ဓဘာသာဝင်များသည် အာသန္နကံ၏သဘောကို နားလည်သဘောပေါက်ကြသဖြင့် မိမိတို့ဆွေမျိုးသားချင်းတဦးဦး သေတော့မည်ဟု သိရသောအခါ အာရုံကောင်းကောင်းယူနိုင်ရန် မိတ်ဆွေကောင်းပီသစွာစောင့်ရှောက်ပေးကြသည်။ အခြားအကုသိုလ်အာရုံများ မဝင်ရန် တရားဓမ္မစကားများ ပြောကြားပေးခြင်းစသည်ဖြင့် အာသန္နကံကောင်းအောင်ဖေးမကူညီကြသည်။ အချို့သူများမှာမူ မခွဲခွါလိုသောဆန္ဒကိုသာ ဦးစားပေးပြီး မသေခင်ကပင် စိတ်မကောင်းစရာ ငိုယိုနေတတ်ကြသည်။ ချစ်ရာမရောက်ပဲ ရှိတတ်သည်။

ရှေးခေတ်ဘုရင်မင်းများ နတ်ရွာစံခါနီးတွင် ပြုခဲ့သောကုသိုလ်တော်စာရင်း ဖတ်ကြားလျှောက်ထားပေးကြသည်။ မိမိပြုခဲ့ကောင်းမှုများကိုတခုပြီးတခုအာရုံပြုပြီး ကုသိုလ်စိတ်များ ထပ်ပွားပေးခြင်းပင် ဖြစ်သည်။ ကုသိုလ်အာစိဏ္ဏကံကို အာသန္နကံသို့ ဆက်ပေးခြင်းဟုဆိုသော် မမှားတန်ရာ၊ သေခါနီးတွင် အာသန္နကံကောင်းအောင် ကြိုတင်သတိရှိအပ်လှပေသည်။ သေသောအခါတွင် မိမိမှာရှိသမျှ ပစ္စည်းဥစ္စာ, ရွှေ, ငွေ, တိုက်တာ ခြံမြေစသည့် ပြင်ပပစ္စည်းများကိုသာ စွန့်ခဲ့ရသည်မဟုတ်သေး၊ မိမိခန္ဓာကိုယ်ကြီးကိုပါ တခါတည်း စွန့်ပစ်ခဲ့ရသည်။ ကိုယ်ပိုင်ဥစ္စာစစ်စစ်တခုကိုသာ ယူဆောင်သွားခွင့်ရသည်။ အခြားဘာကိုမျှ ယူခွင့်မရပေ။

ကိုယ်ပိုင်ဥစ္စာကား မိမိတို့ပြုခဲ့သော ကုသိုလ်ကံ, အကုသိုလ်ကံသာတည်း။ ထို့ကြောင့် မြတ်စွာဘုရားက 'ကမ္မဿကာ၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိ၏'ဟူ၍ ဟောခဲ့ခြင်းဖြစ်သည်။ ပါသွားသောကံကို အရင်းတည်၍ နောက်ဘဝတခုကို တည်ဆောက်ရသည်။ မကောင်းသောကံ ပါသွားလျှင် ဘဝဆိုးကိုသာ တည်ဆောက်လို့ရသည်။ ကောင်းသောကံပါမှသာ ဘဝကောင်း တည်ဆောက်နိုင်သည်။ နိဗ္ဗာန်ရအောင် မပြုနိုင်သေးလျှင် ဘဝကောင်းရရှိအောင် ဒုစရိုက်မှုတွေကိုရှောင်၍ သုစရိုက်မှုတွေကိုသာ ပြုလုပ်သင့်ကြပေသည်။

အာသန္နကံ၏ အကျိုးပေးသာဓကဝတ္ထုများလည်းရှိပါသည်။ ဇမ္ဗုဒေါဝါရိကသည် ဘဝတလျှောက်လုံး ငါးများ၍ အသက်မွေးခဲ့သူဖြစ်သည်။ သေခါနီးကာလတွင် စူဠပိဏ္ဍပါတိကတိဿမထေရ်ထံမှာ သရဏဂုံဆောက်တည်သည်။ ထိုကုသိုလ် အာသန္န ကံကြောင့် သေပြီးနောက် စာတုမဟာရာဇ်နတ်ပြည်၌ ဖြစ်ရသည်။ အနှစ်ငါးဆယ်လုံးလုံး ငါးများခဲ့သည့် အကုသိုလ်ကံမှာ အာစိဏ္ဏကံ ဖြစ်သည်။ ထိုအာစိဏ္ဏကံက အကျိုးပေးခွင့်မရပဲ သေခါနီးမှပြုလုပ်သော သရဏဂုံကုသိုလ်အာသန္နကံက အကျိုးပေးခွင့် ရသည်။

မဟာဝါဓကာလ အမည်ရှိသော ဥပါသကာသည် အနှစ်သုံးဆယ်ပတ်လုံး သုံးဆယ့်နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို စီးဖြန်းသည်။ သို့ရာတွင် တရားမပေါက်ရုံသာမက ဩဘာသ နိမိတ်မျှပင် မထင်ပဲ ရှိသည်။ ထို့ကြောင့် 'ဘုရားသာသနာတော်သည် သံသရာမှ ထွက်မြောက်ကြောင်း ဖြစ်မည်မထင်' ဟု အယူဖောက်ပြန်သွားသည်။ ထိုအကုသိုလ် အာသန္နကံကြောင့် သေပြီးနောက် မဟာဂင်္ဂါမြစ်၌ မိချောင်းပြိတ္တာ ဖြစ်ရသည်။ ဤ၌ အနှစ်သုံးဆယ်လုံးလုံးပြုခဲ့သော ဘာဝနာကုသိုလ်ကံမှာ အာစိဏ္ဏကံ ဖြစ်သည်။ ထိုကံက အကျိုးမပေးနိုင်ပဲ သေခါနီးမှ အယူဖောက်ပြန်သော အကုသိုလ် အာသန္နကံက အကျိုးပေးသွားသည်ကို တွေ့ရသည်။

(အင်္ဂုတ္တိုရ်အဋ္ဌကထာ ဒုတိယအုပ် ၁၀၇-၈)

ထပ်တလဲလဲ ပြုလုပ်သောကံ

ဘဝတလျှောက်တွင် လူတဦး၏ ပြုလုပ်ခဲ့သော ကံများမှာ အလွန်များပြားလှပေသည်။ အချို့ကံများကို တခါတရံတွင်သာ ပြုလုပ်ခြင်း ဖြစ်ပြီး အချို့ကံများကိုမူ အထပ်ထပ်အခါခါ ပြုလုပ်ခြင်း ဖြစ်သည်။ နေ့စဉ်နှင့်အမျှ အမြဲမပြတ် ပြုလုပ်သောကံကို အာစိဏ္ဏကံဟု ခေါ်သည်။ ထိုသို့ အထပ်ထပ်ပြုသောကံမှာ အားကောင်းသောကံဟု ဆိုထိုက်သည်။ အထပ်ထပ် အခါခါ ပြုသောကံမှာ တခုမှ တခုသို့ အားပြုသွားသဖြင့် အားကောင်းသည်ဟု ဆိုနိုင်ခြင်း ဖြစ်သည်။ အဘိဓမ္မာ ဗဿုံးအနှုန်းဖြင့် ဆိုရပါမူ အာသေဝနသတ္တိဖြင့် တခုကိုတခု အားပြုထားသဖြင့် အားကောင်းသည်ဟု ဆိုရသည်။

ဂရုကံပြီးလျှင် အားအကောင်းဆုံးကံပင် ဖြစ်သည်။ အားကောင်းမကောင်းကို ထောက်ဆလျှင် ဂရုကံမရှိပါက ဤအာစိဏ္ဏကံ အကျိုးပေးရပေလိမ့်မည်။ သို့ရာတွင် သေခါနီးပြုလုပ်သောကံသည် ဂရုကံပြီးလျှင် ဒုတိယဦးစားပေးဖြစ်သော ကံဖြစ်ကြောင်း ဆိုခဲ့ပြီးဖြစ်သည်။ ဆိုခဲ့သည်မှာလည်း အများဆုံးဖြစ်သော အဘိဓမ္မတ္ထသင်္ဂဟ လက်သန်းအဋ္ဌကထာနှင့် ဋီကာကျော်စသည်တို့၏ မိန့်ဆိုချက်နှင့်အညီပင် ဖြစ်သည်။ ထိုဆရာတို့၏ အဆိုအမိန့်ကို အတည်ယူလျှင် ယခုပြဆိုသည့် အထပ်ထပ်ပြုအပ်သော အာစိဏ္ဏကံသည် အာသန္နကံ၏နောက် တတိယဦးစားပေးနေရာသို့ ရောက်သွားပေသည်။ ထိုဆရာတို့၏ အဆိုအမိန့်သည် လေးစားလောက်သော အဆိုအမိန့်ပင်ဖြစ်သော်လည်း စိစစ်ဖို့ လိုအပ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် အာစိဏ္ဏကံသည် အားကောင်းသော ကံဖြစ်သောကြောင့်လည်းကောင်း၊ အင်္ဂုတ္တိုရ်နှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဋီကာတို့တွင် အာစိဏ္ဏကံကို ဒုတိယဦးစားပေးနေရာ၌ထားသည်ကို တွေ့ရသောကြောင့် လည်းကောင်း စိစစ်သင့်ခြင်း ဖြစ်သည်။ (အံ၊ဋ္ဌ၊၂-၁၀၄။အံ၊ ဋီ၊၂။၁၀၂။ ဝိသုဒ္ဓိ၊ ၂။ ၃၇၉။ ဝိသုဒ္ဓိ၊ ဋီ၊၂။ ၃၇၇)။

ယင်းအာစိဏ္ဏကံကိုပင် အင်္ဂုတ္တိုရ်အဋ္ဌကထာတွင် ဗဟုလကံဟုအမည်တမျိုးဖြင့် ခေါ်ဆိုထားသည်။ အကြိမ်များစွာပြုလုပ်ထားသော ကံဟု

ဆိုခြင်းဖြစ်သည်။ အကြိမ်များစွာပြုခြင်း၊ အထပ်ထပ်ပြုခြင်း၊ အမြဲမပြတ်ပြုခြင်းတို့မှာ အဓိပ္ပာယ်တူ ဖွင့်ဆိုချက်များပင်ဖြစ်သည်။ အာစိဏ္ဏကံက အားကောင်းသောကြောင့် ဂရုကံပြီးလျှင် ဒုတိယဦးစားပေးနေရာ ရနေပြန်သည်။

ဤနေရာ၌ အဋ္ဌကထာ ဋီကာအချင်းချင်း အဆိုအမိန့်ကွာခြားနေသည်။ အဆိုနှစ်ရပ်ခြားနားခြင်းမှာ အပေါ်ယံကြည့်လျှင် ပြောင်းပြန်ခြားနားချက်ဖြစ်၍ ညှိ၍ ရနိုင်စရာမရှိပေ။ အသေအချာစဉ်းစားကြည့်လျှင် ညှိမရနိုင်စရာမရှိပေ။ ဂရုကံမရှိလျှင် အာစိဏ္ဏကံနှင့် အာသန္နကံတို့မှာ ထိုက်သင့်သလို အကျိုးပေးသွားသည်ဟုပင် ဆိုရပေမည်။ ဘဝတလျှောက် အထပ်ထပ်ပြုအပ်သောကံကို သေခါနီးအခါတွင် ပြန်လည်အောက်မေ့ခြင်းသည်လည်း အာသန္နကံပင်ဖြစ်သည်။ သေခါနီးကာလ၌ ပြန်လည်အောက်မေ့မိရန်မှာလည်း ဘဝတလျှောက် အထပ်ထပ်ပြုသောကံကို ပြန်လည်အောက်မေ့မိဖို့က များပေသည်။ ထို့ကြောင့် အာစိဏ္ဏကံနှင့် အာသန္နကံနှစ်ရပ်ကို ထပ်မိဖို့ အခြေအနေကလည်း ရှိနေသည်ပင်ဖြစ်သည်။

ထို့ပြင် ထိုကံနှစ်ရပ်တို့၏ အကျိုးပေးရာ ဦးစားပေးကာလကို ဗုဒ္ဓကိုယ်တော်တိုင် တိတိကျကျ ဟောထားချက်မရှိပေ။ ဗုဒ္ဓဟောကြားသောတရားကိုပင် အဋ္ဌကထာ၊ ဋီကာဆရာတို့ သဘောပေါက်သလို အဓိပ္ပာယ်ကောက်ယူကြခြင်းပင်ဖြစ်သည်။ အဋ္ဌကထာ ဋီကာဆရာတို့သည် မိမိတို့ရှင်းပြသော အဓိပ္ပာယ်တို့ကို မှန်လှပြီဟူ၍လည်း ဤကံအရာ၌ မည်သူမျှ ဝန်မခံနိုင်ကြချေ။ မြတ်စွာဘုရား၏ မဟာကမ္မဝိဘင်္ဂဉာဏ်တော်၏ အရာသာ ဖြစ်ပါသည်ဟု အင်္ဂုတ္တိုရ်ဋီကာနှင့် ဝိသုဒ္ဓိမဂ်ဋီကာဆရာတို့က အတိအလင်း ဝန်ခံထားပေသည်။သူတို့၏ကြံဆချက်မှာ ဥပရိပဏ္ဏာသပါဠိတော် မဟာကမ္မဝိဘင်္ဂသုတ်လာ စကားရပ်ကိုပင် ဉာဏ်မှီသရွေ့ကြံဆထားခြင်း ဖြစ်သည်။ (အံ၊ဋီ၊ ၂။၁၀၂။ ဝိသုဒ္ဓိ၊ဋီ၊ ၂။၃၇၇)

ဤသို့နိုင်းယှဉ်တင်ပြခြင်းမှာ အဋ္ဌကထာ ဋီကာဆရာတို့ကို အထင်သေးစေရန်မဟုတ်ပါ။ အာသန္နကံအရာတွင် အာစိဏ္ဏကံယက် အာသန္နကံကို ဦးစားပေးထားခဲ့သည်ဖြစ်ရာ အာစိဏ္ဏကံသည် သိပ်အရေးမကြီးဟု ထင်

မည်စိုးသောကြောင့်ဖြစ်ပါသည်။ အကယ်၍ အာသန္နကံကသာ အကျိုးပေးသေချာသည်ဟု တထစ်ချယူဆခဲ့လျှင် အာစိဏ္ဏကံကို လျစ်လျူရှုပြီး အာသန္နကံဘက်ကို အလေးကဲသွားနိုင်သည်။ အာသန္နကံမှာ သေချာရေရာလှသည် မဟုတ်ပေ။ သေခါနီးကုသိုလ်ပြုဖို့နေနေသာသာ အသေဆိုးနှင့် မသေရပါစေနှင့်ဟုပင် ဆုတောင်းနေရသည် မဟုတ်ပါလော၊ အမှန်တကယ်အားဖြင့် ဘဝတလျှောက်တွင် အာစိဏ္ဏကံကောင်းအောင်သာ ပြုလုပ်သင့်ပေသည်၊ သေခါနီးတွင်ဖြစ်သော အာသန္နကံကောင်းရန်မှာ အချိန်များစွာ အာရုံစိုက်ဖို့မလိုပေ၊ အချိန်ပိုင်းမျှ အာရုံစိုက်နေရုံဖြင့် လုံလောက်သည်။

ဗုဒ္ဓဘာသာဝင်များသည် နေ့စဉ်ဆွမ်းလောင်းသည့်ဝတ် ထားတတ်ကြသည်။ နေ့စဉ်မပျက် ပြုလုပ်ရသောအလုပ်သည် သေးငယ်သော်လည်း မလွယ်ကူလှပေ။ ဘုရားဆွမ်းတော်ကပ်ခြင်းကို ဝတ်မပျက်ကပ်လျှင်လည်း အာစိဏ္ဏကံဖြစ်သည်ဟုပင် ဆိုရပေမည်။ ဆွမ်းကပ်၊ ပန်းကပ်၊ ရေကပ်ခြင်းများသည် ဝန်လေးစရာအလုပ် မဟုတ်သော်လည်း နေ့စဉ်ဝတ်မပျက် ပြုနိုင်အောင်ကား လွယ်ကူလှသည်မဟုတ်ပေ။ လျူဖွယ်ပစ္စည်းမပါပဲ ဘုရားဝတ်ဘက်မြဲအောင်ဆိုလျှင်ပင် အလွန်ဂရုစိုက်ရသည်။ ဈာန်၊ မဂ်ဖိုလ်ရအောင် မလုပ်နိုင်သေးလျှင် ကုသိုလ်အာစိဏ္ဏကံဖြစ်အောင် ကုသိုလ်တခုကိုဝတ်ထား၍ ပြုသင့်လှပေသည်။ အာစိဏ္ဏကံသည် ဂရုကံမရှိလျှင် အားအကြီးဆုံးဖြစ်သည်ကို မမေ့သင့်ပေ။ သူတပါးပစ္စည်းကို ထမ်တလဲလဲခိုးခြင်း၊ သူတပါးအသက်ကို ထပ်တလဲလဲသတ်ခြင်း စသော အကုသိုလ်အာစိဏ္ဏကံများကိုလည်း ကုသိုလ်အာစိဏ္ဏကံနည်းတူ သိနိုင်ပေသည်။

အာစိဏ္ဏကံနှင့်ပတ်သက်၍ ထင်ရှားသောဝတ္ထုသာကေရှိသည်။ ဒုဋ္ဌဂါမဏီအဘယမင်းဆိုလျှင် ကြားဖူးသူများပါသည်။ ဒုဋ္ဌဂါမဏီမင်း စစ်ရှုံးပြီး တောတွင်းတနေရာမှာ ခိုအောင်းနေရသည်။ အဖော်အမတ်တဦးနှစ်ဦးလည်းပါသည်။ စစ်ကလည်းရှုံး၊ ပြေးရလွှားရလည်းဖြစ်၍ အလွန်ဆာလောင် နေကြသည်။ အမတ်တယောက်တွင် စားသောက်စရာပါလာသဖြင့် တော်သေးသည်။ ထိုအစားအစာကို လွှသုံးယောက်ခွဲစားရန်

ဖြစ်သော်လည်း မင်းကြီးက လေးပုံပုံခိုင်းသည်။ တပုံကို အလှူခံအား လှူရန်ရည်ရွယ်ခြင်းဖြစ်သည်။ အလွန်ဆာလောင်နေခိုက်တွင် လှူရန် စိတ်ကူးပေါက်ဖို့ဆိုသည်မှာ လွယ်သည်မဟုတ်ပေ။

ဒုဋ္ဌဂါမဏိမင်းသည် မည်သည့်အခါကမျှ မလှူပဲ မစားဖူးခဲ့ပေ လှူဒါန်းပြီးမှသာ စားလေ့ရှိသည်။ အမတ်ကြီးကလျှောက်သည်။ "တော ‘ခေါင်ခေါင်ဖြစ်၍ အလှူခံပုဂ္ဂိုလ်ကို မရနိုင်ပါ" ဟူ၍ လျှောက်သည်။ ‘အလှူခံပုဂ္ဂိုလ်ရဖို့ ငါ့တာဝန်ထား ငါ့မှာသဒ္ဒါတရားရှိ၏" ဟု ဆိုကာ၊ အလှူခံပုဂ္ဂိုလ်ကို ခါတိုင်းပင့်နေကြအတိုင်း ပါးစပ်ကဆို၍ ရော်ရမ်းကာ အပင့်ခိုင်းသည်။ ‘ဆွမ်းအလှူခံချိန်တန်ပါပြီဘုရား’ ဟု ပင့်လျှောက်သော အခါ ပေါမိမာတုမဟာတိဿမထေရ်က ဒိဗ္ဗသောတဖြင့်ကြားလေသည်။ မထေရ်သည် သပိတ်ဖြင့် ဆွမ်းခံကြွလာသည်။ ဒုဋ္ဌဂါမဏိမင်းသည် အလွန် ကြည်ညိုသော သဒ္ဒါတရားဖြင့် မိမိစားဖို့အတွက်ပါ မစားပဲလှူလိုက် သည်၊ အမတ်နှစ်ဦးကလည်း မနေသာတော့ပဲ ဆာလောင်မွတ်သိပ်မှုကို သည်းခံကာ မိမိတို့အတွက် ရထားသော အဖို့အစုကိုလည်း လောင်းလှူ လိုက်ကြတော့သည်။

ဘုရင်နှင့်အမတ်သုံးဦးသား ဘာမှမစားရသဖြင့် အလွန့်အလွန်ဆာ လောင်နေကြသည်။ "မထေရ်သည် ငါတို့ဖို့ ဆွမ်းကျန်များ ပေးပို့တန် ကောင်းပါရဲ့" ဟုတောင့်တလိုက်သည်။ မထေရ်ကသိတော်မူသဖြင့်သပိတ်ကို ကောင်းကင်မှ ပို့လွှတ်လိုက်သည်။ ဆွမ်းအကျန်သည် သုံးယောက် အဝစားကြရသည်။ စားသောက်ပြီးနောက် သပိတ်ချည်းသက်သက်ပြန် မပို့လိုသဖြင့် ပုဆိုးတထည်ကို သပိတ်ထဲထည့်၍ ကောင်းကင်သို့ပစ်မြှောက် လှူလိုက်ရာ မထေရ်၏လက်သို့ ရောက်ရှိလေသည်။

ဒုဋ္ဌဂါမဏိမင်းသည် မဟာစေတီတည်၍ မပြီးမီပင် သေချိန်သို့ရောက် ခဲ့သည်။ နောက်ဆုံးကုသိုလ်တော် ပုရပိုက်ကိုဖတ်ကြားစေသည်။ အာသန္န- ကံ ယူခြင်းဟု ဆိုနိုင်သည်။ အခြားကုသိုလ်တော်ကြီးတွေ ဖတ်ကြားသည့် အခါစေတနာ ထပ်ဆင့်မှုအား သိပ်မရှိသော်လည်း မလှူပဲ မစားသော အာစိဏ္ဏကံအကြောင်း ဖတ်ကြားရာတွင် စစ်ရှုံး၍ တောကြီးထဲမှာ

ဆာလောင်စွာနေရပါလျက် မစားပဲ လှူလိုက်နိုင်သော ကုသိုလ်အပေါ် စေတနာတွေအထပ်ထပ် ပွားနိုင်ခဲ့သည်။သေသည့်အခါ နတ်ပြည်ခြောက်ထပ်အနက် စိတ်ကြိုက်ဖြစ်သော တုသိတာနတ်ပြည်ကို ရွေးယူနိုင်ခဲ့သည်။
(အင်္ဂုတ္တိုရ်ဋ္ဌကာ)

အာစိဏ္ဏကံ၏ အားကောင်းပုံနှင့် အာစိဏ္ဏကံ ကုသိုလ်တခုကို စွဲမြဲစွာ တည်ဆောက်သင့်ပုံကိုနှလုံးသွင်း၍ကံကောင်းတခုအမြဲပြုအပ်လှပေသည်။

အကျိုးပေးခွင့် နောက်ကျသောကံ

အခြားကံများမရှိမှ အကျိုးပေးခွင့်ရသောကံကို'ကဋတ္တာကံ' ဟုခေါ်သည်။ လူတိုင်းလူတိုင်းမှာပင် ပြုလုပ်သောကံတွေ များစွာရှိနေကြသည်။ ထိုကံများအနက် ဂရုကံခေါ် အမိသတ်ကံ စသည့် ကံကြီးများရှိလျှင် ထိုကံသည် အခြားကံတို့ထက် ဦးစွာအကျိုးပေးလေသည်။ ထိုကံများ မရှိပါက အာသန္နကံခေါ် သေခါနီးကာလတွင် ပြုလုပ်သော အောက်မေ့သောကံနှင့် ဘဝတလျှောက် ထပ်တလဲလဲ ပြုလုပ်ခဲ့သောကံများက အကျိုးပေးသည်။ထိုကံသုံးမျိုးမှ ကြွင်းကျန်သော ကံအားလုံးကို 'ကဋတ္တာကံ'ဟု သိမ်းကြုံးခေါ်နိုင်သည်။ ထိုကံမှာ အထက်ပါကံသုံးပါး မရှိပါက အကျိုးပေးသည်။

ရှေးရှေးဘဝအဆက်ဆက်က ပြုလုပ်ခဲ့သောကံများသည် ကဋတ္တာကံများပင် ဖြစ်သည်။ (အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ဒု-၁၀၉)

အမှတ်မဲ့ ပြုလုပ်သောကံသည် ကဋတ္တာကံဖြစ်သည်ဟု လယ်တီဆရာတော်က ပရမတ္ထဒီပနီတွင် မိန့်ဆိုသည်။ အရူးပစ်လိုက်သောတုတ်သည် ရည်ရွယ်ဦးတည်ချက်မရှိပဲ ကျချင်ရာနေရာကျသကဲ့သို့ပင် ဖြစ်သည်ဟု ဥပမာဖြင့်ထင်ရှားအောင် ပြသွားသည်။ ပြုလုပ်သောကံတို့မှာ အခွင့်သာလျှင် အကျိုးပေးမည်သာဖြစ်သည်။ သို့ရာတွင် အခြားအစွမ်းထက်သောကံများ အကျိုးပေးနေခိုက်တွင် အမှတ်မဲ့ ပြုလုပ်အပ်သော ကံများ အားနည်းသောကံများသည် အကျိုးပေးခွင့် မရကြသေးပေ။ ဘယ်တော့

အကျိုးပေးမည် ဘယ်ဘဝမှာ ဘယ်ဘုံမှာ အကျိုးပေးမည်ဟု ရေရာ တိကျမှုမရှိပေ။ သို့သော် အကြောင်းရှိရာ အကျိုးလာဆိုသည့်အတိုင်း တနေ့နေ့တချိန်ချိန် တနေရာရာတွင် အကျိုးပေးခွင့်ကြုံက အကျိုးပေးမည်သာ ဖြစ်သည်။ အရှူးပစ်လိုက်သောတုတ်သည် တနေရာရာမှာတော့ ကျရပေမည်။ သို့သော် ဘယ်နေရာကျမည်ဟုသာမဆိုနိုင်ခြင်းဖြစ်သည်။

ဤကံသက် အားကောင်းသောကံများ ဆက်ကာဆက်ကာ ဖြစ်ရှိနေပါက ဤကဋတ္တာကံမှာ အကျိုးပေးခွင့် တော်တော်နှင့် ရနိုင်မည်မဟုတ်ပေ၊ တဘဝတည်းဖြင့် မဂ်ပေါက်ဖိုလ်ပေါက် ရဟန္တာပုဂ္ဂိုလ်ဖြစ်အောင် အားထုတ်နိုင်ပါက ထိုကံများအားလုံးမှာ အဟောသိကံများ ဖြစ်သွားရတော့သည်။ အကျိုးပေးခွင့် လုံးဝပိတ်သွားသည်။

ကံ ကိုယ်စောင့်နတ်

စောင့်ရှောက်သည်ဆိုသည်မှာ လက်ရှိအခြေအနေမှ မလျှောကျအောင် စောင့်ရှောက်ခြင်း၊ မကောင်းသောဘေးအန္တရာယ်များမှ ကာကွယ်ရန် စောင့်ရှောက်ခြင်း၊ လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်အောင် ပြုလုပ်ရာ၌ အဖျက်အဆီးမဝင်ပဲ တိုးတက်မှုရရှိစေရန် စောင့်ရှောက်ခြင်းများ ဖြစ်သည်ဟုဆိုက သင့်အံ့ထင်သည်။ စောင့်ရှောက်သည့်သဘောမှာ အကောင်းဘက် တိုးတက်မှုအတွက် လုံခြုံမှုရရန်နှင့် အဆိုးဘက်သို့ ယိုင်ဆင်းသွားခြင်းမှ ကာကွယ်ရန်ပင် ဖြစ်သည်။

စစ်သည်ဒိုလ်ပါတို့ဖြင့် အစောင့်အရှောက်ထားခြင်းပြည်သူ့ရဲများဖြင့် အစောင့်အရှောက်ထားခြင်းတို့မှာ ဗဟိဒ္ဓ = ပြင်ပစောင့်ရှောက်ခြင်းဟုခေါ်သည်။ အတွင်းစောင့်ရှောက်ခြင်းမဟုတ်ပေ၊ အတွင်းအစောင့်ရှိသူကိုမှ မိမိကိုယ်ကို စောင့်ရှောက်သူဟု ဆိုနိုင်ပေသည်။ ပြင်ပအစောင့်အရှောက် မည်မျှများစေကာမူ မိမိကိုယ်ကို စောင့်ရှောက်သူဟု မဆိုနိုင်ချေ၊ ကိုယ်ဖြင့် ကောင်းစွာကျင့်မှု ကာယကံနှင့် နှုတ်ဖြင့်ကောင်းစွာကျင့်မှု ဝစီကံ စိတ်ဖြင့်ကောင်းစွာကျင့်မှု မနောကံရှိသောသူသည် ကုသိုလ်ကံရှိသူပင်ဖြစ်သည်၊ ကုသိုလ်ကံရှိသူသည်သာလျှင် မိမိကိုယ်ကိုစောင့်ရှောက်သူဟု

ဆိုရသည် မကောင်းသောကာယကံမှု ဝစီကံမှု မနောကံမှုများကို ပြုလုပ်သူမှာ ကံမကောင်းသူ ဖြစ်သည်၊ ကံမကောင်းသူသည် မိမိကိုယ်ကို စောင့်ရှောက်သည် မမည်ပေ ကုသိုလ်ကံသာလျှင် မိမိ၏ကံ(သကကံ)ဖြစ်၍ အကုသိုလ်ကံမှာ မိမိ၏ကံမဟုတ်ပေ (နောသကကံ)ဟုခေါ်သည်။

'မည်သူသည် မိမိကိုယ်ကို စောင့်ရှောက်သူဖြစ်သနည်း'ဟု ကောသလမင်းကြီးမှာ အကြံဖြစ်ခဲ့ဘူးသည် 'ကုသိုလ်ကံပြုသူသည်သာ မိမိကိုယ်ကို စောင့်ရှောက်သည်မည်ကြောင်း ဗိုလ်ပါဆင်ခြင်း အစောင့်အရှောက်ထားခြင်းမှာ မိမိကိုယ်ကို စောင့်ရှောက်သည် မမည်ကြောင်း စဉ်းစားမိသည်။ ထိုအကြံနှင့် မိမိ၏ ထင်မြင်ချက်ကို ဘုရားရှင်အား လျှောက်ထားသောအခါ ဘုရားရှင်က မှန်ကန်ကြောင်း အတည်ပြုပေးသည်။

(သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ အတ္တရက္ခိတသုတ်)

'ကုသိုလ်ကံပြုသူသည် မိမိကိုယ်ကို စောင့်ရှောက်သည်မည်၏' ဟု ဆိုသဖြင့် ကုသိုလ်ကံသည်သာလျှင် ပြုလုပ်သူအား အစဉ်ကောင်းမွန်အောင် စောင့်ရှောက်သည်ဟုလည်း အဓိပ္ပာယ် ယူနိုင်ကောင်းပါသည်၊ မန်လည်ဆရာတော်သည် ထိုအဓိပ္ပာယ်ကို ယူ၍ မဃဒေဝလင်္ကာသစ်တွင် အောက်ပါစာပိုဒ်ကို စပ်ဆိုခဲ့သည်ဟု ယူဆမိသည်—

တရားဟုဆို၊ ကံကုသိုလ်သာ၊
ကိုယ်ကိုစောင့်တတ်၊ ကိုယ်စောင့်နတ်တည်း။

(မဃဒေဝ–၂၈၁)

ကံကောင်းကောင်း နှင့်သေလိုလျှင်စိတ်ကိုနိုင်အောင်ထိန်း

'စိတ်သာရှင်စေ၊ ဘုရားဟော'ဟူ၍လည်းကောင်း၊ 'စိတ်ကောင်းတခုထားပါ' ဟူ၍လည်းကောင်း၊၊ ဆိုရိုးစကားများ ပြုကြသည်။

မှန်ပေသည် စိတ်တလုံးကို နိုင်အောင်ထိန်းလျှင် ကံသုံးပါးကို လုံခြုံအောင် ထိန်းပြီးဖြစ်သည် မြတ်စွာဘုရားက အနာထပိဏ်သဌေးအား ဟောကြားခဲ့ဖူးသည်။

စိတ်ကိုမစောင့်ရှောက်လျှင် ကာယကံကိုလည်း စောင့်ရှောက်သည်မမည် ဝစီကံကိုလည်းစောင့်ရှောက်သည်မမည် မနောကံကိုလည်း စောင့်ရှောက်သည်မမည်ပေ၊ ကာယကံ ဝစီကံ မနောကံကိုမစောင့်ရှောက်သူ၏ ကာယကံ၊ ဝစီကံ၊ မနောကံတို့သည် ကိလေသာအစေးများဖြင့် စိုစွတ်၏၊စိုစွတ်သော ကံသုံးပါးရှိသူ၏ ကာယကံသည်လည်း ဆွေးမြေ့၏၊ဝစီကံသည်လည်း ဆွေးမြေ့၏၊ မနောကံသည်လည်းဆွေးမြေ့၏၊ မိုးရေစိုထဲပစ်ထားသော သစ်ဝါးများသည် လျင်မြန်စွာ ဆွေးမြေ့ကြသည် မဟုတ်ပါလော။ ဆွေးမြေ့သော ကာယကံ ဝစီကံ မနောကံရှိသူအား ကောင်းသောသေခြင်း မဖြစ်နိုင် ကောင်းသောကွယ်လွန်ခြင်း မဖြစ်နိုင်ပေ။

အထွတ်တပ်သော အိမ်ကိုကောင်းစွာ မိုးမထားလျှင် အထွတ်ကိုလည်း စောင့်ရှောက်သည်ဟု မဆိုနိုင် အခြင်ကိုလည်း စောင့်ရှောက်သည်ဟု မဆိုနိုင်၊အထွတ်သည်လည်းမိုးရေဖြင့် စိုစွတ်၏ အခြင်သည်လည်းမိုးရေဖြင့် စိုစွတ်၏၊နံရံသည်လည်း မိုးရေဖြင့်စိုစွတ်၏၊ အထွတ်သည်သည်း ဆွေးမြေ့၏ အခြင်သည်လည်း ဆွေးမြေ့၏ နံရံသည်လည်းဆွေးမြေ့၏။

စိတ်ကို စောင့်ရှောက်လျှင် ကာယကံ၊ဝစီကံ၊ မနောကံ တို့ကို စောင့်ရှောက်သည် မည်ပေ၏၊ ကံသုံးပါးစောင့်ရှောက်သူ၏ ကာယကံ၊ ဝစီကံ၊ မနောကံတို့သည် ကိလေသာအစေးဖြင့် မစိုစွတ်၊ မစိုစွတ် သူ၏ ကံသုံးပါးသည် မဆွေးမြေ့ပေ၊မဆွေးမြေ့သော ကာယကံ ဝစီကံ မနောကံရှိသူအား ကောင်းသောသေခြင်း ဖြစ်နိုင်၏၊ ကောင်းသော ကွယ်လွန်ခြင်း ဖြစ်နိုင်၏၊အထွတ်တပ်သော အိမ်ကို ကောင်းစွာ မိုးထားသကဲ့သို့တည်း။

'ခေါင်ကစမိုးမလုံ'ဟူသောစကားပုံသည် အရက္ခိတသုတ်နှင့် ဆီလျော်လှပေသည်၊ခေါင်ကစမိုးမလုံလျှင် ခေါင်လည်းပျက်စီး အောက်ခြေပါပျက်

စီးသည် ခေါင်ကို မိုးလုံအောင် အုပ်ထားလျှင် ခေါင်လည်းမပျက်စီး အောက်ခြေလည်းမပျက်စီးနိုင်ပေ။

စိတ်သည် ခေါင်အုပ်နှင့်တူ၍ စိတ်တည်းဟူသော အချုပ်အခြာကို လုံခြုံအောင် စောင့်ရှောက် ဖုံးအုပ်ထားပါက စိတ်လည်းမပျက်စီး ကံသုံးပါးလည်း မပျက်စီး မဆွေးမြေ့နိုင်ပေ၊ သို့မှသာ မျက်နှာပန်းလှလှဖြင့် သေနိုင်တော့သည်၊ ထိုသူအတွက် သေရခြင်းသည် ကြောက်စရာ မဟုတ်တော့။ (အင်္ဂုတ္တိုရ်ပါဠိတော်၊ အရက္ခိတသုတ်)

ကောင်းသော နံနက်ခင်းပါ

ဗုဒ္ဓက ရဟန်းတော်များအား ဟောသည်။ နံနက်ခင်း၌ ကောင်းသော ကာယကံအကျင့်ကို ကျင့်ကုန်သော ကောင်းသော ဝစီကံအကျင့်ကို ကျင့်ကုန်သော ကောင်းသော မနောကံအကျင့်ကို ကျင့်ကုန်သော သူတို့အား ကောင်းသော နံနက်ခင်း ဖြစ်ပေ၏။

"ကောင်းသော နံနက်ခင်းပါ" ဟူသော နှုတ်ဆက်စကားမှာ အနောက်နိုင်ငံများ၌ အစဉ်အလာအရ ယဉ်ကျေးသော နှုတ်ခွန်းဆက် စကားပင် ဖြစ်သည်။ သူတို့နိုင်ငံများ၌ နှင်းထူသော ဆောင်းကာလရှည်ကြီးကို ငြီးငွေ့စွာ ဖြတ်သန်းရမြဲ ဖြစ်သည်။ နံနက် ၉ နာရီ ၁၀ နာရီသိ နှင်းမကွဲ တတ်သေးပေ။ သာယာသော နံနက်ခင်းကို ရခဲလှသည်။ ထို့ကြောင့် နေသာသော နံနက်ခင်းမျိုးကို ကြုံရလျှင် "ကောင်းသော နံနက်ခင်းပါ" ဟု အဘယ်သူသည် မပြောမိပဲ ရှိချိမ့်မည်နည်း။ ယင်းသို့သော ရာသီဥတု အခြေအနေ ပထဝီ အနေအထားအရ ပေါ်ပေါက်လာ တွင်ကျယ်လာသော စကားဖြစ်သည်ဟု ဆိုပါသည်။

ဗုဒ္ဓမြတ်စွာဘုရားကမူ "ကောင်းမှုပြုသော နံနက်ခင်းသည် ကောင်းသော နံနက်ခင်းပင် ဖြစ်သည်။ ရာသီဥတု သာယာသော နေ့ကို မဆိုပေ။ ကံသုံးပါးတို့ဖြင့် ကောင်းမှုကံကို ပြုလုပ်သော နေ့လယ်ခင်းသည် ကောင်းသော နေ့ခင်းပင် ဖြစ်သည်။ ကံသုံးပါးတို့ဖြင့် ကောင်းမှုကံကို ပြုလုပ်သော

ညချမ်းအခါသည် ကောင်းသော ညချမ်းအခါပင် ဖြစ်သည်" ဟု ဟော ခဲ့သည်။

မြန်မာတို့ အစဉ်အလာအရ ကောင်းမှုပြုသည့်အခါတွင် နေ့ကောင်း ရက်သာကို ရွေးပြီးမှ ပြုလုပ်တတ်ကြသည်။ မြေခံကောင်း မကောင်း၊ နက္ခတ်ကောင်း မကောင်း လေ့လာပြီးမှ ပြုလုပ်လိုကြသည်။

မြတ်စွာဘုရားက နက္ခတ်ကောင်းမှ ကောင်းမှုပြုရသည်ဟု မဟော၊ ကောင်းမှုပြုသော နေ့သည် နေ့ကောင်း၊ နက္ခတ်ကောင်း ဖြစ်သည်ဟုသာ ဟောသည်။ ထိုနေ့သည် မင်္ဂလာရှိသော နေ့ ဖြစ်၏။ ကောင်းသောအချိန် ကောင်းသောအခိုက် ဖြစ်ပေ၏။

သုစရိုက်နှင့် ပြည့်စုံသော နေ့၌ ပြုသော ကာယကံ ဝစီကံ မနောကံတို့ သည် ပွားစည်းသော ကံများပင် ဖြစ်သည်။ ပွားစည်းသော ကံတို့ကို ပြုပြီး၍ ပွားစည်းသော အကျိုးကို ရလေသည်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပုဗ္ဗဏှသုတ်)

ကံယုံ ဆူးပုံမနင်းနှင့်

"ကံယုံ ဆူးပုံမနင်းနှင့်"ဟူသော စကားပုံကလေးမှာ လူတိုင်း ပါးစပ် ဖျားတွင် တာစားသည့် စကားပုံကလေး တခုဖြစ်သည်။ စကားပုံတို့ မည် သည် ကျယ်ဝန်းလှသော အဓိပ္ပာယ်များကို ငုံထားတတ်ပေသည်။ ဤစကားပုံမှာမူ အတွေးအခေါ် အယူအဆယုံကြည်မှုသဘောတရားများကို ငုံထားသဖြင့် ချဲ့ထွင်၍ အဓိပ္ပာယ်ဆန့်လျှင် အဓိပ္ပာယ်ဆန့်သူ၏ ဉာဏ်စွမ်း ရှိသမျှ ကျယ်ဝန်းလာမည်သာ ဖြစ်သည်။ "ကမ္မဝိပါကော အစိန္တိယျော" အရ ဘုရားရှင်တို့၏ အရာသာဖြစ်သည်ဟု ထားလိုက်ပါက ဆိုဖွယ်မရှိပြီ။

သို့ရာတွင် အတိုင်းအတာထား၍ ဆိုရပါသည်၊ ပညာကြီးသူများ ချဲ့ထွင်သဘောပေါက်ကြပါလိမ့်မည်။

ကံယုံလျှင် ဆူးပုံမနင်းနှင့် ဟူသော စကားကို အချို့ကံကို မယုံသူများ ကလည်း သူတို့ အဓိပ္ပာယ်နှင့် သူတို့ အသုံးပြုကြသည်။ "မင်းတို့ ကံကို

ယုံလျှင် ဆူးပုံနင်းကြည့်ပါလား၊ မင်းတို့ ကံက ဆူးမစူးအောင် ကယ် တင်နိုင်ပါမလား”ဟု မိရိုးဖလာဗုဒ္ဓဘာသာဝင်များအား ပျက်ချော်ချော် ပြောတတ်ကြသည်။ မည်မျှ ကုသိုလ်ကံကောင်းသူပင်ဖြစ်စေ ဆူးပုံ နင်းလျှင် ကေန်စူးမည်မှာ သေချာသည်။ ပြောသူကိုယ်တိုင်က “ကံ” အဓိပ္ပာယ်ကိုမသိ၊ လက်တွေ့ကျကျမှ ယုံကြည်ထိုက်သည်။ ကံကို မယုံထိုက် ဟူ၍သာ လက်ခံသည်။ သူ၏ အယူအဆကို “ကံယုံ ဆူးပုံမနင်းနှင့်” ဟူသော စကားပုံဖြင့် မှတ်တမ်းတင်ကြသည်။ အပြောခံရသူ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တဦးကလည်း ကံ၏အဓိပ္ပာယ်ကို သိမထားလျှင် ယောင် ဝါးဝါး ဖြစ်သွားနိုင်သည်။

ကံယုံ ဆူးပုံမနင်းနှင့် ဟူသော စကားပုံ၏ အဓိပ္ပာယ်ကို နှစ်မျိုးကြံဆ နိုင်သည်။ (၁) ကံသက်သက်ကိုယုံစား၍ ဆူးပုံမနင်းလေနှင့်၊ (၂) ကံကို အမှန်တကယ်ယုံလျှင် ဆူးပုံမနင်းနှင့်။

ယင်းအဓိပ္ပာယ်နှစ်ရပ်အနက် ပထမအဓိပ္ပာယ်မှာ အများလက်ခံသော အဓိပ္ပာယ်ဖြစ်သည်။ ဒုတိယအဓိပ္ပာယ်မှာ ကံသမားဘက်က ရဲ့ဝံ့စွာ ယူဆ ပြသော အဓိပ္ပာယ်ဖြစ်သည်။

ကံသက်သက်ကိုသာ ယုံစား၍ ဆူးပုံမနင်းလေနှင့် ဟူသော အများ လက်ခံသည့် အဓိပ္ပာယ်မှာ ကျမ်းဂန်စာပေများနှင့် ညီညွတ်ပါသည်။ ပိဋကတ်ကျမ်းဂန်အရ ဗုဒ္ဓဘာသာသည် ကံသက်သက် ငါးမဟုတ်ပေ၊ ကံ ဉာဏ် ဝီရိယ သုံးပါးလုံးကို လက်ခံပေသည်။ ကံကိုယုံ၍ဆူးပုံနင်းခဲ့လျှင် ဉာဏ်၏ အရာကို ပစ်ပယ်ရာကျသည်။ ဗုဒ္ဓဘာသာသည် ဉာဏ်၏ အရာကို ပစ်ပယ်သော ဝါဒမဟုတ်ပေ။ ဆူးပုံကိုနင်းလျှင် စူးမည်ဟု သိတတ်သော ဉာဏ်မရှိ၍ နင်းလျှင် ကံမရှိ၍ စူးသည်မဟုတ်၊ ဉာဏ်မရှိ၍စူးခြင်းသာ ဖြစ်သည်။ နင်းလျှင် စူးမည်ဟုသိလျက်နှင့် နင်းလျှင် ကံမရှိ၍ စူးသည် လည်းမဟုတ် ဉာဏ်မရှိ၍ စူးသည်လည်းမဟုတ် ဉာဏ်၏အရာကို ပစ်ပယ် သောကြောင့် ဖြစ်သည်။

ကံ ဉာဏ် ဝီရိယသုံးပါးကို မျှအောင်ပြုသင့်သည်။ ကံသက်သက် ယုံသောငါး၊ ဝီရိယသက်သက်ကိုသာ ယုံသောငါးနှင့် ကံ ဉာဏ် ဝီရိယ

သုံးပါးကိုယုံ၍တွဲသောငါးဟူ၍ ငါးသုံးကောင်ရှိကြရာ ကံ ဉာဏ် ဝီရိယ သုံးပါးမျှသောငါးသာ တံငါလက်တွင်းမှ လွတ်ခဲ့သော ငါးသုံးကောင် ဝတ္ထုကို နှလုံးမူသင့်သည်။

ငါးသုံးကောင်ကို တံငါသည်တို့ဖမ်း၍ လှေထဲထည့်ထားရာ ဝီရိယ အားကိုးသောငါးမှာ လှေထဲရောက်ကတည်းက တဖျတ်ဖျတ်ခုန်နေသည်။ တချက်မလွတ် တချက်လွတ်အောင် ခုန်နိုင်လိမ့်မည်ဟု သူ့ဝီရိယသူ ယုံကြည်ပြီး ထပ်ဖန်တလဲလဲခုန်နေသည်။ တံငါသည်တို့က ငြိမ်နေသည့် ငါးနှစ်ကောင်ကို မည်သို့မျှမပြုပဲ ခုန်နေသောငါးကို ရိုက်သတ်လိုက် ကြသည်။ ကံနှင့်ဉာဏ်မပါသဖြင့် အသက်ဆုံးရရှာသည်။ ကံ ဉာဏ် ဝီရိယ သုံးပါးမျှသောငါးမှာမူ ဝီရိယငါးကဲ့သို့ တဖျတ်ဖျတ် ခုန်မနေစေကာမူ ဝီရိယကိုလည်းမချ လွတ်လမ်းကိုလည်း ဉာဏ်ဖြင့်ချောင်းဆ၍သာ လိုက်ပါ လာသည်။ တချိန်တွင် လှေနံတဘက်သို့ အစောင်းလိုက်တွင် နိမ့်သွား သော လှေနံဘက်သို့ တအားခုန်ထွက်လိုက်သဖြင့် တံငါသည်တို့လက်မှ လွတ်မြောက်သွားလေသည်။ ကံကိုသာယုံသောငါးမှာမူ ဝီရိယငါးအသတ် ခံရစဉ်ကလည်း သူ့ကံနှင့်သူဟု သဘောထားသည်။ ဉာဏ်ဝီရိယစုံသောငါး လွတ်မြောက် သွားသောအခါလည်း အားကျစိတ် မပေါ်လာပေ။ ကံကောင်းလျှင် လွတ်မည်ဟု ကံကိုသာ အားကိုး၍ လိုက်ပါခဲ့သည်။ ခရီးအဆုံးရောက်သောအခါ ကံယုံသောငါးကလေးမှာ တံငါသည်တို့၏ အစာ ဖြစ်သွားရရှာသည်။

ဤငါးသုံးကောင်ဝတ္ထုအရ ဗုဒ္ဓဘာသာတို့သည် ကံသက်သက်ကိုသာ လက်ခံသော ဝါဒမဟုတ်ကြောင်း ပေါ်လွင်ပေသည်။

ထို့ကြောင့် မန်လည်ဆရာတော်က—

"လို့လမထူ၊ ဉာဏ်မကူပဲ၊ အယူတချောင်း၊ ကံတကြောင်းမျှ၊
မကောင်းလည်းကံ၊ ကောင်းလည်းကံဟု၊ ကံကိုချည်းသာ၊
မကိုးရာဘူး၊ ပညာဉာဏ်ဖြင့်၊ သင့်မသင့်ကို၊ အခွင့်ရှု၍၊

အပြုလုံ့ လ၊ ရှိအပ်စွာတည့်၊ တင်ါလက်တွင်း၊ ရောက်လျှင်း
တုံငြား၊သုံးကောင်ငါးကို၊ မှတ်သားဝမ်းထဲ၊ နည်းယူစွဲလော့"။
ဟူ၍ စပ်ဆိုခဲ့သည်။ (မဃဒေဝ-၂၄၅)

"ကံကိုအမှန်တကယ်ယုံလျှင် ဆူးပုံမနင်းနှင့်" ဟူသော အဓိပ္ပာယ် ကြံဆချက်မှာလည်း ယုတ္တိရှိပေသည်။ ကံဟုဆိုလိုက်လျှင် အတိတ်က ပြုလုပ်ခဲ့သော ကံကိုသာအသိအမှတ်ပြုလိုက်မိတတ်ကြသည်။ 'ကံ'ဟူသော စကားရပ်၌ ပစ္စုပ္ပန်ကံလည်းအကြုံးဝင်လျက်ရှိသည်။ဆူးပုံကိုနင်းခြင်းသည် ပစ္စုပ္ပန်ကံကို ပြုလုပ်ခြင်းပင်ဖြစ်သည်။ ဆူးစူးခြင်းသည် ယင်းပစ္စုပ္ပန်ကံ၏ အကျိုးပင်တည်း။ ကမ္မဝါဒီဆိုသူများပင် ပစ္စုပ္ပန်ကံကို ထည့်မတွက်မိ တတ်ကြချေ။ ရှေးအတိတ်ကံကိုသာ စွဲမြဲလက်ခံယုံကြည်သော ကမ္မဝါဒီ ပုဂ္ဂိုလ်သည် ဗုဒ္ဓဘာသာစစ်စစ် မဟုတ်တော့ချေ၊ မည်သည့်အရာမဆို အတိတ်ကံအပေါ် ပုံချသောကမ္မဝါဒီကို မြတ်ဗုဒ္ဓက သမ္မာဒိဋ္ဌိပုဂ္ဂိုလ်အဖြစ် လက်မခံ၊ မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်ဟုသာ သတ်မှတ်လိုက်တော့သည်။ 'ပုဗ္ဗေကတ ဟေတုဒိဋ္ဌိ'ဟု ခေါ်သည်။

ကံ ကံ၏အကျိုးကို ယုံကြည်မှုသည် ဗုဒ္ဓဘာသာဝင်တဦးအနေဖြင့် အရေးကြီးသောအချက်ပင် ဖြစ်သည်။ သို့ရာတွင် ပုဗ္ဗေကတဟေတုဒိဋ္ဌိ ဟူသော တဘက်စွန်းရောက်သော ကံဝါဒကို သတိပညာဖြင့် ရှောင်ရ ပေမည်။

စကားပုံကို အဓိပ္ပာယ်ကြံဆရာ၌ အခြားနည်းလမ်းများ ရှိနိုင်ကောင်း ပါသေးသည်။ ပုံသေကားကျ ဤကြံဆချက်အတိုင်း ကြံဆရမည်ဟု မဆို လိုပါ။ 'ပညာရှိ သတိဖြစ်ခဲ'ဟူသောစကားကို အချို့က ပညာရှိလျှင် သတိဖြစ်ခဲသည်ဟု ကြံဆကြသကဲ့သို့ အချို့ကလည်း ပညာရှိသော်သည်း သတိဖြစ်ခဲ ဟူ၍ ကြံဆကြသည်။ သူ့အဓိပ္ပာယ်နှင့်သူ ဖြောင့်လျက်ပင် ရှိသည်။

"ကံ ကိုယ်၌ မီးပုံအတွင်း မဆင်းထိုက်စွာ၊ ကျွားရဲရာလည်း ကြမ္မာ အကြောင်း မရှိးကောင်းရှင့်" (မဃဒေဝ-၂၄၅)

ဘဝဟူသည် ကံရှိမှုဖြစ်သည်

သတ္တလောကသားတို့၏ဘဝကို ခတ်တူရာပေါင်းလိုက်လျှင် သုံးပါး သာရှိသည်။ ကာမဘဝ ရူပဘဝနှင့် အရူပဘဝတို့ဖြစ်သည်။ ကာမဘဝ ၁၁-ဘုံရှိ သတ္တဝါများကို ကာမခတ်ချင်း တူညီသောကြောင့် ကာမ ဘဝဆိုရသည်။ ရူပဘဝ အရူပဘဝတို့လည်း နည်းတူပင်ဖြစ်သည်။

ကာမဘုံ၌ အကျိုးပေးတတ်သောကံ မဖြစ်ခဲ့လျှင် ကာမဘဝ ဖြစ်မ လာနိုင်ပေ။ ရူပဘုံ၌ အကျိုးပေးတတ်သောကံ မဖြစ်ခဲ့လျှင် ရူပဘဝ ဖြစ်မလာနိုင်ပေ။ အရူပဘုံ၌ အကျိုးပေးတတ်သောကံ မဖြစ်ခဲ့လျှင် အရူပဘဝ မဖြစ်ပေါ်နိုင်ပေ။

ကံသည် လယ်ယာမြေနှင့်တူသည်။ ဝိညာဉ်သည် မျိုးစေ့နှင့်တူသည်။ တဏှာသည် အစေး (သို့မဟုတ်) ရေနှင့်တူသည်။ လယ်ယာမြေမရှိလျှင် စိုက်ပျိုးမှုမဖြစ်နိုင်သကဲ့သို့ မျိုးစေ့မရှိလျှင် မျိုးစေ့ရှိသည့်တိုင်အောင် ရေမရှိလျှင် စိုက်ပျိုး၍မဖြစ်နိုင်ချေ။ ထိုလယ်မြေကို အဝိဇ္ဇာဘောင်တေ ပိတ်ပင်ထားမှသာ တဏှာတည်းဟူသော အစေးရေထက်ပေါက်မရပဲ တည်နိုင်ပေသည်။ သို့မှသာ စိုက်ပျိုးသောမျိုးစေ့ ရှင်သန်ပြီးကြီးထွား၍ သီးနှံဖြိုးသော လယ်ယာမြေဘွက် ဖြစ်လာနိုင်ပေသည်။

ထိုဥပမာအတိုင်းပင် ကာမဘုံ၌ ဝိညာဉ်တည်လတ်သော် နောက် တဖန်ဘဝသစ်၌ ဖြစ်ရသည်။ ရူပဘုံ၌ ဝိညာဉ်တည်လတ်သော် နောက် တဖန် ဘဝသစ်၌ ဖြစ်ရသည်။ အရူပဘုံ၌ ဝိညာဉ်တည်လတ်သော် နောက်တဖန် ဘဝသစ်၌ဖြစ်ရသည်။

ကံကြောင့် ဘဝဖြစ်ရသည်ဟုဆိုခြင်းမှာ ပဋိစ္စသမုပ္ပါဒ်၌ ဆိုထားသော ဥပါဒါန်ကြောင့် ဘဝဖြစ်ရသည် ဟူသောစကားနှင့် ဆန့်ကျင်ဘက်

ဆိုခြင်းမဟုတ်ပေ။ ကံနှင့်ဘဝကို စပ်ဟပ်ပြခြင်းဖြစ်သည်ဟု ဆိုရန်ရှိပေသည်။

'ဝိညာဉ်တည်လတ်သော် နောက်တဖန် ဘဝသစ်၌ဖြစ်ရသည်' ဟု ဆိုခြင်းမှာလည်း ကေန်သဘောအားဖြင့် ဆိုခြင်းမဟုတ်တန်ရာ၊ အဘယ့်ကြောင့်ဆိုသော် 'ဒုတိယဘဝသုတ်'တွင် ဝိညာဉ်၏နေရာတွင် စေတနာကို အစားထိုး၍ ဟောကြားခဲ့သည် မဟုတ်ပါလော။

နေရာများစွာတို့၌ ကံကိုမျိုးစေ့နှင့်တူ၏ ဟူ၍ ဟောကြားခဲ့သည်။ ဤ"ဘဝသုတ်" နှစ်သုတ်လုံးပင် ကံကိုမျိုးစေ့နှင့်မတင်စားပဲ ဝိညာဉ်ကို မျိုးစေ့နှင့်တူကြောင်း တင်စားခဲ့သည်။ ကံကိုမူ လယ်ယာမြေနှင့်တူကြောင်း တင်စားခဲ့သည်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပဌမဘဝသုတ်နှင့် ဒုတိယဘဝသုတ်)

ကိုယ့် ကိုယ်ကိုချစ်လျှင် ကံကောင်းအောင်လုပ်

ဒုစရိုက်မှုများ ပြုလုပ်ခြင်းသည် မကောင်းသော ကံဖြစ်သည်။ သုစရိုက်မှုများကို ပြုလုပ်ခြင်းသည် ကောင်းသောကံဖြစ်သည်။ ကံကောင်းအောင် ပြုလုပ်လိုလျှင် ဒုစရိုက်မှုများကို ရှောင်၍ သုစရိုက်မှုများကို ပြုလုပ်ရသည်။

တနေ့သောအခါတွင် ကောသလမင်းသည် တယောက်တည်းစဉ်းစား စိတ်ကူးနေသည်။ 'ဘယ်သူသည် မိမိကိုယ်ကို ချစ်ရာရောက်၍ ဘယ်သူသည် မိမိကိုယ်ကို ချစ်ရာမရောက်သနည်း' ဟူ၍ အကြံဖြစ်သည်။ ဒုစရိုက် ကာယကံ၊ ဝစီကံ၊ မနောကံတို့ကို ပြုလုပ်သူသည် မိမိကိုယ်ကို ချစ်ရာမရောက်ပေ။ မိမိကိုယ်ကို ချစ်ပါသည်ဟု ပါးစပ်ကတဖွဖွ ပြောဆိုနေစေကာမူ ဒုစရိုက်မှုများကို ပြုလုပ်နေသမျှ မိမိကိုယ်ကို ချစ်သည်ဟု မဆိုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် မိမိ မချစ်မနှစ်သက်သူအပေါ် ကိုယ်တိုင်ပြုလုပ်ရမှုမျိုးကို မိမိအပေါ် မိမိကိုယ်တိုင် ပြုလုပ်နေသောကြောင့်ဖြစ်သည်။

သုစရိုက် ကာယကံ,ဝစီကံ, မနောကံတို့ကို ပြုလုပ်သူသည် မိမိကိုယ်ကို ချစ်ရာရောက်ပေသည်။ မိမိကိုယ်ကို မချစ်ပါဟု ပြောစေကာမူ သုစရိုက်မှုများကို ပြုလုပ်နေသမျှ မိမိကိုယ်ကိုချစ်သည်ဟု ဆိုနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် မိမိချစ်သူအကျိုးအတွက် ပြုလုပ်ရမည့်အလုပ်မျိုးကို သူတပါးအား လွှဲပြောင်းလုပ်ခိုင်းခြင်း မပြုတတ်ကြ။ ကိုယ်တိုင်ဆောင်ရွက် လုပ်ကိုင်ပေးတတ်ကြသည်။ ချစ်သူအတွက် ပြုလုပ်ပေးမှုမျိုးကို မိမိအကျိုးအတွက် ကိုယ်တိုင် ပြုလုပ်ကြသည်။ ထို့ကြောင့် သုစရိုက် ပြုလုပ်သူများသည် မိမိကိုယ်ကို ချစ်ရာရောက်ပေသည်။ ဤသည်တို့မှာ ကောသလမင်း၏ အကြံအစည်ပင်ဖြစ်သည်။

ကောသလမင်းသည် မိမိ၏အကြံကို ဖျောက်ဖျက်မပစ်ပဲ ဘုရားရှင်အား လျှောက်ထားသည်။ မြတ်စွာဘုရားက ကောသလမင်း၏အကြံမှာ မှန်ကန်ကြောင်း အတည်ပြုပေးသည်။ ထို့နောက် 'မိမိကိုယ်ကို ချစ်ထိုက်သည်ဟုသိလျှင် မိမိကိုယ်နှင့် မကောင်းမှုကံကို အတူတွဲ၍ မထားရာ' စသည်တို့ကို ဆက်လက်ဟောကြားသည်။

(သဂါထာဝဂ္ဂသံယုတ်-ပိယသုတ်)

အကုသိုလ်စုနှင့် ကုသိုလ်စု

ကံသည်ကုသိုလ်ကံ အကုသိုလ်ကံအားဖြင့် နှစ်ပါးရှိရာ ကုသိုလ်နှင့် အကုသိုလ်အကြောင်းကို လက်လှမ်းမီသလောက် လေ့လာသင့်ပေသည်။ အကုသိုလ်ကို အစုလိုက်ပြပါဆိုလျှင် နီဝရဏငါးပါးကို ပြရပေမည်၊ နီဝရဏငါးပါးတို့မှာ အကုသိုလ်အစုသက်သက်သာ ဖြစ်လေသည်။

နီဝရဏ ငါးပါးတို့မှာ—

ကာမစ္ဆန္ဒနီဝရဏ

ဗျာပါဒနီဝရဏ

ထိနမိဒ္ဓနီဝရဏ

ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏနှင့်

ဝိစိကိစ္ဆာနီဝရဏတို့ဖြစ်သည်။

ထို ငါးပါးတို့အကြောင်းကို အကျယ် ရေးသားရန် လိုအပ်မည် မဟုတ်ပေ။ ထိုငါးပါးမှာ ကုသိုလ်ဖြစ်ရန် ပိတ်ပင်တတ် တားဆီးတတ်သော သဘောရှိသည်။ ထိုငါးပါးရှိနေသမျှ ဈာန်သမာပတ် မရနိုင်ချေ။

ကုသိုလ်အစုကား လေးပါးရှိသည်။ သတိပဋ္ဌာန်လေးပါးတို့တည်း။

သတိပဋ္ဌာန်လေးပါးကား–

ကာယာနုပဿနာ သတိပဋ္ဌာန်
ဝေဒနာနုပဿနာသတိပဋ္ဌာန်
စိတ္တာနုပဿနာသတိပဋ္ဌာန်နှင့်
ဓမ္မာနုပဿနာသတိပဋ္ဌာန်တို့တည်း။

ယင်းလေးပါးမှာ ကုသိုလ်အစု သက်သက်ချည်းဖြစ်သည်။

(အဘိဓမ္မာတွင်အကျယ်လေ့လာနိုင်သည်)

(မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ အကုသလရာသိသုတ်နှင့် ကုသလရာသိသုတ်)

ကုသိုလ်တရားတို့၏ အစကား—

သီလစင်ကြယ်ခြင်းနှင့်
အယူဖြောင့်မှန်ခြင်း နှစ်ပါးတို့ဖြစ်သည်။

မှန်ပေသည် သီလမစင်ယ်ကြသောသူနှင့် အယူမဖြောင့်မှန်သောသူတို့မှာ အဘယ်မှာလျှင် ကုသိုလ်များ တိုးပွားလာမည်ဟု မျှော်လင့်နိုင်ချိမ့်မည်နည်း။ သတိပဋ္ဌာန်လေးပါး မြတ်တရားကို ပွားများလိုသူသည် ယင်းသီလစင်ကြယ်မှုနှင့် အယူဖြောင့်မှန်မှု တရားနှစ်ပါးအပေါ်တွင် အခြေစိုက်၍ ပြုလုပ်ပွားများရသည်။

(မဟာဝဂ္ဂသံယုတ်၊ ဗာဟိယသုတ်)

ကံနှစ်ရပ်၏ ခေါင်းဆောင်

လောကကြီးကို စောင့်ရှောက်နေသော တရားနှစ်ပါး ရှိသည်။ မကောင်းမှု ပြုလုပ်ရမည်ကိုရှက်ခြင်း 'ဟိရီ' နှင့် မကောင်းမှု ပြုလုပ်ရမည်ကို ကြောက်ခြင်း 'ဩတ္တပ္ပ' နှစ်ပါးတို့ဖြစ်သည်။ လောကကြီးတွင် ဒုစရိုက်မှု ကျူးလွန်ရမည်ကို မရှက်မကြောက်လျှင် မကောင်းမှု ဒုစရိုက်များကို အတင့်ရဲကာ ကျူးလွန်လာကြမည်မှာ မလွဲပေ။

လောကဥပဒေ ကြောင်းအရလည်း ဒုစရိုက်မှုများကို နှိမ်နင်းကြရသည်။ တရားဓမ္မကြောင်းကလည်း ဒုစရိုက်ပြုမှုများ၏ အပြစ်များကို ဟောကြားပညတ်ကြသည်။ ဤသို့နှစ်ဘက်ညှပ်၍ ထိန်းကွပ်လျက်ရှိပင် ဒုစရိုက်မှုများ ယုတ်လျော့ပျောက်ပျက် မသွားကြခြင်းမှာ လူအများ၏ စိတ်သည် မကောင်းမှုဘက်တွင် ပျော်မွေ့တတ်သော သဘောကြောင့်လည်းကောင်း မိမိစိတ်ကို မဆုံးမပဲ လွှတ်ထားသောကြောင့်လည်းကောင်း ဖြစ်သည်ဟုဆိုလျှင် မှားမည်မထင်။

ဒုစရိုက်မှု ကျူးလွန်ရမည်ကို မရှက်ခြင်းနှင့် မကြောက်ခြင်းကို အဟိရိကနှင့် အနောတ္တပ္ပ ဟူ၍ ခေါ်သည်။ ထိုနှစ်ပါးကို လောကအဖျက်တရားနှစ်ပါးဟု ဆိုရချေမည်။ ကမ္ဘာလောကတွင် ဒုစရိုက်မှု များပြားလာသော်လည်း ၎င်းတို့၏ အင်အားသည် သုစရိုက်အင်အားကို လွှမ်းမိုးနိုင်သော အခြေသို့ကား လွယ်လွယ်မရောက်နိုင်ပေ။ အကယ်၍သာ ဒုစရိုက်ပြုလုပ်ရမည်ကို မရှက်မကြောက်သည့် အင်အားစုသာ ကမ္ဘာတွင် ကြီးစိုးလာလျှင် ကမ္ဘာကြီးသည် ပျက်စီးတော့မည် ပျက်စီးပြီဟု ဆိုနိုင်သည်။

ဤလောကပါလ တရားနှစ်ပါးအကြောင်းကို လေ့လာလျှင် မှတ်သားဖွယ်ရာ များစွာတွေ့ရပါဦးမည်။ ဤနေရာ၌ ယင်းတရားနှစ်ပါးအကြောင်းကို အမြွက်မျှ ပြဆိုလိုခြင်းသာ ဖြစ်သည်။ ဟိရီနှင့် ဩတ္တပ္ပတရား နှစ်ပါးတို့သည် လောကပါလတရားဖြစ်သည်။ ထိုတရားနှစ်ပါး မရှိပါက လောကကြီးပျက်စီးရတော့မည်။ ဤသို့ဆိုသဖြင့် ထိုတရားနှစ်ပါး

သည် ကုသိုလ်တရား တို့၏ ရှေ့သွားခေါင်းဆောင် ဖြစ်မည်ဟု လည်းကောင်း, မရှက်မကြောက်ခြင်း အဟိရိကနှင့် အနောတ္တပ္ပ နှစ်ပါး တို့မှာ အကုသိုလ် ဒုစရိုက်တရားတို့၏ ရှေ့သွားခေါင်းဆောင် ဖြစ်မည်ဟု လည်းကောင်း, ထင်မှတ်သွားနိုင်သည်။ ယင်းတရားအစုံနှစ်မျိုးသည် ကုသိုလ် အကုသိုလ်တို့၏ ရှေ့သွားခေါင်ဆောင် မဟုတ်ကြောင်း တင်ပြလိုခြင်းဖြစ်သည်။

အဟိရိကနှင့် အနောတ္တပ္ပ နှစ်ပါးတို့သည် အကုသိုလ်တရားတို့ ဖြစ်ပွား ရန် နောက်လိုက်သာရှိသေးသည်၊ ရှေ့သွားခေါင်းဆောင် မဟုတ်ပေ၊ ရှေ့သွားခေါင်းဆောင်အစစ်ကား 'မောဟ'ဟုခေါ်သော မသိမှု မိုက်မဲမှု အဝိဇ္ဇာတည်း။ အဝိဇ္ဇာလွှမ်းမိုးခံရသူမှာ နှိုင်းချိန်ဆုံးဖြတ်နိုင်သော ပညာ မရှိတော့ပေ။ ပညာမဲ့သူအား အမြင်မှားမှု အယူမှားမှု ဖြစ်နိုင်သည်။ အမြင်မှား အယူမှားဖြစ်လျှင် တောက်လျှောက်မှားတတ်လေတော့သည်။ အမြင်မှားသူအား အကြံအစည်မှားဖြစ်နိုင်တော့သည်။ အကြံအစည်မှား လျှင် အပြောမှား အဆိုမှားဖြစ်တော့သည်။ အပြောမှားသည့်အလျောက် အလုပ်လည်းဆက်တိုက်မှားနိုင်တော့သည်။ အလုပ်မှားသူမှာ မှားယွင်း သော အသက်မွေးမှု ထက်ကြပ်မကွာ လိုက်ပါလာတတ်သည်။ အသက် မွေးမှု မှားယွင်းသူ၏ အားထုတ်မှုသည် မှားယွင်းသော ကြိုးစားအား ထုတ်မှုဖြစ်သည်။ ကြိုးစားအားထုတ်မှုမှားလျှင် အောက်မေ့မှုသတိလည်း မှားတော့သည်။ သတိရှိမှုမမှန်ကန်လျှင် တည်ကြည်မှုသမာဓိလည်း အမှား သမာဓိသာလျှင် ဖြစ်နိုင်လေတော့သည်။

ကုသိုလ်တရားတို့၏ ရှေ့သွားခေါင်းဆောင်မှာလည်း ဟိရိ ဩတ္တပ္ပ နှစ်ပါးတို့ မဟုတ်ချေ။ အသိဉာဏ် 'ဝိဇ္ဇာ' သည်သာ ကုသိုလ်တရားတို့၏ ရှေ့သွားခေါင်းဆောင်ဖြစ်သည်။ အသိဉာဏ် 'ဝိဇ္ဇာ'နှင့် ပြည့်စုံသူပညာရှိ အား မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ' ဖြစ်နိုင်၏။ ဤကဲ့သို့ မဂ္ဂင်ရှစ်ပါး အစဉ်အတိုင်း အကုသိုလ်နည်းတူ ဆက်စပ်၍ သိနိုင်လောက်ပြီ။

(မဟာဝဂ္ဂသံယုတ်၊ အဝိဇ္ဇာသုတ် အကုသလဓမ္မသုတ်)

ဆင်ခြေရာဥပမာ

မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်နေသူအား ကုသိုလ်တရားများ အဘယ်မှာဖြစ်ပေါ်လိမ့်မည်နည်း။ မမေ့မလျော့သော သတိရှိမှသာလျှင် ကုသိုလ်တရားတို့ ကိန်းဝင်လာပေလိမ့်မည်။ မမေ့မလျော့သော သတိရှိခြင်းကို 'အပ္ပမာဒ'ဟူ၍ ခေါ်လေသည်။

ရဟန်းတော်များ သီလပေးသောအခါ နောက်ဆုံးတွင် 'အပ္ပမာဒေန သမ္ပာဒေထ'ဟုဆိုကာ နိဂုံးသတ်လေ့ရှိကြသည်။ မမေ့မလျော့သော သတိတရားနှင့် ပြည့်စုံအောင်နေကြဟု သတိပေး တိုက်တွန်းခြင်းပင်ဖြစ်သည်။ ထိုသို့ ရဟန်းတော်များဆိုခြင်းမှာ အစဉ်အလာသဘောအရ ဆိုရိုးဆိုစဉ် ဖြစ်၍ ဆိုကြသည်ဟု မမှတ်ယူသင့်ပေ။ ထိုအပ္ပမာဒတရား၏ အလွန် အရေးကြီးမှုကို ဖော်ညွှန်းခြင်းဖြစ်သည်။ အထပ်ထပ်အခါခါမရိုးနိုင်အောင် ဆိုရသောစကားရပ်သည် အလွန်လေးနက်သည်ဟု မှတ်ယူထိုက်သည်။ အရေးမကြီးလျှင် တခါနှစ်ခါသာလျှင် ပြောရန်ဆိုရန် ရှိပေလိမ့်မည်။ အထပ်ထပ်အခါခါ ဆိုရသဖြင့် အချိန်ဖြုန်းတီးမှု မဖြစ်စေသင့်ပေ။ အချိန်ကုန်ခံထိုက်လောက်အောင် အကျိုးကြီးသောစကား တန်ဖိုးရှိသောစကား ဖြစ်၍သာ အထပ်ထပ်အခါခါ ဆိုကြခြင်းဖြစ်သည်။

'အပ္ပမာဒ'တရား၏ အရေးကြီးပုံကို ရဟန်းတော်များက ချဲ့ထားခြင်း မဟုတ်ပေ။ ဘုရားရှင်ကိုယ်တော်တိုင် သက်တော်ထင်ရှားရှိစဉ်က ရဟန်းတော်များအား 'အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ'စသည်ဖြင့် မမေ့မလျော့နေကြရန် နောက်ဆုံးမသော လက်သုံးဩဝါဒစကားတော်ပင်ဖြစ်သည်။ ဘုရားရှင်ကိုယ်တိုင် နေ့စဉ်ဆုံးမသော စကားဖြစ်သဖြင့် ထိုအပ္ပမာဒ တရား၏ လေးနက်ပုံ အကျိုးရှိပုံတို့ကို ရိပ်စားမိနိုင်လောက်ပေသည်။

'သတိ'ဟူသောစကားကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြသည်။ 'သတိ'ဟူသည် ပိုသည်မရှိ၊ ဝီရိယသာ ပိုသည်ဟုရှိသည်ဟူသောစကားကို လည်း ပြောစမှတ်ပြုကြသည်။ ယင်းသတိကို အဘိဓမ္မာအရကြည့်လျှင် စေတသိက်တရားဖြစ်ကြောင်း စေတသိက်မှာလည်း အကုသိုလ်စေတသိက်

မဟုတ်ပဲ ကုသိုလ်စေတသိက်သာဖြစ်ကြောင်း တွေ့ရပေမည်။ ထို့ကြောင့် သတိ စေတသိက် ဖြစ်သည်ဆိုလျှင် အကုသိုလ်စိတ် ဖြစ်မည်လားဟု မေးစရာပင်မလိုချေ။ ကုသိုလ်စိတ်ဖြစ်သည်ဟု တထစ်ချ ဆိုရလေသည်။ သူတပါးပစ္စည်းကို ခိုးယူရန်တိုင်ပင်ထားရာ၌ မမေ့မလျော့ခြင်းကိုမူ သတိဟုမဆိုနိုင်ပေ၊ သတိသည် အပ္ပမာဒပင်တည်း။

"ကုသိုလ်တရား ဟူသမျှသည် အပ္ပမာဒတရားလျှင် အကြောင်းရင်းရှိ၏။ မမေ့လျော့မှု အပ္ပမာဒတရားလျှင် စုဝေးရာရှိ၏။ မမေ့လျော့မှု အပ္ပမာဒတရားကို ကုသိုလ်တရားဟူသမျှတို့ထက် မြတ်၏ဟု ဆိုသင့်ဆိုထိုက်သည်။ မမေ့မလျော့သောသူသည် မဂ္ဂင်ရှစ်ပါးနှင့် ဗောဇ္ဈင်ခုနစ်ပါး မြတ်တရားကို ပွားများလိမ့်မည်၊ ကြိမ်ဖန်များစွာ ပြုလုပ်လိမ့်မည်ဟု မျှော်လင့်နိုင်သည်။"

ဥပမာအားဖြင့် ကုန်းနေသတ္တဝါတို့၏ ခြေရာဟူသမျှတွင် ဆင်ခြေရာသည် အကြီးဆုံးဖြစ်သောကြောင့် အခြားသတ္တဝါတို့၏ ခြေရာထက် မြတ်၏ဟု ဆိုရသကဲ့သို့ အခြားကုသိုလ်တရားများသည် အပ္ပမာဒတရားတွင် စုဝေးကြရသောကြောင့် အပ္ပမာဒတရားသည် ကုသိုလ်ဟူသမျှတို့ထက် မြတ်၏ဟုဆိုရပေသည်။(မဟာဝဂ္ဂသံယုတ်၊ ပဒသုတ်၊ ပထမကုသလသုတ်)

အကုသိုလ်ကံထက် ကုသိုလ်ကံက ပိုမိုအားကောင်းသည်

ကုသိုလ်ကံနှင့် အကုသိုလ်ကံ နှစ်ပါးအနက် မည်သည့်ကံက အားကြီးကြောင်းမှာ လေ့လာသင့်သော အချက်တရပ်ဖြစ်သည်။ အကယ်၍ အကုသိုလ်ကံက အားကောင်းကြောင်း တွေ့ရလျှင် သတ္တဝါတို့၏ အနာဂတ်ကြမ္မာသည် သနားစဖွယ်အတိသာ ဖြစ်ရချေမည်။ လူအပါအဝင် သတ္တလောကသားတို့၏စိတ်သည် များသောအားဖြင့် မကောင်းမှုတွင်သာ မွေ့လျော်တတ်သည်။ ကုသိုလ်ကောင်းမှုဘက်တွင် စိတ်ပျော်မွေ့မှုဖြစ်အောင် တမင်ဖန်တီးယူရ မွေးမြူယူရသည် မဟုတ်ပါလော

အကယ်၍သာ အကုသိုလ်က အားကောင်းခဲ့လျှင် သံသရာခရီးရှည်တွင် ကြာလေရေရှုန်မျှောလေဖြစ်ရဖွယ်သာရှိသည်။ ကုသိုလ်ကံကအားကောင်း မှသာလျှင် ကောင်းမှုဘက်တွင် အားစိုက်သူတို့အဖို့ အဆန်လမ်းကို ဆန်တက်ကူးမြောက်နိုင်ပေလိမ့်မည်။

မျက်မြင်လောက လူ့အဖွဲ့အစည်းတွင်လည်း မကောင်းမှုကံဘက်က အားကောင်းလျှင် အဘယ်မှာ မြို့ရွာ နိုင်ငံတည်ထောင်၍ စနစ်တကျ တရားမျှတစွာ နေထိုင်ကြမည်နည်း။ ပရမ်းပတာဖြစ်၍ ပျက်စီးသွားမည် ကေန်ဖြစ်သည်။ တော်ပေသေးသည်။ အကောင်းဘက်တွင် အားထည့်၍ ဦးဆောင်ကာ စနစ်တကျ ဖွဲ့စည်းအုပ်ချုပ်နိုင်ကြသဖြင့် မကောင်းမှု အဖျက်အဆီးများ ပျက်ပြားသွားသည်ကို မြင်တွေ့နေကြရပေသည်။

အကုသိုလ်ကံထက် ကုသိုလ်ကံက အားကောင်းသည်ဟူသော အဆိုကို လည်း အတွန့်တက်၍ စောကြောစရာ ရှိနေပြန်သည်။ သူတပါးအသက်ကို သတ်ဖြတ်မှု, ခိုးမှု,စသည့် မကောင်းမှု အကုသိုလ်ကံပြုသူတို့မှာ ငွေချင်း ညချင်း အဖမ်းအဆီးခံရခြင်း စသော အကျိုးများကို မျက်မြင်ဒိဋ္ဌ တွေ့ကြုံနေကြရသည်၊ ကုသိုလ်ကံက အကုသိုလ်ကံထက် အားကောင်း သည်ဆိုလျှင် ကုသိုလ်ကံ၏ဒိဋ္ဌအကျိုးကို ပြနိုင်ပါသလားဟု မေးရန်ရှိသည်။

ဗုဒ္ဓမပွင့်မီက ဇာတ်လမ်းသာဓကကိုပြရလျှင် မန္ဒာတုမင်း၊ နိမိမင်းနှင့် ဂုတ္တိလစောင်းသမားတို့ကို ပြရပေမည်။ထိုပုဂ္ဂိုလ်များမှာ အလှူပေးခြင်း စသော ကုသိုလ်ကံကိုပြုလုပ်၍ မသေမီပင် နတ်ပြည်သို့ ရောက်ခဲ့ကြရ သည်။

ဘုရားရှင်လက်ထက်တော်က သာဓကကို ပြပါဆိုလျှင် အောက်ပါ ၆-ဦး တို့ကို ပြရပေမည်။

(၁) ပုဏ္ဏ အမည်ရှိသော ကျွန်သည် အရှင်သာရိပုတ္တရာအား ဆွမ်းဆက်ကပ်ဖွယ် လှူဒါန်းသည့် နေ့မှာပင် သဌေးရာထူးကို ရခဲ့ဖူးသည်။

(၂) ဂေါပါလမာတာသည် မိမိ၏ဆံပင်ကို ရောင်း၍ရသော အသပြာ ရှစ်ကျပ်ဖြင့် ရှင်မဟာကစ္စည်းမထေရ်အား ဆွမ်းလှူသောကြောင့် ထိုနေ့မှာပင် စန္ဒပဇ္ဇောတမင်း၏ မိဖုရားခေါင်ကြီး ဖြစ်ခဲ့ရဖူးသည်။

(၃) သုပ္ပိယအမည်ရှိသော ဥပါသိကာမသည် နာမကျန်းဖြစ်နေသော ရဟန်းတပါးအား မိမိ၏ပေါင်သားဖြင့် ဖုံးအုပ်ပေးလှူသောကြောင့် နောက်တနေ့တွင် ပေးလှူသောအသား ပြန်ပြည့်ပြီး ရောဂါကင်းပျောက်ခဲ့ရဖူးသည် (အသားအစားထိုး ကုသမှုများသည် ဘုရားလက်ထက်ကပင် ရှိခဲ့ကြောင်း ဆေးသမိုင်းလေ့လာသူများ မှတ်သားဖွယ်အချက်တရပ်ဖြစ်သည်)

(၄) မလ္လိကာမိဖုရားသည် မြတ်စွာဘုရားအား ဆွမ်းလှူ၍ ထိုနေ့မှာပင် ကောသလမင်း၏ မိဖုရားခေါင်ကြီး ဖြစ်ခဲ့ရဖူးသည်။

(၅) သုမနပန်းသည်သည် မြတ်လေးပန်းရှစ်ဆုပ်ကို ဘုရားအား ပူဇော်သောကြောင့် ထိုနေ့မှာပင် စည်းစိမ်ရှင်အဖြစ်သို့ ရောက်ခဲ့ရသည်။

(၆) ကောသာဠကပုဏ္ဏားသည် ဘုရားအား ပုဆိုးလှူဒါန်းသဖြင့် ထိုနေ့မှာပင် ဆင်အစရှိသော ရှစ်ခုအပေါင်းကို ရလေသည်။ (မိလိန္ဒ မြန်မာပြန်-၃၀၀)

(ကုသိုလ်၏အကျိုးကို လက်ငင်းဒိဋ္ဌ ခံစားခဲ့ရသူများမှာ ဤခြောက်ယောက်သာရှိကြောင်း ရှင်နာဂသိန် အမိန့်ရှိသည်။ ပိဋကတ်နှံ့စပ်သူတို့ စစ်ကြောလိုက စစ်ကြောကြည့်ရှုနိုင်ပေသည်။)

ကုသိုလ်၏အကျိုးကို မျက်မှောက်ခံစားရသူ ခြောက်ယောက်သာလျှင် ကုသိုလ်ထက် အကုသိုလ်က အားကောင်းသည်ဟု ဆိုစရာစကားစွန်း ပေါ်လာပြန်သည်။ အကုသိုလ်၏ အကျိုးရသူများမှာ တနေ့တည်းမှာပင် ဆယ် ဂဏန်း၊ ထောင်ဂဏန်း၊ မကရှိနေသည်မှာ မျက်မြင်ဒိဋ္ဌ ဖြစ်ပေသည်။ စစ်ကြီးတခုဖြစ်ပြီဆိုလျှင် နှစ်ဘက်စစ်သည်တို့ အစုလိုက် အပြုံလိုက်ဆုံးရှုံးခဲ့ရသည်မှာ အကုသိုလ်၏လက်ငင်း အကျိုးပင်ဖြစ်သည်။ ယခုခေတ်မှာ

ကိုရီးယားစစ်၊ ဗီယက်နမ်စစ် စသည်ဖြစ်ရာ များစွာပင်ရှိသည်။ စာပေ ကျမ်းဂန်တွင်မူ ဘဒ္ဒသာလစစ်သူကြီးနှင့် စန္ဒဂုတ်မင်းတို့စစ်ပွဲကို သာဓက ပြနိုင်သည်၊ ကုသိုလ်ဘက်ကိုကြည့်လျှင် ကောသလမင်းကြီးသည် အတုမရှိ ကုသိုလ်ကြီးပြုလုပ်ခဲ့ပြီး လက်ငင်းဒိဋ္ဌ အကျိုးမရခဲ့သည်ကို တွေ့ရသည်။ ထို့ကြောင့် အကုသိုလ်က ကုသိုလ်ထက် အားကြီးသည်ဟုပင် ဆိုစရာဖြစ် လာ ပြန်သည်။

အခုလုပ် အခုအကျိုးပေးခြင်းသည်ပင် အားနည်းသောကြောင့် ဖြစ်သည်။ ကုသိုလ်ကံသည် အားကြီးသောကြောင့် အချိန်ကြာမြင့်မှ အကျိုး ပေးသည်ဟု ပြန်လည်ချေပနိုင်ပေသည်။ ရာကျော်စပါးကို စိမ်းကိုန်းနှင့် စိုက်ပျိုးကြသည်မှာ ရက်တိုတိုဖြင့် ရိတ်သိမ်းရန် နှစ်သီးစား, သုံးသီးစား, စိုက်ပျိုးနိုင်ရန် ရည်ရွယ်ချက်ကြောင့် ဖြစ်သည်။ စီးပွားရေး ရှုထောင့်မှ ကြည့်၍ စိမ်ခြင်းဖြစ်သည်။ ရာကျော်စပါးသည် စပါးနက်, ပေါ်ဆန်းမွှေး တို့ထက် သာလွန်ကောင်းမွန်သောကြောင့် မဟုတ်ပေ၊ ကျမ်းဂန်တွင် ပါသော စပါးတမျိုးမှာ ရာကျော်စပါးထက်ပင် အချိန်တိုတိုနှင့် ရိတ်သိမ်း ရသည်။ စပါးမျိုး၏ အမည်မှာ ကုမုဒဘဏ္ဍိကဟု ခေါ်သည်။ အပရန္တ ဇနပုဒ်တွင် စိုက်ပျိုးကြသည်။ ထိုစပါးများမှာ စိုက်ပျိုးပြီးနောက် တလ ကြာတွင် ရိတ်သိမ်းပြီးဖြစ်သည်။ သလေးစပါးမှာမူ ငါးလ, ခြောက်လ, ကြာမြင့်မှ ရိတ်သိမ်းရသည်။ ထိုစပါးနှစ်မျိုးကို နှိုင်းစာကြည့်လျှင် ကုမုဒ ဘဏ္ဍိကစပါးသည် အာနိသင်နည်း၍ သလေးစပါးမှာ အာနိသင်များ သည်ကို တွေ့ရသည်။ သလေးစပါးသည် ဘုရင်ကိုယ်တိုင် သုံးဆောင်သည့် စပါးဖြစ်သည်။ ကုမုဒဘဏ္ဍိကစပါးမှာ ဆင်းရဲသားများစားသော စပါး ဖြစ်သည်။ ထို့အတူပင် အကုသိုလ်မှာ အာနိသင် နည်းသောကြောင့် အမြန်အကျိုးပေးသည်။ ကုသိုလ်သည် အာနိသင် ကြီးသောကြောင့် ကြာမြင့်မှ အကျိုးပေးသည်။

သို့ရာတွင် စကားစွန်းကား ကျန်နေပြန်သည်။ ရန်သူ၏ဦးခေါင်းကို အလျင်အမြန် ဖြတ်နိုင်သော စစ်ဗိုလ်သည် စစ်သူရဲပင် ဖြစ်၏။ ဆေး သမားသည် ရောဂါကို လျင်မြန်စွာ ပျောက်ကင်းအောင် ကုသနိုင်သော

ဆေးသမားသည် ကျွမ်းကျင်သော ဆေးသမားဖြစ်၏။ ထို့အတူပင် လျင်မြန်စွာ အကျိုးပေးသော အကုသိုလ်သည် အာနိသင်ကြီးသည် မဟုတ်ပါလောဟု စောဒနာတက်စရာရှိသည်။

အမှန်စင်စစ်အားဖြင့် ကုသိုလ်ကံ၊ အကုသိုလ်ကံ၊ နှစ်ပါးစလုံးပင် တမလွန်ကျိုး ပေးသည်သာ ဖြစ်သည်။ အကုသိုလ်ကံသည် မင်းပြစ် မင်းဒဏ် ခံရခြင်း စသော လက်ငင်းအကျိုးပေးမှုမှာ သတ်မှတ်ချက်ဥပဒေ စည်းမျဉ်းများ ထားရှိမှုကြောင့် ဖြစ်သည်၊ ကုသိုလ်ကံ ပြုသူကိုလည်း ဤသို့သော ကုသိုလ်ကိုပြုလုပ်လျှင် ဤသို့ချီးမြှောက်မည်ဟု သတ်မှတ်ချက် စည်းမျဉ်းဥပဒေများ ထားရှိပါက အကုသိုလ်ကံ ကဲ့သို့ပင် လက်ငင်း အကျိုးရှိမည်သာ ဖြစ်သည်။ ယခုခေတ်တွင် ဆုပေး၊ ဒဏ်ပေး၊ စနစ်ကို အကောင်အထည်ဖော်ရန် စိုင်းပြင်းနေကြ၏။ လက်ငင်းဒိဋ္ဌကောင်းကျိုး ဆိုးပြစ်များကို သတ်မှတ်ချက် ပြဋ္ဌာန်းချက်ဖြင့် အကောင်အထည်ဖော် နိုင်ကြောင်း သာဓကပေပင်ဖြစ်သည်။ အကုသိုလ်ကံက ကုသိုလ်ကံထက် အားကြီးသောကြောင့်မဟုတ်ပဲ သတ်မှတ်ပြဋ္ဌာန်းချက်ကြောင့်သာ ဖြစ် ကြောင်း မှတ်ယူအပ်ပေသည်။

အကုသိုလ်ကံသည် လက်ငင်းဒိဋ္ဌ အကျိုးပေးကာမျှဖြင့် ကျေသွား သည်ကား မဟုတ်ပေ၊ တမလွန်၌ ထိုထက်အားကြီးသော အကျိုးကို ခံစားရဦးမည်သာတည်း။ အမှန်စင်စစ် ကုသိုလ်ကံသာလျှင် အကုသိုလ်ကံ ထက် အားကြီးသည်။ အကုသိုလ်ကံတွင် အကြီးစားဖြစ်သော အမိသတ် ကံ အဖသတ်ကံတို့ပင် တကမ္ဘာခံသျှင် လွတ်၏။ ကုသိုလ်ကံမှာမူ ကမ္ဘာ အဆာအထောင် ကြာသော်လည်း ဆုံးသည်မရှိပေ။ သီလမရှိသောရဟန်း တပါးအား သံဃာတော်ဟု အမှတ်ထား၍ လှူသောအလှူ၏အကျိုး သည် အသင်္ချေယျကာလပတ်လုံး အကျိုးပေးကြောင်းကို (အင်္ဂုတ္တိုရ်ပါဠိ တော် ဒက္ခိဏာဝိဘင်္ဂသုတ်တွင်) ဟောထားပေသည်။

ကုသိုလ်ကံက အကုသိုလ်ကံထက် အားကြီးသောကြောင့်ပင် အကုသိုလ် ကံကို ကုသိုလ်ကံ တားမြစ်ဟန့်တားနိုင်သည်။ ကုသိုလ်ကံသည် လှေနှင့် တူ၍ အကုသိုလ်ကံသည် ကျောက်ခဲ၊ သံခဲနှင့် တူသည်။ ကျောက်ခဲ

သံခဲချည်းသာ ဆိုလျှင် ရေမှာ မပေါ်နိုင်ချေ။ ချလိုက်သည်နှင့် တပြိုင်နက် မြုပ်သွားမည် ကေန်ဖြစ်သည်။ ကျောက်ခဲ့ သံခဲ့ကို လှေပေါ်တင်ထားလျှင်မူ ရေမှာပေါ်သည်ဟု ဆိုရချေမည်၊ လှေတစင်းတည်းက ကျောက်ခဲများစွာကို တင်နိုင်သကဲ့သို့ အားကြီးသော ကုသိုလ်ကံက အကုသိုလ်ကံများစွာကို သယ်ပိုးထိန်းထားနိုင်လေသည်။

(မိလိန္ဒပဉှာနှင့်စွယ်စုံကျော်ထင်)

ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါး အကျိုးပေးခြားနားသည်

ဇာတ်တော်များကို လေ့လာလျှင် ဒေဝဒတ်အလောင်းသည် ဘုရင်ဘဝ စည်းစိမ်ရှင်ဘဝ စသော အကျိုးပေးကောင်းသောဘဝများစွာ၌ ဖြစ်သည်ကို တွေ့ရပေသည်၊ ကုသိုလ်ကံ၏ အကျိုးပေးမှုများဟု ဆိုရမည်သို့ရာတွင် ဒေဝဒတ်သည် တွေ့သမျှဘဝတို့၌ အဆိုးလုပ်ရပ်များကို ပြုလုပ်သည်ကို တွေ့ရသည်။ မကောင်းမှုအကုသိုလ်ကံကို ပြုလုပ်ခြင်းဟု ဆိုရချိမ့်မည်။ ဤဖြစ်ရပ်နှစ်ခုကို ဆက်စပ်လိုက်သောအခါ မကောင်းမတရားပြုလုပ်သူ ဒေဝဒတ်သည် ကောင်းကျိုးချမ်းသာ အသီးအပွင့်များကို ခံစံရထဖြင့် အကျိုးပေးကောင်းသူဟု ကောက်ချက်ချစရာဖြစ်လာသည်။ ထို့ကြောင့် "ကုသိုလ်ကံအကုသိုလ်ကံပြုသူတို့အား တူညီသော အကျိုးရှိပါသလား၊ သို့မဟုတ် ထူးပါသလား"ဟု မေးမြန်းစရာ ဖြစ်လာသည်။

မတူကွဲပြားခြားနားသည်ဟုသာ ဖြေဆိုရပေမည်။ ကုသိုလ်ကံသည် ကောင်းကျိုးပေး၍ အကုသိုလ်ကံက မကောင်းကျိုးပေးသည့်သဘောမှာ ကေန်ပင်ဖြစ်သည်။ မည်သည့်အခါမှ ကုသိုလ်ကံက မကောင်းကျိုးပေးလိမ့်မည်မဟုတ်၊ အကုသိုလ်ကံက ကောင်းကျိုးပေးလိမ့်မည်မဟုတ်ပေ။

ဒေဝဒတ်နှင့် ဘုရားလောင်းတို့ တွေ့ဆုံသောဇာတ်လမ်းများ ဇာတ်တော်တွင် များစွာပါရှိသော်လည်း ထိုဇာတ်လမ်းများမှာ ဆက်တိုက်ဆက်တိုက် ဖြစ်ပေါ်ကြသည်မဟုတ်ပေ၊ နှစ်ပေါင်းရာထောင်ချီ ကြာမှ တခါတရံမျှသာ တွေ့ဆုံကြခြင်းဖြစ်သည်။ သံသရာအလျဉ်မှာ မျောနေသူတို့သည် တနေ့နေ့တချိန်ချိန်တွင် ပြန်လည်တွေ့ဆုံကြရပေသည်။

ထို့ပြင်ဒေဝဒတ်သည် ဘဝတိုင်းဘဝတိုင်း လူမိုက်လုပ်နေသည် မဟုတ်ပေ။ အချို့ဘဝများစွာတို့တွင် ကုသိုလ်ကံများကို ပြုလုပ်ခဲ့ ဆောက်တည်ခဲ့ သည်သာဖြစ်သည်။ ထိုကုသိုလ်ကံအကျိုးများက မင်းစည်းစိမ်စသော ကောင်းကျိုးများကို ပေးနေခြင်းဖြစ်သည်။ ဒေဝဒတ်အား မင်းစည်းစိမ်စသော ကောင်းကျိုးများပေးမှုမှာ ဒေဝဒတ်အပေါ် ပရိသတ်အများမြင်သော မကောင်းမှုကံ၏ အကျိုးပေးမှုမဟုတ်ပေ။

ဒေဝဒတ်သည် ဘုရားအလောင်းအပေါ် မတရားပြုမှုများ ကျူးလွန်ခဲ့သော ဘဝမှာပင် အခြားသူများအပေါ်မှာလည်း ဆိုးလိမ့်မည်ဟု တထစ်ချမယူဆအပ်ပေ။ တဦးပေါ်ဆိုးသော်လည်း အခြားတဦးအပေါ် ကောင်းနေတတ်သည်။ ထိုဘဝမှာပင် ဒါန သီလ စသည့် ကုသိုလ်ကံများကို ဆည်းပူးနေဦးမည်သာဖြစ်သည်။

ဒေဝဒတ်အား ကောင်းကျိုးပေးမှုသည်လည်း ကုသိုလ်ကံကြောင့်သာဖြစ်သည်။ အကုသိုလ်ကံက ကောင်းကျိုးပေးသော သာဓကကို ပြနိုင်မှသာလျှင် ကုသိုလ်ကံ အကုသိုလ်ကံနှစ်ရပ် အကျိုးပေးထပ်တူဖြစ်သည်ဟု ယူဆသော် ယူဆသင့်ပေသည်။ ထို့ကြောင့် ကုသိုလ်ကံနှင့်အကုသိုလ်ကံတို့ အကျိုးပေးမတူညီကြောင်း မှတ်သားအပ်ပေသည်။ (မိလိန္ဒ၊ ၁၉၇)

ကုသိုလ် အကုသိုလ် သိလျှင် သမ္မာဒိဋ္ဌိဖြစ်သည်

လောက၌ အယူဝါဒသည် အလွန်အရေးပါသည်။ အယူဝါဒအစွဲသည် မည်သည့်အစွဲနှင့်မျှမတူချေ၊ အစွဲကြီးတတ်သောကြောင့် အယူဝါဒမှန်ကန်မှုသည် အရေးကြီးလေသည်။ အယူဝါဒမှားလျှင် သံသရာတလျှောက်လုံး မှောက်တော့သည်။ အမှားတကာ့ အမှားဝါဒများတွင် နိယတမိစ္ဆာဒိဋ္ဌိဝါဒသည် အဆိုးဆုံးဖြစ်၏။ နိယတမိစ္ဆာဒိဋ္ဌိရှိသူကို မည်သည့်တန်ခိုးရှင်ကမျှ မကယ်ဆယ်နိုင်၊ မည်မျှကောင်းမှုတွေ ပြုခဲ့သည်ဖြစ်စေ နိယတမိစ္ဆာဒိဋ္ဌိရှိသူကို ထိုကံများက မတားမြစ်နိုင်ချေ။ ထို့ကြောင့် အယူဝါဒမှန်ကန်မှုသည် အရေးကြီးလှ၏ဟု ဆိုခြင်းဖြစ်သည်။

အယူဝါဒမှန်ကန်မှုကို သမ္မာဒိဋ္ဌိဟုခေါ်သည်။ သမ္မာဒိဋ္ဌိဖြစ်ရန်အတွက် လိုလောက်သောအကြောင်း များစွာပင်ရှိ၏။ ထိုများစွာသော အကြောင်းများအနက် ကုသိုလ် အကုသိုလ်ကို သိမှုသည် ထိပ်ဆုံးက ဖြစ်လေသည်။ ထိပ်ဆုံးကဖြစ်ရုံသာမက ယင်းကုသိုလ် အကုသိုလ်သိမှုတခုတည်းနှင့်ပင် သမ္မာဒိဋ္ဌိဖြစ်ပြီဟု ဆိုရတော့သည်။

သမ္မာဒိဋ္ဌိဖြစ်ရန်အတွက် အကုသိုလ်ကိုသိရမည် ကုသိုလ် အကုသိုလ်၏ ရင်းမြစ်ကို သိရပေမည်။

အကုသိုလ်ဆိုသည်မှာ—

(၁) သူတပါးအသက်ကိုသတ်ခြင်း၊
(၂) သူတပါးဥစ္စာကို မပေးပဲယူခြင်း၊
(၃) ကာမဌ် မှားယွင်းခြင်း၊
(၄) မမှန်စကားကိုပြောဆိုခြင်း၊
(၅) ကုန်းတိုက်ခြင်း၊
(၆) နား မချမ်းသာအောင် ကြမ်းတမ်းသော စကားကို ပြောခြင်း၊
(၇) အကျိုးမရှိ အဖျင်းအသိမ်စကားကိုဆိုခြင်း၊
(၈) သူတပါးပစ္စည်းကို မိမိပစ္စည်းဖြစ်အောင်ကြံခြင်း၊
(၉) သူတပါးကို ပျက်စီးစေလိုခြင်း၊
(၁၀) မှားယွင်းသောအယူရှိခြင်း။

ယင်းဆယ်ပါးကိုအကုသလကမ္မပထတရား(၁၀)ပါးဟုခေါ်သည်။ယင်းဆယ်ပါးသည် အကုသိုလ်ပင်တည်း။

အကုသိုလ်၏ အရင်းအမြစ်ကား လောဘ၊ဒေါသ၊ မောဟတို့ဖြစ်သည် ယင်းတရားသုံးပါးကို အခြေခံ၍ အကုသိုလ်များ ဖြစ်ပွားကြသည်။

ကုသိုလ်ဆိုသည်မှာ ယင်းအကုသိုလ်၏ ဆန့်ကျင်ဘက် ဆယ်ပါးပင် ဖြစ်သည်၊ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းစသည်ဖြင့် ရေတွက်ရသည်၊ ထိုဆယ်ပါးကို ကုသလကမ္မပထ တရားဆယ်ပါး ဟုခေါ်သည်။

ကုသိုလ်၏အရင်းအမြစ်ကား အလောဘ၊အဒေါသ၊ အမောဟသုံးပါးတို့တည်း။

ကုသိုလ်ဟူသမျှသည် ယင်းမူလတရားသုံးပါးအပေါ်အခြေခံ၍ ဖြစ်ပွါးကြရသည်ချည်း ဖြစ်သည်။

"ကံ"ဆိုသည်မှာ ကုသိုလ်ကံနှင့် အကုသိုလ်ကံဟူ၍ နှစ်ပါးသာရှိရာ ကုသိုလ် အကုသိုလ်သိလျှင်ကုသိုလ်ကံ အကုသိုလ်ကံကိုသိခြင်းပင် ဖြစ်သည် ယင်းကုသိုလ်ကံ အကုသိုလ်ကံတို့၏ အခြေအမြစ်ကား ဖော်ပြပါ မူလတရား ၆-ပါးတို့ပင် ဖြစ်ကြပေသည်။

ကံနှင့်ကံ၏ အရင်းအမြစ်ကို သိပြီဆိုလျှင် သမ္မာဒိဋ္ဌိ ဖြစ်လေတော့သည်။ (မူလပဏ္ဏာသပါဠိတော်၊ သမ္မာဒိဋ္ဌိသုတ်)

လက်တွေ့ရှောင်ရန် အကုသိုလ်ကံ

ကံသည် ကုသိုလ်ကံ အကုသိုလ်ကံအားဖြင့် ၂-ပါးရှိ၏၊ထိုနှစ်ပါးကိုခွဲခွဲခြားခြားသိပြီး ရှောင်ကြဉ်အပ်သည်ကို ရှောင်ကြဉ်၍ ပြုလုပ်သင့်သည်ကို ပြုလုပ်ရပေမည်၊ သို့မှသာ ကံကို လက်တွေ့အကျိုးရှိရှိ အသုံးချခြင်းဖြစ်ပေလိမ့်မည်။ ကံ ကံ၏ အကျိုးကို ယုံကြည်ပြီးနောက် ကံ၏ သဘောသဘာဝ ကံ၏ အစွမ်းသတ္တိတို့ကို လေ့လာခြင်းမှာ သီအိုရီပိုင်းကို လေ့လာခြင်းဟု ဆိုနိုင်သည်၊ အမှန်စင်စစ် သီအိုရီကိုသိရုံဖြင့် အကျိုးမရှိနိုင်သေး လက်တွေ့မှန်ကန်စွာ အသုံးချနိုင်မှသာ အကျိုးရှိပေသည်၊ အကုသိုလ်ကံကို ရှောင်ကြဉ်၍ ကုသိုလ်ကံကို ပြုလုပ်ရပေလိမ့်မည်၊ ထို့ကြောင့် ဤအခန်းသည် ကြားဖူးနားဝရှိ၍ ရိုးနေပြီဟု ထင်ရသော်လည်း အမှန်တကယ်အရေး

ကြီးသော အခန်းဖြစ်သည် ကြားဖူးနား၀ ရှိပြီးဖြစ်၍ အကျဉ်းမျှသာ ဖော်ပြရပေသည်။

အကုသလကမ္မပထတရား ၁၀-ပါးတို့မှာ–

(၁) ပါဏာတိပါတ= သူတပါးအသက်ကိုသတ်ခြင်း၊

(၂) အဒိန္နာဒါန = သူတပါး ပစ္စည်းကို မပေးပဲယူခြင်း–ခိုးယူခြင်း၊

(၃) ကာမေသုမိစ္ဆာစာရ= ကာမဂုဏ်တို့၌မှားမှားယွင်းယွင်းပြုကျင့်ခြင်း။

မကျူးလွန်သင့်သော မိန်းမတို့ကိုကျူးလွန်ခြင်း၊

မိန်းမများက မိမိ ယောကျ်ားမှ လွဲ၍ အခြား ယောကျ်ားတို့အား ကာမပေးခြင်းသည်လည်း ကာမ မှားယွင်းမှုပင် ဖြစ်သည်။

ဒု-သ-န-သော ဟူ၍ လူသိများသော သဌေးသား လေးဦး၏၀တ္ထုဥပ္ပလ၀ဏ်ရဟန္တာမကို ပြစ်မှားကျူးလွန်မိ၍ အ၀ီစိငရဲသို့ ချက်ခြင်းကျရသော၀တ္ထုစသော ၀တ္ထုများစွာရှိသည် ကျယ်အံ့စိုး၍ မပြသာပြီ။

(၄) မုသာ၀ါဒ= မဟုတ်မမှန်သော စကားကို ပြောဆိုခြင်း။ မဟုတ်မမှန် ပြောဆိုကာမျှဖြင့် မုသာ၀ါဒကံသည် ကမ္မပထ မမြောက်သေးပေ မိမိက လိမ်သော်လည်း လိမ်ခံရသူ ယုံဖို့လိုသည်။ မယုံလျှင်ကမ္မပထ မမြောက်ပေ၊ ယုံလည်းယုံသည်။ တစုံတခု အကျိုးစီးပွားပျက်သည်ဆိုလျှင် ကမ္မပထ မြောက်၏။ အလိမ်ခံရသူ တဘက်သားတွင် အကျိုး

စီးပွားထိခိုက်မှု ရှိ-မရှိသည် မုသာဝါဒကံ
အတွက် အရေးပါလှသည်။

(၅) ပိသုဏဝါစာ= သူတပါးတို့ ချစ်ခြင်းကို ကွဲအောင်ပြောသောစကား ကုန်းတိုက်စကား။ မိမိကုန်းချောမှုကြောင့် ကုန်းချောခံရသူနှစ်ဦးတို့ ကွဲပြားကြမှသာလျှင် ပိသုဏဝါစာသည် ကမ္မပထမြောက်၏။ မကွဲပြားလျှင် အပြစ်မရှိဟု မမှတ်ယူရာ၊ ကမ္မပထမမြောက်သော်လည်း အပြစ်ကားရှိသည်သာ။

(၆) ဖရုသဝါစာ= ကြမ်းကြမ်းတမ်းတမ်းပြောဆိုသောစကား။ မကြားဝံ့ မနာသာ အယုတ်တမာ ဆဲဆိုမှုများသည် ဖရုသဝါစာဖြစ်သည်။ စကားပင်ကြမ်းသော်လည်း စေတနာကောင်းလျှင် ကမ္မပထ မမြောက်ပေ။ မိခင်ကသားသမီးတို့ကို ကြမ်းကြမ်းတမ်းတမ်း ပြောဆိုကျိန်ဆဲသော်လည်း စေတနာ မပါ၍ ကမ္မပထမမြောက်ပေ။

(၇) သမ္ဖပ္ပလာပ= သူတပါးအကျိုးကို ထိခိုက်သောစကားကို ပြောဆိုခြင်း၊ သူတပါး အကျိုးစီးပွား ထိခိုက်အောင်ပြောဆိုသော်လည်း ပြောခံရသူက အမှန်တကယ်မှတ်ထင်မှသာလျှင် ကမ္မပထမြောက်၏၊

ဖော်ပြပါ နံပါတ် (၄) မှ (၇) အထိ ကံ ၄-မျိုးသည် ဝစီကံများဖြစ်ကြသည်။ ဝစီကံလေးပါးဟု ခေါ်သည်။

(၈) အဘိဇ္ဈာ= သူတပါးပစ္စည်းကို မိမိပစ္စည်းဖြစ်အောင် ကြံစည်ခြင်း၊ သူ့ပစ္စည်းကို မိမိအားညွတ်

စေသော မတရားလောဘသည် ကမ္မပထ မြောက်သော အဘိဇ္ဈာဖြစ်၏။

(၉) ဗျာပါဒ= ပျက်စီးစေလိုခြင်း။
သူတပါး၏အကျိုးစီးပွားကို ပျက်စီးစေလို ခြင်း၊ သူ့အသက်ကို ပျက်စီးစေလိုခြင်း၊ ဟူသောအကြမ်းစားဒေါသသည် ဗျာပါဒ မည်၏။ သူတပါးအပေါ် စိတ်ဆိုးရုံသက် သက်ကား ကမ္မပထ မမြောက်ပေ။ ပျက်စီး စေလိုသော အကြမ်းစားဒေါသသည်သာ ကမ္မပထမြောက်လေသည်။

(၁၀) မိစ္ဆာဒိဋ္ဌိ= အမြင်မှားမှု။
မိစ္ဆာဒိဋ္ဌိကား အမျိုးအစားများလှ၏။ ဗြဟ္မဇာလသုတ်တွင် မိစ္ဆာဒိဋ္ဌိ ၆၂-မျိုး ဟောခဲ့၏။ မိစ္ဆာဒိဋ္ဌိတိုင်း ကမ္မပထမြောက် သည်မဟုတ်ပေ။ သက္ကာယဒိဋ္ဌိ ဆိုလျှင် လူတိုင်းတွင် ရှိကြသည်။ နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ အကြိယဒိဋ္ဌိ ဟူသော ဒိဋ္ဌိကြီးသုံးပါးသည်သာ ကမ္မပထမြောက် ၏။ နိယတမိစ္ဆာဒိဋ္ဌိဟူသည် ဤသုံးပါးပင် တည်း။

ဤမိစ္ဆာဒိဋ္ဌိ အကုသိုလ်ကံသည် အကုသိုလ်ကံ ၁၀-ပါးအနက် နောက် ဆုံးကံဖြစ်သည်။ အရေးမကြီး၍ နောက်ဆုံးထားသည် မဟုတ်ပေ။ အပြစ်အကြီးဆုံးသော အကုသိုလ်ကံပင် ဖြစ်သည်။ အနန္တရိယကံကြီး ငါးပါးထက်ပင် အပြစ်ကြီးလေသည်။

နံပါတ် (၇) မှ (၁၀)အထိ ကံသုံးပါးမှာ မနောကံများ ဖြစ်သည်။ ယင်းဆယ်ခုကိုပေါင်းလျှင် ကာယကံ-ဝစီကံ-မနောကံ-ဟူသော ကံသုံးပါး ပင်ဖြစ်သည်။

ဤအကုသိုလ် ကမ္မပထတရားဆယ်ပါးကို လက်တွေ့ရှောင်လိုက်လျှင် မကောင်းကျိုးများ ကင်းပျောက်၍ ကောင်းကျိုးများ ရောက်လာမည် မလွဲပေ။

ကမ္မပထဆယ်ပါးကို ကာယကံ- ဝစီကံ-မနောကံ-သုံးပါးတို့၌ သွင်းယူနိုင်သည်ဖြစ်ရာ ထိုအကုသိုလ်တို့ကို လုံခြုံအောင် ထိန်းသိမ်းမှုအတွက် ကံသုံးပါးကိုလုံအောင်ပြုခြင်းဖြင့် စောင့်ထိန်းနိုင်ပေသည်။

အကုသိုလ်ကံဟူသည် လောဘ–ဒေါသ–မောဟ–ဟူသော မူရင်းတရားသုံးပါးမှ ပေါက်ပွားလာသည်ဖြစ်ရာ ကံဆယ်ပါးကို မူလတရား သုံးပါး၌ သွင်းယူနိုင်ရသည်။

သူ့အသက်သတ်ခြင်း စကားပြောကြမ်းတမ်းခြင်း သူတပါးပျက်စီးစေလိုခြင်း ဤသုံးပါးကို ဒေါသ၌သွင်းယူရသည်။ ကာမ၌မှားယွင်းမှု သူတပါးပစ္စည်းကို မိမိပစ္စည်းဖြစ်အောင် ဝိသမလောဘဖြင့် ကြံဆောင်မှု အယူဝါဒမှားယွင်းမှု ဤသုံးပါးကို လောဘ၌သွင်းယူရသည်။ ခိုးမှုလိမ်လည်မှု ကုန်းတိုက်မှုအကျိုးစီးပွားပျက်စေသော စကားဆိုမှုတို့မှာ ရံခါလောဘကြောင့်ဖြစ်၍ ရံခါဒေါသကြောင့်ဖြစ်လေသည်။ ထိုကြောင့်လောဘ ဒေါသ-မောဟ-တို့ကို ထိန်းချုပ်နိုင်လျှင် အကုသိုလ်ဒုစရိုက်များ ပ-ပျောက် နိုင်သည်။

ယင်း ဒုစရိုက် ၁၀-ပါးကို မိမိကိုယ်တိုင်ပြုသူသာ အပြစ်ရှိသည်မဟုတ် သူတပါးအားတိုက်တွန်းသူ တားမြစ်နိုင်လျက် မတားမြစ်သူတို့လည်း ထိုက်သည်အားလျော်စွာ အပြစ်ရှိကြသည်။ သူ့အသက်သတ်မှု ဒုစရိုက်ကို ကိုယ်တိုင်ကျူးလွန်ပါက ငရဲကျခြင်းအပြစ်ကို ရနိုင်သည်။ ကိုယ်တိုင် မသတ်သော်သည်း သတ်သူအားတိုက်တွန်းမှု သို့မဟုတ်အားပေးကူညီမှုကို ကျူးလွန်လျှင် တိရစ္ဆာန်ဖြစ်ရခြင်းဟူသော အပြစ်ကိုရနိုင်သည်။ အားပေးကူညီသည့်အဆင့် မရောက်စေကာမူ အလိုတူအလိုပါဖြစ်လျှင် ပြိတ္တာဖြစ်ရခြင်းအပြစ်ကို ရနိုင်သည်။ ထို့ကြောင့် မန်လည်ဆရာတော်က အောက်ပါအတိုင်း စပ်ဆိုခဲ့သည်။

လူမိုက်ကျင့်ရာ၊ ကံဆယ်ဖြာလည်း၊
မိစ္ဆာပထ၊ ပါယ်လမ်းမတည့်၊
ဘဝယုတ်မာ၊ ရောက်တတ်စွာခဲ့၊
ပါဏာတိပါတ်၊ သက်သတ်အမှု၊
ကိုယ်လိုပြုနှင့်၊ ပြုဟုသူက၊
တိုက်တွန်းကြ၍၊ ပြုရသောသူ၊
လိုတူသောအား၊ မြစ်နိုင်ငြားလျက်၊
မတားမြစ်သူ၊ သုံးယောက်လူတွင်၊
သတ်သူနိရယ၊ ငရဲကျ၏။
သူကခေါ်ရာ၊ ပါသူမှာမူ၊
တိရစ္ဆာန၊ ဖြစ်ထမမှား၊
လိုတူအားဖြင့်၊ မတားမြစ်သူ၊
ထိုလူမှာတုံ၊ ပြိတ္တာဘုံဟု၊
အာရုံဖွင့်လှစ်၊ ထူးအပြစ်ကို၊
စင်စစ်မှန်စွာ၊ ကျမ်းဋီလာ၏။

(မဃဒေဝ–၁၉၈)

ခိုးမှုစသော အခြားဒုစရိုက်များကိုလည်း ထိုနည်းတူ ချိုထွင်၍ နားလည်နိုင်ပေသည်။

စေတနာကံနှင့် စေတသိက်ကံ

ဒုစရိုက် ၁၀-ပါးအနက် ပဌမ-၇-ပါးမှာ စေတနာကံဖြစ်သည်။ နောက်သုံးခုဖြစ်သော အဘိဇ္ဈာ ဗျာပါဒနှင့် မိစ္ဆာဒိဋ္ဌိတို့မှာ စေတသိက်ကံဖြစ်လေသည်။ (နေတ္တိပါဠိ)

နောက်သုံးပါးကို စေတသိက်ကံဟု ဆိုခြင်းမှာ ၎င်းတို့၏ တရားကိုယ်ကို ကြည့်၍ဆိုခြင်းဖြစ်နိုင်သည်။အဘိဇ္ဈာ၏ တရားကိုယ်မှာလောဘစေတသိက်

ဖြစ်သည်။ ဗျာပါဒ၏ တရားကိုယ်မှာ ဒေါသစေတသိက်ဖြစ်သည်။ မိစ္ဆာဒိဋ္ဌိ၏တရားကိုယ်မှာ မောဟစေတသိက်ဖြစ်သည်။ ယင်းတရားကိုယ်သုံးပါးဖြစ်သော လောဘ, ဒေါသ, မောဟတို့မှာ ဒုစရိုက်မှု အကုသိုလ်ကံ၏ အရင်းခံမူလဖြစ်ကြရာ၊ စေတနာထက်ပို၍ ထင်ရှားလေသည်။ သူ့အသက်သတ်ခြင်းအရ တရားကိုယ်ကိုရှာလျှင် သတ်ခြင်း၏အကြောင်း စေတနာမှလွဲ၍ အခြားစေတသိက်မဖြစ်နိုင်ချေ။ ခိုးမှုစသည်လည်း ထိုသဘောအတိုင်းပင်ဖြစ်သည်။ ဤမနောကံသုံးပါးတွင်မူ အရင်းအမြစ်ကို တွေ့နေရပြီးဖြစ်၍ အပေါ်လွှာစေတနာကိုမယူပဲ မူလသုံးပါး စေတသိက်တရားတို့ကို ကံဟုဆိုခြင်းဖြစ်သည်။

အထမြောက်သောကံ

အထမြောက်သောကံဟူသည် ကမ္မပထမြောက်သောကံကို ဆိုခြင်းဖြစ်သည်။ ပဋိသန္ဓေအကျိုးပေးရန်သေချာသော ကုသိုလ်ကံ အကုသိုလ်ကံများသည် ကမ္မပထမြောက်သော ကံများဖြစ်၏။ အခြားကုသိုလ် အကုသိုလ်တို့လည်း အခွင့်သာလျှင် ပဋိသန္ဓေအကျိုးကို ပေးနိုင်စွမ်းရှိ၏။ သို့သော် မသေချာလှပေ၊ ထိုကံမျိုးကို ကမ္မပထမြောက်သောကံများဟု မဆိုနိုင်ချေ။ (ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ)

အထင်ရှားဆုံးသာဓကကို ပြရလျှင် အရက်သေစာသောက်စားခြင်းကို ပြရပေမည်။ အရက်သေစာ သောက်စားခြင်းကို အကုသိုလ်ဒုစရိုက်ဟု နားလည်ထားကြ၏။ သို့ရာတွင် ကမ္မပထတရားဆယ်ပါးကို ရေတွက်ကြည့်လျှင် အရက်သေစာသောက်စားမှုမပါသည်ကို တွေ့ရသည်။ ကမ္မပထတွင် မပါဝင်သဖြင့် မူးယစ်သောက်စားခြင်းသည် ကမ္မပထမြောက်သည်မဟုတ်။ ထို့ကြောင့် သေလျှင်အပါယ်သို့ ကျရခြင်းစသော ပဋိသန္ဓေအကျိုးများ မပေးနိုင်ဟု ယူဆတတ်ကြသည်။ မူးယစ်သောက်စားခြင်းသည် အခြားအကုသိုလ်ကံများ၏ အကူအညီဖြင့် ပဋိသန္ဓေအကျိုးကို ပေးနိုင်သည်။ အခြားအကုသိုလ်များ၏ အကူအညီကိုမရစေကာမူ မူးယစ်သောက်စားခြင်းကိုပင် အထပ်ထပ်အခါခါပြုလုပ်လာသောအခါ အချင်းချင်းယှိုင်းပင်

ကုညီမှုသဘောဖြစ်၍ အပါယ်သို့လားရခြင်းဟူသော ပဋိသန္ဓေအကျိုးကို ပေးနိုင်သည်။ သို့ရာတွင် ပဋိသန္ဓေအကျိုးပေးမှု မသေချာသဖြင့် ကမ္မပထ ဟုမဆိုခြင်းပင် ဖြစ်သည်။

ကံတခု ကမ္မပထမြောက်သည် မမြောက်သည်ကို ပဋိသန္ဓေအကျိုး ပေးမှု သေချာခြင်းဖြင့် တိုင်းတာရသည်မှာ လွယ်လှသည်မဟုတ်ပေ။ လူသာမန်တို့ ဘယ်သို့ ခွဲခြားသိနိုင်မည်နည်း။ အချက်အလက်အင်္ဂါရပ်ဖြင့် ခွဲခြားပြသောနည်းမှာ လူတိုင်းနားလည်နိုင်၏။ ဖြစ်မှုဥပဒေတွင် သတ်မှတ်ထားသော အချက်အလက်အင်္ဂါရပ်များနှင့် ပြည့်စုံမှု ရှိ-မရှိ ဆန်းစစ်သကဲ့သို့ပင် ကမ္မပထတရားတို့ကိုလည်း အင်္ဂါရပ်စုံ-မစုံ လေ့လာသောနည်းဖြင့် ကမ္မပထမြောက် မမြောက်ကို ဆန်းစစ်နိုင်သည်။

'သူ့အသက်ကိုသတ်ခြင်း' ဟူသော အကုသလကမ္မပထတရား တခု၏ အင်္ဂါရပ်များကို ခွဲစိတ်လေ့လာ၍ အင်္ဂါစုံ-မစုံ ဆန်းစစ်ကြည့်ခြင်းဖြင့် သူ့အသက်သတ်မှုသည် အထမြောက်သောကံ ဟုတ်-မဟုတ် သိရသည်။ ကမ္မပထတရားအားလုံးတွင် အင်္ဂါရပ်အသီးသီး ရှိကြသည်။ ဤတခုကိုသာ နမူနာအဖြစ် ထုတ်နုတ်ပြလိုက်ခြင်း ဖြစ်သည်။

သူ့အသက်သတ်မှုတွင် အင်္ဂါငါးရပ်ရှိ၏—

(၁) **သက်ရှိသတ္တဝါဖြစ်ခြင်း။**
သက်ရှိသတ္တဝါမဟုတ်ပဲ သစ်ပင်စသည်ကို ခုတ်လှဲခြင်း စသည် ပြုလုပ်ခြင်းဖြစ်ပါက ပါဏာတိပါတကံ မမြောက်ပေ။

(၂) **သက်ရှိသတ္တဝါဟူသော အမှတ်အသားရှိခြင်း။**
သတ္တဝါကိုသတ်ခြင်းပင်ဖြစ်သော်လည်း သတ္တဝါဟူသော သညာမရှိပါက ပါဏာတိပါတကံ မမြောက်ပေ။ ဥပမာ— ကြိုးမှတ်၍ ဓားဖြင့် ဖြတ်သော်လည်း မြွေကို ဖြတ်မိခြင်းမှာပါဏာတိပါတကံ မမြောက်ပေ။ သတ္တဝါဟူသော အမှတ်သညာရှိလျက် သတ်ဖြတ်ခြင်း ဖြစ်ပါမှ ကံအထမြောက်နိုင်သည်။

(၃) **သတိကိုက်ရှိခြင်း။**
သတ္တဝါကို သတ္တဝါမှန်းသိလျက် သတ်မှု ကျူးလွန်မိသည့်တိုင်အောင် သတ်စိတ် သတ်လိုစိတ် ရှိ-မရှိ စိစစ်ရသည်။သတ်လိုစိတ် မပါပဲ ဆုံးမရာမှ လက်လွန်သွားခြင်း စသည်တို့မှာ ကမ္မပထ မမြောက်ပေ။

(၄) လုံ့လပြုခြင်း၊ လက်တွေ့သတ်ခြင်း သို့မဟုတ် သတ်ဖြစ်ခြင်း။
သတ္တဝါကို သတ္တဝါမှန်းလည်း သိသည်။ သတ်စိတ်လည်းဖြစ်သည်။ သို့ရာတွင် ကံအထမြောက်ရန်အတွက် အခြားအင်္ဂါရပ်များ လိုသေးသည်။ လုံ့လစိုက်ထုတ်၍ အဟုတ်သတ်ခြင်း ဖြစ်ရပေမည်။ သတ်စိတ်ဖြစ်ရုံဖြင့် ပါဏာတိပါတကံ အထမမြောက်နိုင်။ လက်တွေ့သတ်ပါမှ အထမြောက်နိုင်သည်။

(၅) သေခြင်း။
အထက်ပါ အင်္ဂါလေးရပ်ဖြင့် ကံအထမြောက်သည်ဟု မဆိုနိုင်သေးပေ။သတ္တဝါကို သတ္တဝါမှန်းသိလျက် သတ်စိတ်ဖြင့် လက်တွေ့သတ်၏။ သို့ရာတွင် ထိုသူသေ-မသေဟူသော အချက်ကိုလည်း ထည့်သွင်း စဉ်းစားရ၏။ မသေပဲနှင့် သတ်မှုဖြစ်သည်ဟူ၍ မရှိနိုင်ချေ။

ဖော်ပြပါ အင်္ဂါငါးရပ်နှင့်ပြည့်စုံမှ သတ်မှုကံ အထမြောက်လေသည်။ သူ့ပစ္စည်းခိုးမှုတွင်လည်း အင်္ဂါငါးချက်ပင် ရှိသည်။ အခြားကံများမှာလည်း သူ့အင်္ဂါနှင့်သူ ရှိကြသည်။ ဥပဒေကို လေ့လာသကဲ့သို့ ကံကိုလည်း သူ့အင်္ဂါနှင့်သူ ပြည့်စုံမှ ကမ္မပထမြောက်သည်ဟု ဆိုရသည်။

မကောင်းမှုပြုသူတိုင်း ငရဲလားသည်မဟုတ်

ဗုဒ္ဓဘာသာသည်သာ ကမ္မဝါဒကို လက်ခံသည်မဟုတ်ပေ၊ ဂျိန်းဘာသာဟုခေါ်သော နိဂဏ္ဌာဂိုဏ်းကလည်း ကမ္မဝါဒကိုပင် လက်ကိုင်ထား၏။ သို့ရာတွင် ကံကိုလက်ခံပုံချင်းကား ခြားနား၏။ နိဂဏ္ဌာဂိုဏ်းက သူ့တပါး

...သက်ကို သတ်ခြင်းစသော အကုသိုလ်ကံများ ကျူးလွန်သူတိုင်း အပါယ်ငရဲကျ၏ဟု ယုံကြည်နေကြသည်။ ဗုဒ္ဓက ဤသို့တရားသော မဟောကြားပေ။ အကုသိုလ်ကံလို ကျူးလွန်သူဟူသမျှ အပါယ်ငရဲသို့ ကျ၏ဟူသောဒါဒမှာ မှားယွင်းကြောင်းကိုပင် ဟောကြားပေသည်။ သူ့အသက်သတ်မှုစသော ဒုစရိုက်ကို ကျူးလွန်မိသူသည် မိမိပြုလုပ်ခဲ့မှုသည် မကောင်းဟု ရှုမြင်သုံးသပ်၍ မှားခဲ့မိသော အကုသိုလ်ကံကို ထပ်တလဲလဲ စိုးရိမ်ပူပန်ခြင်းဖြင့် ပြုလုပ်ပြီးသောအမှုသည် ပပျောက်သွားလိမ့်မည် မဟုတ်သည့်ပြင် အကုသိုလ်ထပ်ပွားခြင်းသာ ဖြစ်ပေလိမ့်မည်။ ဤသို့ မှန်ကန်စွာ ဆင်ခြင်သုံးသပ်ပြီး နောက် သူ့အသက်သတ်မှုစသော ဒုစရိုက်မှု များကို စွန့်လွှတ်လိုက်သည်၊ နောက်နောင်တွင်လည်း ဒုစရိုက်မှုများမှ ရှောင်ကြဉ်၏။ ဤသို့ပြုလုပ်ပါက မကောင်းမှုဒုစရိုက်မှ လွန်မြောက် သောသည်။ ဤသည်မှာ နိဂဏ္ဌတို့၏ တပည့်ဖြစ်သူ ရွာသူကြီးတဦးအား မကောင်းမှုပြုသူတိုင်း ငရဲသို့ကျရသည် မဟုတ်ကြောင်း ရှင်းလင်းဟော ကြားချက်ကို ထုတ်နှုတ်ပြဆိုခြင်း ဖြစ်ပေသည်။

ထိုရွာသူကြီးနှင့် ဆွေးနွေးရာတွင် နိဂဏ္ဌတို့၏ ကမ္မဝါဒအရ ကုသိုလ် ကံနှင့် အကုသိုလ်ကံနှစ်ရပ်အနက် များရာကံက အကျိုးပေးသည်ဟူသော အချက်ကိုလည်း မြတ်စွာဘုရားကပယ်လေသည်။ ဥပမာ-သူတပါးအသက် ကိုသတ်၍ ငရဲကျသည်ဟုဆိုရာတွင် နှစ်ဆယ့်လေးနာရီ တနေ့တာတွင် အသက်သတ်သောအချိန်နှင့် မသတ်သောအချိန်တို့ကို နှိုင်းယှဉ်ကြည့်လျှင် သူ့အသက် မသတ်သော အချိန်ကသာ များပေလိမ့်မည်။ များသောကံ ကသာ အကျိုးပေးရမည်ဆိုလျှင် ငရဲကျသောသူ မရှိတော့ပေ။ သူတပါး ပစ္စည်း ခိုးခြင်းစသော မကောင်းမှုတို့ကိုလည်း ချိုထွင်သိနိုင်ပေသည်။

ကမ္မဝါဒပင်ဆိုသော်လည်း မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံဖြစ်သော ဝါဒဖြစ်ရန်ကား ခဲယဉ်းလှ၏။ ဘုရားမှလွဲ၍ ကံ-ကံ၏အကျိုးကို အကြွင်းမဲ့ သိသူ မရှိသည်မဟုတ်ပါလော။ (သဠာယတနဝဂ္ဂသံယုတ်၊ သခ်ံမသုတ်)

မူးယစ်သောက်စား အပါယ်လား

အရက်သောက်ခြင်းသည် အပြစ်ရှိသလားဟူသော ပြဿနာမှာ ခေတ်အဆက်ဆက် တည်ရှိသော ပြဿနာဟု ဆိုရပေမည်။ အရက်ကြိုက်တတ်သူများကလည်း စာတွေလက်တွေများကို ကောက်ဆ၍ အပြစ်မရှိဟု ဆိုကြသည်။ တခါက ချို့စာရေးဆရာများသည် မိမိအရက်သောက်သည်ကိုပင် အမွှမ်းတင်စာဖွဲ့သည်ကို တွေ့ရသည်။ အရက်သောက်ပြီး စာရေးမှ ကလောင်သွက်သည် ဉာဏ်ထက်သည်ဟုပင် ဆိုကြသည်။ မိမိဖာသာကြိုက်တတ်၍ သောက်သည်။ သူတပါးကို အနှောင့်အယှက်မပေး၊ ဤသို့နေလျှင် အရက်သောက်ခြင်းသည် အပြစ်မဖြစ်နိုင်။ အရက်သောက်ပြီးနောက် အရက်ကိုအကြောင်းပြု၍ ဒုစရိုက်မှုများကို ကျူးလွန်ပါမှ အပြစ်ရှိသည်ဟု ယူဆကြသည်။ အပြစ်မရှိသည့်ဘက်က မိမိတို့စဉ်းစားရသမျှ လောကယုတ္တိများကို ရှာကြံ၍ အပြစ်မရှိကြောင်း ရှင်းလင်းတင်ပြကြသည်။

ဗုဒ္ဓဘာသာ စာပေများကို လက်လှမ်းမီသူ များကလည်း အရက်သောက်ခြင်းသည် ကမ္မပထတရားဆယ်ပါးတွင် မပါဝင်သဖြင့် အကုသိုလ်မဖြစ်ကြောင်း ကျမ်းအကိုးအကားဖြင့် အခိုင်အမာပြောဆိုလာကြသည်။ ထိုအခါ နဂိုကခပ်တွန့်တွန့် သောက်ခဲ့ကြသူများလည်း ရဲရဲတင်းတင်း သောက်လာကြသည်။

ယခုအခါတွင်အရက်ထက်ပို၍မူးယစ်စေတတ်သည့်မူးယစ်ဆေးဝါးများ ခေတ်စားလာသည်။ မူးယစ်ဆေး သုံးစွဲသူများသည် မျက်စိအောက်မှာပင် ပျက်စီးသွားစေသည့် မကောင်းကျိုးများကို ပေးသည်။ ကံရှုထောင့်မှကြည့်လျှင် သံသရာမကောင်းကျိုးကိုလည်း လက်ခံထွေးပိုက်ရပေလိမ့်ဦးမည်ကို မြင်တွေ့ရသည်။

အရက်သေစာ သောက်စားခြင်းသည် အပါယ်ကို လားစေနိုင်ကြောင်း ဘုရားဟော တိုက်ရိုက်ရှိပါသည်။ တခါတရံ ဆေးဖြစ်ဝါးဖြစ်သောက်သူ အထပ်ထပ်အခါခါ သောက်သူများကို တိုက်ရိုက်ဟောခြင်း

ဖြစ်သည်။ အရက်သေစာ သောက်စားခြင်းကို အဖန်တလဲလဲသောက် သုံးသူသည် အပါယ်ငရဲသို့ လားစေနိုင်သည်။ အငယ်ဆုံးအပြစ်ကို ဆိုရလျှင် လူဖြစ်လျက် အရူးဖြစ်ရခြင်းသည် အငယ်ဆုံးအပြစ်ပင် ဖြစ်သည်။

(အင်္ဂုတ္တိုရ်ပါဠိ၊ ဒါနဝဂ်)

အရက်သောက်၍ အပြစ်မရှိဆိုသူတို့၏ အကြောင်းပြချက်တရပ်ဖြစ်သော အရက်သောက်စားမှုသည် အကုသိုလ်ကမ္မပထဆယ်ပါးတွင် မပါဟုဆိုခြင်းမှာ မှန်၏။ သို့ရာတွင် အရက်သောက်ခြင်းကို ကမ္မပထတရားဆယ်ပါးအနက် 'ကာမမိစ္ဆာစာရ'၌ ထည့်သွင်းရေတွက်ရကြောင်း မူလဋီကာဆရာမိန့်ဆိုခဲ့သည်။ ထို့ကြောင့် မူးယစ် သောက်စားခြင်းသည် ကမ္မပထမြောက်သော အကုသိုလ်ဖြစ်၏ဟု ဆိုနိုင်လေသည်။

မူးယစ်သောက်စားခြင်းသည် စိတ်တတ်သည်၊ စွဲမိလျှင်လည်း အဖြတ်ရခက်သည်။ ထို့ကြောင့် မူးယစ်သောက်စားခြင်းသည် အထပ်ထပ်အခါခါ ပြုလုပ်တတ်သောကိစ္စဖြစ်သည်။ အထပ်ထပ်အခါခါ သောက်စားသူသည် အပါယ်သို့ ကျစေနိုင်သည်ဟူသော ဘုရားဟောအရ အပါယ်သို့ ကျခြင်းစသော အပြစ်များရှိကြောင်း မှတ်ယူကြရာသည်။

ဆယ်ဖြာကုသလ ကမ္မပထ

အကုသိုလ်ကမ္မပထတရား ၁၀-ပါးရှိသကဲ့သို့ ကုသိုလ်ကမ္မပထတရားလည်း ဆယ်ပါးပင်ရှိသည်။ အကုသိုလ်ကမ္မပထဆယ်ပါးကို ရှောင်ကြဉ်မှုသည်ပင် ကုသိုလ်ကမ္မပထ ဆယ်ပါးဖြစ်လေသည်။ အသက်သတ်မှုမှ ရှောင်ကြဉ်ခြင်းစသည်ဖြင့် ရေတွက်ရသည်။

ကမ္မပထအကုသိုလ်ကံသည် အရေးကြီးသကဲ့သို့ ကမ္မပထ ကုသိုလ်ကံလည်း အရေးကြီး၏ဟု ဆိုဆင့်သည်။ ပေးကမ်းလှူဒါန်းခြင်း ဒါနကုသိုလ်စသော အခြားကုသိုလ် များစွာရှိသော်လည်း ဤဆယ်ခုကိုသာ ကမ္မပထဆယ်ပါးဟု ဆိုထားခြင်းမှာ အရေးကြီးသော ကုသိုလ်ကံဟု ဆိုရာ မရောက်ပါလော၊ အသက်သတ်မှုမှ ရှောင်ကြဉ်ခြင်းစသည်မှာ

အကုသိုလ်မဖြစ်ရှိသော အရေးကြီးသော ကုသိုလ်ဖြစ်လိမ့်မည်မဟုတ်ဟူ၍ မှတ်ထင်စရာရှိသည်။ ထိုကုသိုလ်ကံမှာ ပြုလုပ်မှု ကုသိုလ်မျိုးမဟုတ်ပဲ ရှောင်ကြဉ်မှုဖြင့် ကုသိုလ်ဖြစ်သော ကုသိုလ်မျိုးဖြစ်သည် ထို့ကြောင့် ကုသိုလ်ဖြစ်သည်မှာ ကာယကံရှင်ကိုယ်တိုင်ပင်သတိမမူပဲ ရှိတတ်သည်။ ဒုစရိုက်မှုကို ကျူးလွန်မည်ရှိရာ၊ ထိုဒုစရိုက်၏ အပြစ်တို့ကို ဆင်ခြင်မိ၍ ရှောင်ကြဉ်လိုက်ခြင်းမှာ အကုသိုလ်ကံ ဖြစ်မှုသာ ထင်ရှား၍ကုသိုလ်ကံဖြစ်မှု မထင်ရှားသကဲ့သို့ဖြစ်သည်။ အမှန်မှာ ကမ္မပထမြောက်သော ကုသိုလ်ကံပင်ဖြစ်သည်။ တချက်ခုတ်နှစ်ချက်ပြတ်ဟုပင်ဆိုရချေတော့မည်။ ဒုစရိုက်ကို ရှောင်ကြဉ်ခြင်းသည် ဒုစရိုက်မှု မဖြစ်ရုံသာ အကျိုးရှိသည် မဟုတ်ပဲ သုစရိုက်ဖြစ်ခြင်း အကျိုးကိုပါ တပြိုင်နက် ရလေတော့သည်။

ထို့ကြောင့် တွေ့ကြုံလာသော ဒုစရိုက်မှုများကို စေတနာအားထည့်၍ ရှောင်ကြဉ်ရာသည်။ သို့မှသာ ကုသိုလ်ကံလမ်းကြောင်းပေါ်သို့ ရောက်သွားသော ကုသိုလ်ကံ ဖြစ်ပေလိမ့်မည်။ ကမ္မပထ၌ ပထဆိုသည်မှာ လမ်းကြောင်းဟု အဓိပ္ပာယ်ရ၏။ ကမ္မပထဆိုသည်မှာ ကံလမ်းကြောင်းသို့ ရောက်သွားသောကံဟု အဓိပ္ပာယ်ရသည်။ မျိုးစေ့ကောင်းအောင်မြင် သဖြင့် တနေ့နေ့တွင် ကြီးရင့်၍ သီးပွင့်နိုင်ပေသည်။

ကုသိုလ်ဆယ်ပြား တမျိုးမှာ

ကမ္မပထမြောက်သော ကုသိုလ်ကံဆယ်ပါးကို ပြဆိုခဲ့ပြီ။ အများနားလည်သော ကုသိုလ်ဆယ်ပါးလည်း ရှိသေး၏။ အခြားမဟုတ်၊ ဒါန သီလစသော ဆယ်ပါးတည်း။ ထိုဆယ်ပါးကို ပုညကြိယာဝတ္ထုဟု ခေါ်လေသည်။ ထိုကုသိုလ်မှာ အရင်းစိုက်ထုတ်၍ ပြုလုပ်ရသော ကုသိုလ်များဖြစ်၏။ ကမ္မပထ ကုသိုလ်ဟု မခေါ်သော်လည်း ကမ္မပထမြောက်သော ကုသိုလ်များ ဖြစ်နိုင်သည်။ အကုသိုလ်ကံတွင် ကမ္မပထမြောက်မှု မမြောက်မှု အတွက် အင်္ဂါရပ်များနှင့် ညီမညီ စစ်ဆေးရသော်လည်း ဤကုသိုလ်ကံမှာ ကမ္မပထမြောက်မှုအတွက် အင်္ဂါရပ်များ မရှိပေ။

ပဋ္ဌိသန္ဓေ အကျိုးပေးမှု မပေးမှုမှာ ထိုကံ၏ အားကောင်းမှု အားနည်းမှုပေါ်တွင် တည်လေသည်။ ပုညကြိယာ ဝတ္ထုဆယ်ပါးတို့မှာ အောက်ပါ အတိုင်းဖြစ်၏။

(၁) ဒါန=ပေးကမ်းလှူဒါန်းခြင်း။

(၂) သီလ=အကုသိုလ်ကံ မဖြစ်အောင် ကာယကံမှု ဝစီကံမှု တို့ကိုထိန်းသိမ်းစောင့်ရှောက်ခြင်း။

(၃) ဘာဝနာ=ပွားများခြင်း။

ယင်းဒါန သီလ ဘာဝနာအကြောင်းတို့ကား များစွာရှိ၏။ ဤ၌အကျယ် မရေးသာပြီ။

(၄) အပစာယန= မိဘဆရာသမားစသော မိမိထက် အသက် ဂုဏ်ဝါကြီးသူတို့ကို အရိုအသေပြုခြင်း အရိုအသေဆက်ဆံခြင်း။

(၅) ဝေယျာဝစ္စ=အပြစ်ကင်းသော အလုပ်တို့၌ အခြားသူများကို ကူညီဆောင်ရွက်ခြင်း။

(၆) ပတ္တိဒါန =အမျှပေးဝေခြင်း။

အမျှပေးဝေခြင်းသည် အထူးတလည် ထပ်မံ ကုန်ကျခြင်းမရှိပဲ ရနိုင် ဖြစ်နိုင်သော ကုသိုလ် ဖြစ်သည်၊ မိမိ၏ အမျှပေးဝေမှုသည် အခြား သူတို့အား ဝမ်းမြောက် ဝမ်းသာ သာဓုခေါ် ခြင်းဖြင့် ကုသိုလ်အဖို့ဘာဂကို ခံစားနိုင်သည်။

(၇) ပတ္တာနုမောဒန=သာဓုခေါ်ခြင်း။

သာဓုအနုမောဒနာပြုခြင်းဟုလည်း ဆို ကြသည်၊

(၈) ဓမ္မဿဝန = တရားနာကြားခြင်း။

(၉) ဓမ္မဒေသနာ = တရားဟောခြင်း။
(၁၀) ဒိဋ္ဌုဇုကမ္မ = အယူဖြောင့်မှန်မှု။

ဤကံဆယ်ပါးတွင် ဒိဋ္ဌုဇုကမ္မသည် နောက်ဆုံးဖြစ်၏။ နောက်ဆုံး ထားခြင်းမှာ အရေးမပါ၍ ထားခြင်းမဟုတ်ပေ။ သို့ရာတွင် များသော အားဖြင့် ဤဒိဋ္ဌုဇုကမ္မကုသိုလ်ကို အရေးကြီးသည်ဟု ထင်မှတ်တတ် ကြသည်။ အဘယ့်ကြောင့်ဆိုသော် အခြားကံများနှင့် လက်ပွန်းတတီး ရှိသူများသော်လည်း ဤကံနှင့် စိမ်းနေတတ်သောကြောင့် ဖြစ်သည်။

အမှန်မှာ ဤဒိဋ္ဌုဇုကမ္မသည် ကုသိုလ်ကံအားလုံး၏ ရှေ့သွား ခေါင်းဆောင်တည်း။ ဤကံ၏ လမ်းညွှန်မှု အတိုင်းအတာအလျောက် အခြားကုသိုလ်ကံများက လိုက်လျောရခြင်း ဖြစ်သည်။

ကံအကြောင်းကို လေ့လာခြင်း၊ လေ့လာ၍ ကံအကြောင်း ကြံစည် စဉ်းစားခြင်းသည် ဒိဋ္ဌုဇုကမ္မကုသိုလ်ဖြစ်၏။ ကံအကျိုးပေးဆန်းကျယ်ပုံ သတ္တဝါတို့ တယောက်နှင့် တယောက် မတူခြင်းစသည်ကို ကြံဆသည့် အခါ အယူမှန်ပေါ်လာတတ်သည်။

ကံ၏အကျိုးကို ဘုရားရှင်တို့သာ သိနိုင်၏ဟု ဆိုထားသဖြင့် ကံ အကြောင်းကို စဉ်းစားခြင်းဖြင့် အယူမှန်မရနိုင်ပါဟု စောဒကတက် မည်ဆိုက တက်စရာဖြစ်သည်။ သက္ကာယဒိဋ္ဌိစသော ဒိဋ္ဌိများ ကင်းရှင်းမှ ဒိဋ္ဌုဇုကမ္မဖြစ်သည်မဟုတ်ပေ။ နိယတမိစ္ဆာဒိဋ္ဌိမျိုးမှ ကင်းလွတ်၍ ကံ ကံ၏အကျိုးကို ယုံကြည်မှုဖြင့် ကမ္မဿကတာဉာဏ်ဖြစ်လျှင် ဒိဋ္ဌုဇုကမ္မ ကုသိုလ်ဖြစ်တော့သည်။

အရာရာတွင် အယူဝါဒသည် ရှေ့ဆောင်လမ်းညွှန်ဖြစ်၏။ ဒိဋ္ဌုဇုကမ္မ ဟူသော ဝါဒရေးရာ ခံယူချက်မမှန်လျှင် အကုသိုလ်ဒုစရိုက်များကိုလည်း ရှောင်ကြဉ်ကြမည်မဟုတ် ကုသိုလ်သုစရိုက်တရားများကိုလည်း ပြုကျင့် ကြတော့မည်မဟုတ်ပေ။ ဒုစရိုက်မှုများ လွှမ်းမိုးလာလျှင် လောကကြီး သည် လက်တွေ့အားဖြင့်ပင် သာယာဖွယ်ကင်းဆိတ်သည်ကို တွေ့ရပေ

လိမ့်မည်။ ဒုစရိုက်ပပျောက်မှုအတွက် ဣန္ဒြိယဇုကမှုသည် အရေးကြီးလှ၏။ ဒုစရိုက်များ ပပျောက်စေလိုလျှင် လျော့ပါးသွားစေလိုလျှင် ကံ ကံ၏ အကျိုးကို လေ့လာရမည်။ ကံ ကံ၏အကျိုးကိုသိ၍ ယုံကြည်သက်ဝင်၍ အယူအဆ မှန်သွားလျှင် ဒုစရိုက်များ လျော့နည်းပပျောက် သွားပေလိမ့်မည်။

ကလေးသူငယ်များ၏ ကုသိုလ်

ကလေးသူငယ်များအား မိဘဆွေမျိုးများက ဘုရားရှိခိုးခိုင်း၍ အတုလိုက်ကာ ဘုရားရှိခိုးကြသည်။ လူကြီးများက ဗုဒ္ဓဘာသာယဉ်ကျေးမှု အစဉ်အလာကောင်းကို ပေးလိုခြင်းဖြစ်သည်။ ကလေးများအား ကုသိုလ် ရစေရန် ရည်သန်ကြဟန်မတူပေ သို့ရာတွင် လူကြီးများ၏ သွန်သင် ချက်အရ အတုလိုက်၍ ဘုရားရှိခိုးခြင်းစသော ကောင်းမှုပြုခြင်းသည် အမှန်တကယ်ပင် ကုသိုလ်ဖြစ်လေသည် လူကြီးများကဲ့သို့ ကံ ကံ၏ အကျိုးကို ယုံကြည်၍ ပြုလုပ်ခြင်းမဟုတ်သဖြင့် ဉာဏ်ပါသော အဆင့်မြင့် ကုသိုလ်ကား မဖြစ်ပေ။ လူကြီးတို့၏ တိုက်တွန်းချက်အရသာ ပြုလုပ် ခြင်းဖြစ်၍ မိမိကိုယ်တိုင် စေတနာပေါက်၍ပြုသော လူကြီးတို့၏ ကုသိုလ် လောက် အဆင့်မမြင့်ပေ။ ကလေးများသည် လူကြီးများတိုက်တွန်း ချက်အရ ပြုကြသော်လည်း ရှင်မြူးဝမ်းသာ ပြုလုပ်ကြသဖြင့် သောမနဿကုသိုလ်ဖြစ်လေသည်။ ထို့ကြောင့် ကလေးများ၏ ကုသိုလ် သည် အချည်းနှီးမဟုတ်ကြောင်း မှတ်ယူနိုင်သည်။ (ဝိသုဒ္ဓိမဂ်)

ဘုရားရဟန္တာတို့ ပြုသောကံ

ဘုရားရဟန္တာတို့မှာ ရှေးရှေးဘဝကပြုခဲ့သော ကုသိုလ်ကံ အကုသိုလ် ကံတို့၏ အကျိုးတရားများကိုခံယူကြရသည်။ ယခုဘဝတွင် ဘုရားရဟန္တာ မဖြစ်မီ အချိန်က ပြုခဲ့သောကံများသည် နောက်ထပ်ဘဝသစ် မရှိတော့၍ အကျိုးပေးရာ မလိုတော့ပေ။ ဘုရားရဟန္တာ ဖြစ်ပြီး နောက်တွင် အကုသိုလ်အပြုအမူမျိုး လုံးဝမရှိတော့သဖြင့် အကုသိုလ်ကံ မရှိကြောင်း

သိသာ၏။ ကုသိုလ်အပြုအမူမျိုးကိုမူ ဘုရားရဟန္တာတို့သည် ပြုကြသည်သာဖြစ်၏။ ကံ ကံ၏အကျိုးကို ယုံကြည်ပါသည်ဆိုသူများ အနာဂတ်မျှော်လင့်ချက် ရှိသူများသာပင် ပြုလုပ်တော်မူကြ၏။ ကုသိုလ်အပြုအမူပင် ဖြစ်သော်လည်း ဘုရားရဟန္တာတို့မှာ ကုသိုလ်မဖြစ်တော့ပေ။ နောက်ထပ်အကျိုးတို့လည်း မလိုတော့ပေ။ ဘုရားရဟန္တာတို့ ပြုသောကံသည် ကုသိုလ်ကံလည်း မဖြစ်တော့၊ အကုသိုလ်ကံလည်း မဖြစ်တော့ချေ။ ပြုမူခြင်း ကြိယာမျှသာ ဖြစ်တော့သည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားရဟန္တာတို့မှာ လိုချင်မှုဆန္ဒ၊ တပ်မက်မှုရာဂတို့ လုံးဝမရှိသောကြောင့် ဖြစ်သည်။ (ဥပရိပဏ္ဏာသအဋ္ဌကထာ)

'အိပ်မက် ကုသိုလ်'

အိပ်မက်မမက်ဖူးသူ ဟူ၍ ရှိလိမ့်မည်မထင်ပေ၊ ကော်သလအိပ်မက် တဆယ့်ခြောက်ချက်ဆိုလျှင် ယခုတိုင် ထင်ရှားဆဲဖြစ်သည်။ အိပ်မက်သည် တခါတရံ ဟိုရောက်သည်ရောက် မက်တတ်သည်။ တခါတရံ၌မူ အစီအစဉ် ကျကျနန မြင်မက်တတ်ပေသည်။ တခါတရံ ကုသိုလ် အကြီးအကျယ် ပြုရသည် မြင်မက်တတ်သကဲ့သို့ တခါတရံ မကောင်းမှုကို ကျူးလွန်ရသည်ဟု မြင်မက်တတ်သည်။ ဤ၌ကား ကုသိုလ်ပြုရသည်ဟု အိပ်မက်မြင်မက်လျှင် ကုသိုလ်ရ-မရ၊ အကုသိုလ် ပြုလုပ်ရသည်ဟု မြင်မက်လျှင် အကုသိုလ် ဖြစ်-မဖြစ် ဟူသော ပြဿနာ၏အဖြေကို လေ့လာရန်ဖြစ်သည်။

အိပ်မက်တွင် ဘုရားရှိခိုးခြင်း တရားနာခြင်း စသော ကုသိုလ်ကံမှုများကို မြင်မက်လျှင် ကုသိုလ်ရသည်။ သူတပါးအသက်ကို သတ်ဖြတ်ခြင်း စသည့် အကုသိုလ်ကံမှုများကို မြင်မက်လျှင် အကုသိုလ်ဖြစ်ပေသည်။

သို့ရာတွင် အိပ်မက်မက်ရာ၌ စေတနာသည် မိဒ္ဓဝဏ္ဏအားနည်းသောကြောင့် ပဋိသန္ဓေအကျိုးကို မပေးစွမ်းနိုင်ပေ။ လက်တွေ့ကုသိုလ်ပြုသူ၏ စေတနာသည် ထိုသူသေဆုံးသောအခါ နတ်ပြည်ပဋိသန္ဓေအကျိုးကိုပေးလျှင် နတ်စည်းစိမ်ဟူသော အကျိုးကိုလွယ်ကာမတ္တရပေသည်။ အကုသိုလ်

ကံကို လက်တွေ့ပြုလုပ်သူသည် သေဆုံးသောအခါ အပါယ်ပဋိသန္ဓေကို ပေးလျှင် အပါယ်ဘုံ၌ ဒုက္ခခံစားရမည်မှာ မလွဲကေန်ပင်ဖြစ်သည်။ အိပ်မက်၌ဖြစ်သော စေတနာမှာမူ ဤသို့ သိသာခြားနားသောအကျိုးကို မပေးနိုင်ပေ။ ရလာသော ဘဝတခုတွင်မူ အခြားသော ကုသိုလ်ကံ အကုသိုလ်ကံတို့က ကျေးကန်ပေးလျှင် အိပ်မက်၏အကျိုးမှာ ထင်ထင်ရှားရှား ဖြစ်လာနိုင်ပေသည်။ ထို့ကြောင့် အိပ်မက်၌ဖြစ်သောကုသိုလ်ကံ အကုသိုလ်ကံတို့သည် အကျိုးပေးနိုင်သည်ဟု မှတ်သားအပ်ပေသည်။

သို့ရာတွင် အိပ်မက်မှာဖြစ်သော ကုသိုလ်ကံစေတနာနှင့် အကုသိုလ်ကံ စေတနာတို့မှာ ဇနကကံ ခေါ်လောက်အောင်ကား မဖြစ်နိုင်ပေ။

(ပါရာဇိကဏ်အဋ္ဌကထာ)

ကုသိုလ်ပြုသည် အိပ်မက်သည်၊
ကြည်လင်ကောင်းကျိုး ပေးလိမ့်နည်း၊
မကောင်းပြုသည် အိပ်မက်သည်၊
လေးမည်အပါယ် မရောက်ချိမ့်နည်း။

(စွယ်စုံကျော်ထင်)

ဆုတောင်းတိုင်း ရ-မရ

ဗုဒ္ဓဘာသာဝင်တို့သည် ကုသိုလ်တစုံတရာပြုလုပ်ပြီးနောက် ဆုတောင်းသမှု ပြုတတ်ကြသည်။ ကောင်းသော အစဉ်အလာဟု ဆိုရပေမည်။ သို့သော် ဆုတောင်းခြင်းမှာ မိမိ၏ဆန္ဒအလျောက် ဆုတောင်းခြင်း ဖြစ်သင့်သည်။ ဆုတောင်းစာ ကျက်ထား၍ အလွတ်ရွတ်ကာ ဆုတောင်းခြင်းမှာ မိမိဆန္ဒအလိုအတိုင်း ဟုတ်ချင်မှဟုတ်ပေမည်။ ဆုတောင်းစာ ကျက်ခြင်းကို အပြစ်မဆိုလို၊ ငယ်ရွယ်သူ ကျောင်းသားအရွယ် လူငယ်ကလေးများသည် အဘယ်သို့လျှင် ဦးတည်ချက်မှန်သော ဆန္ဒမှန်ကို ဖော်ထုတ်ဆုတောင်းနိုင်ချေမည်နည်း။ ရှေးကဆရာစဉ်ဆက် ဘိုးသည် နောက်လူတို့၏ ဆန္ဒကိုကန့်သတ်၍ ဆုတောင်းစာဖြင့် ဘောင်ခတ်ခဲ့ကြသည် မဟုတ်ချေ။

မိမိတို့၏ ဆန္ဒအမှန်ကို သိတတ်သည့် အရွယ်တွင် ဖော်ထုတ်နိုင်ရန် အတွက် နမူနာ ဆုတောင်းစာများကို ရေးသားခဲ့ကြခြင်းဖြစ်သည်။ မိမိတို့ ဆန္ဒရှိသည့်အတိုင်း ဖော်ထုတ် ဆုတောင်းနိုင်ပေသည်။

ဆုတောင်းခြင်းသည် ဦးတည်ချက်ထားခြင်းပင် ဖြစ်ပေသည်။ ဆုတောင်းမှုသည် ဆန္ဒဓာတ်ဖြစ်သည်၊ ဆန္ဒဓာတ်သည် တန်ခိုးရှိသော ဣဒ္ဓိပါဒ်တရားဖြစ်၏။ ဦးတည်ချက်မရှိပဲ ခရီးသွားသူသည် တနေရာရာသို့ ရောက်မည်ကား မလွဲပေ။ သို့ရာတွင် ဦးတည်ချက်မရှိသဖြင့် လိုရာသို့ကား ရောက်နိုင်မည်မဟုတ် လိုရာသို့ရောက်လိုက ဦးတည်ချက်ဆုတောင်း ရှိရပေလိမ့်မည်။

ဆုတောင်းတိုင်း ရမည်ဟုကားတထစ်ချ မဆိုနိုင်ပေ။ အကုသိုလ် ဒုစရိုက်ကို ကျူးလွန်သူက လူ့ဘဝကို တောင့်တ၍ ဆုတောင်းသော် လည်း ရနိုင်လိမ့်မည်မဟုတ်၊ ကံ၏ ဘောင်ကိုကျော်၍ ဆုတောင်းခြင်း ကြောင့် မရနိုင်ဟု ဆိုရမည်။ တန်ရာတန်ရာ ဟူသော စကားကဲ့သို့ ဆုတောင်းသည့်အခါလည်း တန်ရာတန်ရာကိုသာ တောင်းဆိုသင့်ပေ သည်။ တာဝတိံသာမှာ ဖြစ်နိုင်သောကံရှိသူက ပရနိမ္မိတဝသဝတ္တီ နတ်ပြည်ကို ဆုတောင်း၍ ရနိုင်မည် မဟုတ်ပေ။ ဝသဝတ္တီနတ်ပြည်ထိ အကျိုးပေးနိုင်သော ကံရှိသူသည် အောက်အောက်နတ်ပြည်တို့၌ ဖြစ်ရန် ဆုတောင်းပါက ဖြစ်နိုင်သည်။

အကုသိုလ်ကံမှာ ဆုတောင်းစရာမလိုပေ။ ကံ၏ အကျိုးအလျောက် သင့်ရောက်ရာဘုံ၌ ဖြစ်ရပေမည်။ ငရဲကျရန် မည်သူက ဆုတောင်းနေ မည်နည်း။

ဆုတောင်းပြည့်ရန်အတွက် ကိုယ်ခံတရား ငါးပါးရှိရသည်–

၁။ သဒ္ဓါရှိရမည်။
၂။ သီလရှိရမည်။
၃။ သုတရှိရမည်။

၄။ စာဂစွန့်ကြဲမှုရှိရမည်။
၅။ ပညာ ရှိရမည်။

ထိုတရား ငါးပါးရှိသူ၏ ဆုတောင်းမှာ ဆုတောင်း ပြည့်စေနိုင်၏။ ထိုတရား ငါးပါးရှိနေစေကာမူ ဆုတောင်းမကောင်းလျှင် မသေချာပေ၊ ဆုကိုကားတောင်း၏။ ထိုငါးပါးသော တရားမရှိ ဖြစ်နေလျှင် ဆုတောင်း မပြည့်နိုင်ပေ။ (ဥပရိပဏ္ဏာသ၊ သခါရုပပတ္တိသုတ်၊ အဋ္ဌကထာ)

စကား စပ်၍ ဆက်လိုသေးသည်။ ဘဝသုခနှင့် စပ်သော လူနတ် စည်းစိမ်များကို လုံးဝမတောင့်တပဲ ဝဋ္ဋမှထွက်မြောက်လို၍ ဝိဝဋ္ဋနိဿိတ ကုသိုလ်ကို ပြုသူမှာ ဘဝအကျိုးပေး ရှိ-မရှိ ဟူသော ပြဿနာရှိသည် ဘဝအကျိုးပေး ရှိသည်ဟူသာ ဆိုရမည်။ အဘယ့်ကြောင့် ဆိုသော် ဝေါဒါနဂါမီဟူဝေါဒါန်ခေါ်သော မဂ်, ဖိုလ်, နိဗ္ဗာန်ကို အာရုံပြုသည့် ကာမ ကုသိုလ်သည်ပင် ဘဝအကျိုးပေး ရှိသေးသည်သာ။
(တိကပဋ္ဌာန်းအာဂရမ္မဏတိက်)

လူမိုက်ကံကောင်း နစ်မွန်းကြောင်း

ရှေးကုသလ၊ ဉာဏမပါ၊ သဒ္ဓါမတ္တ၊ ကံကိစ္စကြောင့်၊ စိုးရလူ့ဌ၊ ပြည့်စုံကိုက်လည်း၊ လူမိုက်ကံကောင်း၊ နစ်မွန်းကြောင်းတည့်၊ တောင်ချောင်းရေကြီး၊ ကောက်ရိုးမီးသို့၊ ညီးညီးထိန်ပ၊ တရှိန်ကွဖြင့်၊ ခဏမျှသာ၊ အကြာမတည်၊ မရှည်အသက်၊ ပျက်လွယ် တတ်၏။ (မဃဒေဝ၊ ၃၂၂)

လူမိုက်ပင် ဖြစ်စေကာမူ ရှေးကုသိုလ်ကံကောင်းလျှင် စည်းစိမ်ရှင် တန်ခိုးအာဏာရှင် မင်း ဖြစ်နိုင်ပေသည်။ လူ့ဘုံခန်းဝါ လူ့ရိပ်သာသည် ကံသက်သက်ဖြင့် တည်နေသည်မဟုတ်ပေ။ ဉာဏ် ဝီရိယလည်း ထောက်ကူ ပါမှ ခိုင်မာစွာကြီးပွားနိုင်ပေသည်။ လူမိုက်ဆိုသည်မှာ ကိုယ်ပိုင်ဉာဏ် ပညာ ကင်းမဲ့သူဖြစ်သည်။ အရာရာတွင် ဉာဏ်ကမှန်အောင် အဆုံးအဖြတ်

ပေးတတ်သည်။ ဉာဏ်မပါသောဝီရိယသည်လည်း အမှားဝီရိယသာဖြစ်ချေသည်။ အတိတ်ကံ၏အရှိန်ကြောင့် မိဘရိုက်ရာ့လွယ်ကူစွာရ၍ ကြီးပွားသော်လည်း ချောင်းရေကြီးသကဲ့သို့လည်းကောင်း ကောက်ရိုးမီးကဲ့သို့လည်းကောင်း တရှိန်ထိုး ကြီးပွားခြင်းမျှသာဖြစ်သည်။

ကံကြောင့်ရလာသော စည်းစိမ်ကုံပင်အကြောင်းပြု၍ သူတပါးအား မထိမဲ့မြင်ပြုခြင်း မာန်မာနထောင်လွှားခြင်းစသည်ဖြင့် ပျက်စီးရာပျက်စီးကြောင်းပြုမူတတ်ပေသည်။ လက်နက်ရှိသောမင်းဖြစ်လျှင်လည်း ကိုယ့်ပမာဏသူ့ပမာဏကို ချိန်ဆတတ်သောဉာဏ်မရှိမဲ့ ဘုန်းကံတခုအားကိုးဖြင့် မတရားစစ်ကိုဆင်နွဲတတ်သည်။ ဉာဏ်မပါသော ပစ္စုပ္ပန်အမှားဆောင်ရွက်ချက်များကို ရှေးအတိတ်ကံက အာမခံချက် ပေးလိမ့်မည်မဟုတ်။ ရှေးအတိတ်ကံကြောင့် ရလာသောစည်းစိမ်ကံပင် အပြည့်အဝမခံစားရပဲ အသက်တိုတတ်သည်။သူတပါး၏လက်နက်တို့ဖြင့် သေရသည်ကို ဥပစ္ဆေဒကကံဟုခေါ်သည်။ ထိုကံကအတိတ်ကံကို ဝင်ဖြတ်တောက်ပစ်နိုင်သည်။ ကလာဗုမင်းနှင့် ဒုသိမာရ်နတ်ပျံမှာ မိုက်မဲမှုကြောင့် နစ်မွန်းခဲ့ရသည်မဟုတ်ပါလော။

မြတ်စွာဘုရားကို အတိုက်အခံပြုနေသော ဒေဝဒတ်ကိုလည်း သာဓကထုတ်ဆောင်သင့်၏။ ဒေဝဒတ်မှာလည်း လာဘ်လာဘပေါများသည်။ ဘုရားကိုဖ တိုက်အခံ ပြုဖြစ်သဖြင့်လည်း ကျော်စောကိတ္တိရှိသည်။မြတ်စွာဘုရားက 'ဒေဝဒတ်၏ လာဘ်ပေါများမှု ကျော်စောမှုတို့သည် မိမိကိုယ်ကိုသတ်ဖြတ်ရန် ဖြစ်ပေါ်လာခြင်းဖြစ်သည် 'ဟု မိန့်ဆိုခဲ့သည်။

ဥပမာအားဖြင့် ငှက်ပျောသီး သီးခြင်းသည် ငှက်ပျောပင်ကို သတ်ဖြတ်ရန်ဖြစ်သကဲ့သို့လည်းကောင်း၊ဝါးသီးသီးလာခြင်းသည်ဝါးပင်ကို သတ်ဖြတ်ရန် ဖြစ်သကဲ့သို့လည်းကောင်း၊ ကျူသီး သီးလာခြင်းသည် ကျူပင်ကို သတ်ဖြစ်ရန် ဖြစ်သကဲ့သို့ လည်းကောင်း၊ အဿတိုရ်မြင်းမကိုယ်ဝန်ဆောင်ခြင်းသည်မြင်းမကိုသတ်ဖြတ်ရန်ဖြစ်သကဲ့သို့လည်းကောင်း ဒေဝဒတ်မှာ လာဘ်ပေါများခြင်း ကျော်စောခြင်းသည် မိမိကိုယ်ကို သတ်ဖြတ်ရန်ဖြစ်လေသည်။

ထို့ကြောင့် လူမိုက်များ ကံကောင်းထောက်မ၍ ကြီးပွားနေသည်ကို အားမကျမိစေရန် ဉာဏ်ဖြင့်သုံးသပ်၍ ဆုံးဖြတ်ကြရာသည်။

(ဒေဝဒတ္တသုတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်)

လုပ်သင့်တာလုပ်

‘အသက်တရှည် မနေရသော်လည်း အမှုတရာတွေ့ရသည်’ ဟု ဆိုရိုးပြုကြသည်။ သားကျွေးမှု မယားကျွေးမှုများကို နေ့စဉ်နှင့် အမျှ ဆောင်ရွက်နေရသော ဤလူ့ဘောင်တွင် တနေ့မဟုတ်တနေ့ အန္တရာယ်တခုခုနှင့် ကြုံတွေ့ရတတ်သည်။ ရာဇဝတ်မကင်းသော အမှုများနှင့်လည်း ရင်ဆိုင်ရတတ်သည်။ ထိုအခါ ‘အကုသိုလ်ဝင်တာပဲ’ ဟူ၍ မိမိဖာသာ စိတ်အားလျော့ပစ်တတ်ကြသည်။ ကြံရာမရဖြစ်တတ်ကြသည်။ လောကထုံးစံအလျောက် ဖြစ်လာသည့်အမှုကိစ္စတို့ကို လောကထုံးစံရှိသည့်အတိုင်း လုပ်ဆောင်ဖရေဒေပဝကို လုပ်ဆောင်ရသည်။

၁။ ဗေဒင်ယတြာ ပြုယိုက်သည့် အရာဖြစ်က ပြုရသည်။

၂။ မိမိထက် ဉာဏ်အမြော်အမြင်ကြီးသူများနှင့် တိုင်ပင်ဆွေးနွေးရသည်။

၃။ ရန်သူအောင်မှု ကြောင်းလေးခု အပါအဝင်ဖြစ်သော တဘက်သားနားဝင်အောင် စကားချိုသာစွာပြောတတ်ရသည်။

၄။ လက်ဆောင်ပဏ္ဏာ ပေးမှ ပြီးမြောက်မည့် ကိစ္စဖြစ်လျှင် လက်ဆောင်များ ပေးကမ်းဆောင်ရွက်ရသည်။

၅။ အဆုံးအဖြတ်ပေးနိုင်သည့် သူထံရောက်အောင် ဘေးမျိုးစဉ်ဆက်ကို ရှာဖွေစုံစမ်း လိုက်ရသည်။

ဤငါးမျိုးဖြင့်ဆောင်ရွက်လျှင် မိမိအပေါ် ကျရောက်လာမည့်အန္တရာယ်ကို တွန်းလှန်နိုင်သည်။ လောကရေးရာအရ ပြေရှင်းခြင်းဟုဆိုသင့်၏။

ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်လျက် မတတ်နိုင်ပါမှ ကံကိုပုံချမည်ဆိုက ချထိုက်သည်။ ထို့ကြောင့် မန်လည်ဆရာတော်က–

'လူ၏အလျှောက်၊ ရံခါထောက်၍၊ မျက်မှောက်တေးရန်၊ ဖြစ်ခဲ့ပြန်သော်၊ မန္တန်စုတ်ဘိ၊ ပညာရှိနှင့်၊ နိုင်းညှိတိုင်ပင်၊ ချစ်ခင်စရာ၊ သာယာစကား၊ ပဏ္ဏာပြား၍၊ ပေးငြားတံစိုး၊ ဆွေမျိုးဆက်နွယ်၊ ဤငါးသွယ်ဖြင့်၊ ကိုယ်ဝယ်ရောက်လာ၊ မှုရေးရာနိုက်၊ ချမ်းသာရမြဲ၊ မလွဲမှန်လှ၊ သို့မရမူ၊ ကမ္မသကာ၊ ငါ့ကံသာဟု၊ ကြမ္မာကိစ္စ၊ ကံကိုချလော့' (မဃဒေဝ-၂၇၃)

ဟူ၍ စပ်ဆိုခဲ့သည်။

ဆရာတော်၏ ဆိုလိုရင်းမှာ ပယောဂသမ္ပတ္တိဖြစ်အောင် ဆောင်ရွက်စေလိုခြင်းပင်ဖြစ်သည်။ ပယောဂသမ္ပတ္တိသည် မကောင်းကျိုးကို ဟန့်တားနိုင်သည် မဟုတ်ပါလော။

လောကရေးရာသာ မဟုတ်ပေ၊ လောကသံသရာ နှစ်ဖြာဆက်နွယ်သော ကိစ္စရပ်များ၌လည်း လုပ်သင့်လုပ်ထိုက်သည်ကိုလုပ်လျှင် ကျူးလွန်ပြီး အကုသိုလ်ကံများကိုပင်ပျောက်အောင်ကုစားနိုင်ကြောင်း အဋ္ဌကထာဆရာ၊ ဋီကာဆရာတို့ မိန့်ဆိုခဲ့ကြသည်။

ရဟန္တာကိုဆဲရေးမိသော ရဟန်းငယ်သည် အပြစ်ထိုက်၏။ ထိုရဟန်းငယ်သည် ရဟန္တာအား တောင်းပန်ဝန်ချလိုက်ခြင်းအားဖြင့် ပြစ်မှားမိခဲ့သော အကုသိုလ်ကံ နောင်အခါ အကျိုးပေးတော့မည် မဟုတ်သည့် အဟောသိကံ ဖြစ်သွားတော့သည်။ ဤသည်မှာ ရဟန်း၏ မှန်ကန်သော လုပ်ဆောင်ချက် (ပယောဂသမ္ပတ္တိ)ဖြင့် ပုံပြီးအကုသိုလ်ကံကို ကုစားလိုက်ခြင်း ဖြစ်သည်။ (သာရတ္ထဒီပနီဋီကာ)

အလားတူပင် စရိယာပိဋကတ် အဋ္ဌကထာလာ မာတင်္ဂရသေ့ကြီးအား ပြစ်မှားသော သဇာတိမန္တ ရသေ့ဝတ္ထုတွင်လည်း ပြန်လည်တောင်းပန်ခြင်းသည် ပယောဂသမ္ပတ္တိဖြစ်၍ အကုသိုလ်ကံ၏အကျိုး တားမြစ်နိုင်ကြောင်း ပြဆိုထားသည်။

ထိုဝတ္ထုမျိုးများကား ပိဋကတ်တွင် များစွာရှိပေသည်။ ရှင်ကစ္စည်း မထေရ်ကို ပြစ်မှားသော သောရေယျသဌေးသားသည် ယောကျ်ားဘဝမှ မိန်းမဘဝသို့ပြောင်းသွားခဲ့ရသည်။ သားသမီးများထွန်းကားခဲ့ပြီးနောက်မှ ရှင်ကစ္စည်းမထေရ်ကို တောင်းပန် ဝန်ချလိုက်သောအခါ ယောကျ်ား ဘဝသို့ တဖန်ပြန်လည်ရောက်ရှိခဲ့သည်။

သီလရှိသောပုဂ္ဂိုလ် မိဘ ဆရာသမားစသော မပြစ်မှားထိုက်သူတို့ကို ပြစ်မှားမိက တောင်းပန်ဝန်ချရန် ဦးမလေးကြစေရာ တောင်းပန်ဝန်ချ ရသောအမှုသည် ခဲယဉ်းသောအလုပ် မဟုတ်သော်လည်း ပယောဂ သမ္ပတ္တိဖြစ်၍ အကျိုးများလှပေသည်။

ကူးစက်ရောဂါကြီးများ ဖြစ်ပွားလျှင် ထွက်ပြေးပါက လွတ်မြောက် နိုင်သည်။ ယခုခေတ်တွင်မူ ဆေးဝါးဖြင့်တိုက်ဖျက်ကြသည်။ ရှေးက မတိုက်ဖျက်နိုင်ကြသဖြင့် ထွက်ပြေးကြရသည်။ ထွက်မပြေးပဲ သံယောဇဉ် ငြိတွယ်နေပါက မိမိပါအသက်ဆုံးရသည်။ ဤသည်မှာလည်း ကံကြောင့် မဟုတ်ပေ ထွက်ပြေးလွတ်မြောက်သူမှာ တကိုယ်ကောင်းဆန်သည်ဟု ဆိုနိုင်သော်လည်း လုပ်ဆောင်ချက်မှန်ကန်မှုကြောင့် အသက်ချမ်းသာရာ ရသည်ဟုလည်း ဆိုနိုင်သည်။

လိုရင်းအချုပ်မှာ လုပ်သင့်သည်ကို မလုပ်၍ ဖြစ်ရလျှင် ကံကြောင့် မဟုတ် မိမိ၏ပျက်ကွက်မှုကြောင့်ဖြစ်သည်။ လုပ်သင့်လုပ်ထိုက်သည်တို့ မှန်သမျှကို လုပ်ပါလျက် မကောင်းကျိုးများဖြစ်လာလျှင်မူ အကုသိုလ် ကံကြောင့်ဟု ဆိုနိုင်တော့သည်။ ကံဘခု တကယ်အကျိုးပေးတော့မည် ဆိုလျှင် မည်သည့်အရာကမျှ တားဆီးမရပေ၊ ဘုရားလည်းမတားနိုင် မည်သည့်ပရိတ် မည်သည့်မန္တန်ကမျှ အစွမ်းမပြနိုင်ပေ။(အင်္ဂုတ္တိုရ်ဋ္ဌကထာ)

အားကောင်းသောကံ

ကံကိုအားကောင်းသောကံ အလယ်အလတ်အားရှိသောကံနှင့် အား နည်းသောကံ ဟုသုံးမျိုးခွဲနိုင်သည်။

လူတိုင်းလူတိုင်းမှာ လူသိုလ်ကံအားကောင်းကြသည်မဟုတ်ပေ ကုသိုလ်ကံ အားကောင်းသူမှာ တထောင်တယောက်၊ တသောင်းတယောက် ရှိချင်မှရှိသည်။ သူလိုကိုယ်လိုကံမျိုးရှိကြသူများသာ ပေါများသည်ဟု ခန့်မှန်းနိုင်သည်။ သာမန်ကံများသာ များသဖြင့် လူတို့မှာ ဉာဏ်ဝီရိယကို အားကိုးကြရသည်။

တကယ်တန်း ကံအားကောင်းသူများမှာ လှုပ်ကာလှည့်ကာဖြင့် ကြီးပွားကြသည်။ စမ်းချောင်းကြီးပမာ ကောင်းကျိုးများ အဆက်မပြတ် ဖြစ်ထွန်းနေပေသည်။ အားကောင်းသောကံကို ထိုးပြပါဆိုလျှင် ပရနိမ္မိတဝသဝတ္တီ နတ်ပြည်မှ အထက်ဗြဟ္မာပြည်များတွင် အကျိုးပေးနေသော ကံများကို ပြရပေလိမ့်မည်။ လူ့ဘုံမှာ ဝီရိယကို အားကိုးရသော ဘုံဖြစ်သည်။ လူ့ပြည်သာမဟုတ်သေး နတ်ပြည် အောက်ငါးထပ်မှာ လည်း ဝီရိယ လိုသည်သာ ဖြစ်သည်။ သိကြားမင်းက သားတော်သုဝီရကို ဆုံးမသော စကားများမှာ မှတ်သားဖွယ်ဖြစ်သည်။ " သုဝီရ " ဝီရိယမစိုက်ထုတ်ရပဲ ချမ်းသာသုခရနိုင်သည့် နေရာရှိလျှင် ထိုနေရာသို့ သွားချေလော့ "ထိုနေရာမျိုးသို့ ငါ့ကိုလည်း ပို့ပေးပါလော့"။ (ဒေဝတာ သံယုတ်)

သိကြားမင်းသည်ပင် ဝီရိယကို အားထားရသေး၏ လူတွေမှာပို၍ အားထားထိုက်လှပေသည်။

လူများထဲမှ ကုသိုလ်ကံ အားကောင်းသူကို ထုတ်ဆောင်ပြပါဆိုလျှင် စကြဝတေးမင်းကို ပြရပေလိမ့်မည်၊ စကြဝတေးမင်း ဖြစ်လောက်အောင် အကျိုးပေးသောကံမှာ တော်ရုံတန်ရုံအားကောင်းသောကံမဟုတ်ချေ၊ စကြဝတေးမင်းသည် လောကီရတနာ ခုနစ်ပါးကို ပိုင်ဆိုင်၏။ ထိုခုနစ်ပါးကို ဝီရိယဖြင့် ရသည်မဟုတ် အကြံဉာဏ်ထုတ်၍ ရသည်မဟုတ်ပေ။

စကြာရတနာမှာသွားလိုရာသွားနိုင်သော ယာဉ်ဖြစ်သည် တောင်ကြီးများကို ဖောက်၍လည်း သွားနိုင်သည် ယခုခေတ် အာကာသယာဉ်များ ထက်သာ၏ အသုံးလည်းဝင်၏ မည်သည့်လောင်စာမျှမလိုပဲ စကြဝတေး

မင်းဘုန်းကံအစွမ်းဖြင့် ဖြစ်လာရသောအရာဖြစ်၏ အခြားရတနာများကိုလည်း မှန်းဆကြည့်နိုင်၏ စကြဝတေးမင်း၏ ရတနာခုနစ်ပါးနှင့် စည်းစိမ်တို့သည် စကြဝတေးမင်း နတ်ရွာစံသောအခါ အကုန်လုံး ကွယ်ပျောက်သွားကြ၏ သူ၏ကံအစွမ်းကြောင့်ဖြစ်ကြောင်း ပို၍ထင်ရှားစေသည်။

စကြဝတေးမင်းသည် ဒိဗ္ဗစက္ခုရ၏၊ ရဟန္တာ အရှင်မြတ်များပင် ဣဒ္ဓိပါဒ်တရားများဖြစ်သော ဆန္ဒ ဝီရိယ စိတ်ပညာလေးပါးကို ပွါးများမှ ဒိဗ္ဗစက္ခုကိုရကြသည်၊ ရဟန္တာတိုင်း ရကြသည်မဟုတ်ပေ၊ ရသည့်ပုဂ္ဂိုလ်များမှာလည်း ကြိုးစားအားထုတ်ရ၏။ စကြဝတေးမင်းမှာမူ ဂမ္ဘဝိပါက ဇိဒ္ဓိခေါ်သော ကံအကျိုးတရားအစွမ်းသတ္တိဖြင့် ဒိဗ္ဗစက္ခု ရခြင်းဖြစ်သည်၊ ငှက်များ ကောင်းကင် ပျံနိုင်ခြင်းသည် သဘာဝအလျောက် အလိုလိုဖြစ်သကဲ့သို့ ဒိဗ္ဗစက္ခုကို အလိုလျောက် ရရှိပိုင်ဆိုင်ခြင်းပင် ဖြစ်သည်၊ ထိုကံမျိုးကိုမှအားကောင်းသော ကံမျိုးဟုမဆိုရလျှင် လူ့ပြည်၌ အားကောင်းသောကံရှိနိုင်ပါဦးမည်လော။

စကြဝတေးမင်းကဲ့သို့ ... ကိုင်းကောင်းသော ကံမျိုးမှလွဲ၍တခုကောင်းအားကောင်းသော ကံများလည်း ရှိကြသည်၊ ဥပမာ-ရှင်သီဝလိ၏ ကံမျိုးတည်း၊ လူမရှိသည့် သစ်တော အတွင်းပင်ဖြစ်စေ ရှင်သီဝလိဆွမ်းခံပါက အလျှံပယ်ရသည်ဟုဆိုခြင်းမှာ ယုံနိုင်စရာမရှိပေ၊ ကံ၏ အားကောင်းမှုသည် ယုံနိုင်ဖွယ်မရှိလောက်အောင်ပင် စွမ်းအင်ပြပေသည်။

အလယ်အလတ်ကံရှိသူမှာ အသင့်အတင့် အားထုတ်ရုံဖြင့် အကျိုးပေး၏၊ ဝီရိယမကူပဲကား အကျိုးမပေးနိုင်ပေ ထိုကံမျိုးကား လူတိုင်း လူတိုင်း၌ ရှိ၏ဟု မျှော်လင့်နိုင်သည်၊ ဝီရိယကိုမူ မချကောင်းချေ။

ကံအားနည်းသူမှာ အလွန်အလွန်အားထုတ်ပါမှ ဝီရိယအကျိုးကလေး ခံစားကြရ၏။

ပစ္စက္ခတာဝန်မှာ ဆင်ခြင်ဉာဏ်ဖြင့် အလုပ်ကိုကြိုးစားလုပ်ရန်ဖြစ်သည်၊ ကြီးပွားလောက်သော ဉာဏ်ဝီရိယကို စိုက်ထုတ်လုပ်ဆောင်ပါမှ ကြီးပွားနိုင်သည်၊ တိုးတက်သော နိုင်ငံများကိုကြည့်ပါ လက်ရှိ အခြေအနေမှ

လျော့ကျမသွားရုံသာ အားထုတ်မှုအလတ်စား ဝီရိယရှိသူများမှာ လက်ရှိ အခြေအနေမှ မဆုတ်ယုတ်ရုံမျှသာ ကာကွယ်နိုင်သည် မကြီးပွားနိုင်ပေ၊ ဉာဏ်ဝီရိယနည်းပါက ကံရှိသူများပင် မကြီးပွားနိုင်ပေ၊ ကျွန်ုပ်တို့ မကြီးပွားကြခြင်းမှာ ဝီရိယမရှိ၍(သို့မဟုတ်) ပျင်းရိ၍ မကြီးပွားခြင်း ဖြစ်သည် ဟု ဆိုသော် မနာထိုက်ပေ။

ကံကောင်းအောင်လုပ်ဖို့အတွက် ရတနာသုံးပါး အားထားစရာ ရှိနေခြင်းသည်ကံကောင်းလှပေသည်၊ ပစ္စုပ္ပန်ကြီးပွားဖို့ဉာဏ်ဝီရိယ မွမ်းမံလိုက်ပါက အကိုင်းလက်အလွန်ဖြစ်သည်။

(လယ်တီဆရာတော်၏ သမ္မာဒိဋ္ဌိဒီပနီနှင့် စံကျောင်း ဆရာတော်၏ ကံ ဉာဏ်ဝီရိယ အကျယ်လက်စွဲတို့ကိုမှီးသည်)

စကြာမင်း စသူတို့၏ အားကြီးသော ကံဆိုသည်မှာ ကာမာဝစရ ကုသိုလ်ကံများအနက်မှ အားကြီးသော ကံများကို ဆိုခြင်းဖြစ်သည် အဘိဓမ္မာစစ်စစ်အားဖြင့် ဗလဝနာနာက္ခဏိကကံခေါ်သော အလွန်အားကြီးသော ကံများကိုဆိုခြင်း မဟုတ်ပေ။

အလွန်အားကောင်းသော ကံများမှာ ရုပ်အကျိုးတရားကိုပင် မဖြစ်စေတော့ပဲ နာမ်အကျိုးတရားသက်သက်ကိုသာ ဖြစ်စေသည်၊ မဂ်စေတနာသည် ဖိုလ်ဟူသောအကျိုးတရားကို ဖြစ်စေ၏ မဂ်စေတနာကြောင့် ကမ္မဇရုပ်များဖြစ်သည် ဟူ၍ မရှိချေ၊ အရူပါဝစရ ကုသိုလ်လည်း အလွန်အားကောင်းသော ကုသိုလ်ပင် ဖြစ်သည်၊ အရူပ ကုသိုလ်ကံကြောင့် ရုပ်အကျိုးတရားများ မဖြစ်ပွားသည်ပင် မဟုတ်ပါလော။

မဂ်စေတနာမှာ တချက်လွှတ် အကျိုးကိုဖြစ်စေသည်။ ခဏကလေးပင်မခြားပဲ အကျိုးပေးသည်။ ပဋ္ဌာန်းနည်းအားဖြင့် အနန္တရကမ္မသတ္တိ ဟုဆိုရသည်။

ကုသိုလ်တခု ကိုယ်ခံပြု

ကုသိုလ်ကံသည် ကိုယ်ခံကောင်းတခုဖြစ်သည်။ မဟာဘုတ်ကောင်းသူသည် အခြား ဂြိုဟ်စီး ဂြိုဟ်နင်း မကောင်းစေကာမူ အလွန်အကျွံမကောင်းကျိုးများမဖြစ်တတ်ဟု ဗေဒင်လောကတွင် ပြောဆိုကြသည်။ ကုသိုလ်ကံအခံရှိသူမှာ ဂြိုဟ်စီးဂြိုဟ်နင်းညှံ့သည့်တိုင်အောင် ခန္ဓာကိုယ်ကို မခိုက်တတ်ပဲ အခြေအရံပစ္စည်းဥစ္စာပျက်မှုမျှလောက်သာ ဖြစ်တတ်သည်။

ရှေးကပြုသား၊ ကောင်းမှုဟုဆို၊
ကုသိုလ်အဖို့၊ ပြည့်စုံမြို့၍၊
မချို့ဘုန်းကံ၊ အခံပုည၊
ရှိကြသူမှာ၊ ဇာတာမူလ၊
ဇနမနိုက်၊ ပါပဂြဟ၊
စီးနင်းကျလည်း၊ ကိုယ်မှတပါး၊
ခြွေရံများနှင့်၊ ကျွန်သားမျှသာ၊
ပျက်စီးရာ၏၊ ကိုယ်မှာချမ်းမြေ့၊
ဘေးမတွေ့ဘူး၊ မဟော့ကုသိုလ်၊
လူထိုထိုကား၊ ကိုယ်နှင့်တကွ၊
ပျက်တတ်စွတည့်။ (မဃဒေဝ-၂၅၁)

ကိုယ်ခံကောင်းအောင် ကုသိုလ်ကံအားကောင်းအောင် ဒုစရိုက်ကို ကြဉ်၍ သုစရိုက်နှင့်ယှဉ်ကြရာသည်။

ဘဝသံသရာ

ဘဝနှစ်မျိုးရှိသည်။ အကြောင်းဘဝနှင့် အကျိုးဘဝ နှစ်မျိုးတည်း။ အကြောင်းဘဝကို ကမ္မဘဝဟုခေါ်၍ အကျိုးဘဝကို ဥပပတ္တိဘဝဟု ခေါ်သည်။ ကမ္မဘဝဆိုသည်မှာ ကံပင်တည်း။ ကံဆိုသည်မှာ ကုသိုလ်စေတနာနှင့် အကုသိုလ် စေတနာ နှစ်ရပ်ဖြင့်ရာ ကမ္မဘဝသည်လည်း ထိုစေတနာနှစ်ရပ်ပင်ဖြစ်သည်။ ကုသိုလ်စေတနာဆိုရာ၌ လောကီကုသိုလ်

အကုသိုလ်စေတနာများသာ အကျုံးဝင်သည်၊ မဂ်စေတနာသည် ဘဝကို ဖြစ်ပေါ်စေတတ်သော စေတနာမဟုတ်၍ အကျုံးမဝင်ပေ။

ကမ္မဘဝဟုဆိုအပ်သော ကံများကို ပြုလုပ်သောကြောင့် နောင်ဘဝ၌ လူ့ဘဝ နတ်ဘဝ စသည်ဖြစ်ရခြင်းသည် ဥပပတ္တိဘဝမည်၏၊ ကံဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသောအကျိုးတရား၊ ရုပ်နာမ်ဓမ္မများသည် ဥပပတ္တိဘဝဖြစ်လေသည်၊ ယင်းဥပပတ္တိဘဝဟူသော အကျိုးဘဝ ပေါ်တွင် ရပ်တည်၍ တဖန်အကြောင်းဖြစ်သော ကမ္မဘဝကိုပြုလုပ်ကြပြန်သည်။

ဤသို့လျှင် ကမ္မဘဝနှင့် ဥပပတ္တိဘဝနှစ်ခုတို့သည် ထပ်ခါတလဲလဲ ဖြစ်နေကြတော့သည်။ ဘဝကြောင့် ဘဝဖြစ်၏၊ ဘဝပေါ်အခြေခံ၍ တဖန်ဘဝကို ပြုပြန်၏ဟု ဆိုက ဆိုနိုင်သည်။ သို့ရာတွင် အကြောင်းဘဝနှင့် အကျိုးဘဝကိုမူ ခွဲခွဲခြားခြား သိထားရပေသိမ့်မည်။ ဤသို့ ဘဝပြီးဘဝဖြစ်နေခြင်းကို ဘဝသံသရာ လည်သည်ဟု ဆိုလိုက်ခြင်းဖြစ်သည်။

ဥပါဒါန်ကြောင့် ဘဝဖြစ်၏။ ဘဝကြောင့် ဇာတိဖြစ်၏ဟူသော ပဋိစ္စသမုပ္ပါဒ်ကိုယူ၍ ကံ၏အခန်းကဏ္ဍကို မီးမောင်းထိုးပြခြင်း ဖြစ်သည်။ ထပ်ဆင့်စဉ်းစား၍ ကျယ်ကျယ်ပြန့်ပြန့် နားလည်နိုင်ကြပေသည်။

စေတနာကံနှင့် မဂ္ဂင်ကံ

မုသား ပြောဆိုခြင်းစသော အကုသိုလ်များမှ ရှောင်ကြဉ်သော ကာလ၌ ဝိရတီတရားများဖြစ်ကြသည်။ ကောင်းသောစကားကို ပြောဆိုခြင်းစသောကာလ၌ စေတနာများဖြစ်ကြသည်။ မဂ်အခိုက်အတန့်တွင် စေတနာသည် မဂ္ဂင်မဟုတ်သောကြောင့် ဝိရတီတရားများသာ ဖြစ်ကြသည်။ (မူလဋီကာ၊ သီလက္ခန်ဋီကာ)

ဝိရတီဆိုသည်မှာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ သုံးပါးတို့တည်း။ ထိုသုံးပါးသည် မဂ္ဂင်ရှစ်ပါးတွင် အဝင်အပါဖြစ်၏။ သမ္မာဝါစာ

ဆိုသည်မှာ ကောင်းသော စကားဟု အဓိပ္ပါယ်ရသော်လည်း မဂ်ခဏ၌ ကောင်းသော စကားကို ပြောဆိုနေသည်မဟုတ်ပေ။ သမ္မာကမ္မန္တဟု ဆိုသော်လည်း ကောင်းသောအလုပ်ကို ကာယကံမြောက် လုပ်နေသည် မဟုတ်ပေ။ မကောင်းသောစကား မကောင်းသော အလုပ်များကို အဘယ်မှာ ပြောဆိုပြုလုပ်တော့မည်နည်း။

"သမ္မာဝါစာဟူသည်ကား ဆိတ်ဆိတ်နေခြင်းကိုမှတ်၊ သမ္မာကမ္မန္တဟူသည်လည်း ငြိမ်သက်စွာနေခြင်းကိုမှတ်၊ သမ္မာအာဇီဝဟူသည်လည်း ငြိမ်သက်စွာနေခြင်းကိုမှတ်"ဟူ၍ ယောအတွင်းဝန် ဦးဖိုးလှိုင်က ကာယာနုပဿနာကျမ်းတွင် ရေးခဲ့သည်။ ဆရာလှိုင်၏ ရေးသားချက်မှာ ဝိရတီ၏ သဘောကို ထင်းကနဲမြင်သာစေသည်။ စေတနာ၏ အခန်းကဏ္ဍ အရေး မပါကြောင်းကိုလည်း သိသာစေသည်။

မဂ်၏ အဓိကတာဝန်မှာ ကိလေသာကို တိကနဲပြတ်အောင် ဖြတ်ပေးရသည့်တာဝန်ဖြစ်သည်။ စေတနာသည် ကိလေသာကို ဖြတ်တတ်သော တရားမဟုတ်။ ပညာကသာလျှင် ကိလေသာကို ဖြတ်တောက်ပစ်နိုင်သည်။ ဤသဘောကိုထည့်၍ စဉ်းစားသင့်၏။

ကံကို ရဲရဲ ယုံပါ

အရာရာတွင် ရှေးကံကိုချည်း ပုံ၍ ယုံခြင်းသည် အစွန်းတဘက်သို့ ရောက်သွားနိုင်သည်။ ပုဗ္ဗေကတဟေတုဒိဋ္ဌိဖြစ်သွားနိုင်သော အစွန်း တဘက်ပင်ဖြစ်သည်။ ထိုအစွန်းကို ရှောင်ရင်း ရှောင်ရင်းဖြင့် ရှေးကံကို ယုံကြည်မှုနည်းလာပြီး ပစ္စုပ္ပန်လုပ်ဆောင်ချက်၏ အခန်းကဏ္ဍကိုသာ လက်ခံလာတတ်သည်။ ရှေးကံကို မယုံရဲသလိုလိုဖြစ်လာခြင်းဖြစ်သည်။ ထိုအခါ ကံကိုဝံ့ဝံ့စားစား ယုံရဲလာအောင် ထိန်းကျောင်းနိုင်ဖို့လိုပေသည်။

"အသက်ဉာဏ်စောင့် ဥစ္စာကံစောင့်"ဟု ရှေးသူဟောင်းတို့ဆိုရိုး ပြုခဲ့ကြသည်။ စည်းစိမ်ဥစ္စာဖြစ်ပွားမှုတည်မြဲမှုတို့မှာ ကံသည် အဓိကဖြစ်

ကြောင်းသိနိုင်သည်။ ကြီးပွားရေးတရားဖြစ်သော မင်္ဂလာတရားတော်တွင် ဇည်းစိမ်ဥစ္စာဖြစ်ပွားမှုဘည်တံ့မှုအတွက် စက်လေးပါးတရားခေါ် မင်္ဂလာလေးပါးကို ဟောထားခဲ့သည်။

(၁) ပညာရှိကိုဆည်းကပ်ခြင်း၊
(၂) သင့်တော်သောအရပ်၌နေခြင်း၊
(၃) မိမိကိုယ်ကို ကောင်းစွာထိန်းခြင်း၊
(၄) ရှေးကကောင်းမှုပြုခဲ့ခြင်း။

ယင်း စက်လေးပါးတရားကို အင်္ဂုတ္တိုရ်စက္ကသုတ်တွင် စည်းစိမ်ဥစ္စာတိုးပွားကြောင်းတရားအဖြစ် ဘုရားရှင် ဟောခဲ့သည်၊

ယင်းလေးပါးအနက် ရှေ့သုံးပါးမှာ လောကကြီးပွားကြောင်းတရားအဖြစ် အထင်အရှားတွေ့မြင်နေရသော တရားများဖြစ်သည်။ နောက်ဆုံးဖြစ်သော ရှေးက ကောင်းမှုပြုခဲ့ခြင်းဟူသည့်အချက်မှာမူ မမြင်သာလှပေ။ ထို့ကြောင့်ပင် ထိုအချက်ကို လျော့လျော့ပေါ့ပေါ့ သဘောထားကြသည်။ အမှန်မှာစက်လေးပါးတွင်အဓိကအကျဆုံးအချက်မှာ ပုဗ္ဗေစ ကတပုညတာ စက်ပင်ဖြစ်သည်။

ရှေးကကောင်းမှုပြုခဲ့ဖူးခြင်းဟူသော စက်နှင့်ပြည့်စုံလျှင် အခြားစက်သုံးပါးလည်း ပြည့်စုံရန် မခဲယဉ်းတော့ပေ။ ပညာရှိပုဂ္ဂိုလ်, သူတော်ကောင်းပုဂ္ဂိုလ်ဟူသောအမှီသဟဲရရန်အတွက် ပုဗ္ဗေ စ ကတပုညတာစက်က တွန်းပို့ပေးနိုင်သည်။ သင့်လျော်သော အရပ်၌ အခြေချဖို့ကိုလည်း ထိုစက်ကပင်တွန်းပို့နိုင်သည်။ မိမိကိုယ်ကို ထိန်းနိုင်သောအတ္တသမ္မာပဏိဓိစက်နှင့်ပြည့်စုံအောင်လည်း ထိုပုဗ္ဗေ စ ကတပုညတာစက်က တွန်းပို့နိုင်သည်။ (စက္ကသုတ်အဖွင့် အင်္ဂုတ္တိုရ်အဋ္ဌကထာနှင့်ဋီကာ)

အင်္ဂုတ္တိုရ်အဋ္ဌကထာနှင့်ဋီကာဆရာတို့၏စကားကို ထောက်၍ ရှေးကပြုခဲ့သောကံ၏ အခန်းကဏ္ဍအရေးပါပုံကိုသိနိုင်သည်။ ရှေးကံက မရှိမရှိမဲ့ မဖြစ်နေပဲ ရဲရဲတင်းတင်း ယုံကြည်ကြရသည်။ ရှေးကံကို ယုံကြည်သဖြင့်

ယခုပစ္စုပ္ပန်၌ ပြုလုပ်ကြသော သုစရိုက်ဒုစရိုက်တို့သည် အချည်းနှီး အကျိုးမဲ့မဟုတ်ကြောင်း သန္နိဋ္ဌာန်ကျ စွဲမှတ်ကာ ဒုစရိုက်ကို ရှောင်၍ သုစရိုက်ကို ဆောင်အပ်လှပေသည်။

နိဂုံး

ကောင်းမှုကံကို လုပ်လျှင် ကောင်းကျိုးရမည်။ မကောင်းကျိုးမရနိုင်။ မကောင်းမှုကံကို ပြုလုပ်ပါက မကောင်းကျိုးကိုသာရမည်။ ကောင်းကျိုး မရနိုင်။ ဤသဘောတရားမှာ မည်သည့်အခါတွင်မှ ဖေါက်ပြန်ပြောင်းလဲ မည် မဟုတ်ပေ။ ထို့ကြောင့် ကံကို နိယာမတရားကြီးဟု ဆိုရသည်။ သတ္တလောကကြီး တခုလုံးသည် ကံနှင့်ကင်း၍ မဖြစ်နိုင်ချေ။ သတ္တလော ကကြီးကို ချဉ်းကပ်လေ့လာလျှင် ကမ္မနိယာမသဘောတရားကို ဖယ်ထား ၍ အမှန်ကိုမတွေ့နိုင်ပေ။ ကမ္မနိယာမသဘောကို ကောင်းစွာလေ့လာလျှင် သတ္တလောကကြီးကို အပေါ်စီးမှ ရှုမြင်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ကံအကြောင်းကို လေ့လာဖတ်ရှုပြီးနောက် လောကကြီးကို အပေါ်စီးမှ ရှုမြင်နိုင်ပါစေကြောင်း စာရှုသူအတွက် ဆန္ဒပြုရပါသည်။

ဤဒိဋ္ဌိဇုကမ္မ ကုသိုလ်ကံဖြင့် ကျေးဇူးရှင်အပေါင်းအား ဦးညွှတ် လိုက်ပါသတည်း။

ကံနှင့်သစ္စာလောကကျမ်းကိုးများ

၁။ အဘိ၊ ၁ ရင်းအဋ္ဌကထာ
၂။ အဘိ၊ ၅ ရင်း အဋ္ဌကထာ
၃။ ပဋ္ဌိသမ္ဘိဒါမဂ္ဂ ပါဠိတော်
၄။ ဥပရိပဏ္ဏာသ ပါဠိတော်
၅။ တိက အင်္ဂုတ္တိုရ် ပါဠိတော်
၆။ ဝိ၊ ၁- ရင်း အဋ္ဌကထာ
၇။ မဇ္ဈိမ ပဏ္ဏာသပါဠိတော်
၈။ မိလိန္ဒပဉှာ
၉။ အဘိဓာန်သုတ်
၁၀။ မူလပဏ္ဏာသပါဠိတော်
၁၁။ ပုဂ္ဂလပညတ်ပါဠိတော်
၁၂။ ပုဂ္ဂလပညတ်အဋ္ဌကထာ
၁၃။ သဂါထာဝဂ္ဂသံယုတ် ပါဠိတော်
၁၄။ မဟာဝဂ္ဂသံယုတ် ပါဠိတော်
၁၅။ မူလပဏ္ဏာသ အဋ္ဌကထာ
၁၆။ နေတ္တိ ပါဠိတော်
၁၇။ သဠာယတန ဝဂ္ဂသံယုတ်ပါဠိတော်
၁၈။ တိကပဋ္ဌာန်း အာရုမ္မဏတိက်
၁၉။ နာရဒဇာတ်တော်ကြီး
၂၀။ သမ္မောဟဝိနောဒနီ အဋ္ဌကထာ
၂၁။ ပဋ္ဌိသမ္ဘိဒါမဂ် အဋ္ဌကထာ
၂၂။ ပါရာဇိကဏ် အဋ္ဌကထာ
၂၃။ အဘိဓမ္မတ္ထ သင်္ဂဟ
၂၄။ ဝိဘင်း အဋ္ဌကထာ—ဒု

- ကံဆိုတာဘာလဲ?
- ကံကောင်းအောင် ဘယ်လိုလုပ်မလဲ?
- ကံကိုပြုပြင်လို့ရပါသလား?
- ကမ္မနိယာမတရားဆိုတာဘာတဲ့လဲ?
- ကံနှင့်သတ္တလောက ဘယ်လိုသက်ဆိုင်ပါသလဲ?
- သတ္တလောကကို ဘယ်လိုရှုမြင်ပါသလဲ?
- စသည့် အမေးပြဿနာများ
- ကံယုံဆူးပုံမနင်းနှင့်
- ကျိုးရဲရာ ကြမ္မာမရှိးသာ

စသည်စကားများပါမကျန်
ရှင်းလင်းတင်ပြထားပါသည်။